
မာလီ
နေဝင်းမြင့်
Old Mali and the boy
D.R.Sherman

# မာလီ

နေဝင်းမြင့်

## OLD MALI AND THE BOY

D.R. SHERMAN

ဒဲနစ်ရော်နယ်ရှားမဲန်း[၁]ကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့[၂]တွင် ၁၉၃၄ ခုနှစ်က ဖွားမြင်သည်။ သူ၏ ငယ်ဘဝရက်များစွာကို ခုဆီယွန်း[၃] ဆိုသည့် နေရာကလေးမှာ အချိန်ပေးခဲ့သူဖြစ်သည်။ ခုဆီယွန်းက ဒါဂျီလင်မြို့[၄]နှင့် မိုင် ၂၀ခန့် ဝေးပါသည်။ သည်ဝတ္ထု ဖြစ်ပေါ်ရာဒေသဟု ဆိုသည်။

> "သည်မာလီကြီးက ကျွန်တော်တို့အိမ်က ဥယျာဉ်မှူးကြီး၊ သူက ကျွန်တော် ကစားဖို့ လေးနဲ့မြားတစ်စင်းလုပ်ပေးခဲ့တယ်။ သည်ဝတ္ထုထဲမှာ ကျွန်တော် သည်အကြောင်းရေးထားပါတယ်။ သူက လေးနဲ့မြားကို လုပ်ပေးပေမယ့် သူ့လေးကြိုးကိုင်ဖို့ ကျွန်တော် တော်တော် အားစိုက်ရတယ်"

ရှာမဲန်း ၁၂ နှစ်သားမှာတော့ မိဘများက အင်္ဂလန်ကို ပို့လိုက်သည်။ အင်္ဂလန်နိုင်ငံ ဘရိုင်တန် ဂရမ်မာကျောင်း[၅]မှာ ပညာသင်ဖို့ဖြစ်သည်။ အသက် ၁၇ နှစ်သားမှာတော့ ပင်လယ်နှင့် တွေ့နေရပြီ။ မာကိုနီရေကြောင်းလိုင်း[၆]မှာ ရေဒီယိုအရာရှိအဖြစ် တာဝန်ထမ်းဆောင်သည်။ နောက်တော့ ကုန်သည်ရေကြောင်းလုပ်ငန်းမှာ နှစ်နှစ်လုပ်ကိုင်ခဲ့ပြီး စွန့်ခွာလာခဲ့သည်။ နောက်ထပ် နှစ်နှစ်

ကာလမှာတော့ ဘုရင့်ရေတပ်မတော်၊ အမျိုးသားရေးရာဝန်ထမ်း[၇] အဖြစ် တာဝန်ထမ်းရွက်ခဲ့၏။

၁၉၅၆ ခုနှစ်မှာ အာဖရိကသို့ ထွက်လာခဲ့သည်။ ရိုဒီရှန်း မီးရထားဌာန[၈]မှာ နှစ်အနည်းငယ် တာဝန်ယူခဲ့သည်။

"ကျွန်တော်အလုပ်ကထွက်ပြီး နေရာအနှံ့ ခရီးဆန့်ခဲ့တယ်။ နယူးဇီလန်အထိ ရောက်ခဲ့တယ်။ ပြီးတော့မှ ရိုဒီရှားနိုင်ငံ နေရောင်အောက်ကို ပြန်လာခဲ့ပါတယ်"

အခုတော့ ရှားမဲန်း ဘီချူးနားလင်းမီးရထားဌာန[၉]မှာ ရုံပိုင်ချုပ်တာဝန် ပြန်လည်ထမ်းဆောင်နေသည်။ သူ၏ စိတ်ရည်ရွယ်ချက်မှာ သူနေခဲ့ထိုင်ခဲ့ ကြုံခဲ့ကြိုက်ခဲ့သမျှ စာပေရေးသားရင်း ဘဝကို ဖြတ်သန်းလိုခြင်း ဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော့်ဇနီးနဲ့အတူ ၁၃ဧက ကျယ်တဲ့ အုန်းခြံကြီးတစ်ခြံ ပရက်စလင်[၁၀]မှာ စိုက်ပျိုးရင်း အေးအေးဆေးဆေး နေနိုင်ပါပြီ။ ကျွန်တော် ပရက်စလင်ကို လက်နှိပ်စက်တစ်လုံး သယ်သွားခဲ့တယ်။ သစ်ပင်တွေအောက်မှာထိုင်ရင်း စာရေးတယ်၊ ကျွန်တော့်မျက်နှာကို အိန္ဒိယသမုဒ္ဒရာရဲ့ ဆားငွေ့ပါတဲ့ လေညင်းတွေ တသုန်သုန်တိုးထိနေတဲ့ သစ်ပင်ရိပ်တွေမှာပေါ့"

"ကျွန်တော် ရိုင်ဖယ်တစ်လက်နဲ့ အမဲလိုက်တယ်။ အခွင့်အလမ်းရတဲ့အခါ မြားသေနတ်ကို သုံးတယ်၊ မြင်းစီးတယ်၊ ရေကူးတယ်၊ အရက်ကလေး နည်းနည်းပါးပါးသောက်ရင်း ကျွန်တော်စာရေးတယ်"။ ။

---

၁။ Denis Ronald Sherman ၊ ၂။ Calcutta (India)။ ၃။ Kurseiong
၄။ Darjeeling ၊ ၅။ Brighton Grammer School (England)
၆။ Marconi marine ၊ ၇။ National Service in Royal Navy
၈။ Rhodesian Railways ၊ ၉။ Bechuanaland Railways
၁၀။ Praslin Island.

## နေဝင်းမြင့်ရဲ့အမှာ

ကျွန်တော့်တွင် အမှာစာ ရေးလောက်စရာ အကြောင်းအရာ သိပ်မရှိပါ။ သည်စာအုပ်မူရင်းကို မန္တလေးမြို့ စာအုပ်ပြပွဲတစ်ခုမှာ ခင်းကျင်းထားသည့် ဥတ္တရလွင်ပြင် စာအုပ်ဆိုင်က ရခဲ့ခြင်း ဖြစ်ပါသည်။ အိမ်ရောက်ရောက်ချင်း ကျွန်တော် ဖတ်ကြည့်ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်။ ဇာတ်လမ်းက အိန္ဒိယလူမျိုး မာလီ တစ်ယောက်ကို အခြေခံထားသည့်ဇာတ်လမ်း ဖြစ်နေသည်။ တစ်နည်းအားဖြင့် ကလေးငယ်တစ်ယောက်နှင့် အိုကြီးအိုမ လူကြီး တစ်ယောက်တို့၏ သံယောဇဉ်ဖွဲ့ဖြစ်ပါသည်။ သို့သော် ကတိသစ္စာ၊ ချစ်ခြင်းမေတ္တာနှင့် စွန့်စားရန်းကန်ခြင်းများက သည်ဝတ္ထု၏ ပင်မသွေးကြော ဖြစ်နေတာကလည်း ထူးခြားသည်ဟု ဆိုရပါမည်။

မူရင်းဝတ္ထု၏ စာအုပ်နောက်ကျောဖုံးမှာ သည်လို ရေးထားသည်။

'အရှယ်ရောက်သူတို့၏

သရုပ်ဖော် အဖွဲ့အနွဲ့တစ်ရပ်ပေလား?

ကုသိုလ်အကျိုးပေးအရ ပေးဆပ်ရသော

စာရိတ္တ အဖွဲ့အနွဲ့ပေလား?

သို့တည်းမဟုတ်...

အိန္ဒိယနိုင်ငံ သစ်တောကြီးတစ်တောထဲက

ရိုးစင်းသော သာမန်တောဘွဲ့ ဇာတ်လမ်းတစ်ပုဒ်ပေလား?

သည်သုံးမျိုးစလုံးလည်း ဖြစ်နိုင်ကောင်းပါသည်။

ပို၍ဖြစ်နိုင်သည့် အကြောင်းတစ်ချက်မှာ ရေးက ရေးခဲ့ကြပြီး ဖြစ်သော နုမျစ်ခြင်းနှင့် ကြီးရင့်ခြင်းကြားက သို့မဟုတ် လူငယ်နှင့် လူကြီးကြားက အကြောင်းအရာ သရုပ်ဖော်ချက်များထက် သာလွန်သော အချက်ဖြစ်သည့် 'ခွန်အားနှင့် ဝေမျှပေးဆပ်ခြင်း' ကို ဖော်ပြနိုင်စွမ်းရှိခြင်းဖြစ်ပါသည်။'

သည်အညွှန်းကောက်စာကပဲ ပြည့်စုံနေပါပြီ။

သည်စာအုပ်ကလေးကို ထုတ်ဝေပေးသည့် စာအုပ်ဈေး စာအုပ်တိုက်ကို ကျွန်တော် ကျေးဇူးတင်ပါသည်။

နေဝင်းမြင့်
၂၈၊ မေ၊ ၂၀၀၁၊
မန္တလေးမြို့။

မျက်လုံးတွေကို မြေပေါ်မှာ စူးစူးစိုက်စိုက် နှစ်ထားရင်း ခေါင်းကို တစ်အား ငုံ့ထားလိုက်သည်။ အနည်းငယ် ဆာတာတာဖြစ်နေသည့် ခြေလှမ်းများဖြင့် လှေကားထစ်တွေကို တစ်ထစ်ချင်း ခပ်ဆဆ တက်သည်။ သည်လှေကားကျောက်ထစ်တွေ သုံးဆယ့်ရှစ်ထစ်ရှိတာ သူသိပါသည်။ လှေကားထစ်တွေက ကျောက်ကြမ်းကြီးတွေဖြစ်သည်။ တစ်ထစ် တစ်ထစ်ကို နှစ်ကိုက် ကျယ်သည်။ တကယ်တော့ လှေကားထစ်တွေကို တစ်ခါမှ စိတ်လိုလက်ရ ရေတွက်ခဲ့တာတော့ မဟုတ်။ သည်တော့ သုံးဆယ့်ရှစ်ထစ် တိတိကျကျ ရှိပါသည်လို့ သေသေချာချာပြောဖို့တော့ ခက်သည်။ သို့သော် သူသိနေတာ သေချာလောက်ပါသည်။

တစ်နေ့တစ်နေ့ သည်ကျောက်လှေကားထစ်တွေပေါ်မှာ အကြိမ် တော်တော်များများ ဆင်းဟယ် တက်ဟယ် လုပ်ခဲ့သည့် နှစ်တွေကပဲ ကြာလှပြီ။ ခုနှစ်နှစ်တောင် ရှိပြီပဲ။ သည်ကနေ့တော့ သည်ကျောက်လှေကားထစ်ပေါ်ကို ခါတိုင်းလို ခုန်ခုန်တက်ဖို့ မဖြစ်နိုင်မှန်း သူတွေးထားပြီးဖြစ်သည်။ သည်မနက်ကပဲ ကျောင်းအုပ်ဆရာကြီးက သူ့ကို ကြိမ်တစ်လုံးနှင့် တအုန်းအုန်းရိုက်ခဲ့လို့ဖြစ်သည်။ ခုတင်တွေ တော်တော်များများရှိသည့် အခန်းအမှတ် ခခွေးမှာ အရိုက်ခံရခြင်း ဖြစ်သည်။ စုစုပေါင်း ၁၃ ချက်။ ဘောင်းဘီတိုကလေးတောင် ကျွတ်ကျရသည်အထိ။ သည်ရိုက်ချက်တွေက ခုထိ သူ့စိတ်ထဲမှာ စူးစူးကဲကဲ ရှိနေဆဲ။

သူတို့ သူငယ်ချင်းသုံးယောက်စလုံး အရိုက်ခံရခြင်းဖြစ်သည်။ အပြစ်ကျူးလွန်သူများဟု ဆိုနိုင်ပါသည်။ ကိုယ့်ခုတင်ဘေးမှာ ကိုယ်ရပ်ရင်း ကျောင်းအုပ်ဆရာကြီး ဝင်အလာကို စောင့်နေကြရသည်။ မနေ့က ကျောင်းနားက စိုက်ခင်းတွေထဲမှာ သူတို့လွန်းထိုးနေခဲ့သည့်အပြစ်ဖြစ်သည်။ စိုက်ခင်းထဲက ပြောင်းဖူးတွေ ပိုင်ရှင်မသိဘဲ ခိုးယူခဲ့ကြလို့ ဖြစ်သည်။ ကျောင်းတစ်ကျောင်းလုံးက စာသင်သားများအတွက် သည်ဖြစ်ရပ်သည် ပထမဆုံးဖြစ်ခဲ့ရသည့် ပြစ်မှုဖြစ်သည်။ အပြစ်ကျူးလွန်သူ (ပြောင်းဖူးခိုးသူ) သုံးယောက်ထဲက သူငယ်တန်းဆရာမ၏ သားကို စိုက်ခင်းရှင် ရွာသားတွေက မှတ်မိသွားခြင်းက စပြီး တရားခံပေါ်လာရခြင်း ဖြစ်သည်။

စစ်ဆေးမေးမြန်းမှုများပြီးတော့ သူငယ်တန်းဆရာမ၏သားက အပြစ်ကို ဝန်ခံပြီးသားဖြစ်နေပြီ။ သူက ပြောင်းဖူးချိုးတာကို ပြစ်မှုလို့မထင်။ စောင့်ကြည့်သူမရှိသည့်စိုက်ခင်းထဲ ဝင်ချည်ထွက်ချည်လုပ်ရင်း ချိုးမိခြင်းသာဖြစ်သည်ဟု ထင်သည်။ ပြောင်းခင်းထဲ ပြေးရလွှားရတာကို ကလေးပီပီ သဘောကျခဲ့တာပဲရှိသည်။ ဆောင့်ကြီးအောင့်ကြီး ခုန်ကြပေါက်ကြ၊ ပြေးကြလွှားကြ၊ ပြောင်းဖူးတွေကို စိုက်ခင်းဘေးမှာပဲ ရဲနေအောင် မီးဖုတ်ရင်း စားကြသောက်ကြ။

ဂျက်ဖရီက နောက်ဆုံးအလှည့်ဖြစ်သည်။ တစ်ချိန်လုံး သူ့ရှေ့က နှစ်ယောက် ကြိမ်ရိုက်ခံရတာကို ကြည့်ရင်း ထိတ်လန့်ချောက်ချားနေသည်။ ပထမဆုံး အရိုက်ခံရသူက ဂျယ်ရီ။ ဂျယ်ရီကို ရိုက်တော့ အမေရေ၊ အဘရေ အော်တော့သည်။ ကြိမ်တစ်ချက် တင်ပါးပေါ်ကျတိုင်း အသံပြဲကြီးနှင့် အော်သည်။ သည်လိုအော်သံတွေကြားရလေ ဂျက်ဖရီကြောက်လေဖြစ်နေရသည်။ သူ့အလှည့်မရောက်ခင်မှာ လူကြီးတစ်ယောက်လို တတ်သမျှမှတ်သမျှ ဆုတောင်းနေရသေးသည်။

ဂျယ်ရီအလှည့်ပြီးတော့ ဒေဗီအလှည့်။ ဒေဗီကတော့ မဆိုးပါ။ ကြိမ်ချက်တိုင်းမှာ သူ့ဆီက အသံကလေး ထွက်သည်ဆိုရုံကလေး ထွက်လာတတ်တာပဲရှိသည်။ ဒါတောင် နောက်ဆုံးကြိမ်ချက် နှစ်ချက်ကျတော့မှ ထွက်လာခြင်း ဖြစ်၏။

ဂျက်ဖရီ။ သူ့အလှည့်မှာတော့ ဘောင်းဘီတိုကလေးကို ချွတ်ပေးရသည်။ အရိုက်ခံရတာထက် ဘောင်းဘီချွတ်ရတာကို ဂျက်ဖရီတော်တော်အောင့်သည်။ ဘောင်းဘီချွတ်ရတာ ဂျက်ဖရီ အင်မတန်ရှက်သည်။ သူ့အဖေကလွဲလျှင် ဘယ်သူမှ သူ့ကို ကိုယ်လုံးတီးချွတ်ထားတာ မမြင်ဖူးကြ။ ကလေးပေါက်စဘဝက ရေချိုးပေးတတ်သော ကန်ချီကလွဲလျှင်၊ ပြီးတော့ အမေကလွဲလျှင် ဘယ်သူရှေ့မှာမှ ဂျက်ဖရီ ဘောင်းဘီမချွတ်။ ပထမဆုံး သူ့ကိုယ်ပေါ်ကျလာသည့် ကြိမ်ချက်က မီးတောက်မီးလျှံတွေများ [illegible] လာလေသလား မှတ်ရသည်။ သည်လောက်ပြင်းထန်သည့် [illegible] လူရယ်လို့ဖြစ်ကတည်းက သူမခံစားဖူးခဲ့တာလည်းပါသည်။ [illegible] ကြိမ်တစ်ချက် ရှမ်းခနဲ ကျလာတိုင်း ကျောင်းအုပ်ဆရာကြီး [illegible] ညည်းသံတစ်မျိုး ထွက်လာတတ်တာကို ဂျက်ဖရီ ကြား[illegible] ဆုံး တစ်ချက်ကတည်းက အီစလံဝေသွားခဲ့ရသော ကြိမ်[illegible] ထပ် သုံးချက်လောက်အရောက်မှာတော့ သိပ်ပြီသသ[illegible]

သိပ်မစဉ်းစားတော့။ သူ့မျက်နှာပေါ်က အရေပြား ပါးပါးကလေးကတော့ ကြိမ်ချက်တိုင်းမှာ ရှန်းကြွလာခဲ့သည်။ တဖြည်းဖြည်း မျက်နှာကလေး မည်းညစ်လာခဲ့သည်။ မည်းညစ်ညစ်အရောင်မှ ခပ်ပုပ်ပုပ်အရောင်ကို ပြောင်းသွားကာ နောက်တော့ မျက်နှာမှာ အနီကွက်တွေ ထင်လာခဲ့သည်။ ကြိမ်ချက်ရှစ်ချက်မှာ အနီကွက်တွေ တစုန့်စုန့် ထွက်လာခဲ့ပြီ။ သိပ်မသေချာလှသော်လည်း ကြိမ်ချက်တွေက နောက်ဆုံးအချက်ကိုရောက်ဖို့ တော်တော်ကြာဦးမည်ဆိုတာမျိုး သူခံစားနေရသည်။

ဂျယ်ရီလောက် အော်ကြီးဟစ်ကျယ်မဟုတ်သော်လည်း တချို့ ကြိမ်ချက်တွေမှာတော့ ဂျက်ဖရီလည်း ညည်းညူမိတာတွေရှိသည်။ မီးပေါက်မီးဆန်ကြိမ်ချက်များ ကျနေသော်လည်း သက်သာရာသက်သာကြောင်းမှ ဖြစ်စေတော့ဟု တွေးရင်း မသိမသာ လှည့်လှည့်ပေးနေရသည်။ သို့သော် ကြိမ်ချက်များဆီက လွတ်ထွက်သွားနိုင်တာမျိုး မဟုတ်တော့ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးမှာ ကြိမ်ချက်တွေ တရှမ်းရှမ်းကျနေတာပါပဲ။ ကျောင်းအုပ်ကြီးပါးစပ်က "ဆယ့်သုံး" ဆိုသည့် ကြိမ်ချက်ရေတွက်သံကို ကြားလိုက်ရသည်။ သည်နောက်တော့ ဂျက်ဖရီ သူ့ခုတင်ကလေးပေါ်မှာသူ လဲလျောင်းနေရတော့သည်။ ကျောင်းအုပ်ကြီးကတော့ သည်ပြစ်မှုသည် ကျက်သရေမင်္ဂလာမရှိသည့် ပြစ်မှုဖြစ်ကြောင်း၊ ဆင်းရဲသူ ဆင်းရဲသားများ၏ ပါးစပ်က ထမင်းလုတ်ကို လုယက်စားတာမျိုးနှင့် တူကြောင်း၊ နောင်ကျူးလွန်လျှင် အခန်းတွင်းမှာ မရိုက်တော့ဘဲ တစ်ကျောင်းလုံးက ကျောင်းသားတွေရှေ့မှာ ဆုံးမမှာဖြစ်ကြောင်းတွေ တတွတ်တွတ် ရေရွတ်နေတာကို နားကျင်သည့်ကြားက ကြားနေရသည်။

ဂျက်ဖရီက ကျောက်လှေကားထစ်အောက်ဆုံးမှာ ရပ်ရင်းက ငုံ့ထားသော ခေါင်းကို မော့လိုက်သည်။ မော့ကြည့်ရတာ၊ ဒါမှမဟုတ် ငုံ့ကြည့်ရတာမျိုးကို သူအင်မတန် သဘောကျသည်။ အပေါ်ကို မော့ကြည့်နေရာမှ

တဖြည်းဖြည်း ငုံ့ကြည့်ရတာမျိုး သူမကြာခဏ လုပ်တတ်သည်။ မျက်စိမှိတ်ထားရင်း ခေါင်းမော့ကာ တက်လာ၊ ပြီးတော့မှ တဖြည်းဖြည်း မြင့်တက်လာသည်ထင်ရသော သစ်တောကြီးကို ဖျန်းခနဲ တွေ့လိုက်ရတာမျိုးကို သူ စွဲလမ်းသည်။ တစ်ခါတစ်ခါ ကျောက်လှေကားထစ်တွေက မိုးကောင်းကင်ပြာပြာကြီးထဲအထိ တက်သွားလေသလား သူတွေးနေတတ်သည်။

ဂျက်ဖရီက ကျောက်လှေကားထစ်များ အောက်ခြေကိုရောက်တော့ ဘယ်ဘက်လက်ထဲမှာ အချိန်တော်တော်ကြာကြာ ပိုက်ကိုင်လာခဲ့သည့် စာအုပ်တွေကို လက်ပြောင်းလိုက်သည်။ ပြီးတော့မှ တစ်ခါ စတက်သည်။ စာအုပ်အဖုံးပေါ်ကို သူ ဖျတ်ခနဲ ကြည့်လိုက်သည်။ စာအုပ်က ဝက်စ်မင်စတာ သင်ပုန်းကြီး ဖတ်စာစာအုပ်ဖြစ်သည်။ သည်ဖတ်စာအုပ်ကလေးကို သူအင်မတန်ကြိုက်သည်။ ပုံပြင်ကလေးတွေက ချစ်စရာကောင်းလို့ချည်း မဟုတ်။ လိမ္မော်ရောင် အဖုံးနှစ်ဖုံးကြားမှာ ရုပ်ပုံကလေးတွေ ပါတာကလည်း သူ့ကို ကြိမ်းမှူးစေသည်။ အပြာရောင် ဥယျာဉ်လိုဏ်ဂူကလေးများ၊ သူမြင်ဖူးနေကျ အပြာတကာ့အပြာတွေထဲက အပြာဆုံးပင်လယ်၏ ကြီးမားသောဂူပေါက်။ တစ်ခါတစ်ခါတော့ စာမျက်နှာအလိုက် ရေးခြယ်ထားသည့် ရုပ်ပုံကလေးတွေထဲက ရေတွေ၊ အရောင်တွေကြားမှာ နေချင်စိတ်တွေ ပေါ်တတ်သည်။ စာမျက်နှာတွေပေါ်ကို ကုတ်ကတ်တက်ချင်စိတ်တွေ ပေါ်တတ်သည်။ တစ်ခါတလေတော့ အိမ်စာ ဖတ်စာတွေအပြီးမှာ ရုပ်ပုံပါ စာမျက်နှာတွေထဲ စိတ်နှစ်ထားတာ အကြာကြီး။

ဂျက်ဖရီ့အမေက အိမ်စာနှင့်ပတ်သက်လျှင် တင်းကြပ်တတ်သူ ဖြစ်သည်။ တစ်ခါတလေတော့ ဂျက်ဖရီက အမေမရှိလျှင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တွေးနေမိတတ်ပါသည်။ တကယ်ဆိုလျှင် ထူးတော့လည်း မထူးပါ။ သူက အဝေးမှာ ကျောင်းအိပ်ကျောင်းစား ကျောင်းသားဘဝဖြင့် အမေနှင့် ဝေးနေရသူသာဖြစ်သည်။ အမေက တခြားအမေများနည်းတူ

ဝေးလံသောဒေသ လွင်ပြင်ကြီးထဲမှာ ကျန်နေရစ်ခဲ့ရသူသာ ဖြစ်သည်။ သူ့ ကြိမ်ချက်ဒဏ်ရာတွေကိုသာ အမေတွေ့လျှင် ဆိုးရမိုက်ရကောင်းလားဟု ဆိုကာ ဒေါသတကြီး ရှိနေလိမ့်မည်ထင်၏။

ဂျက်ဖရီက လျှောက်တွေးရင်း သူ့ခြေထောက်တစ်လျှောက်က ကြိမ်ရာ အရှိုးတွေကို ငုံ့ကြည့်မိသည်။ အရှိုးရာတွေက ထူအန်းအန်း ရောင်ကိုင်းနေ ကြသည်။ ခရမ်းသွေးရောင် သွေးပုပ်တွေက သီးထနေသည်။ တချို့နေရာ တွေမှာ ပေါက်ပြဲနေသဖြင့် သူ့အခန်းကလေးထဲမှာတောင် သွေးတွေ တပေါက် ပေါက်ကျခဲ့သေးသည်။ မနက်ခင်းစာစားဖို့ အိပ်ရာကထတော့ သူ့ဘောင်းဘီ တွေ သွေးစိုနေတာ သတိထားမိခဲ့သည်။

အမေဆူမှာ ဒေါသဖြစ်မှာကို သူသိပ်တော့ အလေးအနက် မထားဖြစ် တော့ပါ။ သည့်အရင်ကလည်း အမေက ဆူနေကျ ဒေါသဖြစ်နေကျ မဟုတ် လား။ တစ်ချက်ပဲရှိသည်။ သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကို တွေ့လျှင်တော့ သူကိုယ်တိုင် လူဆိုးသူဆိုးကလေးဘဝ အလိုလို ရောက်ပြီး သား ဖြစ်သွားနိုင်သည်။ အမေက သူ့အပေါ် အဲသလို သဘောထားမှာကို တော့ သူမကြိုက်။ သည်လို တွေးမိလိုက်တော့လည်း ရှက်ရွံ့မှုက ရုန်းကြွလာ ပြန်သည်။ သူ့ကိုယ်သူ ရှက်ရွံ့မိတာ မဟုတ်ပါ။ အမေရှက်ရှာမှာကို တွေးမိ ခြင်းသာဖြစ်သည်။ အမေက သူ့အမေဆိုတော့ အရှက်တရားက အမေ့ကိုပါ ကူးစက်သွားနိုင်လို့ ဖြစ်သည်။

လှေကားထစ်များ၏ ထက်ဝက်နေရာကို သူရောက်နေမှန်း သိလိုက် သည်။ သူ့ခြေထောက်က အရှိုးရာတွေ ဘယ်တော့များမှ ပြယ်လွင့် ပျောက် ကွယ်သွားကြမှာလဲလို့ သူတွေးမိသည်။ ဒဏ်ရာတွေက ပြယ်လွင့်မသွားဘဲ သူ့ဘဝတစ်လျှောက် ဘယ်လောက်ကြာကြာများ စွဲမြဲနေမှာလဲ။ အမာရွတ် တွေက ဘယ်လောက်ကြာကြာ စွဲနေဦးမှာလဲ။ အရှိုးရာတွေက ကြီးလွန်းလှ သည်။ ဘယ်လိုစဉ်းစားရမှန်းတောင် သူလည်း မသိတော့။

နောက်ရက်သတ္တပတ်တွေထဲမှာ ပူဂျာအားလပ်ရက် (ဘုရားဝတ်ပြု အားလပ်ရက်) ကျရောက်တော့မည်။ အမေသာ သူ့မှာအပြစ်ရှိကြောင်း သိသွားလျှင် အပြစ်ဒဏ်ပေးသည့်အနေဖြင့် တောထဲတောင်ထဲ ပျော်ပွဲစားခရီးကို သွားခွင့်ပြုတော့မည်မဟုတ်တာ သူသိသည်။ သစ်တောထဲကို သူငယ်ချင်းများနှင့် ပျော်ပွဲစားထွက်ဖို့ သူ့မှာ အစီအစဉ်ရှိပြီးသားဖြစ်သည်။ တော်ဖီတွေလုပ်ကြမည်။ ထမင်းဟင်းတွေ ချက်ကြပြုတ်ကြမည်။ သူက တော်ဖီချောင်းတွေကို အင်မတန်ကြိုက်သည်။ ကပ်စေးနဲ့ တော်ဖီ။

ပြီးတော့– မာလီ။ မာလီကကော သူ့ဒဏ်ရာတွေနှင့်ပတ်သက်လို့ ဘာများ ပြောမှာပါလိမ့်။ ပန်းပွင့်ပန်းရုံတွေကို ပြုပြင်ရင်း သူ့ကို ဖျတ်ခနဲ လှမ်းအကဲခတ်ကာ တစ်ခုခုတော့ စကားဆိုလိမ့်မည်။ ဂျက်ဖရီ ရင်တွေ နည်းနည်းတော့ တုန်လာခဲ့သည်။ မာလီ ပန်းရုံတွေနားမှာ ရှိနိုင်သည်။ တကယ်လည်း ရှိနေသည်။ ခြေဖဝါးတွေပေါ်မှာ အားပြုရင်း ဆောင့်ကြောင့် ထိုင်နေသည်။ ခရမ်းရောင် အပွင့်ရှည်မျောမျောကြီးတွေ ပွင့်သည့် တိဘက်နှင်းဆီရုံကြားမှာ မာလီထိုင်နေခြင်းဖြစ်သည်။ မာလီအိုကြီးကို ကြည့်ရင်း သူအောက်မေ့သတိရနေသည်။

"ဟိုး... မာလီ"

ဟင်ဒီနှင့် နီပေါဘာသာစကား နှစ်မျိုးရောနှောထားသည့် ဖပေါးရီးယားဘာသာဖြင့် သူခေါ်လိုက်သည်။

"ကျွန်တော့်ဖို့ လေးနဲ့မြား ပါရဲ့လား"

ဂျက်ဖရီက ဆောင့်ခုန်လိုက်ရင်းက ရှေ့ကိုတိုးလိုက်သည်။ အရိုးရာတွေဆီက နာကျင်မှုတွေ သူ ခဏကလေး မေ့သွားခဲ့သည်။ မာလီအိုကြီး အလုပ်လုပ်နေရာ ပန်းချုံတွေဆီကို ကုတ်ကတ်တွယ်ရင်း ရောက်အောင် သွားလိုက်သည်။ မာလီအိုကြီး၏ ရှက်ကိုးရှက်ကန်းမျက်နှာပေးကို မြင်လိုက်ရကတည်းက လေးနဲ့မြား သည်တစ်ခါလည်း ပါမလာတာ သေချာသွားပြန်ပြီဟု သူ

သဘောပေါက်လိုက်သည်။ တစ်ခါတလေ မာလီအိုကြီးက သူ့ကို လေးနဲ့မြား မပေးချင်လို့များ မေ့ချင်ယောင် ဆောင်နေတာများလား သူတွေးတတ်သည်။ မာလီအိုကြီးက မေ့လို့ပါကွယ်ဟု အကြောင်းပြရင်း လေးနဲ့မြား ပါမလာတာ အကြိမ်များလှပြီ။

"ဟောဗျာ– မာလီ၊ ဘာလဲ သည်တစ်ခါလည်း မေ့လို့ပါကွယ် လုပ်ဦး မလို့ မှုတ်လား" ဂျက်ဖရီက စွပ်စွဲသံကလေးစွက်ကာ အော်လိုက်သည်။ မာလီဆိုတာ ဥယျာဉ်မှူးဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။ တကယ်တော့ သည် အဘိုးအိုကို သူ မာလီလို့ခေါ်နေတာ ဥယျာဉ်မှူးဆိုသည့် သဘောမဟုတ်။ သည်အဘိုးအို၏အမည်နာမလို့ ထင်နေခြင်းသာဖြစ်သည်။ သူ့သိသလောက် သည်နာမည်တစ်မျိုးကလွဲလျှင် အခြားမရှိ။ ဥယျာဉ်မှူးလို့ အဓိပ္ပာယ် ရတာ ပါလားလို့ သူတစ်ခါမှ မတွေးခဲ့ဖူးတာလည်းပါသည်။ သူ့အတွက် 'မာလီ' ဆိုတာ လူနာမည်ဆိုတာပဲ သိသည်။

မာလီအိုကြီးက ခေါင်းတုံးတုံးထားသော ဦးပြည်းပြောင်ပြောင်ပေါ်မှာ ဖောင်းထုပ်ကြီးတစ်လုံး စွပ်ထားသည်။ အသက်အရွယ် အိုမင်းသော်လည်း မျက်လုံးတွေက လျှင်မြန် ဖျတ်လတ်နေတတ်သည်။ သို့သော် တရုတ်လူမျိုးများ၏ မျက်လုံးတွေလို စောင်းကျဉ်းကျဉ်းတော့ ဖြစ်နေလေ၏။ အထက် နှုတ်ခမ်းက ပါးလွှာလွှာကလေး။ အဖျားဘက်ကို ကော့တက်နေသည့် ဖြူ ဖျော့ဖျော့ နှုတ်ခမ်းမွေးတွေကိုတော့ သူ့အတွက် ခမ်းကြီးနားကြီး ဂုဏ်ရည် တစ်ရပ်လို သဘောထားပုံရသည်။ ဝါညိုညို မျက်နှာက သူ့အမှတ်အသား ဖြစ်၏။ နဖူးပေါ်မှာတော့ ဖြောင့်စင်းနေသည့် ဇရာအရေးအကြောင်းများက နက်နက်ရှိုင့်ရှိုင့် အတန်းလိုက် ပြေးနေကြသည်။

ပါးပေါ်မှာလည်း အရေးအကြောင်းတွေက အချင်းချင်း ရှုပ်ယှက်ခတ်နေ ကြသည်။ အသားအရေတွေပေါ်မှာလည်း နုးညံ့သော အရေးအကြောင်း တွေက တိုင်ချည်ဖောက်ချည် ရက်ရှယ်နေကြတာပါပဲ။

မာလီ ရယ်လိုက်သည့်အခါများတွင် ထိုဇရာအရေးအကြောင်းများ အားလုံး တွန့်တွန့်ရုန်းရုန်း လှုပ်ရှားလာကြကာ ပိုမိုနက်ရှိုင်းသွားသလို ထင်ရသည်။ ဂျက်ဖရီက ဒါတွေအားလုံးကို စောင့်ကြည့်ရင်း သဘောကျနေတတ်ပါသည်။ တစ်ခါတလေ သူ့မျက်နှာမှာ အဲဒါမျိုးတွေ ပေါ်လာရင် ကောင်းမှာပဲ လို့တောင် ဂျက်ဖရီ တွေးတတ်နေသည်။ သည်အရေးအကြောင်းတွေက ဘယ်လိုက ဘယ်လို ဖြစ်လာတာလဲဆိုတာ သူမသိ။ သို့သော် ဟိမဝန္တာ တောင်တန်းများပေါ်က တသုန်သုန်တိုက်ခတ်လာတတ်သော ဆောင်းရာသီလေနှင့် တူလေသလားလို့ တွေးရတာကို သူနှစ်သက်နေတတ်သည်။ ရာသီဥတု ကြည်လင်သည့် နေ့ရက်များတွင် ဟိမဝန္တာကို တောင်ခြေပြန့်ပြန့်မှ လှမ်းမြင်ရသည့်အခါ အေးစက်ပြာနှမ်းသော လှိုင်းများယှက်သန်းနေတတ်တာလည်း ဒါမျိုးပဲ မဟုတ်လား။ ကန်ချင်ဂျန်ဂါ၊ နန်ဂါးပရာဘတ်၊ ကေထူး၊ ဇဝရက်.. စသည် တောင်တန်းများကို မမြင်နိုင်သော်လည်း ဒါကျီလင်မှ မိုင်နှစ်ဆယ်လောက်ဝေးသော ကျားတောင်ကုန်းဘက်ကတော့ မြင်နိုင်သည်။ တစ်ရက်ရက်မှာတော့ ...။ အမေက အဲသည့်နေရာတွေကို ပို့ပေးမည်ဟု ကတိပေးထားဖူးသည်။

"ထိုင်ပါဦးကွဲ့"

အဘိုးအိုက စကားစသည်။

".. လေးနဲ့ မြားကို ဘယ်လိုကဘယ်လို မေ့ခဲ့ရသလဲဆိုတာ ငါပြောပြရဦးမှာပေါ့"

မဖြစ်နိုင်သော ဇာတ်လမ်း၏ ရုပ်လုံးသဏ္ဍာန်ကို သူ့ဦးနှောက်ထဲမှာ ယုတ္တိတန်အောင် ပုံဖော်နေရတော့သည်။ သည်ကလေးက သူပြောသမျှဆင်ခြေတွေကို တော်ရုံတန်ရုံနဲ့တော့ ယုံကြည်လိမ့်မည် မဟုတ်ဘူးဆိုတာလည်း မာလီသိပါသည်။ သို့သော် သည်လို လုပ်ကြံပြောရတာကိုပဲ သူငယ်ကလေးက လိုလိုလားလား နားထောင်နေတာကို သူသဘောကျသည်။ ဒါ

ကြောင့်လည်း အမြဲတမ်း မေ့သလိုလို လျှော့သလိုလို လုပ်နေခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တော့ မထိုင်ဝံ့သလောက်ပါပဲ မာလီရာ၊ ထိုင်လို့မဖြစ်ပါဘူး"

"ဘာပြုလို့လဲကွဲ့"

ဂျက်ဖရီက ခြေထောက်တွေကို ရှပ်တိုက်လျှောက်လိုက်ရင်း အဘိုးအို၏ မျက်လုံးများအကြည့်ကို ရှောင်နေလိုက်သည်။ မျက်လုံးတွေကို မကြည့်သော်လည်း မာလီ၏လက်တွေကိုတော့ သူကြည့်ဖြစ်အောင် ကြည့်လိုက်ပါသည်။ သည်လက်ကလေး နှစ်ချောင်းကလည်း ရင့်အိုကြပြီ။ အရေးအကြောင်းတွေ ရှန်းထနေကြပြီ။ သူ့လက်တွေက သူ့မျက်နှာပြင်လိုပဲ အရေးအကြောင်းတွေ ရက်ကန်းကြိုးပြိုင်နေကြသည်ကော။ သို့သော် သည်လက်တွေက အလုပ်နှင့် လက် မပြတ်ရသောလက်တွေ။ စကားတွေဖောင်လောက်အောင် ပြောနေစဉ်မှာပင် လက်တွေက အလုပ်တစ်ခုခုကို လုပ်နေမြဲ။ မာလီ၏ ညာဘက်လက်ကို သူပိုမိုစိတ်ဝင်စားသည်။ သည်လက်က သူ့ကို ညှို့ငင်တတ်ခြင်းကြောင့် ဖြစ်၏။ သည်လက်၏ လက်ချောင်းငါးချောင်းမှာ လက်ခလယ်မရှိ။ ဓါးပြား သေးသေးကလေးဖြင့် မြေကို ယက်ဖွပြီးတိုင်း သည် လက်ခလယ်မပါသည့် လက်ချောင်းများဖြင့် တစ်ခုခု လုပ်နေတတ်သည်။

သူ့လက်ညိုညိုကြီးများဖြင့် မြက်ဖုတ်တွေကို ဆွဲနုတ်၊ ပြီးလျှင် မွသွားသော မြေသားတွေကို သည်လက်ဖြင့်ပြန်ချော၊ မြေကို ညီညာချောမွေ့အောင် ပြန်ပြင်။ ဂျက်ဖရီက ဒါကိုပဲ သူတစ်ခါမှ မမြင်ဖူးသော မျက်လှည့်ပညာ တစ်မျိုးလို အာရုံတစိုက် ရှိနေတတ်သည်။ မာလီက သူ၏ ပြန့်ပြူးသော လက်ဖဝါးများဖြင့် ပေါင်းပင်နှင့် မြက်များကို သန့်စင်ပေးသည်။ မြေကြီးတွေ ကို ဖိသိပ်ပေးနေတတ်သည်။ သည်လက်ချောင်းပြတ်ကလေး၏ ဇာတ်လမ်း ကိုလည်း သူသိထားပြီးဖြစ်သည်။ မြွေကိုက်ခံရပြီးနောက်ပိုင်း သည် လက် ချောင်းကလေးကို မာလီဖြတ်တောက်ပစ်ခဲ့သည်ဆိုတာ သူကြားဖူးထားပြီး သားဖြစ်သည်။

"သည်မနက် ကျောင်းအုပ်ဆရာကြီးက ကျွန်တော့်ကို ကြိမ်နဲ့ တွယ်တာ မာလီရဲ့၊ နာသလား မပြောနဲ့"

ဂျက်ဖရီက ပြောရင်း ရှက်နေမိပြန်သည်။ သည်တစ်ခါတော့ ခြားနားသောအသိ ရှိခဲ့ပြီ။ မာလီကိုတော့ ပြောမှကောင်းမည်ဆိုတာ သူတွက်ပြီးသားဖြစ်၏။ သည်မာလီဆိုသည့် အဘိုးအိုက သူ့အဖေနှင့်တူသည်ဟု သူ ထင်သည်။ အသက်အရွယ်မကြီးရင့်ခင် သေဆုံးသွားခဲ့ရသော ဖခင်သာ သည်လိုအသက်အရွယ်မျိုးဆိုလျှင် မာလီနှင့် တူကောင်း တူနေလိမ့်မည်ဟု ဂျက်ဖရီ တွေးသည်။

".. ဆယ့်သုံးချက်တောင် ဆော်တာဗျ"

ဂျက်ဖရီက စကားဆက်သည်။

"ကျွန်တော်တို့က ပြောင်းဖူး ဝင်ချိုးလို့တဲ့လေ၊ ဆရာကြီးက အဲဒါ ခိုးတာပဲလို့ ပြောတာပဲ၊ ကျွန်တော်တို့ကတော့ ဘာကိုမှ ခိုးခဲ့တာ မဟုတ်ပါဘူး မာလီရယ်၊ ကျွန်တော်ထင်တာတော့ ဒါ သက်သက်ပုံကြီးချဲ့တာပါ"

သူ့စကားဆုံးတော့ လျင်မြန်သွက်လက်စွာ အလုပ်လုပ်နေသည့် မာလီ၏ လက်ချောင်းကလေးများ တုန့်ဆိုင်းသွားတာ မြင်လိုက်ရသည်။ မျက်လုံးညိုကြီးတွေက အတွင်းစိတ်ကို နှိုက်ကြည့်နေတာမျိုး ဖြစ်သွားခဲ့သည်။ တစ်အောင့်လောက် ကြာတော့မှ ခဏကလေး ပုန်းလျှိုးသွားသည့် အာရုံများက ပြန်လွတ်မြောက်လာသလို ဖြစ်သွားကာ အပြစ်တင်ချင်သည့် မျက်လုံးများဖြင့် ဂျက်ဖရီကို စိုက်ကြည့်နေပြန်သည်။

"ပုံကြီးချဲ့ရမှာပဲကွဲ့။ အချိန်ကာလတို့၊ မိန်းမသားတွေရဲ့ ထောင်ချောက်တို့ .. မင်းဘာကို ရယူခဲ့သလဲ၊ အဲဒါတောင်မှ ခိုးမှုမြောက်တယ်၊ မင်းမှ မပိုင်ဆိုင်တဲ့ပစ္စည်းကို ယူမိတာဟာ ခိုးတာပဲကွဲ့"

မာလီအိုကြီးက သူ့စကားအဆုံးမှာ သူ့ငယ်ဘဝတွေထဲက အဖြစ်အပျက်တစ်ခုကို သတိရသွားသလို ဖြစ်သွားခဲ့သည်။ သူငယ်ငယ်က သူ့

အင်္ကျီဟောင်းကလေး၏ အိတ်ကပ်ထဲမှာ ဆစ်ကင်းပန်းသီးတွေ လေးလေးတွဲ တွဲ ဖောင်းကားနေတတ်တာ သူသတိရနေမိသည်။ သူ ခိုးယူလာတာမဟုတ် မှန်းတော့သိပါသည်။ လူငယ်ဆိုတာ လူကြီးဘဝရောက်အောင် အသက်ရှင် ဖြစ်တည်မှုအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းကြရသည်မဟုတ်လား။ သူ သည်လို ထင်ခဲ့ဖူးသည်။ တကယ်တော့ ဒါလည်း ပိုင်ဆိုင်မှုတန်ဖိုး၏ စစ်မှန် သော အာရုံတွေမဟုတ်။

မာလီက စိတ်မသက်မသာဖြစ်နေသည်ဆိုသော ဂျက်ဖရီကို မကြည့်ဘဲ သူ့လက်တွေကို မမောတမ်းမပန်းတမ်း ပေါင်းသင်မြက်နုတ် အလုပ်ရှုပ်နေစေ သည်။

“မာလီက ခိုးတယ်လို့ ထင်တယ်ပေါ့”

ဂျက်ဖရီကလည်း ချက်ချင်း တုံ့တုံ့ဆိုင်းဆိုင်း ထစ်ထစ်အအ ပြန်မေး သည်။

တကယ်လည်း ခိုးမှုဟုတ်မဟုတ် ခိုးမှုမြောက်မမြောက် ဂျက်ဖရီ ကိုယ် တိုင်လည်း ကောင်းကောင်း သဘောပေါက်သေးတာတော့မဟုတ်။ မာလီအို ကြီးက ဒါဟာခိုးမှုပဲဟုဆိုလျှင် သူလက်ခံရုံသာ ရှိသည်။

နောင်အနာဂတ်အတွက်လည်း ဂျက်ဖရီ ဆုံးဖြတ်ပြီးသားဖြစ်သည်။ သူငယ်ချင်းအပေါင်းအသင်းတွေက ပြောင်းခင်းတွေထဲ ပြောင်းဖူးချိုးဖို့ ဖြား ယောင်းလျှင်ပင် သူပြင်းပြင်းထန်ထန် ငြင်းဆန်ဖို့ စိတ်ကူးထားပြီးသားဖြစ် သည်။

“မင်းငိုခဲ့သေးသလား လူလေး”

မာလီက မေးနေခြင်းဖြစ်သည်။ ပြီးတော့ ဆက်မေးသည်။

“ဒါမှမဟုတ် လူကြီးတစ်ယောက်လို မျက်ရည်မကျအောင် တောင့်ခံခဲ့ ရဲ့လားကွဲ့”

“မငိုခဲ့သေးဘူး”

ဂျက်ဖရီက တောင့်တောင့်ဖြောင့်ဖြောင့်ကြီး ရပ်ပြလိုက်သည်။ ကိုယ်ခန္ဓာကို စန့်သွားအောင် နေပြလိုက်သည်။ သို့သော် နည်းနည်းလေးတော့ ပုံကျသွားတော့မယောင်ယောင် ဖြစ်သွားခဲ့သေးသည်။

"ကျွန်တော့် မျက်လုံးတွေက ဘာမှမဖြစ်ပါဘူးမာလီရာ၊ အဲ ပါးစပ်ကတော့ နည်းနည်း အော်မိတယ်၊ ဒါပေမဲ့ ဂျယ်ရီလောက်တော့ မဆိုးပါဘူး"

ဂျက်ဖရီက သူ့ကိုယ်သူ ကာကွယ်လိုက်သည်။

"ကောင်းသပေါ့ကွယ်၊ ကိုင်း ကိုင်း အခုကစပြီး ငါဘာဖြစ်လို့ မင်းအတွက် လေးနဲ့မြား မေ့လာခဲ့ရသလဲဆိုတာပြောပြတော့မယ်၊ ဟုတ်ကဲ့လား"

"ဟင့်အင်း၊ အဲဒါထားလိုက်၊ ကျွန်တော် ဝက်ဝံအကြောင်းပဲ နားထောင်ချင်တယ် မာလီ"

တကယ်တော့ မာလီပြောပြောပြသည့် ဝက်ဝံဇာတ်လမ်းက ကြားဖူးပြီးသားဖြစ်သည်။ တစ်ကြိမ်မက အခါတစ်ရာပင် ရှိခဲ့ပြီ။ ဒါပေမဲ့ ဂျက်ဖရီသည်အကြောင်း နားထောင်ရတာ မငြီးငွေ့။ ဇာတ်လမ်း နားထောင်ရတာက ချည်းအရသာရှိတာမဟုတ်။ မာလီ၏မျက်နှာကို ကြည့်နေခွင့်ရတာကလည်း အရသာတစ်ဝက်ရှိနေလို့ ဖြစ်၏။ သည်အခါမျိုးမှာ မာလီမျက်လုံးတွေက တောက်ပနေတတ်သည်။ ခန္ဓာကိုယ်ပေါ်က အရေးအကြောင်းတွေက စိတ်လှုပ်ရှားမှုဖြင့် တဆတ်ဆတ် ကခုန်နေတတ်ကြသည်။ သည်အကြောင်းက လောလောလတ်လတ် အတွေ့အကြုံတော့ မဟုတ်။ ရှေးပဝေသဏီ ခေါက်ထပ်က အတွေ့အကြုံဖြစ်သည်။ မာလီကလည်း သည်အကြောင်းများ စကားချီရလျှင် သဘောတွေ့နေတတ်သည်။ သည်အခါမျိုးမှာ ဂျက်ဖရီကလည်း ဆောင့်ကြောင့်ထိုင်သည်။ စာအုပ်တွေကို မြေတလင်းပြန့် သန့်သန့်ကလေးပေါ်မှာ အသာအယာ တင်လိုက်သည်။

မာလီကလည်း သူ့လက်ထဲက ဝေါ်ပြားကို ချလေ၏။ ဒါက တကယ်တော့ ပုံပြင်မဟုတ်၊ လုပ်ရင်းကိုင်ရင်း ပြောနိုင်သည့် အကြောင်းအရာသာ

ဖြစ်သည်။ မာလီက သူ့အိတ်ကပ်ထဲက သစ်သားမီးခြစ်ဘူးနှင့် ဘီဒီပွတ်ချွန်းဆေးလိပ်ကို ထုတ်ယူလိုက်သည်။ ဘီဒီပွတ်ချွန်းဆိုတာ ဆေးရွက်ကို လိပ်ထားကာ ဝါချည်ဖြူတစ်ပင်ရစ်ကာယ်နှင့်ဆိုသော လက်လိပ်ဆေးလိပ် သေးသေးကလေးဖြစ်သည်။ မာလီက ပွတ်ချွန်း၏ဖင်ဘက်ကို စုပ်သည်။ ဆေးလိပ်ကို မီးမညှိခင် တစ်လိပ်လုံး ထိုင်းသွားအောင် လျှာဖြင့်လိုမ့်လိုက်သေးသည်။ မီးခြစ်ကို ခပ်ဝေးဝေးလှမ်းပစ်လိုက်ရင်း ဒူးခေါင်းတွေကို သိုင်းဖက်သည်။

ဘီဒီပွတ်ချွန်းဆေးလိပ်ကလေးဆီမှ မီးခိုးပြာပြာတို့ အထက်သို့ ငွေ့ငွေ့အူအူ ထလေသည်။ မီးခိုးတွေက မျက်နှာရှေ့မှာ တဝေ့ဝေ့ တဝဲဝဲ လွင့်မျောနေကြသည်။ မျက်လုံးတွေထဲမှာ မျက်ရည်မိုးတွေ ဝေနေသည်။

ဆေးရွက်မှိုင်းတွေထဲမှာ မြူဆိုင်းဆိုင်း ရီဝေဝေ ကူးခပ်ရင်း စိတ်အားထက်သန်စွာ နားထောင်နေသည့် ကလေးငယ်၏ မျက်နှာကို မာလီမြင်နေရသည်။ မျှော်လင့်စောင့်စားနေရှာသည့် စိတ်တထင့်ထင့် တင်းတောင့်တောင့်မျက်နှာကလေး။ ကလေးငယ်၏ နောက်နားအလွန်မှာတော့ ခရမ်းရောင်အရွက်များ ဖားဖားဝေနေသည့် ရိုးတံရှည်ရှည် နှင်းဆီပင်တွေရှိသည်။ လေမဲ့နွေဥတုထဲမှာ အပင်တွေက ငြိမ်သက်နေကြလေသည်။

အဘိုးအိုက ဇာတ်လမ်းကို စပြောသည်။ တောက်ပသည့် မျက်လုံးစောင်းကျဉ်းကျဉ်းကလေးတွေက အတွင်းကို တိုးဝင်သွားသလား မှတ်ထင်ရသည်။ ဟိုးအတွင်းဘက်ကို တိုးဝင်ကာ လှောင်ထားသည့် မှတ်ဉာဏ်ကို လိုက်ရှာနေတာမျိုး။ ကလေးငယ်ရော နှင်းဆီပင်တွေပါ ပျောက်ကွယ်သွားကြသည်။ သည်နေရာမှာ စွတ်စိုသစ်တောကြီးတစ်တော သူ့ရှေ့ကို လွှားခနဲရောက်လာခဲ့ပြီ။

သူအမဲလိုက်ဖို့ ထွက်လာခဲ့သည်။ မြားတစ်စင်းနှင့်လူငယ်တစ်ယောက်။ သားကောင်၏ခြေရာကိုခံရင်း နောက်ယောင်ခံလိုက်လာခဲ့သည်။ သူ့ပခုံးပေါ်

မှာတော့ ပုဆိန်တစ်လက် ထမ်းထားခဲ့သည်။ ခေါင်းပေါ်မှာတော့ ခပ်လေး လေး ငွေရောင်ပြောင်ပြောင် သတ္တုဦးထုပ်တစ်လုံးဆောင်းထားသည်။ သည် ဦးထုပ်၏ အနားစွန်းတွေက ဓားတစ်ချောင်းလို ထက်ရှနေအောင် သွေးထား သည့် ဦးထုပ်မျိုးဖြစ်သည်။ မြားကလည်း အားကိုးလောက်သော မြား ကောင်းတစ်လက်ဖြစ်သည်။ သစ်ကြားညိုသား၊ ဥတ္တဒဏ်ခံ မြားတစ်စင်း။ သို့သော် သည်မြားက စွမ်းအားတွေကို သူမမြင်ရသေးတာတော့ ရှိသည်။ မုဆိုးလူငယ်က သည်စွမ်းအားကို မြင်ချင်နေသည်။

မုဆိုးလေးက ဘာတစ်ခုကိုမှ သဲသဲကွဲကွဲ မမြင်ရခင် ထောင်ချောက်ဆီမှ အသံတစ်သံကို ချွတ်ခနဲ ကြားလိုက်ရသည်။ ပထမတော့ မုဆိုးလေး ကောင်း ကောင်း သဘောမပေါက်။ စိတ်ထဲ ချောက်ချောက်ချားချားပင် ဖြစ်လာခဲ့ရ သည်။ မြားကိုချကာ ပခုံးပေါ်က ပုဆိန်ကို ဆွဲယူလိုက်သည်။ ဆုပ်ထားသော လက်ဖဝါးထဲမှာ ပုဆိန်ရိုး၏ ချောမွတ်နေသည့် အာရုံက ခပ်စီးစီး နစ်ဝင်နေ သည်။ သည်နောက်တော့မှ တစ်အားကျုံးအော်နေသည့် ဝက်ဝံတစ်ကောင် ကို မုဆိုးလေး တွေ့လိုက်ရသည်။ သည်တော့လည်း ရှေ့မှာဘာဖြစ်လာမလဲ မုဆိုးလေး သိလိုက်ပြီ။ မုဆိုးလေး အသက်ကို ပြင်းပြင်း စရှူလိုက်သည်။ အေးခဲနေသည့် ရင်ဘတ်ထဲက စလုံးစခုကြီးကို မှုတ်ထုတ်လိုက်သည်။ ပုဆိန် ကို ပခုံးနောက်ဘက်ကို လွှဲပစ်လိုက်ပြီး လေးနှင့်မြားကို ကောက်ကိုင်လိုက် သည်။ သစ်တောကြီးထဲက မှုန်တရီ ဆည်းဆာအလင်းထဲမှာပဲ သူ ပြေးလာခဲ့ သည်။ ပြေးလာရင်း ဘာကို မြင်ရလေမလဲဆိုတာ သူသိနှင့်ပြီးဖြစ်သည်။ သူ့မျှော်လင့်ချက်အတိုင်းဖြစ်လာဖို့ဆိုတာတော့ သိပ်မသေချာပါ။ ချက်စ်နတ် ပင်ရိုင်းကြီး၏ပင်စည်မှာ သံကြိုးကွင်းတစ်ဖက်ကို တွဲချည်ထားကာ အခြား တစ်ဖက်စွန်းမှာတော့ ထောင်ချောက်ရှိသည်။ သည်လို ရှုးရှုးမိုက်မိုက် ထောင် ချောက်ဆင်ထားသူကိုပဲ မုဆိုးလေး အံ့သြနေရတော့သည်။

မြင်ကွင်းထဲမှာတော့ နာကျင်မှုကြောင့်ပဲ ရှုံးသွပ်နေသလား အောက်မေ့

ရသည့် ဝက်ဝံတစ်ကောင် ထောင်ချောက်မိနေသည်။ ဝက်ဝံကြီးက ဘီလူးကြီးတစ်ကောင်လို သူ့ကိုယ်သူ အနှောင်အဖွဲ့ကလွတ်အောင် အဆင်ခြင်မဲ့ ရုန်းကန်နေသည်။ နောက်ခြေတစ်ချောင်းက ထောင်ချောက်ထဲမှာ ဆုပ်ဆုပ်ကျစ်ကျစ်မိထားသော်လည်း ခြေတစ်ချောင်းလုံး ပြုတ်ထွက်သွားအောင် ဇောနှင့် ရုန်းကန်နေဆဲ။ သံကြိုးကြီးကကော သစ်ပင်ကြီး၏ပင်စည်မှာ မြဲမြဲကြီး ချည်နှောင်ထားခဲ့ရဲ့လား။ လွသွားအထစ်အထစ်တွေပါသည့် သံသွားမေးရိုးလို ထောင်ချောက်က ဝက်ဝံဘီလူးကြီး၏ ညာဘက်နောက်ခြေကို မြဲမြဲကြီး ကိုက်ခဲထားနိုင်တာတော့ သေချာသည်။ ဝက်ဝံခြေဖဝါးနှင့် ဒူးဆစ်ကြားမှာ သံသွားက ဖျောင်းခနဲ မိထားခြင်းဖြစ်၏။ သံလွသွားတွေက အရိုးပေါ်က သန်မာသော ကြွက်သားမျှင်ကြီးတွေကို ထွင်းဖောက်သွားအောင် ငုံခဲထားမိပြီ ဆိုတာကို မုဆိုးလေးသိထားသည်။

မုဆိုးလေးက ဝက်ဝံကြီး၏အခြေအနေကို တစ်အောင့်လောက် အကဲခတ်လိုက်သည်။ သတ္တဝါကြီးကတော့ အမြှုပ်တွေ တဖွေးဖွေးထအောင် မှုတ်ရင်း ရှူးရှူးဝါးဝါး အော်ဟစ်နေသည်။ ဒေါသတကြီး ဆောင့်ရုန်းနေသည်။ သတ္တဝါကြီး၏ ဦးနှောက်သေးသေးကလေးထဲမှာ နာကျင်မှုကို ထည့်စဉ်းစားပုံ မရတော့။ ကြောက်ရွံ့ထိတ်လန့်မှုသာ ရှိနေပုံရသည်။ ရူးသွပ်သွားလောက်အောင် ချောက်ချောက်ချားချား ကြောက်ရွံ့စိတ်တွေသာ စတင်ခံစားနေပုံရသည်။ ဘယ်လိုမှ နားမလည်နိုင်သောအရာတွေက ကြောက်လန့်စိတ်နှင့် အတူ တိုးပွားနေတာမျိုးဖြစ်နေသည်။

ဝက်ဝံကြီးက ရှေ့ကို ရနိုင်သလောက် တိုးကာ တိုးကာ ခန္ဓာကိုယ်ကြီးကို ဆောင့်ဆောင့် ရုန်းသည်။ တစ်ချက်ဆောင့်ရုန်းလိုက်တိုင်း သံကြိုးကြီးကလည်း ဖျောင်းခနဲ ဖျောင်းခနဲ ဆန့်ဆန့်တင်းတင်း ဖြစ်သွားတတ်သည်။ သံလွသွားကြီးက ဒူးခေါင်းနား ရောက်ရောက်လာသည်။ သည်နောက်တော့ ဝက်ဝံကြီးက ခြေထောက်က ဒဏ်ရာဘက်ကို အာရုံပြောင်းသွားကာ ဟက်

တက်ကွဲနေသည့် အသားစိုင်တွေကို လျက်လိုက်၊ သံလွှသွားထောင်ချောက်ကို သံကြိုးမဲကြိုးကိုက်လိုက် လုပ်နေပြန်သည်။ မုဆိုးလေးက ဝက်ဝံ၏ မီးတောက်စက် မျက်လုံးကလေးတွေထဲမှာ အားငယ်ခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်း နှစ်ရပ်ပေါင်းကို တစ်ပေါင်းတည်း ခံစားရင်း ထင်ယောင်ဝိုးဝါး အသိမဲ့အာရုံရိပ်တွေကို တွေ့နေရသည်။ ကြည့်နေရင်းက ဝက်ဝံ၏ အရိုးနှင့် အကြောမျှင်တွေ တစ်စစီ တစ်စစီ ပြုတ်ထွက်သွားချိန် မတိုင်မီအထိ ဘယ်လောက်ကြာကြာများ ငရဲဒဏ်ခံနေရမှာပါလိမ့်လို့ တွေးမိနေသေးသည်။

မုဆိုးလေးက သစ်ပင်နောက်ကွယ်မှာ ရပ်နေရင်းက သူ့ညာဘက် လက်ဖဝါးပြင်ကို သစ်ပင်ပင်စည်မှာ ကပ်ထားတာတောင် ကြာခဲ့ပြီ။ စိုထိုင်းထိုင်း သစ်ဆေးရည်တွေ စိမ့်ထွက်နေသည့် သစ်ပင်အခေါက်တွေက သူ့လက်ဖဝါးထဲမှာ အေးမြသည့် ခံစားမှုရနေစေသည်။ သစ်ပင်သစ်ခေါက်များကြားက အက်ကွဲကြောင်းကလေးတွေကို သူ့လက်ချောင်းကလေးများက လိုက်လံ ကုတ်ခြစ်နေသည်။ ပင်စည်ပေါ်က ရေညှိနှင့် ကပ်ပါးပင်ကလေးတွေကို ခွာထုတ်နေမိသေးသည်။ သည်သစ်ပင်နောက်နားမှာ မိနစ်တော်တော်ကြာကြာ ရပ်နေခဲ့သည်ကော။ ဝက်ဝံဘီလူးကြီးကို စောင့်ကြည့်ရင်း သည်အချိန်မှာ ဝက်ဝံကို သတ်ဖြတ်ဖို့ထွက်မှ ဖြစ်တော့မည်ဟု သူတွေးသည်။

တကယ်လည်း ဝက်ဝံကို သတ်ဖြစ်အောင် သတ်မှဖြစ်မည်။ မသတ်ဖြစ်လို့ကတော့ အရှက်ရခြင်းတရား၏ကြိုးဆွဲချခြင်းကို ခံရလိမ့်မည်။ မုဆိုးလေး၏ရွာကလေးမှာ 'ဘူစတီး'ဖြစ်သည်။ သည်နေရာက ခြောက်မိုင်လောက်ဝေးသည့်ရွာကလေး။ သည်က ခဏကလေး ရွာကိုပြန်။ မိနစ်လေးဆယ်လောက်ကြာ၊ ကယ်ပါယူပါ ကူပါညီပါ အော်ဟစ်လူစု။ မဖြစ်နိုင်။ သည်လောက်အချိန်အတွင်းမှာ ဝက်ဝံကြီး ထောင်ချောက်ထဲက ရုန်းထွက်သွားနိုင်သည်။ သံသွားထောင်ချောက်ထဲက ဝက်ဝံခြေထောက် လွတ်မြောက်သွားခြင်းက သူ့ကို အရှက်တရားထောင်ချောက်ထဲ သွင်းပြီးသား ဖြစ်သွားလိမ့်မည်။ ဘဝ

တစ်လျှောက်လုံး ရှက်စရာကောင်းနေရောမည်။

ဝက်ဝံကို သတ်ဖြတ်ပြီဆိုပါတော့။ ဘယ်သူ့ထောက်ချောက်မှာပဲမိမိ သူတို့ဒေသ ထုံးတမ်းအရ သတ်ဖြတ်သူက ထက်ဝက်ပိုင်ဆိုင်ခွင့်ရှိသည်။ ဒါက ရေးဆွဲမထားသည့် ဥပဒေဖြစ်သည်။ ဝက်ဝံဆီက အဖိုးတန်တာ မုဆိုးလေး သိထားသည်။ ဆေးဝါးဖော်သူတို့က ဈေးကြီးပေးနေတာ သူသိထားသည်။

မုဆိုးလေး သစ်ပင်ကွယ်ရာမှ ရှေ့ကို ထွက်လိုက်သည်။

အော်ဟစ်ဆူညံနေသည့် သားကောင်ရှေ့မှာ ရပ်လိုက်သည်။ ဝက်ဝံဘီလူးကြီးက သည်တော့မှ သူ့ကို တွေ့သွားသည်။ ငြိုးငွေ့စရာကောင်းလှသော တဒင်္ဂကလေးအတွင်းမှာ မလှုပ်မခြောက် ကြောင်ပြီး ကြည့်နေသည့် ဝက်ဝံကြီးက အန္တရာယ်ဆိုတာကို သိသွားသည့်အခါ ကြမ်းကြမ်းတမ်းတမ်းကြီး ရန်းလိုက်သည်။ ထောင်ချောက်မှ လွတ်မြောက်ရန် ရည်ရွယ်ချက်ဖြင့် ဝရုန်းသုန်းကားဖြစ်နေသည်။ ဆောင့်ရုန်းလိုက်တိုင်း သံကြိုးကွင်းအချင်းချင်း ရိုက်ခတ်သံက တချွမ်းချွမ်းမြည်ဟည်းနေ၏။ ဝက်ဝံကြီးက သူ့ဒူးခေါင်းတွေကို ညှစ်တွန်းတွန်းသည်။ ချက်ချင်းလိုလိုလှည့်လိုက်ကာ သူ့ရန်သူ လူသတ္တဝါကို ပုတီးစေ့မျက်လုံးများဖြင့်ကြည့်ရင်း မျက်နှာမူလိုက်သည်။ ဝမ်းခေါင်းသံကြီးပါအောင် မာန်ဖီရင်း ဒေါသချောင်းချောင်း ထွက်နေသည်။ ခြေနှစ်ချောင်းကို အားပြုကာ မတ်တတ်ရပ်ရင်း ခြစ်ခြစ်စူးစူးကြီး အော်ဟစ်သည်။

မုဆိုးလေးက ပတ်ပတ်လည်ကြေမွနေသည့် သစ်ပင်ခြုံပင်တွေနှင့် လွတ်ရာနေရာမှာရပ်ရင်းအကဲခတ်သည်။ တကယ်တမ်းဆိုတော့ ဝက်ဝံတစ်ကောင်ကို သည်လောက် နီးနီးကပ်ကပ် သူတစ်ခါဖူးမှ မမြင်ဖူးခဲ့။ ဝက်ဝံအရှင်တစ်ကောင်၏ လူလို ရပ်နေပုံကိုလည်းကောင်း၊ နှာမှုတ်သံ၊ မာန်ဖီကြုံးဝါးသံ၊ ကျည်ကျည်လောင်လောင် အော်ဟစ်သံ၊ အမြုပ်တဖွားဖွားကျအောင် ကိုက်ခဲရန်းကန်သံတို့ကိုလည်းကောင်း သူတစ်ခါမှ မကြုံဖူးခဲ့။

"ဘိလူးကြီး"

မုဆိုးလေးက ဝက်ဝံကြီးကို တစ်အားကျုံးခေါ်လိုက်သည်။ ဝက်ဝံကြီးက အော်သံကြောင့် ဒေါသတကြီးဖြစ်သွားကာ ဝမ်းခေါင်းသံကြီးဖြင့် တုံ့ပြန်သည်။ ရှေ့ကို ဆောင့်ရုန်းထွက်ရင်း ရုန်းမှုသည်။ လက်မောင်းကြီးတွေ ဆန့်ထုတ်ရင်း လှမ်းဆွဲသည်။

မိန်းမတစ်ယောက် ချစ်သူကို လက်ကမ်းကြိုဆိုနေပုံမျိုးဖြစ်သည်။ စမ်းတဝါးဝါး လက်မည်းကြီးများပေါ်မှာတော့ လက်သည်းရှည်ကြီးတွေက နက်ပြောင်နေသည်။ သန်စွမ်းလှသည့် ကျယ်ကားကား ရင်ဘတ်ကြီးပေါ်မှာတော့ ဗွီ (V) ပုံသဏ္ဍာန်အမှတ်အသားဖြူကြီးက ထင်းကြွနေ၏။ မုဆိုးလေး ဒါတွေမြင်တော့ ကြောက်လန့်နေသည်။ သူ့အတွက် ကြောက်ရွံ့ထိတ်လန့်နေတာ ချည်းတော့ မဟုတ်။ ဝက်ဝံကြီးက ခံစားရသလောက် ပြင်းပြသော လက်စားချေမှုဖြင့် ပျက်စီးရာပျက်စီးကြောင်း လုပ်လာမှာကို စိုးခြင်းဖြစ်သည်။ တစ်ချက်က တစ်ခုခုတော့ လုပ်ရတော့မည်ဆိုတာကို သိနားလည်ပါလျက် ဘာကို ဘယ်လို စလုပ်ရမည်ဆိုတာကို ခုထိ မသိရသေးတာကလည်း ဝေခွဲမရဖြစ်နေရသည်။

မုဆိုးလေးက ပခုံးပေါ်ထမ်းလာခဲ့သည့် ပုဆိန်ကို သတိရသွားသည်။ တကယ်တမ်းကျတော့ သည်ပုဆိန်ကလည်း အသုံးမတည့်လောက်တာ သူသိနေသည်။ ဝက်ဝံ၏ ဆန့်တန်းထားသော လက်သန်သန်ကြီးတွေကို ကျော်ကာ သူမမီခင် ကိုယ်ကလက်ဦးအောင် သူ့ဝမ်းဗိုက်ထဲက အူတွေ ထိုးခွဲခုတ်ပိုင်းပစ်နိုင်ဖို့ လုံလောက်သော ခွန်အားနှင့် အတွေ့အကြုံ သူ့မှာ မရှိတာလည်း သူ့ကိုယ်သူ သိနေသည်။ ခါးမှာ ချိတ်ထားသည့် ထက်ရှလှသော မုဆိုးကိုင်ဓားကောက်ကတော့ကော။ ဒါလည်း တိုးနိုင်မည် မထင်။ ဓားကောက်က ပုဆိန်ထက် အသွားထက်မြက်သည်။ အသွားကချည်း ဆယ့်သုံးလက်မကျော်ရှိသည်။ သို့သော် မဖြစ်နိုင်ပါ။ ညာဘက် ပခုံးပေါ်မှာ ချိတ်ယူလာ

ခဲ့သည့် 'လေး'။ နောက်ကျောမှာ သိုင်းလွယ်လာသည့် ဆိတ်သားရေ မြားဘူး ထဲမှာ သံထိပ်ဖူးတပ် မြားတံခြောက်တွေပါတာ သတိရသွားသည်။ ဘာလုပ် လို့ ဘာကိုင်ရမှန်းမသိသည့် ဖိစီးလေးလံမှုက အနည်းငယ် ပြေလျော့သွား သည်။ သည်တော့မှ ဖြည်းဖြည်းချင်း စဉ်းစားနိုင်လာသည်။

သို့သော် သူ့စဉ်းစားချက်တွေ အဖြေမထွက်ခင်ကလေးမှာပဲ ဖြစ်နိုင်ခြေ ကို သံသယဖြစ်နေရပြန်သည်။ ဖြောင့်စင်းသန်မာသည့် မြားတံတွေက ဝက်ဝံ ၏အသားနှင့် ကြွက်သားမျှင်တွေကို ထွင်းဖောက်နိုင်ပါ့မလား။ ပြင်းထန် သောအဟုန်ဖြင့် သေကွင်းကို ထိထိမိမိ ထိုးစိုက်နိုင်ပါ့မလား။ မထင်ပါ။ မလွယ်လှပါ။ သည်စိတ်ကူးတွေကို သူမကြိုက်ပြန်တော့။ ဘာမှ တွေးမနေ တော့ဘဲ သတ္တဝါကြမ်းကြီးနှင့် အနီးကပ်ရင်ဆိုင်နိုင်ရေးသာ သူစိတ်ကူး လိုက်သည်။

ပုဆိန်ကို ချသည်။ ဆိတ်သားရေမြားဘူးထဲက မြားတံဖြောင့်ဖြောင့် တွေကို ယူသည်။ လေးကြိုးပေါ်မှာ မြားတံတစ်ချောင်းတင်သည်။ ပြီးတော့မှ ဝက်ဝံကို မော့ကြည့်ရင်း နည်းနည်းတော့ မအီမသာ ဖြစ်သွားရသည်။ တစ် ကိုယ်လုံး မည်းမှောင်သန်စွမ်းနေသည့် သတ္တဝါကြီး၏ ခန္ဓာကိုယ်ကို သည် မြားတံကလေးနှင့် ပစ်လို့ကော အဆင်ပြေ ထိရောက်ပါ့မလား။ ဘယ်နေရာကို ပစ်ရမှာလဲ။ မျက်လုံးကလေးတွေကိုလား။ သူ့ဘက်က မြားတစ်ချောင်းဖြင့် အဆင်သင့်ဖြစ်နေသည် ထားဦး၊ မထိရောက်နိုင်သော မြားချက်ကိုလည်း ထည့် စဉ်းစားရသေးသည်။ သတ္တဝါကြီး၏ ကြီးမားလှသော ဦးခေါင်းကြီး က တစ်ချက်ကလေးမှ အငြိမ်မနေ။ တွန့်ခနဲ ဆတ်ခနဲဖြစ်လိုက် လှည့်လိုက် လိမ်လိုက် လှုပ်လိုက်၊ ဟိုမှသည် ယိမ်းထိုးလှုပ်ရှားနေသည်။ မီးတောက် မျက်လုံးများကလည်း မုဆိုးလေးလှုပ်သမျှ တစ်စက်ကလေး အလွတ်မခံဘဲ လိုက်ကြည့်နေသည်။

နှလုံးသားကို ချိန်ပစ်ရင်ကော..။ သူသည်လည်းကောင်း၊ သူ၏ လေးနှင့်

မြားသည်လည်းကောင်း သည်သတ္တဝါကြီးကို နက်နက်ရှိုင်းရှိုင်းထွင်းဖောက်ကာ အသက်ဇီဝကို နုတ်ငင်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာ သေချာသည်။ သူ့မှာ တခြားရွေးချယ်စရာမရှိ။ ဘာပဲဖြစ်ဖြစ် သူကြိုးပမ်း ကြည့်ရမည်သာဖြစ်သည်။ သို့သော် သတ္တဝါကြီးကို ရှေ့ဘက်က ရင်ဆိုင်လို့တော့ မရ။ ဘေးဘက်နံတောင်က တိုက်ခိုက်မှ မျှော်လင့်ချက်ရှိမည်။ ချက်ချင်းပဲ ဝက်ဝံကြီးကို ဗဟိုထားကာ ဝိုင်းပတ် အကဲခတ်သည်။ လေးလေးမှန်မှန် လျှောက်ရင်း ဝက်ဝံကို တစ်ပတ်ပတ်သည်။ သို့သော် သတ္တဝါကြီးကလည်း သူပတ်သလို လိုက်ပတ်သည်။ သူရွှေ့သလို လိုက်ရွှေ့နေသည်။ လူမုဆိုး၏ စိတ်ကူးစိတ်သန်းကို ခန့်မှန်းတတ်တာမျိုးဖြစ်နေသည်။ လူ့အကြံကို သိထားပြီးသားလို ဖြစ်နေသည်။ သဘောပေါက်လွယ်သော၊ ဖျတ်လတ် သွက်လက်သော၊ အကင်းပါးသော၊ ကြိုတင်တွက်ဆတတ်သော ဉာဏ်ရည်မျိုးဖြင့် မုဆိုးလျှောက်သမျှ သံကြိုးကြီး ခွင့်ပြုသလောက် လိုက်လျှောက်နေသည်ကော။ ဗွီ (V) ပုံသဏ္ဍာန် ရင်ဘတ်ပေါ်က အမှတ်ကြီးကတော့ ထင်းထင်းကြီး။ ပစ်မှတ်..။

မုဆိုးလေး နောက်ကို ဆုတ်လိုက်သည်။ မျက်နှာတစ်ခုလုံး ချွေးတွေစို့နေခဲ့ပြီ။ အေးစက်သော သည်ချွေးတွေက ကြောက်စိတ်က ယိုစီးကျနေမှန်း သူ့ကိုယ်သူသိနေသည်။ သည်လိုစဉ်းစားမိတာကို တကယ်တော့ သူမကြိုက်လှပါ။ လက်သီးဆုပ်လောက်ရှိသည့် ကျောက်ခဲတစ်လုံးကောက်ယူကာ ဝက်ဝံကြီးကို ပစ်ပေါက်လိုက်သည်။ ပစ်ချက်က သေချာသွားခဲ့သည်။ ဝက်ဝံကြီး၏ နှာခေါင်းပေါ်ကို တည့်တည့်ကြီး ထိသွားသည်။

ဝက်ဝံကြီးက အူးခနဲ မာန်ဖီရင်း ရှေ့ကို ဒေါသဖြင့် ခုန်တိုးလိုက်သည်။ မုဆိုးလေးက နောက်ကို ဆုတ်လိုက်တော့ ခလုတ်တိုက်လဲသည်။ ဝက်ဝံကြီး၏ ကြောက်မက်ဖွယ်ရာ ရူးသွပ်မှုက ကြမ်းတမ်းလှသည်။ ကြောက်ရွံ့ခြင်းနှင့် အံ့သြရခြင်းကြားကပဲ သတ္တဝါကြီး၏ရန်က လွတ်ရုံလွတ်သွားခဲ့ခြင်း

ဖြစ်သည်။ မုဆိုးဘဝတစ်လျှောက်လုံး တစ်ခါဖူးမျှ မကြားခဲ့ဖူးသော အသံနက်ကြီးက ကြက်သီးထလောက်သည်။ သဏ္ဌာဝါကြီး၏ အမုန်းတရားနှင့် ဒေါသမီးတောက်မီးလျှံများက လောကကလေးထဲမှာ ညစ်ကျုနေစေသည်။ သတိဖြင့် ထိန်းချုပ်ထားဟန်ရှိသော ညည်းညူသံ၊ အော်ဟစ်သံတွေကပင်လျှင် ကမ္ဘာပျက်နေသလား မှတ်ရသည်။ ဇီဇအသိဉာဏ်အားဖြင့် မည်းနက်သန်မာသော လက်ကြီးများဖြင့် သူ့ကိုယ်ခန္ဓာကို သူကာကွယ်နေသည်။ သံထောင်ချောက်ထဲမှာ မိနေတာ၊ သံကြိုးရှည်ကြီးဖြင့် တွယ်ဆက်နေတာကိုပင် မေ့နေသလား ထင်ရ၏။ မုဆိုးလေးက ဝက်ဝံကြီး၏ ရဲနေသည့် သွေးစွန်းမေးရိုးကို ကြည့်လိုက်တော့ သွားဝါဝါချွန်ချွန်ကြီးတွေ ငေါထွက်နေတာတွေ့ရသည်။ သည်မြင်ကွင်းက သူအိမ်ပြန်ဖို့ မေ့နေအောင် ဖြစ်နေရသည်။

တင်းမာသော သံကြိုးကြီး၏ သန်မာလေးလံမှုအောက်မှ ဝက်ဝံကြီး ဝပ်စင်းနေရသလို ဖြစ်နေသည်။ သည်အချိန်ကလေးမှာ မုဆိုးကလေး အသိပြန်ဝင်လာသည်။ ပုံစံတကျ ပြန်လည်နေရာယူလိုက်သည်။ လေးကိုင်းကို ညွတ်နိုင်သမျှ ညွတ်အောင် ဖိကွေးလိုက်သည်။ မြားတံတစ်ချောင်းထည့်ကာ ဝက်ဝံကြီးကို ချိန်ရွယ်လိုက်သည်။ ဝှစ်ခနဲ ပြေးဝင်သွားသော မြားတံက ဆယ့်ငါးလက်မလောက် စူးဝင်သွားသော်လည်း အရာမထင်မှန်း မုဆိုးလေး ချက်ချင်းသိလိုက်သည်။ ညာဘက်ပခုံးထူထူကြီးထဲမှာ မြုပ်သွားခြင်းကြောင့် ဖြစ်၏။ မြားတစ်ချောင်း အလဟဿဖြစ်ရသော်လည်း မစိုးရိမ်မိ။ သူ့ခေါင်းထဲမှာ အလင်းတစ်ချက် ပြိုးပြက်သွားသောကြောင့်ဖြစ်၏။ တိုက်ပွဲက တကယ်တော့ စခဲ့ပြီပဲ။ ကြောက်ရွံ့မှုအတွက် အချိန်တွေ ထပ်ပေးစရာ မလိုတော့။ ကြောက်ရွံ့မှုအတွက် အချိန်သည် မရှိစေရ။

"အခုချိန်ကစပြီး မင်းရဲ့အသက်ဇီဝိန်ကို ငါချွေရတော့မယ် ဘီလူး"

လေးကိုင်းပေါ်မှာ မြားတံတစ်ချောင်း ထပ်တင်သည်။ လေးညို့ကို ငင်ဆွဲလိုက်သည်။ မြားကိုလွှတ်လိုက်တော့ ပြင်းထန်သောအဟုန်ဖြင့် မြားတံ

သည် ဝက်ဝံကြီး၏ ရင်ဘတ်တည့်တည့်ကို စူးဝင်သွားခဲ့သည်။ ရင်ဘတ်ပေါ်မှ အမွေးကြမ်းဖြူဖြူ ဗွီ (V) အမှတ်အသား၏ ညာဘက်အစွန်းမှာ မြားတံ တန်းလန်း။ မိန်းမောသွားသည့် တဒင်္ဂကလေးအပြီးမှာ ဝက်ဝံကြီး ပြန်ထလာခဲ့သည်။ တည်တည်ငြိမ်ငြိမ် ကျကျနနကြီး ပြန်ထခြင်းဖြစ်၏။ အမွေးကြမ်းတွေ ထူပိန်းနေသည့် လက်ကြီးနှစ်ဖက်က တစ်စုံတစ်ရာ တောင်းပန် တိုးလျှိုးနေသလို ဆန့်တန်းထားသည်။ သည့်နောက်မှာတော့ ပေါက်ကွဲတော့မည့် ယမ်းအိုးကြီးလို ဟန်ပန်မျိုး ချက်ချင်း ကူးပြောင်းသွားသည်။ ကြီးမားလှသော လက်ဖဝါးကြီးတွေက ရင်ဘတ်ပေါ်ကို ရောက်သွားကာ စူးနစ်ဝင်နေသော မြားတံကို ခပ်ပြင်းပြင်းရိုက်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ရှေ့ကို တဝုန်းဝုန်း ခုန်တိုးရင်း ဒေါသတကြီး ရန်မူနေတော့သည်။

သံကြိုးကြီးက လေးလေးလံလံကြီး တွဲကျနေသည်။ ဝက်ဝံ၏ခြေထောက်တွေက နေးနေးလေးလေးကြီး နောက်ကို ဆုတ်လိုက်သော်လည်း သံကြိုးက နဂိုအတိုင်း ရှိနေသည်။ ဝက်ဝံကြီးကတော့ လဲကျသည့်နေရာမှာပဲ လှဲနေသည်။ ကြီးမားကျယ်ပြန့်သည့် ရင်ဘတ်ကြီးတစ်ခုလုံး အသက်ကို အားမလို အားမရ လုရှုနေရသလို ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။

နလုံး။ မုဆိုးလေး ကျေကျေနပ်နပ်ကြီး တွေးမိသွားသည်။ နလုံးကို တိုက်ရိုက်စူးဝင်ခဲ့ပြီ။ ချက်ချင်းလိုလို လေးနှင့်မြားကို ပစ်ချကာ ပုဆိန်ကို ပြေးကောက်သည်။ လက်ဖဝါးနှစ်ဖက်ကို တံတွေးဆွတ်ရင်း ပုဆိန်ရိုးကို တင်းတင်းကြီး ဆုပ်ကိုင်လိုက်သည်။ ဝက်ဝံအနားကို ခပ်ဆဆတိုးသည်။ နှစ်ကိုက်လောက်ကွာတော့မှ ရပ်လိုက်သည်။ ဝက်ဝံကို ချက်ကောင်းမိအောင် ဘယ်နေရာကို ခုတ်လိုက်ရပါ့မလဲ။ တွေ့ပြီ။ တိရစ္ဆာန်များ၏ နောက်စေ့က ဖုထွက်နေတတ်သည့် ဘုကြီးကို ချက်ကောင်းအဖြစ် ရွေးလိုက်သည်။ ခြေလှမ်းကို သွက်သွက်ကလေး သတိနှင့်တိုးရင်း ကပ်လာခဲ့သည်။

ပုဆိန်ကို အားရပါးရ မြှောက်တင်လိုက်သည်။ ရှိသမျှ ခန္ဓာကိုယ်တွင်း

အားများကို ပုဆိန်ရိုးဆိပ်ပိုလွှတ်ကာ ကြွက်သားရှိသမျှစုညှစ်လိုက်ရင်း ဝှန်းခနဲ ခုတ်ချလိုက်သည်။ ဝက်ဝံ၏ လက်ဖဝါးကြမ်းကြီးက မုဆိုးလေး၏ ခြေမျက်စိ အထက် ရှစ်လက်မလောက်နေရာကို သိမ်းရိုက်ခြင်းခံလိုက်ရသည်။ အသား တွေ အကြောတွေ ရစရာမရှိအောင် စုတ်ပြဲသွားသည်။ ခြေချင်းဝတ် သွင်သွင် ကျိုးသလို ဂျွတ်ခနဲ မြည်သွားသည်။ သည်ရိုက်ချက်က သူ့နံတောင်းကိုပါ ထိသွားကာ လွင့်စဉ်သွားစေခဲ့သည်။ ဒါကပဲ ကံကောင်းခြင်းဖြစ်သည်။ ဝက်ဝံ ကြီး မမီနိုင်သည့်နေရာကို ရောက်သွားခြင်းကြောင့် ဖြစ်သည်။

သူ့ခြေထောက်တွေဆီက ဘယ်လိုနာကျင်မှုမျိုးကိုမှ မခံစားရတာက လည်း သဘာဝမကျသလို ဖြစ်နေရသည်။ စိုဖတ်ဖတ် နွံ့စပ်စပ် မြေပေါ်မှာ မျက်နှာအပ်ရင်း လဲကျနေမှန်း သူ့ကိုယ်သူ သိနေသည်။ ပေါက်ပြဲသွားသည့် အသားစတွေဆီက ပူနွေးနွေး စေးထန်းထန်း အရည်တွေ ဗွက်ခနဲ ဗွက်ခနဲ ထွက်နေမှန်းလည်းသိနေသည်။ လဲနေရင်းက ဝက်ဝံကြီးကို ကြည့်နေရသည်။ ရှိသမျှခွန်အားကို ညှစ်ထုတ်ရင်း သူ့ဆီကို လိမ့်ဝင်လာခဲ့လျှင်။ ဝက်ဝံလက် သည်းတွေကို အားပြုကာ မီလောက်သည့်နေရာကို ရောက်လာခဲ့လျှင်..။ သို့သော် ဒါက သူ့အထင်သာဖြစ်၏။ တကယ်တော့ မဖြစ်နိုင်တော့ပါ။ ဝက် ဝံ၏ခြေသည်းလက်သည်းတွေက သူ့ဘေးက မြေပေါ်မှာ တစ်ချောင်းချင်း ကျွတ်ကျနေခဲ့ကြပြီ။ သည်တဒင်္ဂအတွင်းမှာ ဘာတွေများ ဖြစ်သွားခဲ့ပါ လိမ့်လို့ တွေးရင်း မိန်းမောနေမိသည်။

မုဆိုးလေးက မလှုပ်ရှားနိုင်ခင်ကလေးမှာ သည်လိုနေရတာကိုပဲ ကျေ နပ်နေသည်။ နာကျင်ခြင်း ဝေဒနာဆိုးက သည်တော့မှ ခြေထောက်ဆီမှ တဖျည်းဖျည်း တက်လာတော့သည်။ သူတစ်ချက်တော့ ဝမ်းသာသွားသည်။ နာကျင်မှုကပဲ သူ့ကို နိုးလိုက်လို့ဖြစ်သည်။ ဝေဒနာကို စိတ်ထဲက တင်းခံ ထားတာမျိုး မလုပ်။ စိတ်ကို လွှတ်ထားလိုက်သည်။ နာချင်သလောက် နာစမ်းလို့ သက်သောင့်သက်သာ ခွင့်ပြုထားလိုက်သည်။ သည်လို နာကျင်မှ

သူနိုးကြားမည်။ လုပ်စရာရှိတာ လုပ်ရမည်။

မုဆိုးလေးက ခပ်ဝေးဝေးကို လှမ်းထွက်လိုက်ကာ မတ်တတ်ထရပ်သည်။ နာကျင်မှုက ဆိုးဆိုးဝါးဝါးကြီး အောင့်တက်သွားသည်။ အံသွားတွေကိုပင် ကြိတ်လိုက်ရ၏။ ဒါလည်းကြိုက်သည်။ အံကြိတ်ပြီးသားဆိုတော့ ဝက်ဝံကြီးကို သေအောင်သွားသတ်ဖို့ ပြင်ဆင်ပြီးသားဖြစ်သွားရသည် မဟုတ်လား။ ဝန်ခံစတမ်းဆိုလျှင် သည်အချိန်အထိ ဝက်ဝံကို ဘယ်လိုသေအောင် သတ်ရမလဲဆိုတာ သူ့ဘက်က မသိသေးခြင်းဖြစ်သည်။ သူဆုံးဖြတ်ထားပြီးသား။ သည်နေရာက မခွဲခွာခင်မှာ ဝက်ဝံသေပြီးသား ဖြစ်ရမည်။

သူ့အင်္ကျီဟောင်းကလေး၏ နောက်ကျောစကို ဆုတ်ဖြဲလိုက်သည်။ အဝတ်စကို အမျှင်များဖြစ်အောင်ခွဲကာ ကြိုးလို ကျစ်လိုက်သည်။ မာတောင့်တောင့် အဝတ်ကြိုးတစ်ချောင်းတော့ရပြီ။ အနားက ချုံပင်ကိုင်းကို ဓါးကမားကောက်ဖြင့် ခုတ်ဖြတ်လိုက်ပြန်သည်။ သစ်ကိုင်းကလေးကို သုံးလက်မစီလောက်ဖြတ်ကာ သပ်သပ်ရပ်ရပ်ဖြစ်အောင် ချောသည်။ ဓားကို မြေပေါ်မှာစိုက်။ ညာခြေကို ဆွဲမ။ ဒူးအထက်နားနေရာက ပန်းထွက်နေသည့် သွေးတွေ တိတ်အောင် ကျပ်စည်း၊ တစ်ယောက်တည်း ရနိုင်သမျှ လုပ်နေလိုက်သည်။

ဒါတွေပြီးတော့မှ ဝက်ဝံကြီး၏ အခြေအနေကို အကဲခတ်ရတော့သည်။ ဝက်ဝံကြီးက ဆောင့်ကြောင့်ထိုင်နေသည်။ ထောင်ချောက်မိနေသည့် ခြေထောက်ဆီမှ တဆတ်ဆတ်တုန်ရီနေမှုကို ခဏအနားပေးထားသလို နားနေခြင်းဖြစ်သည်။

သံထောင်ချောက်နှင့် ဆက်နေသည့် သံကြိုးကြီး၏ ထိခိုက်မှုကြောင့် နာကျင်သွားသည့်အခါ မပွင့်တပွင့် ညည်းတာမျိုးပဲ ရှိတော့သည်။

"ဟိုး.. ဘိလူးကြီး၊

"မင်းဟာ မင်းရဲ့သွေးနဲ့ အသက်ဇီဝိန် ဆုံးရှုံးရတော့မယ်၊ မင်းဟာ

သွေးတွေသွန်ကျနေပေမယ့် ငါ့ခန္ဓာကိုယ်ကတော့ သန်စွမ်းနေဆဲ ရှိသေးတယ်"

မုဆိုးလေးက ခြေထောက်ကြားက ဓားကောက်ကို ဖျတ်ခနဲကြည့်လိုက်သည်။ စိတ်ကူးတစ်ချက် ဖျတ်ခနဲ ရလိုက်လို့ဖြစ်၏။ ကြည့်စမ်း သည်လောက် လွယ်လွယ်ကလေးကို ငါဘာစောက ဘာဖြစ်လို့ မတွေးမိရတာပါလိမ့်။ သူရပ်နေသည့်နေရာနှင့် ဆယ့်ငါးကိုက်လောက်အကွာမှာ ဝါးတောအုပ်အုပ်ကလေး တစ်အုပ်တစ်မရှိနေသည်။ ကြိမ်တစ်ချောင်းကိုဖြတ်၊ ဓားမှာတွဲချည်၊ ဝါးလုံးရှွန်းတစ်ဖက်မှာတပ်။ ဓားကိုကောက်ယူကာ မြေကြီးထဲခပ်နက်နက်စိုက်လိုက်သည်။ ဒါက ကုတ်အဖြစ်သုံးကာ သူ့ကိုယ်သူ မြင့်တင်ဖို့ဖြစ်သည်။ သူ့ဘယ်ခြေထောက်ပေါ်မှာ သူရပ်သည်။ ညာဒူးကို တဖြည်းဖြည်း ကွေးယူလိုက်တော့ ခြေထောက်က မြေပေါ်မှာ ကောင်းကောင်းကြီးပေါ်လာသည်။ ပြီးတော့မှ သတိကြီးစွာထားကာ နိမ့်ယူသည်။ သူ့ခန္ဓာကိုယ်အလေးချိန်ကို ခံနိုင်ရည်ရှိမရှိ ခွန်အားကိုစမ်းကြည့်ခြင်းဖြစ်သည်။ နာတော့တော်တော့်ကိုနာသည်။ သို့သော် ခြေထောက်က နေရာကျသွားသည်။ ရှေ့တစ်လှမ်း ထောက်ကြည့်သည်။ ပြီးတော့ နောက်တစ်လှမ်း။ ခြေထောက်တစ်ချောင်းလုံး ဗုံးတွေ ပေါက်ကွဲသလို နာကျင်မှုတွေ ပေါက်ကွဲနေသည်။ ညာခြေ မြေကိုထိတိုင်း အသည်းပေါက်သွားသလား မှတ်ရသည်။

ဝါးတောကလေးဆီ ခက်ခက်ခဲခဲရောက်တော့ ပေနှစ်ဆယ်လောက် ရှည်သည့် ဝါးကြိမ်တစ်ချောင်းကို ခုတ်သည်။ သည်ဝါးကြိမ်ချောင်းထဲကမှ ခုနစ်ပေချောင်းတစ်ချောင်း တိတိရိရိဖြတ်သည်။ ဝါးအရင်းဘက် ဝါးဆစ်အောက်ခြောက်လက်မလောက်ချန်ကာ ဖြတ်ခြင်းဖြစ်၏။ ပြီးတော့မှ ဝါးကို ဝါးဆစ်အထိ နှစ်ခြမ်းခွဲသည်။ ဓားမြှောင်ရိုးကို ဝါးခြမ်းနှစ်ခုကြားမှာ စိုက်လိုက်တော့လှံတစ်ချောင်းလို ဖြစ်သွားသည်။ သူ့အိတ်ထဲမှာ ပါလာသည့် ကြိုးစကိုထုတ်ပြန်သည်။ ဝါးလုံးတစ်လျှောက်လုံး ကြိုးဖြင့်ပတ်သည်။ ဓားနှင့် ဝါး

ဆက်နေသည့် နေရာမှာ သေသေချာချာ တင်းနေအောင် ပတ်ရသေးသည်။ သည်ကြိုးက ကြိုးဟောင်းဖြစ်သည်။ ဖျဉ်းတွဲတွဲ ချွဲပျစ်ပျစ်ကြိုးတစ်ချောင်း။ တချို့နေရာတွေမှာ သွေးခြောက်ညိုညိုတွေ စွန်းနေသေးသည်။ သူ့အိတ်ထဲမှာ မတော်တဆ ပါလာတာမျိုးမရှိ။ တောင်ပေါ်ယုန်ကလေးတွေကို ကြိုးကွင်းလျှောလုပ်ကာ ဖမ်းသည့်ကြိုးဖြစ်သည်။ သည်ကြိုးကို သုံးနေချိန်ကလွဲလျှင် ကျန်အချိန်များမှာ သွားလေရာ ပါနေကျ။

သူလုပ်ထားသမျှ ကိုင်ထားသမျှ ခိုင်ခဲ့ရဲ့လား စစ်ဆေးသည်။ ဓားသွားကို အမျိုးမျိုး လှည့်စမ်းကြည့်သည်။ အသုံးပြုနေတုန်းတော့ ခိုင်လောက်ပြီဆိုတာ အတွေ့အကြုံအရ သူသိနေသည်။ အားလုံးကို သူကျေနပ်သွားသည်။ လုပ်စရာကို အကောင်းဆုံးလုပ်နိုင်ဖို့ကလွဲလျှင် အခြားလမ်းမရှိ။ အားလုံးသေချာတော့မှ ဝက်ဝံဘက်ကို လှည့်လိုက်သည်။ အလိုရှိချိန်မှာ သူ့ခြေထောက်တွေ သန့်စွမ်းနေအောင် ထိန်းထားနိုင်ကောင်းရဲ့လို့ တွေးမိသေးသော်လည်း သေချာလောက်တာ သူသိနေသည်။

တိရစ္ဆာန်ကြီးနှင့် သုံးကိုက်လောက်အကွာမှာ မုဆိုးလေး နေရာယူလိုက်သည်။ တကယ်လို့သာ သူ့လှံကြီးကို ချက်ကောင်းမိမိဝင့်လိုက်နိုင်လျှင် ဝက်ဝံဘီလူးကြီး၏ နှာခေါင်းရှင်းအောက်ခြေကစပြီး လှာထုတ်ပစ်နိုင်လောက်သည်ကို သူသိထားပြီး ဖြစ်နေပြီ။

တဒင်္ဂအတွင်းမှာ လုပ်ဖို့ကိုင်ဖို့ အသင့်ဖြစ်နေခဲ့ပြီ။ သည်အချိန်ကလေးမှာပဲ သူ့စိတ်ကူးပြောင်းလိုက်သည်။ ဝက်ဝံသတ္တဝါများတွင် အနံ့အာရုံခံကောင်းသည့် နှာခေါင်းရှိသည်။ တကယ်လို့သာ ဝက်ဝံကြီးက မထင်သည့်ဘက်က တစ်စုံတစ်ရာ ပြန်လှန် လက်စားချေခဲ့လျှင်ကော။ ဒါမျိုးက သေသေချာချာ တွက်ဆထားလို့မရ။

ဝက်ဝံကြီးက မြေပေါ်မှာ မလှုပ်မယှက်။ လူသတ္တဝါ လှုပ်ရှားနေသမျှ လိုက်လံအကဲခတ်နေသည့် မျက်ပေါက်ကျဉ်းကျဉ်းကလေးတွေသာ လှုပ်ရှား

နေသည်။ သဏ္ဍာဝါကြီးက သူ့နံဘေးပတ်လည်မှာ ဝဲလှည့်နေသည့် မုဆိုးကို ခေါင်းလှည့်ကြည့်ရင်း ဘယ်လောက်နီးကပ်လာမလဲ သတိထားနေပုံရ သည်။ ဝါးလုံးတစ်လုံးမှာ ခပ်ကောက်ကောက် အရာတစ်ခု တပ်ထားသည့် ခပ်ပြောင်ပြောင် လက်နက်ဆန်းကို မြင်နေရသည်။ အိမ်လုပ်လှံတစ်ချောင်း လို ထူးထူးခြားခြားမရှိတော့ ဝေခွဲရခက်နေပုံ ဖြစ်သည်။ လူမုဆိုးကလည်း သိနေသည်။ အမှားတစ်ခုခုလုပ်မိမှာကို သဏ္ဍာဝါကြီးက သတိကြီးစွာထား ရင်း အသင့်စောင့်ဆိုင်းနေခြင်း။ အမုန်းဒေါသစိတ်က ဒုက္ခလှလှကြီး ပေးနိုင် တာကိုလည်း သဘောပေါက်ထားပြီးဖြစ်သည်။ သဏ္ဍာဝါအချင်းချင်း အား ပြိုင်မှုမှာ တစ်ဦးဆီမှတစ်ဦး ဘေးဒုက္ခတွေ အချိန်မရွေး စီးဆင်းလာနိုင်တာကို သိနားလည်ထားကြပြီးဖြစ်သည်။

ဘီလူးအိုကြီးက ခုထိ မလှုပ်မယှက်။ တိကျရေရာသည့် ရည်စူးချက်သာ မရှိလျှင်..။ သံထောင်ချောက်၏နာကျင်မှုဝေဒနာက သူ့ကိုသင်ကြားပေးခဲ့ပြီ။ တစ်ကြိမ်မဟုတ်။ အကြိမ်ကြိမ်။ ဒါတွေ အားလုံးကို သတိရဖို့ သူသင်ယူနေ ရသည့် သင်ခန်းစာတွေပါကလား။

မုဆိုးလေးက ခန္ဓာကိုယ်ကို ကျော်ကာ လှံကို ဖြည်းဖြည်းချင်း ချယူ လိုက်သည်။ သဏ္ဍာဝါကြီးကို လှုပ်လှုပ်ရှားရှားဖြစ်သွားအောင်၊ ကြောက်ရွံ့ ထိတ်လန့်သွားအောင် ချက်ချင်းကြီး သူမလုပ်ချင်သေးလို့ ဖြစ်သည်။ ရှေ့ကို ခြေလှမ်း မသိမသာတိုးရင်းက စောင့်နေလိုက်သည်။ နောက်တစ်လှမ်း ထပ် တိုးကာ တစ်ခါရပ်စောင့်နေလိုက်ပြန်သည်။ ဝက်ဝံကြီး၏ မီးတောက်မျက်လုံး ကလေးတွေကိုသာ ဂရုစိုက်နေရသည်။ သဏ္ဍာဝါကြီးက ရန်သူနှင့် မိမိ ဘယ် လောက် ကွာဝေးသလဲဆိုတာကို အကဲဖမ်း ချိန်ဆနေမှန်း သိလို့ဖြစ်သည်။ မုဆိုးလေးက ဒဏ်ရာရနေသည့် ညာဘက်ခြေထောက်ပေါ်ကို အားပြုမိသွားခဲ့ သည်။ ရိုးတွင်းခြင်ဆီပေါက်အောင် ဆောင့်ထိုးလိုက်သလို ဝေဒနာပြင်းပြင်း ကို ခံစားလိုက်ရသည်။ ပေါင်ခြံတစ်လျှောက် မီးစနှင့်ထိုးလိုက်သလား မှတ်ရ

အောင် ကျဉ်တက်သွားသည်။ ညာဘက်ခြေပေါ် အားပြု ထားမှုကို လျှော့ချလိုက်သည်။ ဝေဒနာက ခြေနှာဆီပြန်ရောက်လာအောင် အောင့်ခံလိုက်တော့ နည်းနည်းလေး နေသာထိုင်သာ ရှိသွားသည်။

နောက်တစ်ကြိမ် ထပ်လုပ်ကြည့်သည်။ သည်တစ်ခါတော့ စောစောက ထက် အလေးချိန် ပိုဖိစီးအောင် တမင်သက်သက် ညာခြေထောက်ကို ဖိကြည့်လိုက်ခြင်းဖြစ်၏။ သည်တစ်ခါခံရချက်က မူးဝေသွားအောင် ခံလိုက်ရသည်။ သို့သော် တစ်အောင့်လောက်နေတော့ ခေါင်းထဲ ကြည်ရှင်းသွားသည်။ တစ်ဆက်တည်းမှာပဲ ဂုဏ်မာနနှင့် ပျော်ရွှင်ခြင်းဆုလာဘ်သည် မလွဲမသွေရတော့အံ့ဟုတွေးရင်း ပီတိဖြစ်နေရသေးသည်။

မုဆိုးလေးက ဝက်ဝံ၏ ခန္ဓာကိုယ်ပေါ်မှာ သတ်ကွင်းရွေးလိုက်သည်။ သည်တစ်ကြိမ်မှာတော့ ဦးခေါင်းကို မရွေးတော့။ ဘယ်ဘက်ပခုံးစွန်းတစ်ဝိုက်ကို စိတ်ဝင်စားသွားခဲ့သည်။ အမွေးကြမ်းမည်းမည်းကြီးတွေ ထိုးနေသော သည်နေရာမှာ စက်ဝိုင်းဖြူသဏ္ဍာန် အမွေးဖြူ အမှတ်ကလေးရှိနေတာ သတိထားမိသွားလို့ ဖြစ်သည်။ သူ့လက်ဖဝါးထဲမှာ စွဲစွဲကျစ်ကျစ် ဆုပ်ကိုင်ထားသည့် ဝါးရိုး၏အတွေ့အာရုံကို ရနေသည်။ မာတောင့်သန်မာခြင်း အထိအတွေ့သည် လက်ဖဝါးထဲမှာ ခပ်စေးစေးကလေးဖြစ်နေသည်။

"မလှုပ်နဲ့တော့ ဘီလူးကြီးရေ"

မုဆိုးလေးက ညင်ညင်သာသာကလေး ရေရွတ်သည်။ လုံရိုးကို တင်းတင်းဆုပ်ရင်း ရှိသမျှ ခန္ဓာကိုယ်က အားတွေ စုသွင်းလိုက်သည်။

"ငါလဲကျမသွားစေရဘူး။ အို– ခြေထောက် မင်းလဲကျသွားဖို့ ငါခွင့်မပြုဘူး"

မုဆိုးလေး၏ လက်ထဲက လုံရိုးတစ်လျှောက် တဒင်္ဂတုံ့ပြန်မှုတစ်ချက် ဖျတ်ခနဲရလိုက်သည်ဟု ထင်ရသည်။ သည်တစ်အောင့်ကလေးထဲမှာ သူရှုံးမည့်ပွဲလားဆိုသည့် အတွေးဝင်လာခဲ့သေးသည်။ ရှေ့ကို ကိုင်းကိုင်းကြီး

ငိုက်ကျသွားသည့် ခန္ဓာကိုယ်ကို ကပျာကသီ ထိန်းလိုက်ရသည်။ ဝက်ဝံ၏ ခန္ဓာကိုယ်ထဲ စူးဝင်နေသည့် လှံသွားဓားကောက်က လှံရိုးပေါ် ဖိလိုက်သော ခန္ဓာကိုယ်အလေးချိန်ကြောင့် ပိုမိုနစ်ဝင်သွားသည်။ မုဆိုးလေးက လှံရိုးပေါ်ကို ထပ်ဖိလိုက်သည်။ နောက်တစ်ခါ ထပ်ဖိသည်။ ဓားကောက် တစ်ချောင်းလုံး စူးသည်ထက် စူးနစ်သွားအောင် ခန္ဓာကိုယ်က ရှိသမျှအားကို ညှစ်ထုတ်ရင်း ဖိချနေခြင်းဖြစ်သည်။

ခြေထောက်ဒဏ်ရာက နာကျင်မှုကတော့ ဆိုးသထက်သာ ဆိုးလာခဲ့သည်။ သူ့မှာလည်း နာကျင်မှုဓားသွားက အူအသည်းတွေကို ဖောက်ကာ အစာအိမ်သွားထောက်နေသလား အောက်မေ့ရတော့သည်။ မုဆိုးလေးက ဝက်ဝံခန္ဓာကိုယ်ထဲက ဓားကောက်ကို ဝင်သည်ထက်ဝင်အောင် ရှိသမျှအားနှင့် သေချာသွားအောင် ထပ်ဖိသည်။ သူ့ကိုယ်သူလည်း ပုံမှန်အခြေအနေပြန်ဖြစ်အောင် လှံရိုးကို ထောက်ရင်း ခန္ဓာကိုယ်ကို ပြန်မတ်ယူလိုက်သည်။

ဝက်ဝံကြီးကတော့ ပွဲချင်းပြီး သေဆုံးသွားခဲ့ပြီကော။ တစ်ချက်ကလေးမှ လှုပ်ချိန်မရလိုက်။ သို့သော် သေခြင်းတရား၏ နောက်ဆုံးခွန်အားအဖြစ် ငြိမ်းခါနီး မီးတောက်လို ထတောက်လိုက်သေးသည်။ မြေကြီးပေါ်က ဝေါခနဲ ရုပ်တိုက်ထလိုက်ရင်း မုဆိုးလေးကို အငြိုးတကြီး ကျုံးအော်လိုက်ခြင်း ဖြစ်သည်။ သည်အချိန်မှာတော့ ဓားကောက်၏ အေးစက်သော အထိအတွေ့က ဝက်ဝံ၏နှလုံးသားထဲမှာ ကျကျနနကြီး ရှိနေခဲ့ပြီ။

ဝက်ဝံကြီးက သေခါနီးမှာပင်လျှင် အေးအေးဆေးဆေးနိုင်လှသည်။ မြေပေါ်ကို ဗိုင်းခနဲ ပြန်လဲကျသွားရင်း တဆတ်ဆတ် တုန်ရီနေသည်။ သွေးမည်းမည်းတွေက နှာခေါင်းနှင့် ပါးစပ်က ဝေါခနဲ ထိုးအန်ကျလာသည်။

မာလီအိုကြီးပါးစပ်က ဘီဒီပွတ်ချွန်းဆေးလိပ်က နှုတ်ခမ်းထောင့်မှာ တွဲလဲကျနေသော်လည်း မီးသေနေတာကြာပြီ။ မီးခြစ်တစ်ချောင်းကို ရှဲခနဲ ခြစ်ကာ ဘီဒီကို မီးထပ်ညှိသည်။ သူ့ဘေးက ဂျက်ဖရီကို မျက်လုံးကလေး

ဆောင်းရင်း ငုံ့ကြည့်လိုက်သည်။

"ဒဏ်ရာကြီးနဲ့ အိမ်ပြန်ခဲ့ရတာတော့ တကယ့်ခရီးကြမ်းပေါ့ကွယ်၊ ငါ့ဘဝမယ် သိတတ်ကတည်းက အရှည်လျားဆုံး ခရီးထင်ပါရဲ့။ ဒါပေမဲ့ကွယ် နောက်ဆုံးတော့လည်း သစ်ကိုင်းကို ခုတ်၊ ချိုင်းထောက်ကလေး လုပ်ပြီး ပြန်တော့လည်း ရောက်ရတာပါပဲ"

ဂျက်ဖရီက ခေါင်းကလေးညိတ်ကာ ထောက်ခံသည်။ မာလီ့မျက်နှာကိုတော့ မကြည့်။ သို့သော် စိတ်မျက်စိထဲမှာ လူစွမ်းကောင်းမာလီကို သူမြင်နေရသည်။ မုဆိုးလေး မဟုတ်တော့။ အခုတော့ လူအိုကြီးဖြစ်နေရပြီ။ သူ့ပုံဖော်နိုင်စရာ တခြားရုပ်ပုံလွှာ မရှိ။

မတ်စောက်ကြမ်းတမ်းသော သစ်တောတွင်းမှ ခြေတစ်ရွတ်ဆွဲရင်း သစ်ကိုင်းခွ ချိုင်းထောက်တစ်ချောင်းအားပြုကာ လျှောက်လှမ်းလာရသော မုဆိုးတစ်ယောက်၏ အိမ်ပြန်လမ်းကို ဂျက်ဖရီ စိတ်ထဲမှာ မြင်နေရသည်။ ခြေတစ်ချောင်း သွင်သွင်ကျိုးနေသည့် အနာတရ မုဆိုးတစ်ယောက်၏ ပြင်းပြသော ဝေဒနာကို သူပါ ရောထွေးခံစားနေရသည်။ စိတ်မျက်စိထဲမှာ မြင်ကွင်းပြောင်းသွားပြန်သည်။ ဒဏ်ရာရမုဆိုးလေးက မာလီမဟုတ်တော့။ သူကိုယ်တိုင် ဖြစ်နေသည်။ အိမ်ပေါက်ဝအထိ ခြေတစ်ရွတ်ဆွဲကာ ပင်ပန်းတကြီး ပြန်လာသည့် သူ့ကို အမေက ဘာများ ဆီးပြောမှာပါလိမ့်လို့ ကြိုးစားပြီး ပုံဖော်ကြည့်နေမိသေးသည်။ ချက်ချင်းလိုလို မာလီ့ဘက်ကို လှည့်လိုက်သည်။

"ကျွန်တော် ကြည့်ပါရစေ မာလီ"

သည်ဖာတ်လမ်းကိုပြောပြီးတိုင်း သည်လို တောင်းဆိုတတ်တာက လည်း ပြုမြဲပြုနေကျ အခမ်းအနားအစီအစဉ် အစိတ်အပိုင်းတစ်ပိုင်းဖြစ်သည်။ ဒါမျိုးဆိုလျှင် မာလီကလည်း တာဝန်နှင့် ဝတ္တရားတစ်ရပ်လို ဒိုတီကို လှန်ပြနေကျ။ ဂျက်ဖရီက ဒူးထောက်ရင်း ရှေ့ကိုကုန်းသည်။ ပြီးတော့ မာလီ ခြေထောက်နားမှာ မိကျောင်းတစ်ကောင်လို တွားရင်း ဝက်ခံတိုက်ပွဲပြန် ဒဏ်ရာ

ဟောင်းတွေကို ကြည့်မြဲ။ ကြောက်မက်ဖွယ်ရာ ဒဏ်ရာကြီးကို တိတ်ဆိတ် အံ့ဩမှုဖြင့် ငေးကြည့်နေတတ်သည်။ ဓာတ်လမ်းပြောနေစဉ်မှာ ကျောစိမ့် အောင် ကြောက်လန့်နေတတ်သော်လည်း ဓာတ်လမ်းပြီးတော့ သည်လို ကြည့်တတ်တာကလည်း အကြိမ်ပေါင်းမနည်းတော့။ သည်လိုကြည့်တိုင်း လည်း မာလီ၏ တွန့်ရှုံ့နေသည့် အမာရွတ်များ၊ ခြေထောက်များကို အ ကြောက်အလန့်မပြေသေးသည့်ကြားက ကိုင်ကြည့်နေတတ်ပြန်သည်။ သည် ခံစားမှုမျိုးကို သူအံ့ဩနေမိတတ်သည်။ အမာရွတ်ကြီးက ချောမွတ်ပြီး ပူနွေး နေတာကို လူ့အသားအရေအဖြစ် ခံစားနေရတာကို သူနားမလည်နိုင်။ တူ ချင်းတူလျှင် ဝက်သစ်ချပင်က အခေါက်ကြီးနှင့်တောင် တူသေးရဲ့လို့ သူ တွေးနေမိတတ်သည်။

"မာလီ ငိုသေးသလားဗျ"

သည်လို မေးလိုက်ရတာကို ဂျက်ဖရီ နည်းနည်းတော့လန့်သည်။ စိုး လည်း စိုးရိမ်သည်။ အရင်က သည်လိုမေးခွန်းမျိုး မမေးဝံ့သဖြင့် ရေငုံနေဖူးလို့ ဖြစ်၏။ အင်းလေ၊ ယုံကြည်လို့တောင် ငါ့ကိုပြောပြမှတော့ စိတ်မဆိုးလောက် ပါဘူးလို့ စိတ်ကိုဖြေရင်း မေးလိုက်ခြင်းဖြစ်သည်။

"အဲသလောက်ပါပဲလေ၊ လူကြီးဆိုတာ မငိုကြဘူး"

ဂျက်ဖရီက မာလီကို အံ့အားတသင့် ကြည့်လိုက်သည်။ သူမှတ်မိ သလောက် အမေက သူ့ကို 'ဖိုးသံချောင်း' လို့ အမြဲခေါ်တတ်သည်။ သူ့ကိုယ် မှာ တစ်ခါတစ်ရံ ဒဏ်ရာအနာတရဖြစ်လို့ ငိုလျှင်လည်း အမေက "အမယ် လေးဟဲ့ ဖိုးသံချောင်းရဲ့" ဟု ပြောတတ်သည်။ ပြီးတော့ "ယောကျ်ားလေးဆို တာ မငိုရဘူးလေ သားရဲ့" ဟုဆိုနေကျ။

"ဒါပေမဲ့ မာလီရာ၊ ဟိုဒင်း.. ယောကျ်ားတစ်ယောက် ငိုခွင့်ရှိတဲ့ အကြောင်းအရာမျိုးကောမရှိတော့ဘူးလား၊ ဆိုပါတော့ ယောကျ်ား တစ် ယောက်ဟာ ဘယ်ကိစ္စမှာ ငိုသင့်သလဲ"

မာလီက ဆွဲလှန်ထားသည့် ဒိုတီကို ပြန်ဖုံးသည်။ ပါးလှပ်ဟောင်းမြင်းနေသည့် ဒိုတီစကို တယုတယ ပွတ်သပ်ရင်းက ဖြေသည်။

"နည်းနည်းပါးပါးပဲကွယ်"

"ကျွန်တော် လူကြီးဖြစ်လို့ ငိုရတော့မယ်ဆိုရင် ဘယ်ကိစ္စတွေမှာ ငို့ရမှာလဲ မာလီရဲ့"

မာလီ့ကိုကြည့်ရတာ နည်းနည်းတော့ စိတ်ရှုပ်ထွေးနေပုံရသည်။ ငိုသင့်သည့်အချိန်၊ မငိုသင့်သည့်အချိန်။ ဒါကို ရေရေလည်လည် သဘောပေါက်အောင် ပြောနိုင်ဖို့ ခက်ခဲနေပုံရ၏။

ဒါက နှလုံးသား ခံစားမှုနှင့် ဆိုင်သည်။ မျက်မှောင်ကြုတ်ထားသည့် မျက်ခွံတွေ ပွင့်သွားကာ အာရုံတွေ ကြည်လင်သွားသည်။ နှလုံးသား..။ ဟုတ်သားပဲ၊ ဒါပဲပေါ့။

"ငါထင်တာတော့ကွယ်၊ အသည်းနှလုံး ကြေကွဲနေရတဲ့အချိန်မှာ လူကြီးတစ်ယောက် ငိုချင်ရင် ငိုဖို့ရှိတာပဲ၊ ပြင်းပြင်းပြပြ ခံစားရချိန်မှာ ငိုခွင့်ရှိတယ်"

"ကျွန်တော် နားမလည်ဘူး မာလီ၊ ဘာပြောတာလဲ"

"အေးကွဲ့၊ ဒါလည်း ဟုတ်တာပဲ၊ မင်းလူကြီးဖြစ်လာတော့ သိလာမှာပေါ့ကွယ်"

မာလီအိုကြီးက ဂေါ်ပြားကလေးကို ကောက်ကိုင်သည်။ မြေကြီးကို ပြန်ပြီးတူးဆွသည်။ ဂျက်ဖရီကတော့ မာလီ့လက်တွေကိုပဲ ကြည့်နေလိုက်သည်။ သည်လက်မည်းမည်းကြီးတွေက လျင်မြန်သွက်လက်လွန်းလှသည်။ သည်လက်တွေက သူ့ကို စိုးမိုးနေခဲ့ပြန်ပြီ။

"မာလီ"

"အေး"

"ကျွန်တော် ပြောပြတာတွေ အမေ့ကို မပြောလိုက်နဲ့နော်၊ ဟိုလေကျောင်းမှာ အရိုက်ခံရတာ"

တကယ်တော့ သူ့အတွက်တော့ မာလီသည် ဝန်ထမ်းမဟုတ်။ အစေခံတစ်ယောက်သာဖြစ်သည်။ သည်လိုကိစ္စမျိုးမှာ သူ့အမေနှင့် ဆက်သွယ်ကာ အကျိုးအကြောင်းပြောစရာ ဘယ်လိုလူမှုအကြောင်းမရှိ။ သို့သော် မာလီကတော့ ခွင့်ချက်ဖြစ်သည်။ အသက်အရွယ် အိုမင်းလှပြီ။ ပြီးတော့ ဂျက်ဖရီ မာလီ့ကို ချစ်ခင်တာလည်း ပါသည်။

"မပြောပါဘူးကွယ်"

ဂျက်ဖရီ့ မျက်နှာကလေးကို အဓိပ္ပာယ်ပါပါကြည့်ရင်း ပြုံးနေသည်။

"ငါ ဒါမျိုး မလုပ်ပါဘူး"

ဂျက်ဖရီက စာအုပ်ကလေးတွေ ပြန်စုသိမ်းလိုက်သည်။ ဝုန်းခနဲ မတ်တတ် ထရပ်သည်။ သူ့အသက် ဆယ်နှစ်နှစ်နှင့် နှိုင်းစာလျှင် အရပ်က မြင့်လွန်းနေသည်။ မာလီလောက် အရပ်မြင့်ပြီး မာလီလောက် သန်စွမ်းနေသလို ထင်ရသည်။

"မာလီ၊ မနက်ဖြန် လေးနဲ့မြား တကယ်ပါခဲ့မှာလား ပြော"

အဘိုးအိုက ခေါင်းညိတ်ပြသည်။ ကလေးကို သည်တစ်ခါတော့ ကြင်နာသော ခံစားမှုကလေးဖြစ်ရသည်။ ခါတိုင်းတော့လည်း တမင်သက်သက် မေ့မေ့လျော့လျော့ လုပ်ခဲ့တာမျိုး မဟုတ်။ လေးနဲ့မြားက ဂျက်ဖရီအတွက် ကြီးမားလွန်းနေလို့ဖြစ်သည်။ လူနှင့်လက်နက် မမျှလို့ဖြစ်သည်။ ကလေးနှင့် လိုက်လျောညီထွေမှုမရှိသည့် လက်နက်ဖြစ်နေတော့ မေ့သလိုလို လုပ်နေခဲ့တာ များပြီ။

"တကယ်နော် မာလီ"

မာလီက ဂျက်ဖရီကို မော့ကြည့်လိုက်သည်။ အရပ်အမောင်းကို ခန့်မှန်းကြည့်သည်။ လက်မောင်းသားတွေ ရှိနေသော်လည်း သေးလွန်းနေသည်။ သည်လောက်ကြွက်သားအား၊ လက်မောင်းအားနှင့် သန်မာသော လေးကိုင်းကိုကွေး၊ လေးကြိုးကိုင်ဖို့ မဖြစ်နိုင်။ လေးကိုင်းတုတ်တုတ်ကြီးကို ဘေးသား

တစ်လျှောက် နည်းနည်းပါးပါး နွှာထုတ်ပစ်လိုက်လျှင်တော့ ဖြစ်နိုင်လိမ့်မည်။ သည်အတွေးက သူ့ဘဝကို ပြစ်မှားသလို ခံစားလိုက်ရသည်။ ခံစားမှု ဓားသွားက နှလုံးသားထဲ နာနာကျင်ကျင် စူးဝင်သွားသလား အောက်မေ့ရသည်။

သည်လေးနှင့် မြားက ကြမ်းတမ်းလှသည့် သူ့ဘဝခရီး၏ အမှတ်သင်္ကေတဖြစ်သည်။ မီးခိုးနှင့် တောမိုးတောင်မိုးတွေ ဝေနေတတ်သည့် သစ်တောကြီးထဲက စိတ်လှုပ်ရှားစရာ သူ့ဘဝနိမိတ်ပုံဖြစ်သည်။ သည်လို ပစ္စည်းမျိုးကို သူဘယ်လို စွန့်နိုင်ပါ့မလဲ။

"မင်းဟာ ရူးလှချည့်လားကွာ"

မာလီက သူ့ဟာသူတွေးသည်။ တောက်ပနေသည့် မျှော်လင့်ချက်များဖြင့် အာသာငမ်းငမ်း တောင့်တနေသည့် ကလေးငယ်၏ ပြာနှမ်းနှမ်း မျက်လုံးတွေထဲက အရောင်တွေကို မာလီမြင်နေရသည်။ လေးနဲ့မြား ဆုံးရှုံးရတာဟာ မင်းရဲ့ တဒင်္ဂတိုင်းအတွက် လက်မဲ့ဖြစ်ရတာမျိုးတော့ မဟုတ်ဘူးပေါ့လေ။ ဒါတွေဟာ မင်းနှလုံးသားထဲမှာ ထာဝရရှိနေမှာ ငါသိပါတယ် ကလေးရယ်။

"မနက်ဖြန်"

မာလီက ပြတ်တောင်းတောင်း ကတိပြုလိုက်သည်။

"ငါ့ရဲ့ ဂုဏ်သိက္ခာကို တိုင်တည်ပြီး ကတိပေးပါတယ်ကွယ်၊ ငါ ယူခဲ့ပါမယ်"

"တကယ်နော် မာလီ– အဟုတ်လား"

"မင်းပိုင်ပြီဆိုင်ပြီလို့သာ သဘောထားလိုက်တော့ ဟုတ်ပြီလား"

ဂျက်ဖရီ ပင့်သက်ရှိုက်လိုက်သည်။ သူ့အဖို့ သည်လေးနှင့်မြားကို မြင်ခွင့်ရလျှင်တောင် ကျေနပ်လှပြီ။ ခုတော့ ပိုင်တောင် ပိုင်ဆိုင်ရတော့မှာတဲ့လား။ သည်ကိစ္စကို သူအိပ်မက်တောင် ယောင်လို့ မက်ခဲ့ဖူးတာ မဟုတ်။

မာလီနောက်နေတာများလား။ စိတ်လှုပ်ရှားမှုတွေ ပြေးထွက်သွားတော့ သူ့မှာ ခြေကုန်လက်ပမ်းကျ ကျန်ခဲ့သလို ဖြစ်သွားရပြန်သည်။

"မာလီက ကျွန်တော့်ကို အရွှန်းလုပ်နေတာမဟုတ်လား"

"သည်တစ်ခါတော့ အဲသလို မဟုတ်ပါဘူး တကယ်ပါ သခင်ပေါက်စရယ်"

ဂျက်ဖရီသည်ပင်လျှင် မာတောင့်သွားသလား အောက်မေ့မိသည်။ မာလီက ဒေါသဖြစ်လျှင် သခင်ပေါက်စဟု ခေါ်တတ်တာ သူသိသည်။ တစ်ခါတစ်ခါ တစ်ခုခုကို တင်းကြပ်သော အာရုံဝင်စားမှုဖြင့် သတိရှိရှိ ပြောချင်သည့်အခါမှာလည်း 'သခင်ပေါက်စ' ဟု သုံးတတ်ပါသည်။ သည်စကားမျိုး သုံးလာသည်ဆိုကတည်းက ခပ်ပေါ့ပေါ့ပြောတာ မဟုတ်ကြောင်း ဂျက်ဖရီသိသည်။ သာမန်ကာလျှံကာ အခါမျိုးတွင် သည်စကားမျိုးမသုံး။

"မာလီ"

ဂျက်ဖရီက သက်ပြင်းကြီးချရင်း ခေါ်လိုက်သည်။ သည်မှာတင် အမေ့ခေါ်သံ ကြားလိုက်ရတော့ ဂျက်ဖရီ ဒေါသကလေးတလူလူတောင် ဖြစ်ရသေးသည်။ အမေ့အော်ခေါ်သံ ရှည်ရှည်လျားလျားကြီး ထွက်လာပြန်၏။

"ဂျက်.. ဖ.. ရီ.."

"ကျွန်တော် လစ်တော့မယ် မာလီ"

"အေးအေး သွားတော့ လူလေး"

ဂျက်ဖရီက စိတ်မချမ်းမသာစွာ ခေါင်းညိတ်ရင်း ထွက်လာခဲ့သည်။ တကယ်တော့ မာလီ့အနားက သူမခွဲချင်သေးပါ။ မာလီ့အနားမှာ ထိုင်ရင်းလေးနဲ့ မြားအကြောင်း စကားဆက်ချင်သေးသည်။ ပန်းခုံအစွန်းဘက်ကို လျှောက်လာခဲ့သည်။

ဒူးခေါင်းမှာ ပေနေသည့် မြေစရွံ့စတွေကို ပွတ်သပ်ရင်း လေ့ကားထစ်တွေကို ကုတ်ကုတ်ကတ်ကတ် တွားတက်လိုက်သည်။

လေ့ကားထိပ်ကိုရောက်တော့ အောက်ကို ငုံ့ကြည့်သည်။

"မမေ့နဲ့နော"

မာလီ့ကို သေချာအောင် အော်လိုက်သည်။ ဖောင်းထုပ်ကြီးဆောင်းထားသည့် မာလီက ဖောင်းထုပ်ကြီးကို ချွတ်ရင်း အသိအမှတ်ပြုကြောင်း ဇော့ယမ်းပြလိုက်သည်။ ဂျက်ဖရီကလည်း လက်မြှောက်နှုတ်ဆက်သည်။ နောက်တစ်ကြိမ် အမေ့ခေါ်သံအကြားမှာတော့ အသံရှိရာဘက်ကို ကသောကမျော ပြေးလေသည်။ အိမ်ရှေ့တံခါးဝမှာ အမေ မတ်တတ်ရပ်ရင်း သူ့ကို စောင့်နေသည်။ ဂျက်ဖရီက ခပ်တင်းတင်း ဟန်လုပ်ကာ ရပ်သည်။ ကြိမ်ဒဏ်ကြောင့် တရှုတ်ရှုံ့နေတာမျိုးမဖြစ်အောင် တမင်လုပ်ထားရခြင်းဖြစ်၏။ အမေ့ကို အံ့ဩစရာအကြောင်းအရာမျိုး အသစ် ထပ်မလုပ်ချင်တော့တာလည်း ပါသည်။ အနည်းဆုံးမေးခွန်းတွေ မေးတာကအစ သူမဖြေချင်တော့။ တင်ပါးနှင့် ခြေသလုံးတစ်လျှောက်က အရိုးရာတွေကို သတိရမိသေးသည်။ ဒါတွေ အမေမမြင်အောင် ဂရုတစိုက် ကွယ်ထားရဦးမည်။ ဒါတွေ ဘယ်တော့များမှ ပျောက်မှာလဲ။ မာလီ့ခြေထောက်က အမာရွတ်ကြီးလို ဖြစ်နေဦးမှာများလား။ သည်လိုတွေးမိတာကိုတောင် သူမကြိုက်နိုင်။

ကောင်းသွားမှာပါလေ။ သူ့အတွေးဖြစ်၏။ မာလီ့လို သဘောထားရတော့မည်။ သူကြီးပြင်းလာသည့်အခါ သည်ဒဏ်ရာတွေက သူ့ရသတ္တိ၏ အမှတ်အသားများအဖြစ် ထာဝရ ရှိနေမှာကို သူကြိုက်သည်။ ဒါနဲ့ ပတ်သက်လို့ ဇာတ်လမ်းတစ်ပုဒ် ပြောဖြစ်ဖို့ ဖြစ်လာတာပါပဲ။

■

ညဘက်မှာ အမေက စာဖတ်ပြသည်။ ဂျက်ဖရီ လေးနှစ်သား လောက်ကတည်းက ညစဉ်ညတိုင်း သည်လို စာဖတ်ပြနေကျ။ အမေ့အသံ တိုးတိုးညင်ညင်ကလေးကို နားထောင်တတ်နေပြီ။ မိုးတိမ်ကိုစီးရင်း မကောင်းဆိုးရွားကောင် ဂေါ်ဝွန်ကို သတ်ဖြတ် အောင်ပွဲခံခဲ့သည့် သူရဲကောင်း ဇာတ်လမ်းတွေလည်းပါသည်။ ထိတ်လန့်ချောက်ချားဖွယ် ရသ၏ သည်းထိတ်ရင်ဖို ခံစားမှုတွေ ကကော။ ပထမသားဦးကလေးအတွက် အမျိုးသမီးတစ်ယောက် နှင့် လဲလှယ်ရသည့် ရမ်ပယ်လ်စတစ်စကင် အကြောင်းမျိုးတွေ လည်းပါသည်။ ဟီလ်ဝါသာဆိုသည့် ဇာတ်ကောင်ကတော့ သူ အချစ်မြတ်နိုးဆုံး၊ အရင်းနှီးဆုံးပုံပြင်မိတ်ဆွေဖြစ်နေပြီ။ ကစ်ပလင်း ၏ ကဗျာတွေ စာတွေကလည်း အိပ်မက်ထဲမှာ ဇာတ်လမ်းတွေ ဖြစ်နေတတ်သည်။

သည်ညတော့ အမေက မောဂ္ဂလိပုံပြင်တွေ ဖတ်ပြသည်။ ဒန်ကင်၏ ခွေးနီများက သူ့စိတ်ဝင်စားမှုကို ကနေ့ည ရှုံးနိမ့်နေကြပြီ။ အမေ့အသံတွေ ကြားနေရသည့်ကြားမှာပဲ သူအိပ်ပျော်သွားသည်။ မောဂ္ဂလိသည် အိပ်မက်ထဲအထိ ပါမလာခဲ့။ အဘိုးအိုတစ်ယောက် ကတိပေးခဲ့သည့် လေးနဲ့မြား အကြောင်းသာ အိပ်မက်ထဲ ရောက်လာခဲ့သည်။

ဂျက်ဖရီ မနက်စောစောကြီး နိုးနေခဲ့သည်။ မိုးသောက်အရုဏ် အလင်းရောင်မလာခင် ပိုးအိမ်မီးထောင်ချောက်လို တစ်ဝက်တစ်ပျက် အလင်းယှဲ့ယှဲ့ ကလေးပဲရှိသေးသည်။ ခဏတော့ အိပ်ရာထဲမှာ ငြိမ်နေလိုက်သေးသည်။ မျက်လုံးတွေ ဖွင့်ထားရင်း မျက်နှာကြက်မည်းမည်းကို ငေးမောနေမိတာကပဲ အကြာကြီး။ သူ့စိတ်ထဲမှာ နိုးကတည်းက လေးနှင့်မြားသာရှိသည်။ မာလိ မမေ့ခဲ့ပါစေနဲ့ဆိုတာပဲ မျှော်လင့်ထားသည်။ မာလိအိုကြီးနေသည့် နေရာကို သူသိသည်။ မာလီကကော သည်အချိန် နိုးနေပါ့မလား။ သူ့ကိုယ်သူလည်း သည်လိုနိုးနေတာ အံ့ဩနေရသည်။ တကယ်တော့ အစောကြီးရှိသေးသည် မဟုတ်လား။ မျက်လုံးတွေကို ပြန်မှိတ်။ တစ်ကျော့ပြန် အိပ်ပျော်အောင် ကြိုးစားသည်။

ဒါပေမဲ့ မရတော့ပါ။ ပိုလို့တောင် မျက်စိတွေ ကျယ်လာသေးသည်။ တကယ့်ဆန္ဒက အိပ်ရာထဲမှာ နေရတာမျိုး၊ မနက်စောစော နိုးနေမိတာမျိုး မဖြစ်ချင်။ အိပ်ရာထဲ လှဲနေရတာ၊ တွေးနေရတာ တကယ်တော့ အချိန်တွေ ကုန်ခဲလိုက်တာလို့ တွေးနေမိသည်။ ကုန်ခဲသမျှ မိနစ်တိုင်းမှာ ကြောက်စရာ ကောင်းသည့် ဝေဒနာနှင့် မျှော်လင့်ချက်များ ပြည့်ဝနေတတ်ခြင်းကြောင့် ဖြစ်၏။ ဂျက်ဖရီ အိပ်ရာထဲက ထလိုက်သည်။ အဝတ်အစားကို တိတ်တိတ် ကလေးလဲသည်။ အဝတ်အစားလဲရတာ အခက်အခဲမရှိ။ ညဦးကတည်းက ခုတင်စွန်းက ကုလားထိုင်ပေါ်မှာ အဝတ်တွေ တင်ထားခဲ့ပြီးသား။ ဘောင်းဘီ တိုကို ဆွဲယူလိုက်တော့ ဘောင်းဘီ ဖင်နေရာက အဖာကွက်ကလေးကို

စမ်းမိသွားသည်။ သည်တော့လည်း သိမ်ငယ်စိတ်ကလေး ပြေးဝင်လာခဲ့သည်။ အဖာအထေးရာတွေကို တခြားအရာတွေထက် သူမုန်းသည်။ တနင်္ဂနွေ ဘုရားကျောင်း မနက်တစ်ခါ ညတစ်ခါသွားဖို့ အထူးဝတ်ဆင်ရတာမျိုး၊ အဖိုးတန်သည့် အချိန်တွေကို ဆံပင်ညှပ်ခုံပေါ်မှာ ရက်ရက်ရောရော ပေးလိုက်ရတာမျိုးကို သူမုန်းတာမှန်သော်လည်း ဖာထေးရာတွေကို မုန်းတာက ပိုသည်။ သည်အဖာရာတွေကတော့ သူ့အပြစ်ဖြစ်သည်။ တောင်ကုန်းကလေးပေါ် ပြေးတက်လိုက် ပြေးဆင်းလိုက်၊ လျှောဆင်းလိုက် လုပ်ခဲ့မိလို့ ပြဲသွားခြင်း ဖြစ်သည်။ သူငယ်ချင်းတွေက ဘောင်းဘီဖင်ပြဲကို မြင်တော့ ဟားကြသည်။ သည်လိုရယ်တာကို သူမကြိုက်။ သည့်နောက်တော့ တစ်ကိုယ်တော် လှုပ်ရှားသည်။ သူငယ်ချင်းများနှင့် ဝေးရာမှာ တစ်ယောက်တည်း ကစားသည်။ တောင်ကုန်းကလေးပေါ်က အရှိန်နှင့် လျှောဆင်းရတာကို တစ်ယောက်တည်း သဘောကျနေတတ်သည်။ သူငယ်ချင်းများ၏ လှောင်ပြောင်သည့် ဘေးကလည်း ဝေးရပြီ။

ဂျက်ဖရီက သူ့ခါးကောက်ကလေးကို ကောက်ယူလိုက်သည်။ ခါးမှာ သားရေကြိုးပြားဖြင့် တွဲလောင်းချသည်။ ခုထိတော့ ဘယ်လိုပုံကြီးခဲ့ရမည်ကို မသိသေး။ လမ်းလျှောက်သွားမည်။ သည်လိုနေ့ သည်လို အချိန်တွေမှာ သစ်ပင်လဲနေတာမျိုးတွေလည်းမရှိတာ သူသိထားသည်။ သို့သော် မိုးမလင်းတလင်း ဝိုးတဝါးအမှောင်က စိတ်မအီမသာဖြစ်နေရသည်။ ကိစ္စမရှိ။ ဓားတစ်ချောင်း ခါးကြားမှာ ချိတ်မိထားပြီ။ ဓားအိမ်ထဲက ဓားကို ရှုပ်ခနဲ ထုတ်ကြည့်ရင်း စိတ်သက်သာရာရသွားသည်။ ဆီဝနေသည့် ဓားအိမ်ထဲကို ဓားသွင်းသံသဲ့သဲ့က သူ့ကိုကြီးစွာသော ခွန်အားကို ပေးနေသည်ကော။ အကျင့်ကြီးစွဲနေသည့် သွားတိုက်ချင်စိတ်က ဖိအားပေးနေသေးသည်။ ရေအိမ်ဝင်လိုက်ချင်သေးသည်။ သည်ကိစ္စတွေကို သူတွန်းလှန်လိုက်သည်။ သွားတိုက်မျက်နှာသစ် ရေအိမ်သုံးလျှင် အသံဗလံတွေကြောင့် အမေနိုးသွားနိုင်သည်။

အခုအတိုင်း ဘာမပြော ညာမပြောထွက်သွားတာကမှ တော်သေးသည်။ မနက်စောစော ငှက်ဥကောက် ထွက်တာမျိုး ရှိခဲ့ဖူးတော့ သည်တစ်ခေါက်လည်း အမေဒေါသဖြစ်စရာ မရှိ။ အမေ့ကို အနှောင့်အယှက် မပေးချင်တာလည်း ပါပါသည်။ မျက်နှာသစ်ကြွေကန်ပေါ်က ဆပ်ပြာမွှေးအသစ်တစ်ခဲတော့ ရအောင်ယူခဲ့သည်။ ဆပ်ပြာမွှေးတစ်ခဲက ငှက်ဥကောက်ကုလားလေးတွေဆီက ငှက်ဥတော်တော်များများနှင့် လဲလှယ်နိုင်သည်။ နေဦး ... ဒါလည်း မဟုတ်သေး။ အိတ်ထဲက ဆပ်ပြာမွှေးခဲကို ပြန်ထုတ်ရင်း စဉ်းစားရပြန်သည်။ ငှက်ဥကောက်သွားမယ်ဆိုသည့် အကြောင်းပြချက်က သိပ်တော့ ကောင်းလှတာမဟုတ်။ သည့်ထက်ကောင်းသည့် အကြောင်းပြချက် ဘာရှိနိုင်သလဲ။ သည့်ထက် အရေးကြီးသည့် အကြောင်းအရာက ဘာဖြစ်နိုင်သလဲ ဂျက်ဖရီတွေးသည်။ သည့်ထက် အရေးကြီးတာကို တွေးထားရမည်။

ရုတ်တရက် အကြံရလိုက်သဖြင့် မီးဖိုချောင်တံခါးဘက်က တွန်းဖွင့်ကာ တိတ်တိတ်ကလေး ထွက်လာခဲ့သည်။ အခုထိတော့ သူဘယ်ကို သွားနေမှန်း သူ့ဟာသူပင် သေသေချာချာ မသိ။ သူသိတာ တစ်ခုပဲရှိသည်။ မာလီ သူတို့အိမ် အလုပ်လာမလုပ်ခင် မာလီ့အိမ်ကို ကြိုရောက်နှင့်ဖို့ နာရီတော်တော်ကြာကြာ လမ်းလျှောက်ရမည်ဆိုတာပဲဖြစ်သည်။ သိပြီ။ မာလီ့အိမ်သွားရာလမ်းပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတာ သူသိသွားပြီ။ မာလီနှင့် ဘာပဲဖြစ်ဖြစ် လမ်းမှာတောင် တွေ့ချင်တွေ့နိုင်သေးသည်။ အကြာကြီးလျှောက်ရသည်ဖြစ်စေ၊ လမ်းမှာတွေ့နိုင်သည်ဖြစ်စေ၊ ကိစ္စမရှိ။ သူစတင်လျှောက်ခဲ့မိပြီပဲ။ မာလီက လေးနဲ့မြား မေ့လာခဲ့တယ်ဆိုဦးတော့ အိမ်တစ်ခေါက် ပြန်ယူနိုင်သည် မဟုတ်လား။

လမ်းပြန့်ကလေးအဆုံးမှာ အထက်ကစားကွင်းနေရာကို ရောက်လာခဲ့၏။ မြန်မြန်သုတ်သုတ် လျှောက်လာတော့ ခရီးတွင်သည်။ လမ်းမကြီးအစ သံဆိုင်းဘုတ်ခုံကြီးအောက်က သူလျှောက်လာခဲ့သည်။ ဘယ်ဘက်လက်

က သံတန်းကို ကိုင်ထားရင်း သံချေးတက် နင်းဆွတ်ဆွတ် အထိအတွေ့ကို သူရနေသည်။ လမ်းအောက်ဘက်ရောက်လာတော့ ဘုရားရှိခိုးကျောင်းအောက်ခြေကို မြင်နေရပြီ။ ခုံတန်းရှည်ကလေးများ၊ ကူရှင်တပ်ထိုင်ခုံများကိုပင် တွေ့နေရသည်။ အချိန်တော်တော်ကြာ ဒူးထောက်ရသည့် ဘုရားကျောင်းခံစားမှုအတွေ့အကြုံတွေက စိတ်ပျက်လက်ပျက် ဖြစ်ရသေးသည်။ အထူးသဖြင့် အီစတာပွဲတော်ကာလတွေမှာဆိုလျှင် တင်းတောင့်တောင့် ဘုရားကျောင်းနံရံတွေကြားမှာ အလဟဿအချိန်တွေပေးနေရတာတွေရှိသော်လည်း တကယ်တမ်း သူမနှမြောမိတာတော့ရှိသည်။ ယာဇ်ပူဇော်ရာ ပလ္လင်တော်နောက်က လက်ဝါးကပ်တိုင်မှာ ရေညှိတွေ သီးနေသည်။ ရေညှိထူထူတွေကြားမှာ မဒေါ်နားလီလီပန်းတွေ ပွင့်နေသည်။ ပန်းတွေက ယိမ်းလှုပ်နေသည်။ သူကြည့်ရာမြင်ရာ နေရာတိုင်းမှာ ဖယောင်းတိုင်တွေ ရှိနေလေသည်။ လေတိုက်လိုက်တိုင်း ဖယောင်းတိုင်မီးညွန့်တွေက ပုဝင်သွားလိုက်၊ ရှည်ထွက်လာလိုက်။ နိမ့်ချည်မြင့်ချည်။ ညာဘက်မှာတော့ တောင်တန်းတွေက သူငယ်တန်းကျောင်းပြန့်ကလေးနှင့် ထောင်လိုက်မျဉ်းနှစ်ကြောင်းလို ထောင်နေကြသည်။ သည်ကျောင်းကလေးမှာ သူကျောင်းစနေခဲ့ရသည်။ အမေက သည်ကျောင်းကလေးမှာ ကျောင်းဆရာမ။ ကျောင်းနေစဉ်ဘဝတွေက ပျော်စရာကောင်းလှသည်။ ကျောင်းကပေးသော အိမ်စာဆိုသည့် အလုပ်တစ်မျိုးပေါ်ပေါက်မလာခင်အထိတော့ တကယ့်ကို ပျော်စရာ ရက်စွဲများဖြစ်၏။ 'ကစ်သည်ကင်' (Kick and can) နှင့် 'ဆဲဗင်းတိုင်းလ်' (Seven tiles) ကစားနည်းတွေက ဂျက်ဖရီ၏အကြိုက်ဆုံးကစားနည်းတွေ။ တစ်ခါတစ်ရံ တောင်တန်း မြင့်မြင့်ကလေးပေါ်မှာ ပြေးတမ်းလိုက်တမ်း ကစားကြသည်။ ဒါကပဲ အပြေးကျင့်ရသလို ဖြစ်ခဲ့ရသည်။ ပြေးရင်းလွှားရင်း ခြေချော်မလဲအောင် မြက်ဖုတ်တွေထဲ ခြေကုပ်ထားရတာ ပညာပဲမဟုတ်လား။

လမ်းတစ်ဖက်မှာတော့ သစ်တောကြီးရှိသည်။ သစ်တောသည် မည်း

မှောင်ခြင်း၊ ညို့ရီခြင်းတို့ဖြင့် ထူးခြားဆန်းကြယ်နေတတ်သည်။ ဂျက်ဖရီက ခါးမှာချိတ်ထားသည့် ဓားကို လက်တစ်ဖက်က စမ်းနေမိသော်လည်း အခြားခံစားမှုတစ်ခုကြောင့် တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်နေရသည်။ လမ်းမကြီးပေါ်မှာ တော်တော်လေး ခရီးပေါက်လာတော့ ဖိနပ်ချွတ်ကာ လျှောက်သည်။ သည်တော့မှ ပေါ့ပေါ့ပါးပါးရှိသွားသည်။ မိုးစိုသစ်ရွက်များ၊ ရွှံ့ရင်ကောက်ပင်များက ဖိနပ်မပါသော ခြေထောက်တွေကို လှမ်းလှမ်းဆွဲနေကြ၏။ အေးစက်ခြင်းဖြင့် လူးကျုံနေသည်။ မြေပြင်တစ်ပိုက်မှာတော့ ခပ်နိမ့်နိမ့် နှင်းစတွေ မှိုင်းနေသည်။ နှင်းတွေက ဝဲလှည့်နေသည်။ ကတော့ထိုးနေသည်။ သူကိုယ်တိုင် နှင်းကတော့ထဲမှာ ဝဲလှည့်နေသလား အောက်မေ့နေမိသေးသည်။ နေလာလျှင် နှင်းပြေးတော့မည်ဆိုတာကို သူသိပါသည်။ တစ်ခါတစ်ခါတော့ နှင်းခါးကြီးရိုက်တတ်တာ ရှိသည်။ သည်အခါမျိုးမှာ ပြောင်းခင်းထဲ ပြောင်းဖူးဝင်ချိုးတာတောင် လူသူလေးပါး မသိလောက်အောင် နှင်းတွေထူထပ်သည်။ ဂျက်ဖရီက လမ်းသွားနေရင်းက မျှော့တွေ၊ ကျွတ်တွေကို စိတ်ရောက်သွားသည်။ သူ့ခြေအိတ်ထဲ ဘယ်နှကောင်လောက်များ ဝင်နေပါလိမ့်။ သည်သတ္တဝါတွေကို ကြောက်စရာတော့မရှိ။ သွေးဝပြီး သူ့ဘာသာသူ ပြုတ်ကျကုန်တာကို တစ်ခါတစ်ခါ ဘယ်သူမှ မသိလိုက်တာတောင်ရှိသည်။ သို့သော် သွေးစုပ်ခွက်နေရာက အပေါက်ကလေးတွေဆီက ပြင်းထန်သော ယားယံမှုတွေ ကျန်ရစ်ခဲ့တတ်သည်။ သည်တော့မှ မျှော့တွယ်ထားတာနဲ့ တူပါရဲ့ ဆိုတာမျိုးဖြစ်တတ်တာလည်းရှိသည်။ ဒါကြောင့် အိမ်ရောက်လျှင် ခြေအိတ်လဲပစ်လိုက်တာ အကောင်းဆုံးဖြစ်သည်။ အပေါက်တွေမပါသည့် ခြေအိတ်သစ် တစ်စုံလောက် အံဆွဲထဲက မွှေနှောက်ရှာဖွေကာ လဲပစ်ဖို့လိုသည်။

လမ်းလျှောက်လာရင်းကပဲ အလင်းရောင်တွေ ဖိတ်ကျလာခဲ့ပြီ။ ဝန်းကျင်တစ်ခွင်လုံး မြင်သာပြီ။ နေက မိုးကုပ်စက်ဝိုင်း၏နှုတ်ခမ်းစွန်းမှာ ရှိနေရော့မည်။ ကောင်းကင်မိုးတိမ်ထုထုကြီးတွေကတော့ လေးလံပိုကျနေ၏။

ချောက်ချားဖွယ် မိုးသားတွေက ရွာတော့မည့်ဟန် မြင်နေရသော်လည်း သူ မစဉ်းစားမိ။ သဲကြီးမဲကြီးရွာချဦးတော့ သူမစိုးရိမ်ပါ။ မုတ်သုံမိုးကို ထုထဲသော သစ်တောရိပ်က အကာအကွယ်ပေးထားလိမ့်မည်။ တခြားအလုပ်တစ်ခု လုပ်စရာရှိနေစဉ် ကိုယ့်ကိုယ်ကိုယ် ခြောက်သွေ့အောင် ကာကွယ်ဖို့ဆိုတာ သည်လောက် အဖိုးတန်သည့် အချိန်မှာ အရေးမပါပါ။ ပြောစရာတစ်ခုရှိတာက တခြားနေ့ရက်တွေမှာတော့ စိုစိုစွတ်စွတ် အိမ်ပြန်ရတာ မကောင်းနိုင်။ အမေ စိတ်ပူနေမှာကို တွေးမိသွားပြန်သည်။ ခုတော့ စိုလျှင်လည်း ကိစ္စမရှိ။ နောက်ဆုံး စိုစိုရွှဲရွှဲ ပြန်လာနေကျဆိုတော့ အမေ့အတွက် သိပ်တော့ အထူးအဆန်း ကိစ္စမဟုတ်နိုင်။ ဆည်လိုနှင့် ပြီးသွားနိုင်သည်။

ကွေ့ကောက်သော လမ်းကလေးပေါ်ကို ရောက်နေရပြီ။ သစ်တောကြီး အလွန်လောက်တုန်းက မိုးစရွာသည်။ ခဲသားရောင် မိုးကောင်းကင်ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ မနက်ကိုးနာရီ မထိုးခင်လောက်မှာတော့ မိုးတိတ်သွားနိုင်လိမ့်မည် ထင်ရသည်။ မမှောင့်တမှောင် စာသင်ခန်းကလေးထဲကို ကျောင်းခေါင်းလောင်းခေါက်သံက စိတ်မပါ့တပါ ဝင်ရောက်လာလိမ့်ဦးမည်။ သည်လိုသာဖြစ်ခဲ့လျှင် ကျောင်းအုပ်အဘိုးအိုရဲ့အိမ်ကို ကျောင်းသား ခေါင်းဆောင် ရောက်သွားလိမ့်မည်။ အဘိုးကြီးကလည်း နေသာကျောင်းပိတ်ရက် အခြေအနေတွေအကြောင်း သူ့ကို မေးလိမ့်မည်။ ပြီးခဲ့သည့် ဆယ်ရက်လောက်ကတည်းက မိုးတွေဖွဲနေခဲ့သည်။ တစ်ခါတလေ သဲသဲမဲမဲရွာသည်။ သည်ကြားထဲ နေကလေး တစ်ချက်တလေ ပွင့်တာပဲရှိခဲ့သည်။ သည်လို ရှားရှားပါးပါး နေပွင့်တာမျိုးက တကယ့်အခွင့်အရေးဖြစ်သည်။ ဒါပေမဲ့ ကျောင်းအုပ်အဘိုးအိုရဲ့ ဆုံးဖြတ်ချက်ကသာ အတည်ဖြစ်သည်။ ကျောင်းသားခေါင်းဆောင်ကိုမေးပြီး ကျောင်းပိတ်သင့်မှ ပိတ်ပေးသည်။ သည်အချိန်ကလေးက တကယ့်သည်းထိတ်ရင်ဖို။ ကျောင်းဆရာကြီးအခန်းက ပြန်ထွက်လာသော ကျောင်းသားခေါင်းဆောင်ကို အားလုံး မျှော်ကိုးတကြီး ကြည့်နေ

ကြရသည်။ ကျောင်းသားခေါင်းဆောင်ဆီက သတင်းကောင်းပါမပါ စောင့်ကြည့်နေရချိန်က ချောက်ချားစရာ ကောင်းလှသည်။ တကယ်လို့ ကျောင်းသားခေါင်းဆောင်က လည်ပင်းက နက်ကတိုင် ဖြုတ်ပြေးလာလျှင် ကျောင်းပိတ်ပေးလိုက်တာ သေချာသွားပြီ။ သည်အခါမျိုးမှာ တစ်ကျောင်းလုံးက ကျောင်းသားတွေ ကမူးရှူးထိုး ပြေးထွက်လာတတ်ကြသည်။ ခုန်သူက ခုန်၊ ကသူက။ အော်ကြဟစ်ကြ။ တကယ့်ကိုပျော်စရာ။ ကျောင်းသားတိုင်း ကိုယ့်လည်ပင်းက နက်ကတိုင် ကိုယ်ဖြုတ်ကာ အော်ကြတာ အသံကုန်အသံခန်း။ သူတောင် စကားဟဟ မပြောနိုင်။ လည်ချောင်းတွေကွဲသည်အထိ အော်ခဲ့သည်ကော။

ဂျက်ဖရီက ဆက်လျှောက်လာခဲ့သည်။ ကောင်းကင်ကို အံ့သြတကြီး မော့ကြည့်သည်။ မပြိုကွဲသေးသော ခဲပုပ်ရောင် မိုးတိမ်မျှင်တွေက မှော်လင့်ချက် နည်းနည်းကလေးပဲ ပေးနေသည်။ လမ်းဘယ်ဘက်ကို တစ်ခါ ပြန်လျှောက်လာခဲ့သည်။ သူကောင်းကောင်းသိနေသည့် လမ်းပြတ်ကလေးတွေဘက် လျှောက်လာခဲ့ခြင်းဖြစ်သည်။ သည်နေရာက ချော်တတ်သည်။ သို့သော် ခြေလှမ်းတွေကို မနှေးစေရဘဲ ထိန်းလျှောက်လာခဲ့သည်။ နှစ်ချီပြီး ကျင့်သားရခဲ့သော ခြေထောက်တွေက ခန္ဓာကိုယ်ကို ကောင်းကောင်းကြီး ဟန်ချက်ညီအောင် ထိန်းပေးနိုင်သည်။ သူသိထားသည့် လမ်းတွေပေါ်မှာ ခြေမချော်အောင် ထိန်းထားနိုင်သည့်စွမ်းရည်မျိုး သူ့မှာ ရှိနေသည်။ တစ်ခါတစ်ခါတော့ အခန့်မသင့်လျှင် ချော်တတ်ပါသည်။ ကြောင်များ တစ်ပတ်လည်သွားအောင် လိမ့်လိုက်သလိုဖြစ်သွားပြီးမှ ရေ့ကို မျက်နှာမှုပြီးသားဖြစ်သွားတတ်တာမျိုးတော့လည်း ရှိသည်။ ဒါပေမဲ့ ခြေချော် ဒူးပြဲတာထက်စာလျှင် တော်သေးသည်။ ဘူစတီးရွာကလေးဆီက မိုင်ဝက်လောက် လှမ်းလာခဲ့ပြီ။ သည်နေရာမှာ သူမှတ်မိသော ပုံသဏ္ဍာန်ဖြင့် အဘိုးအိုတစ်ယောက် ဆွျောက်လာတာတွေ့နေရသည်။ ကျောက်ခင်းလမ်းပေါ်မှာ ဆာတာတာ

မြေလှမ်းဖြင့် လျှောက်လာသည့် တွန့်ရှုံ့ရှုံ့ အဘိုးအိုကို ခဏလေးရပ်ကာ အကဲခတ်သည်။ ပခုံးပေါ်မှာ ပစ္စည်းတစ်ခုထမ်းလာသည့် မာလီကို မြင်လိုက်ရသည်။ သို့သော် လေးနှင့်မြားရယ်လို့ သဲသဲကွဲကွဲပြောနိုင်သည့် အရာလို့တော့ အတတ်မပြောနိုင်။ တခြားလက်တစ်ဖက်မှာလည်း ထမင်းထုပ်ကလေးပါလာသည်။ မြေအိုးကလေးကို အဝတ်ဖြင့်ထုပ်ကာ ထောင့်လေးထောင့်ကသိုင်းပတ်ရင်း အထုံးကလေး ထုံးထားတာမျိုးဖြစ်သည်။

"မာလီ"

ဂျက်ဖရီက အားရဝမ်းသာအော်လိုက်သည်။ ချက်ချင်းပဲ လမ်းအောက်ကို ပြေးဆင်းလိုက်သည်။ လည်ချောင်းထဲမှာ စလုံးစခုကြီးခံနေသလို တစ်ဆို့ကြီး ဖြစ်နေရပြန်သည်။ လေးနဲ့မြားအတွက်ချည်းတော့မဟုတ်။ မာလီအိုကြီးကတိမတည်တာကို ခံစားရလို့ဖြစ်သည်။

အဘိုးအိုက ရပ်လိုက်သည်။ ခဏလေးနားရင်း ဂျက်ဖရီ သူ့အနားရောက်လာသည်အထိ စောင့်နေသည်။ အပြစ်တင်ချင်စိတ်တွေ မျက်လုံးပြူးကြီးတွေ လျှံအောင်ဝေနေသော်လည်း သည်နာကျင်မှုအတွက် လုံးဝ ပြင်ဆင်မထားတာတော့ သေချာသည်။ နားလည်မှုတွေရဖို့ အရာရာ ပျောက်ဆုံးသွားသလား မှတ်ရသည်။

ဂျက်ဖရီကတော့ ဟောဟဲလိုက်အောင် မောနေရင်းက မာလီဘေး လာရပ်သည်။ ပြေးလွှားလာရတော့ ဖြူနုနုအသားအရေက ရဲတွတ်နေသည်။ အဘိုးအို ပြောနေကျ ဆစ်ကင်းပန်းသီးဆိုတာမျိုး။

"သည်တစ်ခါလည်း လေးနဲ့မြား မေ့လာပြန်ပြီမို့လား မာလီ"

ကလေးငယ်၏မျက်လုံးထဲက တောက်ပသော နာကျင်မှုကို မာလီ နားလည်သွားခဲ့သည်။ ညင်ညင်သာသာကလေး ရယ်လိုက်ရင်းက ပခုံးပေါ်ထမ်းလာသည့် ခပ်မည်းမည်း သစ်သားချောင်းကြီးကို အောက်ချလိုက်၏။

"ကိုင်းဗျာ– ဟောဒါကြီးက ဘာကြီးတဲ့တုံး"

မာလီက မေးသည်။ အဘိုးအို၏ လက်ထဲက ဆန့်ထုတ်ပြထားသည့် ပစ္စည်းကြီးကို ဂျက်ဖရီ ဘုမသိဘမသိ ကြောင်တောင်ကြီး ကြည့်နေသည်။ ဖြောင့်စင်းပြီး မည်းချိတ်နေသည့် သစ်သားချောင်း တစ်ချောင်း။ နှစ်လက်မ လောက်ကျယ်ပြီး တစ်လက်မ၏ လေးချိုးတစ်ချိုးလောက်ထူသော ခပ်ပြားပြား သစ်သားချောင်းရှည် တစ်ချောင်းသာဖြစ်သည်။ သစ်သားချောင်းက အစွန်းနှစ်ဖက်ဆီကို တဖြည်းဖြည်း ရှူးသွားကာ အဖျားဘက်များမှာတော့ တစ်လက်မလောက်သာ ရှိတော့သည်။ သေသေချာချာ ထစ်ထားသော အထစ်ချိုင့်ကလေးတွေ တစ်ဖက်စီမှာပါသည်။ အဖျားဘက်မှာ တစ်ပတ်ပြီး တစ်ပတ်ရစ်ထားသည့် ညစ်ပေပေကြိုးတစ်ချောင်းကလည်း ရှိသေးသည်။

ဒါဘာကြီးလဲ။ ငါးမျှားတံများလား။ လေးနဲ့မြားဆိုတာ မဟုတ်တာ တော့ သေချာသည်။

"နေပါဦး မာလီရဲ့။ ဒါကြီးက သစ်သားချောင်းကြီးပဲ"

ဂျက်ဖရီက ခပ်လောလော လေသံနှင့် မေးလိုက်ခြင်းဖြစ်သည်။ နက်ရှိုင်း သော အရေးအကြောင်းများဖြင့် တွန့်ရှုံ့နေသည့် အဘိုးအိုက လတ်ဆတ် သော ရယ်မောသံဖြင့် ရယ်လေသည်။ သူ့အထုပ်ကြီးကို အသာအယာ ဂရု တစိုက် အောက်ချလိုက်သည်။ သစ်သားချောင်းမှာ ပတ်ထားသည့် ဖွတ်မြီး သိုး ကြိုးရစ်ကို ဖြေသည်။ ပြီးတော့မှ သစ်သားချောင်းကြီးကို အားရပါးရ ကွေးလိုက်သည်။

"ဒါဟာ သစ်သားချောင်းသက်သက် မဟုတ်ဘူး ဂျက်ဖာဘာဘား"

အဘိုးအို ဘာလုပ်မှာလဲဆိုတာကို ငေးကြည့်နေသည့် မျက်လုံးများကို အကဲခတ်ရင်း အဘိုးအိုက ဆက်ပြောသည်။

"ဒါဟာ တီရိုင်းလို့ခေါ်တဲ့ ဝါးတစ်မျိုးကွဲ့၊ မင်း မမွေးခင်ကတည်းက သစ်တောကြီးထဲက ခုတ်ထားရတဲ့ဝါး၊ ကြာပေါ့"

သည်တော့မှ ဂျက်ဖရီနလုံးတွေ လှုပ်ခုန်လာခဲ့သည်။ တီရိုင်းဝါး။ သူ

ခဏခဏ ကြားဖူးနေကျ တောတွင်းဓာတ်လမ်းတွေထဲမှာ ပါတတ်သည့် ဝါးမျိုးဖြစ်နေတာ သတိရသွားသည်။ ကျားကြီးများ၊ ထန်းလုံးလောက် စပါးကြီးမြွေကြီးများ ခိုအောင်းနေတတ်သည့် တောကြီးမျက်မည်း စိမ့်တောတွေထဲမှာ ပေါက်ရောက်သည့် ဝါးမျိုးဖြစ်သည်။ 'စကိုင်းရော့' လို့ခေါ်သည်။ တောင်ထိပ်မှ အောက်ခြေ အဆုံးမဲ့လွင်ပြင်ကျယ်ကြီးထဲ ငုံ့ကြည့်လိုက်သည့်အခါ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက မှုန်ဝါးဝါး အဝေးမှ မသဲမကွဲ လက်ဝှေ့ယမ်းပြနေတာနှင့် တူသော ဝါးတောကြီးရှိသည်။ သည်ဝါးတွေကို တီရိုင်းဝါးလို့ ခေါ်ကြသည်ဆို၏။

"မာလီက အဲသည်ကို ရောက်ဖူးလို့လားဗျ"

"ကြာပါပြီကွယ်၊ နှစ်ပေါင်း မနည်းတော့ပါဘူး"

"မာလီ ကျွန်တော့်ကို တစ်ခါမှ မပြောဖူးပါလား"

"မင်းကကော မေးဖူးခဲ့လို့လားကွဲ့"

အဘိုးအိုက ရိုးရိုးကလေးဖြေသည်။

ဂျက်ဖရီ ခဏကလေး ငြိမ်သွားသည်။ မာလီ့စကားကြောင့် သူရှုံးလိုက်ရတာကို ဆင်ခြင်ကြည့်နေတာမျိုးဖြစ်သည်။ မာလီ့လက်ထဲက ဝါးချောင်းကြီးကို ဖျတ်ခနဲ ကြည့်လိုက်ပြန်သည်။

"ဒါကြီးက ဘယ်လိုလုပ်ပြီး ဝါးဖြစ်ရတာလဲ မာလီ၊ ဝါးဆိုရင် ဝိုင်းရဲ မှာပေါ့၊ ဒါကြီးက ပြားပြားကြီး၊ ပြီးတော့ သည်လောက် မည်းတူးတူး ဝါးမျိုး မတွေ့ဖူးဘူး"

အဘိုးအိုက ဘာမှပြန်မဖြေပါ။ လေးကိုင်းမှာ ပတ်ထားသည့် ကြိုးတွေကို အရစ်ဖြေပြီးသွားပြီ။ ကြိုးထိပ်က ကွင်းရှော်ကလေးကို ဝါးကိုင်းတစ်ဖက်မှာ တပ်ဖို့ ပါးစပ်ထဲ ခဏကိုက်ထားလိုက်သည်။ ဖိနပ်မပါသော မာကျစ်ကျစ် ခြေဖဝါးများဖြင့် မြေပေါ်မှာ ချောသွားအောင် ပွတ်လိုက်သည်။ မြေကြီးတွေ ကျောက်ခဲစတွေ သန့်သွားအောင် ရှင်းလိုက်သည်။ ထိုမြေသန့်ကလေးပေါ်

မှာ ဝါးစွန်းတစ်ဖက်ကို ဂရုတစိုက်ထောက်သည်။ လက်နှစ်ဖက်ဖြင့် ဝါးချောင်းကို အားနှင့် ဖိကွေးလိုက်သည်။ သူ့ခန္ဓာကိုယ်၏တွန်းဖိအားကို သည် ဝါးချောင်းလေးက ခံနိုင်နေတာ မြင်နေရသည်။

ဝါးတံကို ဖိကွေးလိုက်သည့်အခါ ဝါးတံ ညွတ်သည်ထက် ညွတ်ညွတ်လာသည်။ ပျောင်းသည်ထက် ပျောင်းလာသည်။

မာလီ လုပ်ကိုင်နေတာကို ဂျက်ဖရီ ဖျတ်ခနဲဖျတ်ခနဲ ကြည့်သည်။ လေးကြိုးငင်နေရတာ သိပ်တော့ မသက်သာလှပါ။ လည်ပင်းနှင့် မျက်နှာပေါ်က အကြောပေါင်းစုံတို့ ထောင်ထနေအောင် ဆွဲတင်နေရခြင်းဖြစ်သည်။ သွေးကြော ပိန်ရှုံ့ကလေးတွေအားလုံး ဖောင်းကားဖူးရောင်နေကြတာကို ဂျက်ဖရီ မြင်နေရသည်။

လေးကိုင်းက တော်တော်ကြီး ကွေးညွတ်သွားပြီ။ ခန္ဓာကိုယ်ကို လေးကိုင်းပေါ်မှာ ဖိညှစ်ထားရင်းက ပါးစပ်ထဲငုံထားသော ကွင်းလျှောစကို ဝါးတစ်ဖက်စွန်း အထစ်ကလေးထဲ ချိတ်မိသွားအောင် အားတင်းပြီး ချိတ်ပြန်သည်။ ကြိုးစကို ထစ်ထစ်ရစ်ရစ် ချိတ်မိအောင် သွားများဖြင့် ဆွဲတင်သည်။ ပြီးတော့မှ ခပ်ကွေးကွေး လေးကိုင်းပေါ်ဖိထားသည့် ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်း ဖြေလျှော့သည်။ လိုအပ်လို့ လုပ်လိုက်ရသော်လည်း လေးကြိုးကိုင်ငင်ရတာ မသက်သာလှပါ။ မာလီ့လက်မောင်းတွေ နာကျင်နေလောက်ပြီ။ မာလီ့ခန္ဓာကိုယ်တစ်ခုလုံးကလည်း အားအင်တွေ ကုန်ခန်းသွားသလိုဖြစ်နေသည်။ သို့သော် ချက်ချင်းလိုလို ပျော့တွဲတွဲကြွက်သားတွေ အားပြည့်သွားသလို မြင်နေရပြန်၏။ ကြည့်လေ၊ ဖွတ်မြီးထိုးကြိုးကွင်းက လေးကိုင်းမှာ လှလှပပ တွယ်မိသွားပြီကော။ မာလီက မတ်မတ်ကြီးရပ်လိုက်ပြီး လေးနဲ့မြားကို ဂျက်ဖရီ့လက်ထဲ ထည့်ပေးသည်။ ပြီးမှ သူ့ထမင်းဆိုင်းထုပ်ကို ကောက်မသည်။ ခရီးပြန်စဖို့ ပြင်သည်။

"တီရိုင်းသစ်တောထဲမှာ ဝါးတွေဆိုတာ မနည်းဘူးကွဲ့၊ တချို့ဝါးများ

ဆိုရင် လူ့ခန္ဓာကိုယ်လောက်ကို ကြီးမားတုတ်ခိုင်တယ်၊ အခု မင်းလက်ထဲ ရောက်နေတဲ့ ဝါးစကလေးတစ်စဟာ အဲသည်ဝါးတောထဲက ဝါးပဲ၊ ဝါးဆိုပေမယ့် ဝိုင်းတယ်လို့ မမြင်ရဘူးပေါ့၊ အရောင်ဆိုတာကတော့ သည်ဝါးကို လေးကိုင်းလုပ်ဖို့ အကြိမ်တစ်ထောင် မီးခိုးကျပ်တိုက်ပေးရလို့ပဲ"

သည်စကားကိုကြားတော့ တောကြီးမျက်မည်းထဲ ပင်ပန်းတကြီး ရှိနေမည့် မာလီကို မြင်ယောင်နေမိသည်။ မိုးရေစက်မွှားမွှားလေးတွေက မျက်နှာကို တဖျန်းဖျန်းအေးစက်နေစေလိမ့်မည်။ မီးခိုးကျပ်တိုက်ရတာက သည်ထက်ပိုအားထုတ်ရသည်။ ပထမဆုံးအလုပ်က ဝါးတောကို ထွင်ရသည်။ သည်မှာလည်း ထိခိုက်ရှနာတွေ ရှိတတ်သည်။ လွှင့်စဉ်ပြတ်တောက်သွားသော လက်ချောင်းများ၊ ဒဏ်ရာအနာတရများ၊ ပင်ပန်းဆင်းရဲခြင်းများ။ ပြီးတော့ ဝါးတွေကို သယ်ဆောင်လာကာ တောင်ပေါ်ချောင်းထဲက သဲကြမ်းဖြင့် ပွတ်ရသည်။ စိတ်ကြိုက်ပွတ်ပြီးမှ ဝါးမနာအောင်အဝတ်စဖြင့်ထုပ်ထားရသည်။ ယောက်ျားကြီးတစ်ယောက်၏ကြွက်သားနှင့် အားခွန်ဗလများ ပင်ပန်းကြီးစွာ ကုန်ခန်းရသည်အထိ မနားတမ်း ပြုပြင်ရသေးသည်။ ပိုက်ဆံလျှော်စေ့မှထွက်သည့်ဆီကို ဝါးတံမှာ အကြိမ်များစွာ သုတ်လိမ်းပေးရသည်။ ဝါးကြောများ သန်မာရန်နှင့် ဝါးမျှင်များမသေရန် ပိုက်ဆံလျှော်စေ့ဆီက အကောင်းဆုံးဖြစ်သည်။ ဆီဓာတ်က ဝါးကြောထဲ သံမှုန့်တွေ သိပ်ထည့်ပေးသလို သန်မာစေသည်။ နောက်ဆုံးမှ မီးကင်ကျပ်တိုက်ရသည်။ မီးဓာတ်နှင့် သံဓာတ်တို့ ဝါးကြောထဲမှ စိမ့်ဝင်နေကာ ဝါးတစ်ချောင်းလုံး မာချင်တိုင်း မာနေတော့သည်။ လေးကိုင်းတစ်ကိုင်းဖြစ်ဖို့ အခြားနည်းလမ်းများ ရှိကောင်းရှိနိုင်သော်လည်း သည်အချက်တွေကတော့ မပါမဖြစ် လုပ်ယူရသည့်နည်းဖြစ်သည်။

အဘိုးအိုက နစ်မျောနေသည့် အတွေးများဆီက သတိပြန်လည်လာသည်။ သူ့ဘေးက လူငယ်ကလေးကိုကြည့်တော့ အနားမှာ မရှိတော့။ လမ်းအောက်ဘက်ကို လှမ်းကြည့်လိုက်သည်။ အဘိုးအို၏ ကြမ်းတမ်းသော

ဥတုဒဏ်ခံ မျက်နှာကြီးက လေးကိုင်းကို ဆွဲငင်ဖို့ ကြိုးပမ်းနေသည့် ကလေးငယ်ကို တွေ့လိုက်ရတော့ အင်မတန် နူးညံ့သွားလေသည်။

"သခင်ကလေး"

မာလိက လှမ်းအော်သည်။

ဂျက်ဖရီက ခေါသံကြောင့်လမ်းနိမ့်ကလေးဆီက မော့ကြည့်သည်။ လေးကြိုးကို ကိုင်ထားရင်း မာလိလုပ်သလို ကြိုးတပ်ဖို့ ကြိုးစားကြည့်နေပြန်သည်။ ပခုံးထဲက အကြောတွေ ထုံးများသွား၊ လား အောက်မေ့ရအောင် ညှစ်ပြီး ဆွဲတင်သည်။ လေးကိုင်းက ညွတ်သည် ဆိုရုံကလေး။ လေးကြိုးတပ်မိဖို့ ဝေလာဝေး။ မာလိက လေးကြိုးတင်းသံကို ရပ်နေသည့်နေရာကပင် ကြားနေရသည်။

လေးကိုင်းဝါးကို နည်းနည်းလောက် လွှာပစ်လိုက်လျှင် သူ့ဟာသူ လေးကြိုးတင်နိုင် ကောင်းပါရဲ့။ ဂျက်ဖရီက လမ်းပေါ်က ပြန်တက်လာကာ အဘိုးအိုရှေ့မှာ ရပ်လိုက်သည်။ စိတ်လှုပ်ရှားစွာ မေးသည်။

"ကျွန်တော် လုပ်နေတာ မြင်ရဲ့လား မာလိ၊ ကျွန်တော် လေးကြိုးတင်နေတာလေ"

"တွေ့တယ်၊ ဒါပေမဲ့ မင်းအရွယ်နဲ့ လေးကြိုးတင်နိုင်အောင် လေးကို နည်းနည်းပြင်လိုက်မှ ပိုကောင်းမယ်လို့ တွက်တယ်၊ ဒါဆိုရင် မင်း ကောင်းကောင်း တင်လို့ရသွားပြီ"

"အို မဟုတ်တာ ပါးမပစ်ပါနဲ့ဗျာ"

ဂျက်ဖရီက လေးကိုင်းမည်းမည်းကြီးကို ချစ်မက်စွာ တယုတယ ပွတ်သပ်ရင်း ပြန်ပြောသည်။ အဘိုးအိုက ခေါင်းညိတ်သည်။ သည်လိုပြောလိုက်ရတာ သူ့ကိုယ်သူ အပြစ်ရှိသလို ခံစားလိုက်ရသော်လည်း တစ်ပိုင်းက သူစိတ်ချမ်းသာသည်။

နှစ်ယောက်သား တိတ်ဆိတ်ဆိတ်ဆိတ်ကလေး လျှောက်လာခဲ့ကြ

သည်။ မတ်စောက်သော ဆင်ခြေလျှောပေါ်မှာ ခန္ဓာကိုယ်တွေကို တည့်မတ်အောင် ထိန်းလျှောက်နေကြရသည်။ အလေ့အကျင့်ရနေသော တောင်ပေါ်သားတွေလို လျှောက်နေကြရ၏။ သည်မှာတင် ဂျက်ဖရီ အတွေးတစ်ချက် ရသွားသည်။

"နေဦး မာလီ မြားတံတွေကကော ဘယ်မှာလဲ"

မာလီက သည်မေးခွန်းအတွက် စိတ်အနှောင့်အယှက် မဖြစ်မိ။ သည်မေးခွန်း တစ်ချိန်ချိန်လာတော့မှာကို သူသိပြီးသားဖြစ်သည်။ သူ့ဘက်က မသေချာသေးတာ တစ်ချက်ပဲရှိသည်။ ဘယ်တော့မှ မြားတံတွေပေးနိုင်မလဲ ဆိုတာပဲဖြစ်သည်။

"မြားတံတော့ မင်းကို ပေးစရာမရှိသေးဘူးကွ့၊ ငါကလည်း လေးနဲ့ မြားနဲ့ အမဲမလိုက်တော့တာ ကြာပြီကော"

သည်စကားကြားရတော့ ဂျက်ဖရီ စိတ်ဓာတ်ကျသွားသည်။ အကြိရခက်သွားသလို အားငယ်သွားသည်။ သူ့မှာ မြားတံတွေ ရှိခဲ့ဖူးသည်။ တော်တော်တော့ ကြာပြီ။ သို့သော် မြားတံအစစ်တော့ မဟုတ်။ ကစားစရာ မြားတံ ကလေးတွေသာ ဖြစ်သည်။ လက်ဝယ်ပိုင်ပိုင်ရထားသည့် လေးတစ်ချောင်း အတွက် မြားတံကောင်းကောင်း ဘယ်လိုလုပ်ရမလဲဆိုတာ သူမသိ။ မြားတံနှင့်ပတ်သက်သည့် အသိလည်း မရှိ။ စွမ်းရည်လည်း မရှိ။

အဘိုးအိုကတော့ ကလေးစိတ်ထဲက ကသောင်းကနင်း ဖြစ်နေမှုကို ဖတ်တတ်နေသည်။

"အေးကွ့၊ မြားတံဘယ်လိုလုပ်ရမယ်၊ ပစ်မှတ်ကို တည့်တည့် ထိနိုင်အောင် ဘာတွေတော့ဖြင့် လုပ်ရမယ်ဆိုတာ ငါပြပေးမယ် ဟုတ်ပြီလား"

"ဘယ်တော့လဲ"

စိတ်လှုပ်ရှားစရာကောင်းသည့် မာလီ၏စကားကို အမိအရဖမ်းကာ သေချာအောင် ထပ်မေးသည်။

"အိမ်ရောက်ရင် လုပ်လို့ရမလား မာလီ"

မာလီက အားရပါးရ ရယ်သည်။

"ငါ့အလုပ်တွေ ရှိသေးတယ်လေကွယ်၊ မင်းကလည်း ကျောင်းတက်ရဦးမယ် မှတ်လား၊ ပြီးတော့ တောထဲသွားပြီး မြားတံလုပ်ရမယ့် အသားကောင်းကောင်း ရှာဖို့လိုသေးသကွဲ့၊ ဒါကလည်း ကြာမှာလေ"

"အလုပ်တွေ ထားလိုက်စမ်းပါ မာလီရာ၊ ကျွန်တော် ကျောင်းသွားတုန်း မြားတံတွေ လုပ်ထားရင်ရတာပဲ"

"မဖြစ်ပါဘူးကွယ်၊ ငါ့မှာ လုပ်စရာအလုပ်တွေရှိသေးတယ်၊ ဒါမှ တာဝန်ကျေမှာပေါ့၊ ပြီးတော့ ကျောင်းသွားတုန်း လုပ်ထားရင် မင်း ဘယ့်နှယ်လုပ်မြားတံ လုပ်တတ်တော့မလဲ"

အဘိုးအိုး၏ စကားလေသံက သူပြောတာ နောက်ဆုံးပဲ၊ ထပ်မကွန့်နဲ့တော့ဆိုသည့် လေသံမှန်း ဂျက်ဖရီသိသည်။ သို့သော် သူ့စိတ်မရှည်မှုကို သူမထိန်းနိုင်။

"မရဘူးဗျာ၊ လုပ်ပေးရမှာပဲ၊ အမေ့ကိုပြောမယ်၊ အမေ့ကို ခိုင်းခိုင်းရင် မာလီ လုပ်ရမှာပဲ"

ဂျက်ဖရီ၏ ကောက်ချက်ကို မာလီကောင်းကောင်း သဘောမပေါက်။ တကယ်တော့ သူသည် ဥယျာဉ်မှူး သို့မဟုတ် အစေအပါးတစ်ဦးသာဖြစ်သည်။ သည်အိမ်ကြီးမှာ မည်သူမဆို သူ့ကို ခိုင်းပိုင်ခွင့်ရှိသည်။ ကလေးတစ်ယောက်ပင်ဖြစ်ဦးတော့ စိတ်ကူးတည့်ရာ ခိုင်းခွင့်ရှိသည်။ သူကိုယ်တိုင်ကလည်း သည်အတွက် ဘယ်လိုမှ သဘောမထား။ ပြဿနာ မရှိ။ မိမိကိုယ်မိမိ နှိမ့်ချထားပြီးသားဖြစ်သည်။

တစ်ဖက်က သူသည် ဥယျာဉ်မှူးဖြစ်သည်။ အခကြေးငွေစား ပင်ပင်ပန်းပန်း လုပ်နေရသူဖြစ်သည်။ သူ့ကိုယ်ပိုင် အသိအမြင်အရ သူ့မှာ မာနတော့လည်း ရှိသည်သာ။ ဒါလောက်နှင့် လုံလောက်သည်။ ကလေးငယ်က မသိ

နိုးနားစွာ ရဲရဲတင်းတင်း ပြောလိုက်သည့်စကားက သူ့မာနကို အထိုက် အလျောက်ထိပါးသော်လည်း အပြစ်လို့တော့ မမြင်မိ။ သူ့မှာ သည်းခံခြင်းတရား၊ နှိမ့်ချခြင်းတရားရှိသည်။ ကလေးပြောလိုက်သည့် စကားနောက်ကွယ်မှာ ဒေါသဖြစ်စရာပါသော်လည်း သူ နားလည်ပေးနိုင်သည်။

"သခင်ပေါက်စကလေးရဲ့၊ မင်းစဉ်းစားတာက မျောက်များ လုပ်ကိုင်တွေးခေါ်တာမျိုးနဲ့ တူနေပါပကော့ကွဲ့။ ဆိုပါတော့ ငါက မင်းကို မြားတံတွေ လုပ်ပေးတယ်ဆိုပါစို့၊ ပျက်ချင်လည်း ပျက်မယ်၊ ကျိုးချင်လည်း ကျိုးမယ်၊ ဒါကို မင်းပြန်ပြင်တတ်ပါ့မလား၊ အသစ်တစ်ချောင်း မင်းဟာမင်း လုပ်ချင်လို့ကော ဖြစ်လာပါ့မလား၊ မင်းနောက်ကွယ်မှာ ငါက မင်းခိုင်းသမျှ လုပ်လုပ်ပေးနေရတာ ပြဿနာမရှိပေမယ့် မင်းအနေနဲ့ လေ့လာသင်ယူရတာကို ပျင်းရိငြီးငွေ့နေတာမျိုး မဖြစ်စေချင်ဘူး"

ပြောသာပြောရတာ သည်ကလေး မပျင်းတတ်တာ မာလီသိပါသည်။ မကြာမီရက်တွေထဲကပဲ တောထဲတောင်ထဲသွားကာ သစ်ပင်ပျိုကလေးတွေကို ထင်းဆိုက်ဖို့ ခုတ်တာ သူမြင်ခဲ့ဖူးသည်။ သည်သစ်ပင်တွေ၊ ထင်းတွေကို ဆင်ခြေလျောကုန်းစောင်းတွေဆီရောက်အောင် သယ်ကာ လှိမ့်ချတတ်သည်။ အိမ်ရောက်တော့ ပုဆိန်တစ်လက်ဖြင့် ထင်းပေါက်သည်။ ထင်းတွေရတော့ သူ့အရပ်လောက် ထင်းပုံကြီးဖြစ်အောင် စီစီရီရီ ပုံထပ်ထားတတ်သည်။ သူ့ဆုံးမစကားက သည်းမခံနိုင်လောက်တာ မှန်သော်လည်း တမင်သက်သက် ဆုံးမချင်လို့ ပြောလိုက်ခြင်းဖြစ်သည်။

"ဒါပေမဲ့ အဲ– မာလီရာ"

အဘိုးအိုက သူ့စကားကို ဆက်မပြောနိုင်အောင် လက်ကာပြလိုက်သည်။ သူစခဲ့သည့် ကိစ္စကို ပြီးပြေသွားအောင်လုပ်ဖို့ အခွင့်အရေး မပေးချင်သည့်သဘောဖြစ်သည်။

"အခု မင်းလက်ထဲရောက်နေတဲ့လေးဟာ ငါကိုယ်တိုင် ကျောက်တောင်

ကုန်းကလေးပေါ်မှာ သာသာနှာအလံကလေးချည်ပြီး ဝတ်ပြုဆုတောင်းနေကျ လေးကိုင်းပဲ၊ အခုတော့ မင်းဥစ္စာဖြစ်သွားပြီဆိုပါတော့၊ မင်းမှာ လေးတစ်စင်း ရှိနေပြီးခါမှ မင်းဟာမင်း မြားတံမလုပ်တတ်ဘူးဆိုရင် မြားတံလုပ်နည်း မသင်ယူချင်ဘူးဆိုရင် ငါသေသွားတဲ့အခါ မင်းကို ဘယ်သူက သင်ပေးမှာလဲ၊ မြားတံဆိုတာ ကျိုးလွယ်တယ်ကွဲ့"

သူ့အဘေးမှာ ရပ်နေသည့် ကလေးငယ်ကို ဖျတ်ခနဲ စွေကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ ဂျက်ဖရီက မျက်ရည်ကျလုနီးပါး ငိုချင်စိတ်ကို တင်းထားရပုံမျိုးဖြစ်သည်။ မျက်ဝန်းထဲမှာ မျက်ရည်လဲ့လဲ့ပြေးနေတာ မာလိ တွေ့နေရသည်။

မာလိတွေးတာမှန်သည်။ သည်လိုပြောလိုက်တော့ ကလေးမှာ အမှတ်ရစရာ သတိရအောက်မေ့စရာတွေ ရသွားနိုင်သည်။ ဒေါသဖြင့် ရိုက်နှက်သည့် ကြာပွတ်ဒဏ်ထက် ဝမ်းနည်းကြေကွဲခြင်းနှင့် အရှက်တရားကပေးသည့် ခံစားမှုက ပိုမိုသင်ကြားပေးနိုင်သည်။

"နေပါဦးလေ ငါကြည့်စမ်းပါဦးမယ် အိမ်ရောက်ရင် ငါ ဘာလုပ်နိုင်မလဲ မသိသေးပါဘူး။ ငါလုပ်စရာရှိတာလေးတွေပြီးသွားရင် မင်းအမေကို ငါမေးပါဦးမယ်၊ တောထဲကို ငါသွားမယ်ကွာ မင်းဖို့မြားတံလုပ်ဖို့ အသားလေး ဘာလေး သွားရှာမယ် ဟုတ်ပလား"

ဂျက်ဖရီက ခေါင်းညိတ်သည်။ သည်အချိန်အထိ ဂျက်ဖရီ တကယ့်ကို ညင်းပျောင်း ဖျော့တော့နေဆဲ။ အဘိုးအိုပြောခဲ့သည့်စကားတွေကို ပြန်တွေးနေပုံလည်း ရသည်။ အထူးသဖြင့် ငါသေသွားတဲ့အခါ ဆိုတာကို တွေးနေမိခြင်းဖြစ်သည်။ မာလိသေသွားခဲ့လျှင်...။ သည်အကြောင်း သူမတွေးချင်။ မာလိမရှိတော့သည့်နေ့ရက်တွေမှာ ဘာတွေဖြစ်လာမလဲဆိုတာလည်း သူမသိ။ မာလိအကြောင်းစဉ်းစားတာ သိပ်တော့မကြာလိုက်ပါ။ သူ့ခံစားမှုက လမ်းပေါ်ပြန်ရောက်သွားသည်။ လမ်းမကြီး ကျန်ရစ်ခဲ့ပြီ။ တောကြီးထဲ ဖြတ်ခဲ့ကြပြီ။

တစ်နေ့ရာရောက်တော့ မုန့်ဆီကြော်ပင်ကြီး၏ ကိုင်းတွေ တန်းတန်းကြီး ထိုးထွက်နေတာကို တွေ့လိုက်ရသည်။ ဂျက်ဖရီက လက်ညှိုးထိုးပြရင်း "အဲဒါတွေကော မာလီ" လို့မေးသည်။

"အဲဒါတွေက မြားတံလုပ်လို့ မရဘူးလား မာလီ"

"နိမ်း– သခင်လေးရဲ့၊ ပစ်လိုက်ရင် နှစ်ခြမ်းကွဲသွားမယ့် မြားတံမျိုး လိုချင်လို့လား"

မာလီက ရယ်မောရင်း ဖြေသည်။ သစ်တောထဲက ဖြတ်လာကာ လမ်းရိုးပေါ်ရောက်လာခဲ့ကြပြီ။ ဂျက်ဖရီက ကောင်းကင်ကိုမော့ကြည့်ကာ အကဲခတ်လေ၏။ တောင်ဖျားဘက်ဆီမှာ ကြက်မတစ်ဝပ်စာ ခဲသားရောင် မိုးသားပုံ့ပုံ့ကို မြင်နေရသည်။

"မာလီ ကြည့်ပေးပါဦး၊ သည်မိုးသားလေးက ကိုးနာရီမထိုးခင် လွင့်မသွားနိုင်ဘူးလားလို့"

မာလီက ပခုံးတွန့်လိုက်သည်။ ဒုက္ခခံပြီး မော့မကြည့်။

"ငါက သည်လို လောကထဲမှာ နှစ်ပေါင်းများစွာ နေခဲ့ဖူးပါတယ်၊ ဒါပေမဲ့ကွယ် နေ့ရက် ရာသီဥတုတွေ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာတော့ ငါလည်း ခုထိ မသိသေးဘူး"

သည်ဒေသမှာ နှစ်ပတ်လည် မိုးရေချိန်လက်မ ၂၀၀ လောက်ရှိတတ်သည်။ မာလီ ဒါမျိုးတွေ မသိ။ ဂျက်ဖရီမသိတာက မိုးလေဝသကို ကြိုတင်မခန့်မှန်းတတ်တာဖြစ်သည်။ မုတ်သုံရာသီ ကာလတွေထဲမှာပင် နေရောင်ခြည်တွေ ဖွေးဖွေးသာသာ ရှိနေတတ်သည်။ ကောင်းကင်ကြည်ကြည် ရှိနေတတ်သည်။ နီလာပြာ ကောင်းကင်ခုံးခုံးဆီက နေမင်း၏ အလင်းရောင်တွေ မိုးရေစိုကုန်းမြေတစ်ခွင်လုံး တဖျန်းဖျန်းကျနေတတ်တာတွေ ရှိသည်။ ဂျက်ဖရီ ဒါတွေ ဘယ်လိုက ဘယ်လို ဖြစ်ရတာလည်းဆိုတာ မသိ။

■

ရှစ်နာရီ ဆယ့်ငါးမိနစ်။ ကျောင်းတစ်ကျောင်းလုံးက ကျောင်းသားတွေ ဘုရားကျောင်း ဝတ်ပြုခန်းမကြီးထဲမှာ ပဒ္ဒ (ပျားတူ)အုံ တုတ်ထိုး ပွက်ပွက်ရိုက်နေသည်။ မနက်ခင်း ဆုတောင်းစည်းဝေး စတော့မည်။ မိုးတိမ်စောင်မည်းမည်းကြီးအောက်မှာ ဝရန်းသုန်းကား ဆုတ်ကြဖြိုကြတာမျိုးဖြစ်နေသည်။ ဝတ်ပြုနေချိန် တစ်ချိန်လုံး ဂျက်ဖရီက ကောင်းကင်မှာတွေ့နေရသည့် မိုးခုံးပြာပြာကြီး အကြောင်းကိုပဲ စိတ်ရောက်နေသည်။ ဘုရားရှိခိုးကျောင်းကြီး အတွင်းမှာတော့ လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော် ရုပ်တုကြီးကိုပဲ တွေးနေမိသည်။ အနိုပ်စက် အညှဉ်းပန်းခံ မဟာကရုဏာရှင် ဘုရားသခင်ထံ သူဆုတောင်းလိုက်သည်။ ခါတိုင်း ဆုတောင်းနေကျ ဆုတောင်းမျိုးထက် ပိုမိုလေးနက်စွာ ဆုတောင်းနေမိခြင်းဖြစ်၏။ တတ်သမျှ မှတ်သမျှ သဗ္ဗရန်ပေါင်း ဆုတောင်းနေမိတာကပဲ တော်တော်ကြာသည်။ ဆုတောင်းထဲမှာလေးကိုင်းလည်းပါသည်။ သူ့မှာမရှိသေးသည့် မြားတံတွေလည်း ပါသည်။ မိုးတိမ်တွေကို

ရှစ်နာရီ ဆယ့်ငါးမိနစ်။ ကျောင်းတစ်ကျောင်းလုံးက ကျောင်းသားတွေ ဘုရားကျောင်း ဝတ်ပြုခန်းမကြီးထဲမှာ ပဒ္ဒ (ပျားတူ)အုံ တုတ်ထိုး ပွက်ပွက်ရိုက်နေသည်။ မနက်ခင်း ဆုတောင်းစည်းဝေးစတော့မည်။ မိုးတိမ်စောင်မည်းမည်းကြီးအောက်မှာ ဝရုန်းသုန်းကား ဆုတ်ကြဖြိုကြတာမျိုးဖြစ်နေသည်။ ဝတ်ပြုနေချိန် တစ်ချိန်လုံး ဂျက်ဖရီက ကောင်းကင်မှာတွေ့နေရသည့် မိုးခုံးပြာပြာကြီးအကြောင်းကိုပဲ စိတ်ရောက်နေသည်။ ဘုရားရှိခိုးကျောင်းကြီးအတွင်းမှာတော့ လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော် ရုပ်တုကြီးကိုပဲ တွေးနေမိသည်။ အနိုပ်စက် အညှဉ်းပန်းခံ မဟာကရုဏာရှင်ဘုရားသခင်ထံ သူဆုတောင်းလိုက်သည်။ ခါတိုင်း ဆုတောင်းနေကျ ဆုတောင်းမျိုးထက် ပိုမိုလေးနက်စွာ ဆုတောင်းနေမိခြင်းဖြစ်၏။ တကယ်သမျှ မှတ်သမျှ သစ္စာရှုနဲ့ပေါင်း ဆုတောင်းနေမိတာကပဲ တော်တော်ကြာသည်။ ဆုတောင်းထဲမှာလေးကိုင်းလည်းပါသည်။ သူ့မှာမရှိသေးသည့် မြားတံတွေလည်း ပါသည်။ မိုးတိမ်တွေကို

ပယ်ရှားပေးတော်မူဖို့လည်းပါသည်။ ကျောင်းအုပ်ဆရာကြီးက ကျောင်းယာယီပိတ်ပေးဖို့ ခွင့်ပြုတော်မူပါရန်လည်း ပါသည်။ ဒါတွေအားလုံး ပြည့်စုံပါမှ မာလီနှင့် တောထဲလိုက်သွားကာ မြားတံခုတ်နိုင်မည်။

တကယ်တော့ နေမင်းကြီးနှင့်ပတ်သက်၍ ဆုတောင်းနေတာ သူ တစ်ယောက်တည်းမဟုတ်။ နာရီဝက်လောက်ကြာတော့ ဘုရားကျောင်းခန်းမထဲက ထွက်ကြရသည်။ စနစ်တကျ တန်းစီကြရသည်။ နေမင်းက ကျဲကျဲတောက် ပူနေလေ၏။ ဂျက်ဖရီကတော့ အုံမြူးနေလေသည်။ သူ့ဘေးကကပ်ပြီး လမ်းတွဲလျှောက်နေသည့် ဂျယ်ရီကို ဖျတ်ခနဲကြည့်လိုက်သည်။ သူ့သူငယ်ချင်း မျက်နှာပေါ်မှာတော့ ခံစားမှုတစ်စုံတစ်ရာ ရှိနေပုံမပေါ်။ တစ်ယောက်စီ လိုက်ကြည့်မိပြန်သည်။ ဂျွန်၊ ဒေဗီ၊ ကော်ကီ။ သူတို့ မျက်နှာတွေကလည်း ဘာတက်ကြွမျိုးမှမရှိ။ သည်ကောင်တွေ ဘာဖြစ်နေကြတာလဲ။ နေကြီးကျည်လောင် ပူနေတာ မသိလေကြရောသလား။

ဘုရားခိုးကျောင်းနှင့်လှမ်းသော ကျောက်သားအင်္ဂတေ ကားလမ်းဘက်ကို လျှောက်လာခဲ့ကြသည်။ သူ့ရှေ့မှာ အထက်အားကစားကွင်းပြန့်ကြီးရှိနေသည်။ ခါတိုင်းဖြစ်နေကျကိစ္စအားလုံး သည်နေရာမှာဖြစ်နေကျ။ သူ့နားတွေကို အားစိုက်ကာ နားစွင့်ကြည့်သည်။ ကြားဖူးနေကျအော်သံကို နားထောင်ကြည့်သည်။ မရှိ။ ဘာသံမှမရှိ။ ဒါဆိုရင် သူကပဲ စရတော့မည်ဆိုတာ ဂျက်ဖရီ သိလိုက်ပြီ။ အရင်က သည်လို စလုပ်ဖို့ သတ္တိမွေးတစ်ပင်မှမရှိခဲ့။ အခုတော့ စိတ်ပျက်အားငယ်ခြင်းကပဲ သူ့ကို တွန်းအားပေးနေသည်။ ကောင်းကင်ကို မော့ကြည့်ကာ ပင့်သက်ရှိုက်လိုက်ရင်း အော်လိုက်သည်။

"နေသာ အားလပ်ရက်၊ နေသာ အားလပ်ရက်[၁]"

---

၁။ မိုးရေချိန်လက်မ ၂၀၀အထက်ရှာသော မိုးများသည့် တောင်ခြေဒေသဖြစ်သဖြင့် ရှားရှားပါးပါးနေသာသည့်ရက်များတွင် နေသာအားလပ်ရက် (Sunny holiday) အခါအားလျော်စွာ ခွင့်ပြုတတ်ပါသည်။ ကျောင်းအုပ်ဆရာကြီး၏ ဆုံးဖြတ်ချက်အရ ပိတ်ပေးနိုင်ပါသည်။

ဂျက်ဖရီ မန္တန်တွေ ရွတ်နေခြင်းဖြစ်သည်။ ဂျယ်ရီက သူ့ကို အံ့သြတကြီး လှည့်ကြည့်သည်။

ဂျယ်ရီ့မျက်နှာမည်းမည်းကလေးမှာ မရှိသွားဖြဲ အက်ကြောင်းရာ တစ်ချက်ပေါ်ထွက်လာပြီးမှ သူပါ ကျူးအော်လေသည်။ တစ်အောင့်ကလေး အတွင်းမှာပဲ အားရပါးရ ဝိုင်းအော်လိုက်ကြသော လည်ချောင်းတစ်ရာ ဂါထာကျူးသံကြီး ဟည်းထွက်လာလေသည်။

"နေသာ အားလပ်ရက် နေသာ အားလပ်ရက်"

ရှေ့ဘက်ခပ်ကျကျဆီက ကျောင်းသားတချို့ကတော့ သွက်သွက်ကြီး လျှောက်နေကြသည်။ အတန်းကြပ်ကျောင်းသားက ရုတ်တရက် ဝေါခနဲ ထိုးအော်လိုက်သံကို သူ့နောက်ကကြားလိုက်ရတော့ ချက်ချင်းလိုလို ကောင်းကင်ကို မော့ကြည့်သည်။ ခေါင်းကို ဖြည်းဖြည်းကလေးခါလေ၏။ ဂျက်ဖရီကတော့ မျှော်လင့်ချက်ရဖို့ သိပ်တော့ ထည့်စဉ်းစားထားတာမရှိ။ သို့သော် သူတို့တောင်းဆိုချက်ကို အဖြေပေးရမည့်တာဝန်ရှိတာကိုတော့ သံသယမဲ့ သိထားသည်။ ကျောင်းစည်းမျဉ်းအရ ထူးထူးခြားခြား အားအင်သုံးကာ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ကိုင်စွဲလိုက်ခြင်းဖြစ်သည်။ အမြဲတမ်း တရားဝင် လုပ်နိုင်သည့် အခွင့်အာဏာ မဟုတ်သော်လည်း အချိန်ကာလအရ တောင်းဆိုနိုင်သည့် အခွင့်ထူးတော့ရှိသည်။ ပမာဆိုကြပါစို့။

သူတို့ ဟော်ကီကစားကြသည့်အခါ တစ်ဖက်အသင်းသားကို မတော်တဆ ဟော်ကီတုတ်ထိသွားတတ်တာမျိုး ရှိတတ်သည်။ သည်လို စိတ်ရောကိုယ်ပါ လွန်လွန်ကဲကဲဖြစ်သွားရတာမျိုးကို တစ်ဖက်က ခံလိုက်ရသော ကံဆိုးသူခမျာ စောဒက တက်နေတာမျိုးမရှိ။ သည်လိုပါပဲ။ တောခြေမှာ ဆေးခွစစ်တိုက်တမ်း ကစားကြသည့်အခါ ကိုယ့်လာထိတာမျိုး ရှိတတ်သည်။ ကိုယ့်ကြောင့် သူတစ်ပါးကိုထိခိုက်သည့်အခါ သက်ညှာရာသက်ညှာ ကြောင်း ပြောစရာမလိုသလို ကိုယ့်လာထိတော့လည်း ဘယ်သူကမှ လာ

တောင်းပန်နေတာမျိုး မရှိ။ သည်လိုအပြန်အလှန် နားလည်မှုဖြင့် သည်းခံရခြင်းက နေရာတော်တော်များများ၏ အစိတ်အပိုင်းလို ဖြစ်နေရပြီ။ သည်လွဲမှားမှုက အရှယ်ရောက်နေသည့် ထုံးတမ်းလေ့လို ဖြစ်နေခဲ့ပြီ။ သို့သော် နောက်ဆုံးရလဒ်ကတော့ ဘေးဒုက္ခကြုံရခြင်းမျိုးဖြင့် အဆုံးသတ်ရသည်ချည်း။

အခုလည်း အများကောင်းစားခွင့်ရလိုရငြား ဂျက်ဖရီအခွင့်အရေး စသုံးလိုက်ခြင်းဖြစ်သည်။ တစ်ခါတစ်ခါမှာတော့ သည်လို တောင်းဆိုမှုမျိုးလုပ်ဖို့ သူ့စိတ်က ငြင်းဆန်နေတတ်သည်။ ကျောင်းအုပ်ဆရာအိုကြီးကို အသပေးလိုခြင်းသာဖြစ်သည်။ နေသာကျောင်းပိတ်ရက်ပေးနိုင်ဖို့ နှိုးဆော်လိုက်ခြင်းသာ ဖြစ်သည်။

တိုးတိုးသက်သာ ချလိုက်ကြရသော သက်ပြင်းချသံများဖြင့် ကျောင်းသားအားလုံး ဂျက်ဖရီကို အကဲခတ်နေကြရတော့သည်။ ကျောင်းအုပ်ဆရာကြီး၏စာကြည့်ခန်းဆီက လျှို့ဝှက်ဆန်းကြယ်သောနက်ရှိုင်းမှုထဲမှာ ပျောက်ကွယ်သွားမည့် ဂျက်ဖရီ၏ ကံကြမ္မာကို စောင့်ကြည့်နေကြခြင်းဖြစ်သည်။ အခွင့်အလမ်း အနည်းအကျဉ်းလောက်သာ ခေါင်းအေးအေးထားကာ ဝင်လာနိုင်သည့် အခြေအနေဖြစ်သည်။ တံခါးမကြီးကတစ်ဆင့် ဝင်လာကြသည့် ကျောင်းသားအတော်များများမှာလည်း ကြောက်လန့်တုန်လှုပ်ခြင်းက ဖိစီးနေသလို ဖြစ်နေကြသည်။ ကျောင်းအုပ်ကြီးရုံးခန်းထဲက မှန်ဗီရိုထဲ ထည့်ထားသည့် မြောက်မြားလှစွာသော လက်ရွေးစင် ကြိမ်တံဖျာတွေကိုသာ မျက်စိထဲမြင်နေကြလို့ဖြစ်သည်။ သည်ကြိမ်တံဖျာတွေကလည်း တကယ်တော့ ကျောင်းသားတွေဆီက အခွင့်အာဏာအရ သိမ်းယူထားသည့် လက်နက်တွေဖြစ်သည်။ သည်ကြိမ်တွေက ဆေပိုင်ဂျူရာ ကြိမ်တောက အကောင်းဆုံးဆိုသည့် လက်ရွေးစင်ကြိမ်များဖြစ်သည်။

"မင်း ဘယ်လိုထင်သလဲ"

ဂျက်ဖရီက သူ့သူငယ်ချင်း ဂျယ်ရီကို တိုးတိုးမေးသည်။ ဂျယ်ရီက သူ့နှုတ်ခမ်းတွေကို လျှာဖြင့် လျက်သည်။ ပြီးတော့ ကောင်းကင်ကို မော့ကြည့်သည်။ တစ်ခါ လက်ပတ်နာရီကို ငုံ့သည်။ လက်သည်းတွေကို ကိုက်ရင်း ပခုံးတွန့်ပြလေ၏။

"မသိဘူး"

ကျောင်း အဆောက်အအုံတွေဘက်ကို မျက်နှာမူနေသည့် ကစားကွင်းကြီးပေါ်မှာ နေရောင်က ဖွေးဖွေးစောင်းစောင်း ထိုးကျနေသည်။

ဂျက်ဖရီကတော့ တစ်ဝက်တစ်ပျက် အမှောင်ရိပ်ကျနေသည့် စင်္ကြံလမ်းဘက်ကို မျက်တောင်တစ်ချက် မခတ်ဘဲ ငေးကြည့်နေသည်။ သည်နေရာက ကျောင်းအုပ်ဆရာအိုကြီး၏ စာကြည့်တိုက်ထဲက ထွက်ပေါ်လာမည့် အတန်းကြပ်ကျောင်းသားကို ပထမဆုံးမြင်နိုင်သည့် နေရာဖြစ်သည်။ သည်လောက် အကျဉ်းအကျပ်ဖြစ်နေရသည့်အထဲမှာ နောက်ထပ်ရင်ဖိုစရာကိစ္စတစ်ခုက ပေါ်လာပြန်သည်။ ကျောင်းခေါင်းလောင်း။ ကျောင်းအုပ်ဆရာကြီး၏ ဆုံးဖြတ်ချက် ပေါ်ထွက်မလာမီ စူးရှကျယ်လောင်စွာ ထွက်ပေါ်လာသည့် ခေါင်းလောင်းသံကြီးဖြစ်၏။ အရာရာတော့ သွားပါပြီ။ တစ်ခါတစ်ခါတော့ အတန်းကြပ်ကျောင်းသားကို ထွက်ခွာခွင့်ပြုချိန်မတိုင်မီ မိနစ်အနည်းငယ်လောက် အထိ စောင့်ဆိုင်းပေးတတ်တာမျိုးတော့ ရှိခဲ့ဖူးသည်။

သည်အချိန်ကလေးမှာပဲ သူမျှော်ကြည့်နေခဲ့ရသည့်အရာကို တွေ့လိုက်ရသည်။ မြင်နေကျ အတန်းကြပ်ကျောင်းသား၏ ကိုယ်ဟန်က ကျောင်းအုပ်ဆရာအိုကြီး၏ စာကြည့်တိုက်ထဲက ထွက်လာတာ သူ အပ်ကျမပ်ကျ မြင်လိုက်သည်။ ဂျက်ဖရီ့နှလုံးသားက စိတ်ပျက်အားငယ်မှုဖြင့် တုန်လှုပ်ချောက်ချားသွားသည်။ သူစောင့်ကြည့်နေသည့် အတန်းကြပ်ကျောင်းသား ထွက်လာဟန်က စိတ်ပျက်လက်ပျက် ခြေလှမ်းများဖြစ်နေတာ မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။ ဂျက်ဖရီက ဂျယ်ရီကို မျက်လုံးကလေး ထောင့်ကပ်ကာ

လှည့်ကြည့်လိုက်တော့ အတန်းကြပ်ကျောင်းသားက စောစောက ပုံမျိုး မဟုတ်တော့ပြီ။ စကြိုလမ်းပေါ်မှာ ခုန်ပေါက်ထွက်လာတာမျိုး ဖြစ်နေသည်။ ပြေးလာရာလမ်းတစ်လျှောက် အမြင့်ကြီးခုန်လိုက်၊ မိုးကြိုးလျှပ်စီးချုန်းသံမျိုး ဖြင့် အော်လိုက်။ လေထဲမှာများ လွင့်ပျံနေသလား ထင်ရသည်။ လည်ပင်းမှာ ပတ်ထားသည့် နက်ကတိုင်ကို ဆွဲဖြုတ်ပစ်လိုက်တာကို တွေ့လိုက်ရသည်။ သူ့နောက်ကကျောင်းသား၏ အသံစူးစူးမြင့်မြင့်ကြီးတင်ကာ အော်လိုက်သံ ကို ကြားကြရသည်။

"အလကားကွ အတန်းကြပ်က ဟန်ဆောင်နေတာ"

ဂျက်ဖရီက သည်တော့မှ ထခုန်ကာ အသံနက်ကြီးဖြင့် အော်လေ၏။ နက်ကတိုင်ကို လက်ဖြင့် ကုတ်ခွာကာ ချွတ်သည်။ ပါးစပ်ကလည်း အခြား ဝရုန်းသုန်းကား အော်သံမြူးထူးသံများနှင့် ရောထွေးသွားအောင် အော်ရင်း ပူးပေါင်းပါဝင်လိုက်သည်။ ကျောင်းပိတ်ပေးလိုက်ပြီ။

"မွန်ဂေးလ်ဘက်ကို သွားကြမလား"

ဂျယ်ရီက လှမ်းမေးသည်။ အတန်းကြပ်ကျောင်းသားက သူတို့ဘက် လာနေတာကို ဂုဏ်ပြုလိုက်သည့် အော်သံတွေက ကျယ်သည်ထက် ကျယ် လောင်နေတော့ ဂျယ်ရီ့စကားကို သူတစ်ယောက်တည်း ကြားရခြင်းဖြစ် သည်။

မွန်ဂေးလ်ဆိုတာ ရွှံ့စပ်စပ် ရေနောက်နောက် ကန်ကလေးကို ပြောနေ ခြင်းဖြစ်သည်။ မာလ်ဘီဆီက လေးနှင့် မြှားဆိုတာ မရခင်က သည်မွန်ဂေးလ် ရေကန်က သူ့အကြိုက်ဆုံး အစွဲလမ်းဆုံး သွားနေကျနေရာကလေး ဖြစ် သည်။ အခုတော့ မွန်ဂေးလ် သူ့ကို မဆွဲဆောင်နိုင်တော့။ ဂျက်ဖရီက ခပ် သွက်သွက် ခေါင်းခါပြလိုက်သည်။

အခုတော့ သူ့အတွေးထဲမှာ မြှားတံတွေပဲရှိသည်။ လေးကိုင်းက လွှတ် လိုက်သည့် မြှားတံတွေက ပျားပိတုန်းတွေလို ဝီခနဲ အော်မြည်သွားအောင်

ဒေါသမာန်ထနေသည့် ပဆုပ်ပနီကောင်တွေလို ထိုးထွက်သွားအောင် ပစ်ချင်စိတ်တွေသာ ရှိနေသည်။

"ဂျယ်ရီရေ ငါတော့ ပြေးတော့မယ်"

ထူထဲထဲ ကျပ်ညပ်နေသည့် ကျောင်းသားတွေထဲက တိုးထွက်လိုက်ရင်း ဂျယ်ရီ့ကို ခပ်သွက်သွက်အော်ပြောခဲ့သည်။ ကျောင်းသားထု နည်းနည်းပါးသည့်နေရာရောက်တော့ တဒိန်းဒိန်းခုန်နေသည့် နှလုံးစည်းချက် အမြန်နှုန်းအတိုင်း ဖနောင့်ဆောင့်ကာ ပြေးထွက်လာခဲ့လေသည်။

■

ပန်းစိုက်ခင်းများနှင့် ဝေးသည့်နေရာကို ရောက်နေသည့် မာလီနှင့်တွေ့ဖို့ တစ်နာရီလောက် အချိန်ပေးလိုက်ရသည်။ သည့်နောက်တော့မှ အိမ်နောက်ဘက် တောင်ကုန်းကလေးပေါ်ကို နှစ်ယောက်သား တက်လာဖြစ်ကြသည်။ မတ်စောက်သော ခပ်ထိုင်းထိုင်း မြက်ခင်းများကို တွန့်တီတွန့်ကောက် တက်လာခဲ့ကြသည်။ သူတို့လက်တွေကို အသုံးမချလိုက်ရဘဲ မေချုံပုတ်များကြားက လမ်းကလေးဆီကို အေးအေးသက်သက် ရောက်လာခဲ့သည်။ သည်မေချုံပုတ်ကလေးတွေက ကျောင်းအုပ်ဆရာကြီး အိမ်ဘက်အထိ အတန်းလိုက်ပေါက်နေကြသည့် ချုံများဖြစ်သည်။ ဂျက်ဖရီက တစ်ခါတစ်ခါ သည်ချုံတွေကို ဘာဖြစ်လို့များ မေချုံပုတ်လို့ ခေါ်ကြတာပါလိမ့်လို့ တွေးနေတတ်သည်။ ချုံပင်တွေပေါ်မှာ ဩဂုတ်လနောက်ပိုင်းဆိုလျှင် အပွင့်ဖြူဖြူသေးသေးကလေးတွေ ပွင့်တတ်တာကြောင့်များလား။ သည်ကိစ္စကို အရင်က မာလီကို မေးခဲ့ဖူးသည်။ မာလီက သည်အပင်တွေကို အခြားနာမည် တစ်မျိုးနှင့်

သိနေသော်လည်း ဘာကြောင့် သည်လိုခေါ်မှန်းတော့ သူလည်း မသိဟု ဆိုသည်။

ဂျက်ဖရီက ဘယ်ကိစ္စမဆို အမေ့ကို မေးတတ်သည်။ သည်ကိစ္စနှင့် ပတ်သက်လို့ မေးဖို့ရည်ရွယ်ထားသော်လည်း မေ့နေတာများသည်။ အိမ်ရောက်လာလျှင် အရေးတကြီးကိစ္စများ၊ ဗာဟီရကိစ္စများနှင့် နပန်းလုံးနေရတာနှင့်ပဲ မေးခွန်းတွေ ပျောက်သွားတတ်သည်။ သူ့နားထဲမှာ ပျားကောင်များ၏ တဝီဝီ ပျံသန်းနေကြသံတွေကို ကြားနေရသည်။ ခြံစည်းရိုးတန်းဘက်ကို ဖြတ်သွားလျှင် ပျားအကောင်ခတ်သံတွေ မကြားချင့်အဆုံး။ သည်အခါမျိုးတွင် သူ့လက်တွေကို သဘာဝစိတ်အားဖြင့် နောက်ကျောဘက်က သိုင်းဖက်ကာ ကာကွယ်ထားပြီးသား ဖြစ်နေတတ်သည်။ လွန်ခဲ့သည့် နှစ်နှစ်လောက်က သူ့ကို ပဆုပ်ပနီအတုပ်ခံရဖူးသည်။ မီးစနှင့် ထိုးလိုက်သလို အဆိပ်ပြင်းပြင်း နာကျင်မှုကို သူဘယ်တော့မှ မမေ့နိုင်။

ဒါမျိုးက ပွဲကြီးပွဲကောင်းဖြစ်သည်။ ကိုယ့်ဘက်က လျင်မြန်ဖို့လိုသည်။ သစ်ပင်တစ်ပင်ပင်ပေါ်မှာ ပဆုပ်ပနီအုံကို တွေ့လျှင်၊ အပေါ်အင်္ကျီကို ပထမ ချွတ်ပစ်ရမည်။ အင်္ကျီလက်တွေကို ဆုပ်ကိုင်ပြီး ခေါင်းပေါ်ကိုရောက်အောင် မြှောက်တင်လိုက်ရမည်။ ပြီးတော့မှ ပဆုပ်ပနီအုံကို အင်္ကျီဖြင့် ရုတ်တရက် ရိုက်ချပစ်ဖို့ လိုသည်။ သည်လိုလုပ်နိုင်မှ ပဆုပ်ပနီကောင်တွေ ဘာမှ လုပ်နိုင်ချိန်မရတော့ဘဲ ကိုယ့်ဘက်က အသာစီးရနိုင်သည်။ ကိုယ့်ဘက်က စတင်စိတ်အနှောင့်အယှက်ပေးလိုက်သည့် သဘောဟု ဆိုနိုင်ပါသည်။

သည်လိုရိုက်ချလိုက်လျှင် ပဆုပ်ပနီတွေ တစီစီအော်ရင်း ခြေထောက်အောက်မှာ တဖွားဖွားကျလာလိမ့်မည်။ သည်အချိန်မှာ အင်္ကျီဖြင့် တဖုန်းဖုန်း ရိုက်ချလျှင်ချ၊ ခြေထောက်ဖြင့် ဖိနင်းချင်နင်း။ ပဆုပ်ပနီတွေ ထမပျံခင် ကိုယ့်ဘက်က မြန်နိုင်လေကောင်းလေ။ သည်ကောင်တွေက အမြဲတမ်း လာတတ်သည်။ တစ်ကောင်မဟုတ် တစ်ကောင် အမြဲတမ်းရှိတတ်သည်။ ကိုယ့်

ဘက်က လက်ဦးမှုရပါမှ၊ ကျွမ်းကျင်ပါမှ သည်အကောင်တွေကို သုတ်သင် ဖယ်ရှားပစ်နိုင်သည်။ ပဆုပ်ပနီအုံကိုပါ ဖယ်ရှားပစ်နိုင်သည်။ သည်အကောင် တွေကို ဂျာမန်လေယာဉ်ပျံတွေလို့ အမြဲတမ်း စဉ်းစားထားဖို့လိုသည်။

"မင်း အမဲဆီရော ပါလာရဲ့လားကွဲ့"

ဂျက်ဖရီက ခေါင်းညိတ်ပြသည်။ အိတ်ကပ်ထဲက ခပ်ဖောင်းဖောင်းအရာ ကို လက်နှင့်ဖိပြသည်။ မာလီက သူ့ကို ဖယောင်းဆီတစ်ဘူး ယူလာဖို့ မှာ ထားသည်။ ဖယောင်းဆီ ဘယ်ကမှ ရှာမရတော့ သူ့အိတ်ထဲ ခေါင်းလိမ်းဆီ ဘူး ထည့်လာခဲ့ခြင်းဖြစ်သည်။ သည်ဘူးကို ယူလာဖို့ မလာဖို့ သူ နှစ်ခါ လောက် စဉ်းစားခဲ့ရသေးသည်။ တကယ်တော့ ပင်ကိုအားဖြင့် သည်ဘူးကို ယူလာဖို့ နမြောသည့်ကြားက မြားတံလုပ်ရမှာသုံးဖို့ဆိုတော့လည်း မတတ် နိုင်တော့။ ယူလာရတော့သည်။ မေချုံပုတ်တန်းကို ကျော်လာခဲ့ကြပြီ။ သစ် တောဘက်ကို တည့်တည့်လျှောက်လာကြသည်။ အိမ်မှ အချင်းဝက် ငါးမိုင် ပတ်လည်အတွင်းရောက်လာသည့်အခါ ဂျက်ဖရီက စိုထိုင်းထိုင်း ခြေထောက် များ၏ တစ်လက်မချင်း ခရီးရောက်မှုကို သိလာခဲ့သည်။ သည်နေရာက လွန်လာတော့ ဆယ်မိုင်လောက်ရှည်သည့် ကျောက်ခင်းလမ်း လိမ်ကောက် ကောက် 'ကတန်' နှင့် 'ဆိုနာဒါ' ကိုဖြတ်တက်လာပြီး လမ်းဆုံးမှာ ဒါကျီလင် မြို့ကို ရောက်သွားနိုင်တာကို သိနေသည်။ ကစဉ့်ကလျားဖြစ်နေသည့် ခပ် စန့်စန့် လှည်းလမ်းဖွေးဖွေးက အနိမ့်ကွင်းပြန့်ဆီကို ဆက်ဆင်းသွားတာကို လည်း ဂျက်ဖရီ သိပါသည်။

နောက်ထပ် နာရီဝက်လောက်ကြာတော့မှ အဘိုးအိုရှာနေသည့် အရာကို တွေ့ရတော့သည်။ အဘိုးအိုက ဓားကောက်ကိုထုတ်ကာ ဝက်သစ်ချလို သစ်မာပင်တစ်ပင်ကို ခုတ်ယူလိုက်သည်။ ပင်မကိုင်းကြီးမှ ခွဲထွက်သော ကိုင်းအတက်တွေကို ခုတ်ခြင်းဖြစ်သည်။ သည်ကိုင်းတွေက သစ်တော တစ်တောလုံးမှာ အဖြောင့်ဆုံးနှင့် အသန်မာဆုံးသစ်ကိုင်းတွေဖြစ်သည်။

"မြားတံ ဘယ်နှချောင်းလောက် ယူချင်သလဲ"

ဂျက်ဖရီကလည်း သူ့ဓားကောက်ကိုထုတ်ကာ သစ်ပင်ဆီသို့ ချဉ်းကပ်လာခဲ့သည်။

"ဆယ်ချောင်းလောက်ဆို ရလောက်ပြီလား မာလီ"

အဘိုးအိုက ရယ်သည်။

"ကွယ် ခြောက်ချောင်းလောက်ဆို တော်ရောပေါ့၊ ထပ်မခုတ်နဲ့တော့"

လက်ထဲက ဓားကို ဂရုတစိုက်ကိုင်ကာ ကိုင်းတွေကို ရှင်းရှင်း တိခနဲ တိခနဲ ဖြတ်ချသည်။ သစ်စိမ်းကိုင်းတွေထဲကို သံမဏိဓားသွားက ကွင်းကလေးတွေဖြစ်အောင် ရှမ်းခနဲ ရှမ်းခနဲ လွှာပစ်နေသည်။

"မင်းဓားကောက်ကို သွားထားလိုက်စမ်း သခင်ပေါက်စကလေး၊ ပြီးတော့ ကျောက်တုံးနှစ်တုံးကြားမှာ မီးမွှေးထား၊ ကျောက်တုံးချွန်ချွန် သွယ်သွယ်တွေကို တစ်တုံးနဲ့တစ်တုံး လေးပေလောက် ကွာအောင် ချထားလိုက်၊ မီးမြိုက်ဖို့ သစ်ရွက်မခြောက်တခြောက်တွေ မီးဖိုနားမှာ ပုံထား"

ဂျက်ဖရီက ကျောက်တုံးတွေသွားရှာစဉ် မာလီက သစ်ကိုင်း ခြောက်ကိုင်း ဖြတ်ယူလာခဲ့သည်။

မာလီက သစ်ကိုင်းတွေကို သေသေချာချာ ရွေးချယ်သည်။ အချင်းတူ အရှယ်တူဖြစ်အောင် တစ်ချောင်းနှင့်တစ်ချောင်း တိုက်ကြည့်သည်။ ခြောက်ချောင်းစလုံး အလုံးတူ၊ အရှည်တူ၊ ပုံစံတူ။ ဓားကောက်ကို ဓားအိမ်ထဲ ထိုးထည့်လိုက်သည်။ ဂျက်ဖရီ မီးမွှေးနေသည့် ကျောက်တုံးမီးဖိုဆီကို မြားတံစိမ်းတွေ သယ်လာခဲ့သည်။ ကျောက်တုံးနှစ်တုံးကို နည်းနည်းစိကွာသွားအောင် ထပ်ချလိုက်ပြီး မီးတောက်များအောင် သစ်ရွက်ခြောက်တွေ ထပ်ထည့်လိုက်သည်။ ပြီးတော့မှ မြားတံတွေကို တံစို့ကင် ကင်သည်။ တဖျစ်ဖျစ် မြည်သံတွေထွက်ပေါ်လာသည်။ စူးရှနံ့စော်သည့် ထင်းရှူးဆီနံ့က တထောင်းထောင်း ထလာခဲ့သည်။ မီးခိုးမှိုင်းတွေက အူထနေလေ၏။

"အမဲဆီ ပေးတော့"

မာလီက လက်ကမ်းသည်။ ဂျက်ဖရီက သူ့အိတ်ထဲက ခေါင်းလိမ်းဆီ ဘူးကို ထုတ်ပေးလိုက်သည်။ မာလီက လက်ခံယူရင်း အဖုံးမဖွင့်ဘဲ ခပ်ဖြူဖြူ အနှစ်တွေကို သေသေချာချာကြည့်သည်။

"ဘာတွေလဲကွဲ့၊ သေချာပါတယ်ကွာ ဒါဖယောင်းဆီ မဟုတ်ပါဘူး"

"ကျွန်တော် ဖယောင်းဆီရှာတာ မတွေ့လို့ဗျ၊ ဒါလည်း ကင်လို့ပြုလို့ ကောင်းမှာပါ မာလီရ၊ ကျွန်တော်တို့ ကျောင်းသားတွေ ကြိမ်မီးကင်ရင် ဒါနဲ့ သုံးတာပဲ၊ ကောင်းလိုက်တာမှ "

"ဒါက ဘာမို့လို့လဲ"

မာလီက သေချာအောင် ထပ်မေးသည်။ ဘူးပေါ်က အမှတ်တံဆိပ်တွေ ကို မာလီ သိပုံမရ။ စားစရာ သောက်စရာတစ်ခုခုလို့တော့ ထင်ပုံရသည်။

"ခေါင်းကို လိမ်းရတာ မာလီရဲ့"

ဂျက်ဖရီက ဘူးကိုယူကာ တစ်ကော်ယူလိမ်းပြလိုက်သည်။ မာလီက ဘူးကို ပြန်ယူပြီး နမ်းကြည့်သည်။ မွှေးပျံ့သည့်အနံ့က ဝေ့ဝဲလာသည်။ သူ့လက်ချောင်းတွေကို ခေါင်းလိမ်းဆီ အနှစ်တွေထဲနှစ်ပြီး လက်မနှင့် ပွတ် ကြည့်သည်။ ပြီးတော့မှ သူ့နှုတ်ခမ်းပါးကလေးအထက်က ခပ်ပါးပါးကျဲကျဲ နှုတ်ခမ်းမွေးကို လိမ်းလေ၏။ လက်မှာပေနေသည့် ခေါင်းလိမ်းဆီမွေးကို ကြည်ကြည်နူးနူး ထပ်ကာထပ်ကာ နမ်းရင်း ဘူးကိုဘေးနားချထားလိုက် သည်။

"သည်လို မွှေးတဲ့ဆီမျိုးနဲ့ ကျပ်တိုက်ရမှာ နမြောစရာပါကွာ"

မာလီက ဝေဝေဝါးဝါးပြောသည်။ ဆီမွှေးလိမ်းလိုက်မိတော့ သူ့ ငယ် ဘဝကို သူပြန်သတိရသွားပြန်သည်။ မိန်းကလေးမျာ စောစောစီးစီး ဖျားနာ ခြင်းသာ မခံစားခဲ့ရလျှင် သူနှင့် လက်ထပ်ဖို့ ရည်ရွယ်ထားပြီးဖြစ်သည်။ မိန်းကလေးကလည်း သူ့မေတ္တာကို လက်ခံနိုင်မည်ဆိုတာ သူသိပါသည်။

သူ့ဆံပင်မည်းမည်းမှာ အခုလိမ်းလိုက်သည့် ဆီမွှေးမျိုးသာ တစ်ချိန်က လိမ်းခွင့်ရခဲ့လျှင် မိန်းကလေး ပိုလို့တောင် သဘောကျနေလိမ့်မည်ထင်၏။ ဝမ်းနည်း ကြေကွဲမှုဖြင့် လှုပ်ခတ်သွားတတ်သော ပြန်လည်အောက်မေ့ခြင်း ဝေဒနာက သတိရတိုင်းပြည့်လျှံလာတတ်သည်။ သူ့ဆံပင်တွေ သိပ်ကြာကြာ မည်းနက်ချိန် မရခဲ့တာကိုလည်း သတိရမိသေး၏။

"ငါလုပ်တာ ကိုင်တာကို လိုက်ကြည့်"

မြားတံချောင်းကလေးတွေကို မီးကင်ပေးနေသည်။ ကျောက်တုံးနှစ်တုံးကြားမှာ မြားတံကလေးတွေ ခွတင်ထားရင်း လှည့်လည်ပေးနေခြင်း ဖြစ်သည်။ မီးပေါ်မှာ ငါးမိနစ်လောက်ကြာအောင် ထားလိုက်၊ လှည့်လှည့်ပေးလိုက်။ အောက်ကလည်း မီးမပြတ်အောင် အမှိုက်ခြောက်တွေထည့်ထည့်ပေးသည်။ ခေါင်းလိမ်းဆီဘူးထဲက ဆီမွှေးနည်းနည်းကော်ယူကာ လက်ဖဝါးထဲ ထည့်ပွတ်သည်။ မီးကင်ထားသည့် ပထမဆုံးမြားတံပူပူကို ကောက်ယူကာ လက်ဖဝါးထဲက ဆီဖြင့် လူးသွားအောင် ပွတ်သည်။ မြားတံ တစ်ပတ်လည်အောင်ပွတ်သည်။ မြားတံတစ်ချောင်းလုံး နှံ့အောင်ပွတ်သည်။ အားလုံးနှံ့သွားတော့ တင်ပါးချထိုင်လိုက်သည်။ မီးတောက်ကို ထိန်းထားရင်း မြားတံကို လှည့်ကာ လှည့်ကာ အပူပေးနေပြန်သည်။

"မီးဟာ သည်လောက်ရှိရမယ်၊ သစ်ထဲက သစ်စေးတွေ ဖယ်ထုတ်ပြီး ဆီတွေ အသားတွေထဲ စိမ့်ဝင်အောင်လုပ်နိုင်မှ မြားတံဟာ မာတယ်၊ သန်တယ်၊ မီးမထိမိတဲ့နေရာမရှိမှ ကောင်းတယ်"

"ဘယ်လောက်လောက်ကြာအောင် လုပ်ရတာလဲ မာလီ"

"အိုး အကြာကြီးပေါ့ကွယ်"

"ပြီးရင် ဝက်ဝံဇာတ်လမ်းပြောပြဦးနော် မာလီ"

"အေး"

■

နေ့လယ်ခင်းလောက်ရောက်မှ သူတို့အိမ်ပြန်ရောက်ခဲ့ကြသည်။ အဘိုးအို တောင်ပေါကြ ဂရုစိုက်ဆင်းသည်။ ဂျက်ဖရီကတော့ တွန့်ချိုက်တွန့်ကောက်လမ်းကို အပြေးကလေးဆင်းလေ၏။ ရင်ဘတ်မှာ သူ့အတွက် အဖိုးတန်လှသည့် မြားတံကလေးတွေ ပိုက်လျက်။ ပထမဆုံးလုပ်သည့်အလုပ်က ကျကျနနကြီး ထိုင်ချလိုက်ခြင်းဖြစ်သည်။ မြားတံတွေရတာကိုပဲ ကျိတ်ပြီး ကြည်နူးနေမိသည်။ အရှိန်ကောင်းကောင်း လျှောထိုးဆင်းလိုက်ဖို့ စဉ်းစားမိသော်လည်း ကျောဘက်က ကြိမ်ဒဏ်တွေကို သတိရသွားသည်။

အခေါက်ခွာထားသည့် မြားတံတွေက သူ့လက်ထဲမှာ ချောမွတ်နေလေသည်။ အပြစ်အနာအဆာမရှိအောင် တစ်ချောင်းချင်း တစ်ချောင်းချင်း စစ်ဆေးသည်။ ကြည့်စမ်း ဖြောင့်တန်းသွယ်လျနေလိုက်တာများ။ သူနှင့် မာလီ မြားတံလှလှကလေးတွေ အတူတူ

လုပ်ခဲ့ကြပြီ။ မြားတံတစ်ချောင်းချင်းမှာ ထွင်းမြောင်း လေးကြောင်းစီပါသည်။ မြားတံပတ်လည်လေးနေရာမှာ မြောင်းလေးမြောင်း ညီညီညာညာရှိနေသည်။ ပြီးတော့ မြားထိပ်များအထိရှိနေသော မျှော့ကြောင်းမြောင်းရှည်တွေ။ ဒါက လူက လုပ်ထားတာမဟုတ်။ ဝက်သစ်ချသစ်မာ၏ ပင်ကိုထူးခြားမှုဖြစ်သည်။ ဂျက်ဖရီက မျှော့ကြောင်းများအတိုင်း ညစ်ပတ်ပေရေနေသည့် လက်သည်းများဖြင့် စုန်ချည်ဆန်ချည် လိုက်ကြည့်နေမိသေးသည်။ မာလီကိုယ်တိုင် ကောင်းပေ့ဆိုတာကို ရွေးခဲ့သည့် မြားတံတွေ။ ဂျက်ဖရီက တလှုပ်လှုပ် ဆင်းလာနေသည့် မာလီ့ကို လှမ်းကြည့်ရင်းစောင့်နေသည်။

ညနေပိုင်းမှာတော့ တောင်ဘက်ဆီကမိုးတိမ်တွေရှင်းသွားသည်။ ဂျက်ဖရီကတော့ အမှောင်ကောင်းကင်ကြီးကို သတိပင်မမူမိတော့။ တစ်နေ့ခင်းလုံး တစ်ညနေလုံး သစ်စိမ်းချောင်းတွေက တကယ့်မြားတံတွေ ဖြစ်သွားခဲ့ရတာကိုပဲ ပြန်လည်အောက်မေ့နေမိသည်။ တဖြည်းဖြည်း ပြောင်းပြောင်းသွားသည့် မြားတံတစ်ချောင်း၏ဖြစ်စဉ်ကို အစအဆုံး သူအမှတ်ရနေသည်။

တစ်ခါမှာတော့ မာလီက မြားတံ၏ ခပ်တုတ်တုတ် အရင်းပိုင်းကိုပြသည်။ သစ်သားချောင်းကို ဖြည်းဖြည်းချင်း တယုတယ ပွတ်သပ်နေရင်းက ပြခြင်းဖြစ်သည်။

မြားတံထိပ်ဖူးတွေနှင့် ပတ်သက်လို့တော့ ဂျက်ဖရီ ပြဿနာဖြေရှင်းဖို့ လုပ်နေရသည်။ ခရစ်ကက်ဘက်တံက သံမဏိငုတ်ကို မြားတံထိပ်ဖူးမှာ တပ်ဖို့မတပ်ဖို့ စဉ်းစားနေရသည်။ သည်ခရစ်ကတ်ဘက်တံက သူမွေးနေ့ တစ်နေ့မှာ လက်ဆောင်ရခဲ့သည့် ဘက်တံ။ နှမြောတာတော့ မဟုတ်။ ခရစ်ကက်ဘက်တံက လက်ရှိ သူ့အရွယ်မှာသုံးဖို့ သိပ်ကို ငယ်လွန်းနေသည်။ သည်အတွက် ဖျက်ချိုးပစ်ရမှာ သိပ်တော့ စိတ်ထိခိုက်စရာမရှိ။

မြားတံထိပ်ဖူးတွေမှာ သံမဏိစူးချွန်ကလေးတွေ အဘိုးအိုကပဲ တပ်ပေးရတော့သည်။ မြားတံတစ်ဖက်စွန်းမှာတော့ အဖပ်ကလေးတွေ တစ်ဖပ်စီကို

ထပ်သွားအောင် သံရိုက်သည်။ နောက်လန်နေသည့် အတက်ကလေးတွေကို ပုံဖော်နေခြင်းဖြစ်၏။ ထိပ်ဖူးသံချွန်ကို မြဲအောင် ဝက်အူကလေးတွေ စွဲပြန်သည်။ မြားတံကိုဖောက်ကာ ဝက်အူက သံမဏိထိပ်ဖူးကို ဆွဲညှစ်ပစ်လိုက်တော့ သေချာသွားပြီ။

မြားမြီးကတော့ ဘဲငန်းတောင်များကို သုံးရသည်။ မြားတံဖင်ဘက်က အသားကို ထက်ခြမ်းခွဲကာ ငှက်တောင်ငန်းတောင် တစ်ဝက်မြုပ်အောင် စိုက်ထည့်သည်။ ပထမအဆင့်က မြားဖင်ဘက်က မြောင်းတိမ်တိမ် (မျှောကြောင်းတိမ်တိမ်) ကလေး သုံးခုထွင်းသည်။ မြားဖင်ထိပ် တစ်လက်မခွဲနေရာလောက်မှာဖြစ်သည်။ နောက်တော့ သုံးလက်မလောက်အထိ ချဲ့ယူသည်။ မြောင်းမျှောကြောင်းတွေကြားမှာ သစ်စေးကော်တွေ သုတ်သည်။ ပြီးတော့မှ ငန်းတောင်စိုက်ရခြင်းဖြစ်၏။ သစ်စေးကော်ထဲမှာ ငန်းတောင်မြဲသွားအောင် ဖိကာ မြားတံနှင့် တစ်သားတည်းဖြစ်အောင် လုပ်ထားမှကောင်းသည်။ ပိုပြီး သေချာအောင် ကျစ်ကြိုးခိုင်ခိုင်ကလေးဖြင့် မြားတံနှင့် ငန်းတောင်တွေကို တွဲချည်ရပြန်သည်။ ပြီးတော့မှ ကြိုးစတစ်လျှောက် သစ်စေးကော် ထပ်သုတ်။

နောက်ဆုံးမှာတော့ မာလီက မြားတံကိစ္စတွေအားလုံး လက်စသတ်လိုက်သည်။ အလုပ်စားပွဲလို အသုံးချခဲ့ရသော သစ်တုံးကြီးဘေးမှာ စီစီရီရီ ထောင်ထားသည့် မြားတံတွေကို အရသာခံကြည့်ရင်းက ဂျက်ဖရီ ကြည်နူးနေမိလေသည်။ ပထမဆုံး လက်စသတ်ခဲ့သည့် မြားတံကို ကောက်ကိုင်လိုက်ကာ မြားတစ်ချောင်းလုံးကို ထိပ်ဖူးမှ ငန်းတောင်အထိ ခြေဆုံးခေါင်းဆုံး ကြည့်သည်။ မြားတံကို လက်ဖြင့် တယုတယသပ်ရင်း အရသာခံသည်။ သည်ငန်းတောင် ငှက်တောင်တွေက သူ့စိတ်ကူးတွေဖြစ်သည်။ အတောင်တွေက အနီ၊ အပြာနှင့် အစိမ်းရောင် ဆေးဆိုးထားသဖြင့် တောက်ပနေသည်။ အမေကိုယ်တိုင် တစ်ခါက ဂျက်ဖရီကို လူ့နီရိုင်းခေါင်းဆောင်း ဦးထုပ်တစ်လုံး စိတ်ရှည်လက်ရှည် လုပ်ပေးခဲ့ဖူးသည်။ သည်ခေါင်းဆောင်းကြီးကို သူပိုင်ဆိုင်

ထားခဲ့တာတောင် ကြာလှပြီ။ ပုတီးစေ့သီ အနားစွန်း စွန်ကုပ်ထဲက ငန်းတောင်တွေ ဆွဲဆွဲနုတ်လိုက်ရတာကို ပထမတော့ သူ့စိတ်ထဲ မချမ်းမသာဖြစ်ရသေးသည်။ သည်ခေါင်းဆောင်းကြီးဆောင်းကာ ပျော်ရွှင်ကြည်နူးခဲ့ရသည့် ရက်တွေရှိခဲ့တော့ ငှက်တောင့်တွေ နုတ်ပစ်ရတာ စိတ်ကောင်းစရာတော့ မရှိ။ အမေက သည်ငှက်တောင်တွေ ဆေးဆိုးတုန်းက ရေနွေးကျွက်ကျွက်ဆူတွေ လောင်းချခဲ့တာ မှတ်မိနေသည်။ တချို့ညနေခင်းတွေမှာတော့ ငှက်တောင်တွေကို ခါကီရောင် အနားကွပ်ကလေးတွေ တပ်ပေးဖို့ အမေ့ကို အလောတကြီး ပူဆာခဲ့ရတာလည်း မှတ်မိသည်။

ဂျက်ဖရီက လေးကိုင်းကို ထောင်ထားသည့်နေရာက ကောက်ယူလိုက်သည်။ မာလီ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ သဘောကတော့ သည်လေးကိုင်းနှင့် မြားတံတွေကို တွဲစပ်ကြည့်ဖို့ ခွင့်တောင်းလိုက်ခြင်းလည်းဖြစ်သည်။ အဘိုးအိုက သူ့ကိုယ်သူ မြေပေါ် လှဲချလိုက်သည်။ မြေစိုစိုပေါ် လဲကျသွားသော်လည်း အရိုးတွေ၊ ကျောပြင်တွေ နာကျင်သွားသည်။ သူ့အိမ်မီးဖိုထဲက ပြာဖုံးနေသည့် မီးကျီးခဲတွေကို သတိရသွားမိပြန်သည်။ ကနေ့ညနေမှာတော့ သူ့ခန္ဓာကိုယ်ပေါ်က နာကျင်မှုတွေအားလုံး မီးတိုက်ပစ်ရလိမ့်မည်။ မီးကင်ပစ်ရလိမ့်မည်။ ဂျက်ဖရီ့ဆီက မြားတံတွေ လှမ်းယူသည်။ မြားဖင်ဘက်က အတောင်တွေကို စစ်ဆေးသည်။ ကော်စေးတွေကို လက်မဖြင့် ဖိကြည့်သည်။ ခြောက်ပြီ။ တကယ်တော့ ဒါမျိုးဆိုတာ တစ်ညလောက် သိပ်လိုက်မှ ကောင်းသည်။ ဒါမှ ကော်တွေ ကောင်းကောင်းကြီး တွယ်ကပ်အားကောင်းနိုင်မှာဖြစ်သည်။ ဂျက်ဖရီကို တစ်ချက်ကြည့်လိုက်ရင်း သူ့စိတ်ကူးထဲက သဘောထားကို စကားလုံးများအဖြစ် ပုံဖော်ဖို့ ကြိုးစားနေရသည်။

မျှော်လင့်တောင့်တခြင်း မျှော်မှန်းချက်များ မျက်နှာနုနုကလေးပေါ်မှာ စွန်းထင်နေသော်လည်း စကားလုံးတွေကိုတော့ နှုတ်ခံတွင်းထဲမှာ သိမ်းဆည်းထားရတာမျိုးဖြစ်နေတာကို မာလီ ရိပ်စားမိသည်။ သည်အကြည့်များ

၏နောက်ကွယ်က ကလေးငယ်၏ ခံစားမှုကို သူသိနိုင်ပြီ။

"ငါနဲ့ လိုက်ခဲ့"

အိမ်နောက်ဘက် တောင်ကုန်းမြင့်ကလေးဆီမှ ကိုက်သုံးဆယ်အကွာလောက်ဆီ ထွက်လာခဲ့ကြသည်။ အဘိုးအိုက မြားဖင်က ငှက်တောင်တွေကို ထပ်စစ်သည်။ အတောင်တွေကို စုချည်ထားသည့် ကြိုးရစ်ပေါ်က ကော်တွေကို မြဲမြဲသွားအောင် ထပ်ဖိပေးနေပြန်သည်။ ပြီးမှ မြားတံတွေကို ဂျက်ဖရီ့လက်ထဲ ထည့်ပေးလိုက်သည်။

"ဘယ်ကို ပစ်ရမှာလဲ"

အဘိုးအိုက လက်ညှိုးထိုးပြသည်။

"တောင်ကမ်းပါးဘက်ကိုပစ်၊ ကမ်းပါးခြေအထက် ပေနှစ်ဆယ်လောက်မှာ တွင်းကြီးတစ်တွင်း တွေ့လား၊ အဲသည် တွင်းကြီးကို ချိန်ပစ်"

ဂျက်ဖရီက မြားတံကို လေးကြိုးပေါ် ချိတ်လိုက်သည်။ ပြီးတော့ လေးကိုင်းဘက်ကို သူ့တစ်ကိုယ်လုံး ညွတ်ထားသည်။ ကြည့်ရတာ လေးကြိုးကို ဆွဲဖို့တောင် တော်တော်ခက်ခဲနေပုံရ၏။ ချောမွတ်နေသည့်မြားတံကို တစ်လက်မခွဲလောက်အကွာက ဆုပ်ကိုင်ထားခြင်းကြောင့် ဖြစ်သည်။

"ခဏနေဦးကွဲ့"

မာလီက လေးနှင့်မြားကို ဂျက်ဖရီ့ဆီက တောင်းယူလိုက်သည်။ လေးနှင့်မြားကိုင်တွယ်ပုံကို သေသေချာချာပြသည်။ လက်ခလယ်ကို ကြိုးအောက်ကို ကွေးသွင်း၊ အပြင်လက်မနှင့် မြားတံကိုညှပ်ကိုင်။ မြားတံက လက်နှစ်ချောင်းကြားမှာ ကြိုးနှင့်အတူ အရန်သင့်ရှိစေ။

"သည်လို ကိုင်ကြည့်စမ်း"

မာလီပြသလို ဂျက်ဖရီ လိုက်လုပ်ကြည့်သည်။ သည်တော့မှ ကြိုးက လက်ဆွဲအားထဲမှာ အလိုက်သင့် ကွေးညွတ်ကာပါလာသည်။ လေးကြိုးက သူ့အားနှင့်သူ ပြင်းထန် အားကောင်းသွားခဲ့သည်။ တစ်ချိန်တည်းမှာ မြားတံ

ကို နေရာတကျ တည်တည်ငြိမ်ငြိမ် ထိန်းထားနိုင်ဖို့တော့ မထိန်းချုပ်နိုင်သေး။ သုံးကြိမ်တိုင်တိုင် လေးကိုင်းကို တစ်အားဆွဲကြည့်သည်။ မြားတံကို ကောင်းကောင်း ထိန်းမထားနိုင်သေးတော့ ပစ်လိုက်တိုင်း လက်ချောင်းကြားက ချော်ထွက်သွားသည်။ နောက်ဆုံးတော့ လက်လျှော့လိုက်ရတော့သည်။

"ကျွန်တော့်ဟာ ကျွန်တော် လုပ်ကြည့်ဦးမယ်"

လေးကိုင်းပေါ် မြားတံတစ်ချောင်းထပ်တင်သည်။ ကွေးထားသည့် လက်ညှိုးနှင့် လက်မကြား မြားတံညှပ်ကာ လက်မောင်းအားရှိသမျှ အကြောထုံးထုံးထအောင် လေးကြိုးကို တစ်အားညှစ်ဆွဲလိုက်သည်။ အားနည်းနည်း ပိုစိုက်လိုက်တော့ မြားတံက လိုရာတော့ရောက်သွားခဲ့သည်။ သို့သော် လက်မောင်းတွေက တဆတ်ဆတ်တုန်လာခဲ့သည်။ ပြီးတော့ လေးကိုင်းကို ကြာကြာ ကိုင်မထားနိုင်တော့။ မြားတံကို ဖယ်လိုက်ရပြန်သည်။

မြားတံတစ်ချောင်း ဝှစ်ခနဲ ပျံပြေးသွားတာ ခုထိမမြင်ဖူးသေး။ ကြီးမားသော လေးကိုင်းကြီးကို အားစိုက်ခွန်စိုက် ကိုင်နေရတာကလည်း ကြာတော့ လက်ထဲက ခုန်ထွက်သွားတော့မလို ဖြစ်နေရသည်။ တောင်စောင်းကမ်းပါးမှာ မြင်နေရသည့် တွင်းချိုင့်ကလေးဆီကို ခုထိ မြားတစ်ချောင်း မရောက်နိုင်သေး။ အဲသည်မှာမှ မဟုတ်ပါဘူးလေ ဘယ်နေရာကိုမှ မြားတစ်ချောင်း မရောက်နိုင်သေးပါ။ သူ့စိတ်ထဲ တော်တော်စိတ်မာတ်ကျနေရပြီ။ တော်တော့်ကို သိမ်ငယ်နေရပြီ။ သူ့လက်ထဲက ချော်ချော်ထွက်နေသည့် မြားတံကိုသာ စိတ်ရောက်နေရသည်။ သူ့ခြေထောက်တွေကို သူငုံ့ကြည့်လိုက်သည်။ မြေကြီးကပင် သူ့ကိုလှောင်နေလေသလား။ အဘိုးအိုကတော့ ဂျက်ဖရီ့ မျက်နှာကလေး မည်းပုပ်နေတာကိုကြည့်ရင်း ဝေဒနာနှင့် ထင်ယောင်ပိုးဝါးဖြစ်နေမှုကို မြင်နေရ၏။ သည်တော့ ကြင်ကြင်နာနာ ရယ်မောလိုက်ရသည်။

"ဟိုးမှာ"

ဂျက်ဖရီချိန်ရွယ်ခဲ့သော ကမ်းပါးစောက်က တွင်းခေါင်းပစ်မှတ်ကို လှမ်း

ပြသည်။

"အဲသည်က မြားကို တွေ့လား"

ဂျက်ဖရီက ကမ်းပါးစောက်ပေါ်က တွင်းချိုင့်ကိုလှမ်းကြည့်လိုက်သည်။ ပြီးတော့မှ မြက်ခင်းကို လေးလေးပင်ပင်ကြီး လိုက်ကြည့်ပြန်သည်။ ပထမ သူတွေ့လိုက်တာ မြားတံဖင်မှာတပ်ထားသည့် ငှန်းတောင်ရောင်စုံကို ဖြစ်၏။ ပြီးတော့ မြားတံဖြောင့်ဖြောင့်ကို တွေ့သည်။ အသက်ကို ပြင်းပြင်းကြီးရှူ လိုက်ပြီးမှ လေးကိုင်းကြီးကို အောက်ချလိုက်သည်။

"မာလီကော တွေ့ရဲ့လား"

ဂျက်ဖရီက အားပါးတရ အော်မေးသည်။ ဂုဏ်မာနနှင့် ပျော်ရွှင်ခြင်းတွေက ကလေးငယ်၏ မျက်နှာပေါ်မှာ ရိပ်ခနဲဖြတ်ပြေးနေသည်။

"တွေ့သပေါ့ကွယ်၊ ကိုင်း အခု သုံးမဖြစ်တဲ့ကိစ္စတွေ ငါရှင်းပြမယ်"

မာလီအိုကြီးက ရုတ်တရက် ထရပ်လိုက်သည်။ တခြားမြားတံတွေကို မနက်ဖြန်မှသုံးဖို့ပြောချင်နေသည်။ သို့သော် ဂျက်ဖရီက သူ့အားမှာမရှိတော့၊ မြားတံတွေကိုဖြောင့်ရင်း တောင်ကမ်းပါးကို ကုတ်တွယ်တက်နေသည့် ဂျက် ဖရီကိုပဲ လှမ်းကြည့်နေရတော့သည်။ မြားတံဖြောင့်နေရင်းက ရပ်လိုက်ပြီး လေးကိုင်းကို ကောက်ကိုင်လိုက်သည်။ ကြိုးပေါ်မြားတံတင်သည်။ တကယ် တော့ သူက ချည့်နဲ့နဲ့ လူအိုလူမင်းတစ်ယောက်ဖြစ်နေခဲ့ပြီ။ ကလေးထက်စာ လျှင် သိပ်များများစားစား လေးလံသန်စွမ်းတော့တာ မဟုတ်။ ကိုယ်ကို နောက်ဘက် နည်းနည်းညွတ်ကာ လေးကိုင်းကို နှစ်ဆလောက် ကွေးသွား အောင် ဆွဲတင်းလိုက်သည်။ လေးကိုမြှောက်တင်ကာ တောင်ကမ်းပါးယံကို မမိုတ်မသုန် ကြည့်လိုက်သည်။ မေပန်းခြုံကလေးတွေဆီက ပန်းဖြူပွင့် ကလေးတွေကို မြင်နေရသည်။ မပြော်မဆို လေးကြိုးကို တင်းတင်းဆွဲထား ရာက ဒေါင်းခနဲ လွှတ်လိုက်သည်။ လေးကိုင်းဆိုတာများ တဆတ်ဆတ်ခါ ကျန်ရစ်လေ၏။ ကွေးကောက်ထွက်သွားသော မြားတံသွားရာလမ်းကြောင်း

ကို စိတ်အမြင်ဖြင့် မီအောင် လိုက်ကြည့်နေသည့်ကြားက လမ်းတစ်ဖက်ကျော် လောက်မှာ ပျောက်သွားခဲ့သည်။

ဂျက်ဖရီက သူ့မြင်းတံကိုသူ ကောက်လာခဲ့သည်။တောင်ကမ်းပါးယံ ခြေမှာ လျှောထိုးထိုင်ချလိုက်ဖို့ စိတ်ကူးမိသော်လည်း ဒဏ်ရာတွေကို သတိ ရသွားသည်။ ချက်ချင်းထရပ်ကာ ဘောင်းဘီမှာ ပေနေသည့် မြက်တွေကို ခါပစ်လိုက်သည်။ ပြီးမှ မာလီရှိရာ တောင်ခြေကို ပြေးထွက်လာခဲ့သည်။ မာလီက လေးကိုင်းကို ကွေးအောင် ဆွဲတင်းနေပြန်ပါပကော။

ဂျက်ဖရီက မာလီ့ရှေ့မှာ ရပ်သည်။ အသက်ကလေးရှိုက်လိုက်ရင်း မြား တံကို လှမ်းပေးလေသည်။

"ပစ်လိုက် မာလီ၊ မာလီပစ်တာ ကျွန်တော်ကြည့်ချင်လို့"

မာလီက ဘာမှပြန်မပြော။ ဂျက်ဖရီ့ဆီက မြားတံကိုယူကာ ငှက်တောင် တွေကို သတိထား စစ်ဆေးသည်။ ငှက်တောင်တွေက ချပ်ချပ်ရပ်ရပ် နေသား တကျရှိနေသည်။ သစ်စေးကော်သုတ်ထားသည့်ချည်ကြိုးအရစ်တစ်လျှောက် မာကြောတင်းတောင့်နေသည်။ လေးကိုင်းမှာ မြားတံတပ်ကာ မြှောက်တင် လိုက်ပြန်ပြီ။ ဘယ်ဘက်ကို နည်းနည်းလေးတိမ်းကာ ကမ်းပါးယံတွင်းချိုင့် ဆီကို ထောင့်ဖြတ်ကျအောင် မျက်နှာမူလိုက်သည်။

အဘိုးအို၏လည်ချောင်းက သွေးကြောတွေအားလုံး ပြာနေအောင် ဖောင်းကားလာတာ ဂျက်ဖရီ တွေ့နေရသည်။ လက်မောင်းညိုကြီးတွေထဲက အာရုံကြောမျှင်တွေဆိုတာ တဆတ်ဆတ်ခုန်နေကာ အသားထဲက ဖျင်းခနဲ ဖောက်ထွက်လာလေမလား အောက်မေ့ရသည်။

ဒေါင်းခနဲ လေးကြိုးတင်းသံနှင့်အတူ ပြေးထွက်သွားသော မြားတံကို ဂျက်ဖရီ မီအောင် လိုက်ကြည့်သည်။ တစ်စက္ကန့်သာသာလောက်အထိ ဘာမှ မမြင်ရ။ နောက်တော့မှ ပျံဟက်နေသည့် မြားတံကို မြင်ရသည်။ ဂျက်ဖရီက ငှက်တောင်လှလှကလေးတွေကို လိုက်ကြည့်နေမိလေသည်။ တဖြည်းဖြည်း

ကျဆင်းလာသည့် မြားတံကို အံ့သြတကြီးငေးနေမိသည်။ မြားတံက ကိုက်တစ်ရာငါးဆယ်လောက်ဆီမှာ စိုက်ကျသွားသည်။ တွင်းချိုင့်ဆီမှ သုံးချိုးနှစ်ချိုးလောက်မှာဖြစ်သည်။ အဘိုးအိုကို ကြည်ညိုလေးစားစွာ ကြည့်နေမိသည်။ မျက်လုံးတွေက ကြည်ညိုစိတ်၊ လေးစားစိတ်ဖြင့် ပူဇော် ဦးခိုက်နေသလို တောက်ပနေသည်။ တစ်ဆက်တည်းမှာ အရာမရောက်ခဲ့သည့် သူ့အားထုတ်မှုအတွက် သိမ်ငယ်စိတ်ဖြင့် စစ်ခနဲ နာကျင်သွားသလို ခံစားနေရသည်။ ခဏနေတော့ သည်ခံစားမှု လွင့်စဉ်သွားခဲ့ပြီ။ မြင့်မြင့်မားမား မိုးကောင်းကင်ပေါ်ကို ငှက်တစ်ကောင် အတောင်ဖြန့် ပျံသန်းသွားသလို ပစ်ခတ်နိုင်စွမ်းသူမှာ တကယ်တော့ အဘိုးအိုတစ်ယောက် မဟုတ်ဘူးလား။ အဘိုးအိုတစ်ယောက်က သည်လိုပစ်ခတ်နိုင်တာကိုပဲ သူကြည်နူးသည်။ သည်ကိစ္စမှာ သူသည်လည်း တစ်စိတ်တစ်ပိုင်း ပါနေသည် မဟုတ်ပါလား။

"အဲသလိုမျိုး ကျွန်တော်ကော အမြဲတမ်း ပစ်နိုင်ပါ့မလား မာလီ"

"စိတ်ရှည်ရမယ်၊ များများလေ့ကျင့်ရမယ်၊ ငါမျှော်လင့်ထားတာထက်တောင် မင်းဟာ ပိုပစ်နိုင်ဦးမယ်"

ဂျက်ဖရီက ကောင်းကင်ကို တစ်ခါထပ်ကြည့်လိုက်သည်။ အဘိုးအို၏ စကားက သူ့နားထဲမှာ ခေါင်းလောင်းသံလို မြည်ဟည်းနေလေသည်။ သူ့စိတ်မျက်စိထဲမှာ သူပစ်လိုက်သည့်မြားတံက မိုးတိမ်တွေဆီကို အရောင်တဖျပ်ဖျပ် အလင်းဖြင့် ထိုးတက်နေသည်။ သူသာ အသက်အရွယ်ကလေးရလာလျှင် မာလီလိုပဲ လေးကိုင်းကို ကျွေးညွတ်နိုင်လိမ့်မည်။ ကြည်ကြည်စင်စင် ဝင်းပသည့် ညတွေမှာ သူ့မြားတံက လမင်းကိုပင် ထွင်းဖောက်သွားအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ထင်၏။

"မနက်ဖြန်ကျရင် လေးကိုင်းကို မင်းကိုင်နိုင်အောင် လွှာပေးမယ်၊ ဒါက မင်းအတွက် ကြီးလွန်း သန်လွန်းနေသကွဲ့"

"နေပါစေ မာလီ မလုပ်ပါနဲ့"

ဂျက်ဖရီမျက်နှာက အာခံချင်ပုံ ပေါက်နေသည်။

"တစ်နေ့ ကျွန်တော်လည်း ကြီးထွားလာမှာပါ၊ သန်စွမ်းလာမှာပါ မာလီရဲ့၊ အဲသည်ကျတော့ လေးကိုင်းကလေးက သေးနေရင် ဘယ်လိုလုပ်တော့မလဲ"

ဂျက်ဖရီ့စကားကြောင့် မာလီက ဂျက်ဖရီ့ကို တော်တော်ကြာကြာ ငေးကြည့်နေမိလေသည်။ ဂျက်ဖရီ့နှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။ ရင်ထဲမှာတော့ ပိုင်းဖြတ်ချက်တစ်ရပ် နစ်ဝင်နေခဲ့ပြီကော။ မာလီက လက်တွေကို ဆန့်ထုတ်ကာ အမာရွတ်တွေ ပွထနေသည့် တိုတောင်းတောင်း အသားမာထ လက်ချောင်းများဖြင့် ပုဆိန်ကို ကောက်ယူလိုက်သည်။

"ကောင်းပြီပေါ့ကွယ်၊ မင်းသဘောပေပ၊ ကိုင်း ကိုင်း– မင်းမြားတံမင်း သွားကောက်ချေဦးကွဲ့၊ မြေကြီးပေါ် သွားရှာပြီးပြီလား"

"ဟုတ်ကဲ့၊ ဘယ်နားမှာရှိတယ်ဆိုတာ ကျွန်တော် သိပါတယ်"

"နောက်တစ်ခုက ကနေ့တော့ အဲသည့်တစ်ချောင်းပဲ သုံးနိုင်ဦး၊ ကျန်တာ ခဏထား၊ မြားမြီးတွေ ကော်မြဲပါစေဦးကြားလား၊ တစ်ညလောက် သိပ်မှ ကောင်းမယ်"

မာလီက ဥယျာဉ်ထဲက သူ့အလုပ်တွေ လက်စသိမ်းဖို့ စိတ်ရောက်သွားသလို ချက်ချင်းလှည့်ပြန်သည်။ တစ်ဆက်တည်း ကနေ့ညစာအတွက် မီးမွှေးရဦးမည့်အရေးကို တွေးမိသွားပြန်သည်။ သူ့မှာ ထမင်းကလေးနည်းနည်း သကြားကလေးနည်းနည်းတော့ ကျန်သေးသည်။ ဒါကို ဆိတ်နို့ကလေး ဆမ်းကာ သည်မနက်စာ စားရဦးမည်။ ညနေအိမ်မပြန်ခင် သခင်မလေးက ပေါင်မုန့်ကလေး အသားကလေး ပေးချင် ပေးလိုက်နိုင်သေးသည်။ တကယ်တော့ သခင်မလေးက သဘောမနောကောင်းသူ မိန်းမသားတစ်ဦးဖြစ်သည်။ သူ့အလုပ်လုပ်ခဲ့ဖူးသမျှ သခင်တွေ သခင်မတွေနှင့် လုံးဝခြားနားသူဖြစ်သည်။

"ကျွန်တော့်ကို တစ်ရက်လောက် အမဲလိုက်ဖို့ ခေါ်ပါ့လား မာလီ၊ ကျွန်

ဘော်လိုက်ချင်လို့"

မာလီက တစ်အောင့်ကလေးနားကာ ဂျက်ဖရီဘက် ဖြည်းဖြည်းကလေး လှည့်ကာ ပြန်ပြောသည်။

"မင်းစိတ်ထဲမယ် ဘာကောင်ကိုများ ပစ်ဖို့ စိတ်ကူးထားလို့လဲကွဲ့"

ဂျက်ဖရီက ခဏကလေး တုံ့ဆိုင်းသွားသည်။ နောက်ဆုံးတော့လည်း ဝန်ခံလိုက်ရတော့သည်။

"မသိဘူး"

တောကြီးတောင်ကြီးထဲက သားကောင်တွေအားလုံးလိုလိုက သည် နှစ်ကာလတွေထဲမှာ ဂျက်ဖရီ့ကို ရှောင်ရှားနေခဲ့ကြသည်။ တောင်ယုန်ကြီး တွေမြင်လို့ ထောင်ချောက်ထောင်ခဲ့ဖူးသည်။ ခွေးအနှင့် မျောက်နည်းနည်း ပါးပါး တွေ့ခဲ့ရဖူးသည်။ တစ်ခါတော့ တောနက်နက်ထဲမှာ ဝက်ဝံကြီးတစ် ကောင်ရှေ့ သူဖြတ်သွားခဲ့ဖူးသည်။

သို့သော် သည်ဝက်ဝံကလည်း မာလီနှင့် တိုက်ခိုက်ခဲ့ဖူးသည်ဆိုသော ဝက်ဝံဘီလူးကြီးလို အကောင်မဟုတ်။ သူကလည်း ဝက်ဝံလောက်ကလွဲ လျှင် တခြားအကောင်ဗလောင်တွေကို သိပ်စိတ်မဝင်စားမိ။ တစ်ခါက ကျောင်းက ကာယပညာဆရာနှင့် မော်တော်ဆိုင်ကယ်စီးရင်း ခွေးသမင် လိုက်တာ ကြုံခဲ့ဖူးသည်။ ခွေးသမင်တွေနောက်ကို သူတို့နှစ်ယောက် တရစပ် ကြမ်းကြမ်းရမ်းရမ်းကြီး လိုက်ခဲ့ကြခြင်းဖြစ်သည်။ အစက်အပြောက်တွေ ပါသည့် သမင်ရေတွေက ပူနွေးနေသည်။ ကာယဆရာ၏ မျက်နှာပေါ်က ဂုဏ်ယူခြင်းနှင့် တောက်ပခြင်းကို သူမှတ်မိနေသည်။ သေနတ်တိုကလေးဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသော ခွေးသမင်တွေအားလုံး လည်ပင်းတွေကျိုးကာ သေဆုံးကြရခြင်းဖြစ်သည်။ ဂျက်ဖရီက ဒဏ်ရာအပေါက်တွေထဲကို လက်ညှိုး ထိုးထည့်ကြည့်သည့်အခါ နူးညံ့သော ခန္ဓာကိုယ်ထဲက သွေးတွေ တပွက်ပွက် ယိုစီးကျနေတာကို ခံစားနေရသည်။

သည်ခံစားမှုမျိုးကို သူကြိုက်သည်။ သေခြင်းတရားနှင့် အဆုံးသတ်ရခြင်းတရားတွေ သူ့လက်ပေါ်မှာ ကျရောက်နေတာကို သူကြိုက်သည်။ အထူးသဖြင့် သူ့ရင်ထဲက ကျေနပ်ဝမ်းမြောက်ခြင်းရသက သူ့ရင်ကို လှုပ်ခုန်စေသည်။

"သမင် ပစ်ရအောင် မာလီ"

ဂျက်ဖရီက တိုးတိုးကလေး ပြောလိုက်သည်။ မာလီက နှာခေါင်းကလေး မှုတ်ထုတ်ရင်း ပြန်မေးသည်။

"သမင်တစ်ကောင် တွေ့ရဖို့ ဘယ်လောက်အထိ တောလည်ရသလဲ ဆိုတာ မင်းသိရဲ့လား"

ဂျက်ဖရီ ခေါင်းခါသည်။ တစ်ဆက်တည်းမှာ အင်မတန် ပျော့ပျောင်းသွားခဲ့သည်။ မသိနိုးနားရှိမှုကြောင့် ရှက်ရွံ့သလိုလို ခံစားလိုက်ရသည်။

"ငါပြောပြမယ်၊ မိုးစင်စင် မလင်းခင်ကတည်းက သွားလိုက်ရတာ ညနေမိုးကြီး မချုပ်ခင်လောက်ကျတော့မှ သမင်တောကို ရောက်တယ်"

မာလီက ပြောသာပြောလိုက်ရသည်။ သူ့စကားကို သူသိပ်စိတ်မချသဖြင့် စိတ်လှုပ်ရှားမှုတွေ တလိပ်လိပ် တက်လာခဲ့သေးသည်။ သူငယ်ငယ်လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အမဲလိုက်ခဲ့ရတာဆိုတော့ သူမှတ်မိသလောက် ပြောလိုက်ရတာဖြစ်သည်။ သည့်ထက်လည်း ခရီးရှည်ချင် ရှည်နိုင်သည်။

"ကျွန်တော် အဝေးကြီး လျှောက်နိုင်ပါတယ် အဘိုးရဲ့"

ဂျက်ဖရီစကားသံထဲမှာ တက်ကြွမှုပါသလို ပမာမခန့် လေသံကလေးလည်းပါသည်။ သံမဏိလို မာသည့်ပန္နည်းတွေက ကောက်ပင်တွေလို အထွက်တိုးဖို့ မဖြစ်နိုင်ပါ။

"နေပါဦးကွဲ့၊ မင်းဘယ်လောက် ဝေးဝေးလျှောက်နိုင်သလဲ၊ တစ်ရက်ကို ခရီးဘယ်လောက်လောက် ပေါက်နိုင်သလဲ"

"တစ်ရက်ကိုဟုတ်လား– အဲ ကျွန်တော် တီယက်စ်တာကို သွားမယ်။ ပြီးရင် ပြန်လာမယ်။ အဲသလို အသွားအပြန်သွားနိုင်တယ်ဗျာ"

တကယ်လည်း တီယက်စ်တာကို သွားခဲ့ရသည့်ရက်ကို သူသတိရသွားသည်။ ထိုနေ့က သူရေနစ်ရတော့မလို ဖြစ်ခဲ့ရသည်ကို။ ခရစ်ယာန် ဘုန်းတော်ကြီးနှင့်အတူ သူငယ်ချင်း အယောက်သုံးဆယ်လောက် တီယက်စ်တာမြစ်ဆီကို သွားခဲ့ကြသည်။ တီယက်စ်တာ မြစ်ရေက ရေစီးသန်သန် မြန်ဆန်သလောက် ရွှံ့စေးများဖြင့် ချောကလက်ရောင်ပေါက်နေသည်။ မြစ်ရေက ကျောက်တုံးကြီးတွေ ကျောက်တုံးငယ်တွေကို ကျော်ကာ စီးဆင်းနေသည်။ ရေစီးမသန်သည့် ရေတိမ်တိမ်နေရာကလေးမှာ သူငယ်ချင်း တစ်ယောက်က ပင့်မ ထားပေးလျှင် ရေကူးဖို့ ကြိုးစားကြည့်ချင်ခဲ့သည်။ ပထမဆုံး ထိုနေရာကို သူရောက်သွားတော့ သူ့စိတ်ထဲမှာ ရွှံ့ရေတွေ ကြောက်စရာကောင်းလောက်အောင် စီးဆင်းနေသည်ဟု ခံစားလိုက်ရသည်။ တကယ်လည်း သူရေစီးတစ်လျှောက် အရှိန်ဖြင့် မျောပါသွားခဲ့သည်။ ဘုန်းတော်ကြီး၏ လက်ဖြောင့်ရဲဘော်က ဓားသွားလို ချွန်ထက်သော ကျောက်ဆောင်ပေါ် ပြေးရင်းက ခြေကွဲသွားသဖြင့် ပတ်တီးစဖြင့်ပတ်ဖို့လုပ်နေတုန်း သူ့ကို မြင်သွားသဖြင့်သာ တော်တော့သည်။ စိတ်ကောင်း နှလုံးကောင်းရှိသည့်စိတ်က ရှိုင်းပျကြမ်းတမ်းသွားသလား အောက်မေ့ရအောင် လန့်ဖျပ်သွားခဲ့ရသည်။ ပါးစပ်ထဲက ညစ်ပတ်နံစော်နေသည့် အမှုန်တွေ အန်ဖတ်တွေပါ ထွက်ကျလာခဲ့ရသည်။

"အေးကွဲ့၊ အဲသလောက် ဝေးဝေးလျှောက်နိုင်ရင်တော့ မဆိုးဘူး၊ ဒါထက် နေပါဦး၊ မင်းတော့ကြီးတောင်ကြီးထဲကော အိပ်ခဲ့ဖူးရဲ့လားကွဲ့၊ တောထဲ အိပ်ရတာက မင်းအိမ်က ခုတင်လောက်တော့ ဇိမ်မကျဘူးနော်၊ ငါတို့လုပ်ရမယ့်အလုပ်က အဲဒါမျိုးတော့ရှိတယ်၊ နောက်တစ်ရက် အလင်းရောင်ရချိန်အထိ သားကောင်ကို စရှာနိုင်ဖို့ဆိုတာတောင် မလွယ်လို့ပြောတာ"

ဂျက်ဖရီမျက်လုံးတွေ ရွှန်းပသွားလေသည်။

"ညဘက်မီးဖိုကလေးဖိုပြီး မီးဖိုနားကပ်အိပ်လို့ကော မရဘူးလားမာလိ"

"ရတော့ ရတာပေါ့ကွယ်၊ ဒါပေသိ မင်းအိပ်ရမယ့်အိပ်ရာက ရေညှိတက်နေတဲ့ သစ်ရွက်ခြောက်တွေပေါ် ဖြစ်ချင်ဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကို ခေါ်စမ်းပါ မာလိရယ်"

"သခင်မလေးကရော ဖြစ်ပါမလား၊ သည်ကိစ္စ မင်းအမေက ဘာပြောမလဲဆိုတာ ရှိသေးတယ်"

".. အမေက ကျွန်တော့်ကို ထည့်မှာပါ"

ဂျက်ဖရီမျက်နှာပေါ်မှာ စိတ်လှုပ်ရှားမှုတွေ မြင်နေရသည်။ ဒါကို တွေ့ရတော့လည်း မာလိ စိတ်မသက်မသာဖြင့် တုန်လှုပ်ရပြန်သည်။ အဆုံးမသတ်နိုင်သည့် အရာကိစ္စတွေကို နဂိုကတည်းက အစမလုပ်တာ အကောင်းဆုံးဖြစ်သည်။

"ပြောပါဦး၊ ကျွန်တော့်ကို ခေါ်မယ် မဟုတ်လား"

ဂျက်ဖရီက ခေါင်းမာမာဖြင့် ပေကပ်ကပ်မေးနေလေပြီ။

"ငါလည်း ဒါကို စဉ်းစားနေတာပါ၊ ကိုင်းကိုင်း အခုလုပ်စရာရှိတာ အရင်လုပ်၊ သွား မင်းမြားတံကို သွားကောက်ချေ၊ ကလေးတွေ ကောက်မပြေးခင် မင်းက အရင်သွားယူထား သွား သွား"

■

ခြောက်ရက်လုံးလုံး သည်ကိစ္စကိုပဲ ဂျက်ဖရီ တောင်းဆိုနေတော့သည်။ မာလီကို ဖြားယောင်းလိုက်၊ အမေ့ကို ခွင့်ပြုချက်တောင်းလိုက်။ သူ၏ ဖြစ်နိုင်ချေမရှိသည့် ထိုးနှက်ချက်တွေက လူကြီးနှစ်ယောက်၏ စိတ်ပါလက်ပါ မရှိမှုကြားမှာ ချည့်နဲ့သွားခဲ့ရသည်။ သို့သော် ဂျက်ဖရီကတော့ မလျှော့။ ထပ်ကာထပ်ကာ တောင်းဆိုသည်။ မမောမပန်း ဖွဲ့ခတ်သည်။ အဆုံးသတ်ရတော့ မလိုလို ဖြစ်နေရသည့် တောင်းဆိုမှုတွေကို ရနိုင်သလောက် အစထုတ်နေတတ်သည်။ တချို့ကိစ္စတွေမှာ ကြောက်ရွံ့မှုကို ဖုံးကွယ်ထားလိုက်တာမျိုး၊ မကြားချင်ယောင် ဆောင်လိုက်တာမျိုး၊ ချုပ်ချယ်ဟန့်တားခံထားရသော လူငယ်တစ်ယောက်၏ အလွှန်အမင်း ထိနိုက်ကြေကွဲမှုမျိုးတွေက လူကြီးနှစ်ယောက်ကို ခပ်မြန်မြန်ကြီး ဖြတ်တောက်ပစ်လိုက်နိုင်သည်ဟု ဆိုရမည်။ မာလီကလည်း သူ့

လူငယ်ဘဝကို ပြန်တွေးရင်း ကိုယ်ချင်းစာလာခဲ့ရတော့သည်။ မိခင်ကလည်း သူခင်မင်ရသော မာလီ၏ အရည်အချင်းများကြောင့် ကလေးကို ပြန်ကြည့်လာရပြန်သည်။ နောက်ဆုံးတော့ မိခင်ရော မာလီပါ စိုးရိမ်သောကကို နှစ်မြှုပ်ထားလိုက်ရင်း ပျော့ပျောင်းနူးညံ့သွားခဲ့ကြရသည်။

ဘုရားရှိခိုးကျောင်းပိတ်ရက် နှစ်ရက်သည်ပင် ပြီးသွားခဲ့ပြီ။ တစ်မနက်ခင်း အရုဏ်မလာခင် စောစောမှာတော့ မာလီနှင့် ဂျက်ဖရီ အမဲလိုက်ဖို့ ခရီးစခဲ့ကြရတော့သည်။ မနက်စောစောကြီး လရောင်ထဲမှာ အိမ်နောက်ဖေးက တောင်ကမ်းပါးမြင့်မြင့်ကြီးသည်ပင် ငွေရောင်ဖျော့ဖျော့ တောက်ပနေသည်။ ဂျက်ဖရီအမေက နှစ်ယောက်သား ခရီးထွက်သွားကြတာကို တံခါးဝက စောင့်ကြည့်နေရှာသည်။ တောင်ပေါ်က မေချုံပုတ်တွေကြားမှာ နှစ်ယောက်သား ပျောက်သွားသည်အထိ လိုက်ကြည့်သည်။ တဒင်္ဂခံစားမှုအဖြစ် ဝမ်းနည်းမှုက ဖိစီးလာခဲ့သည်။ ဝိညာဉ်ကို ဆုတ်ဖြဲခံရသလို ကြေကြေကွဲကွဲ ခံစားမှုကြီး ဖိစီးထားသော်လည်း အဘိုးအိုကိုယ်တိုင် သေသေချာချာ ပေးသွားခဲ့သည့် ကတိစကားကြောင့် စိုးရိမ်သောကတွေ ဘေးဖယ်ထားလိုက်ရတော့ သည်။

"သုံးရက်မြောက်တဲ့နေ့ကျရင် ကျွန်တော် ကလေးကို ဆက်ဆက်ကြီး အရောက်ပြန်ပို့ပေးပါ့မယ် သခင်မလေး"

ဂျက်ဖရီ့အမေက တံခါးဆီမှ ခွာကာ အိမ်ထဲကို တိတ်တိတ်ကလေး ပြန်လှည့်လာခဲ့သည်။ အိပ်ရာထဲကို နောက်တစ်ကြိမ် ဝင်ခဲ့သော်လည်း အိပ်မပျော်။ စိတ်ထဲမှာ သားကလေး ဘေးကလျှောက်လိုက်နေသည်ဟု ထင်နေမိသည်။ လေးလေးပင်ပင်ကြီး လျှောက်နေသည့် သားကလေးနှင့်အတူ လမ်းတစ်လျှောက်လုံး စိတ်ကူးဖြင့် လိုက်နေရသလို ခံစားနေရသည်။ ဟိုတုန်းကတော့ သားအမိနှစ်ယောက် ကြမ်းတမ်းခက်ထရော်သော ကျောက်ကြမ်းလမ်းတွေပေါ် လျှောက်သွားခဲ့ကြဖူးသည်။ သူမ၏ သေးသွယ်သွယ် လက်

ကလေးတွေကိုပင် သတိရမိသေးတော့။ ကိုယ်ကို လှည့်လိုက်ရင်း ခေါင်းအုံးပေါ် မျက်နှာအပ်လိုက်သည်။ တင်းတင်းရင်းရင်း ပိတ်ထားသည့် မျက်လုံးတွေဆီက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာပြန်သည်။

"အဘိုးအိုဟာ သားလေးကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်သွားနိုင်ပါစေ"

ဘုရားရှင်ထံ ဆုတောင်းသည်။

မနက်အရုဏ်သည်ပင် နေးလွန်းလှချေသည်။ အဘိုးအိုဘေးက တစ်လှျောက်လုံး လမ်းလှျောက်ရင်း လိုက်နေရသည့် ဂျက်ဖရီပင် မောသလိုလို ပန်းသလိုလို စတင်ခံစားနေရပြီ။ သည်လို မလင်းတလင်း မသဲမကွဲ မနက်ခင်းမှာ လှျောက်ရတာ ဘယ်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရပါလား။ တကယ်တော့ ခရီးက မပေါက်လှသေးပါ။ ယခင်လှျောက်နေကျ လမ်းထက် ပိုမိုမတ်စောက်သည့် လမ်းမျိုးကို လှျောက်ခဲ့ရခြင်းကြောင့် ပင်ပန်းနေရခြင်းဖြစ်သည်။

တဖြည်းဖြည်း။ တကယ့်ကို တဖြည်းဖြည်း။ ကောင်းကင်မှာ အလင်းစကလေးတွေ ပေါ်လာခဲ့ပြီ။ အရှေ့ဖျား မိုးကုပ်စက်ဝိုင်းမှာတော့ ခပ်ညစ်ညစ်နနွင်းရောင်တွေ စွန်းစပြုပြီ။ ခပ်ရင့်ရင့် အဝါရောင် ခါးပတ်ကွင်းလို အလင်းကမြင့်သည်ထက် မြင့်လာခဲ့သည်။ နောက်ဆုံးတော့ နေမင်းက ကမ္ဘာလောက၏ နှုတ်ခမ်းဖျားမှာ ချိတ်တွဲမိခဲ့ပြီ။ သူတို့လှျောက်ရမည့် လမ်းတစ်လှျောက် အပါအဝင် လောကတစ်ခွင်လုံး ပန်းသွေးရောင်ဖျော့ဖျော့ ဆိုးထားသလို လှပနေသည်။

ဂျက်ဖရီက သည်တော့မှ ကြီးမားသော စိတ်သက်သာရာရသွားသည်။ သူ့ပူနွေးနွေး ကြွက်သားတွေထဲက စိုးရိမ်သောကတွေ ခုမှပဲ လွင့်စဉ်သွားသလို ခံစားလိုက်ရသည်။ မျှော်လင့်ခြင်း၏ပြင်းပြသော စိတ်ခံစားမှုနှင့် ဝမ်းသာကြည်နူးမှုက တောကြီးတောင်ကြီးထဲ စဝင်ကတည်းက တစ်ချိန်လုံး

ရှိန်းရှိန်းမှုးမှုး ခံစားနေရသည်။

"ခဏနေရင် တစ်အောင့်လောက် နားကြရအောင်၊ တစ်ခုခုစားဖို့ သောက်ဖို့လေ"

အဘိုးအိုက သူ့ဘေးက တစ်လျှောက်လုံး ကပ်ပါလာသည့် ဂျက်ဖရီကို မျက်လုံးဝေ့ကြည့်ရင်း ပြောသည်။ ခြောက်မိုင်လောက် ခရီးပေါက်ခဲ့ကြပြီ။ ဂျက်ဖရီ့မျက်နှာကလေးကို အနီးကပ် အကဲခတ်သည်။ သူ့စကားကြားရတော့ ဂျက်ဖရီ့မျက်နှာကလေး ဘယ်လောက်များ ဝင်းပသွားလေမလဲ တွေ့ရလို တွေ့ရငြား မျက်နှာရိပ်ကို ဖမ်းကြည့်ခြင်းဖြစ်သည်။ သူ့မှာ သောကမရှိ။ ဂျက်ဖရီက မကျေမနပ်သံကလေးတောင် ပြုလိုက်သေးသည်။ သဘောမတွေ့သလို ဟန်မျိုးဖြင့် ပခုံးပေါ်က နင့်နေအောင် ထမ်းထားသည့် ကျောပိုးအိတ်ကို တုံ့ခနဲ ဆွဲချလိုက်သည်။ ဂျက်ဖရီက သူ့ကိုယ်ပေါ် ပိကျနေသည့် အလေးချိန်ထဲမှာ ထုပ်ပိုးပေးလိုက်သည့် စောင်၏အလေးချိန်က များနေတာ တွေးမိသည်။ တောကြီးထဲမှာ စောင်မလိုပါဘူး မေမေရယ်လို့ ရှင်းပြရတာကပဲ တော်တော် ခက်ခက်ခဲခဲနိုင်ခဲ့သည်။ တွေ့သည့် ရေညှိထူထူမှာ အိပ်လို့ရသည်။ အမှိုက်သရိုက်တွေပေါ်မှာ အိပ်လို့ရသည်။ အခုတော့ စောင်ထုပ်က ဝန်ထုပ်ဝန်ပိုးဖြစ်နေရပြီ။ အမေက စောင်ယူမသွားလျှင် သည်ခရီးကို သွားခွင့်မပြုဆိုလို့သာ ယူလာခဲ့ရသည်။ အဆိုးဆုံးကတော့ ကျောပိုးအိတ်ကြီးက ဘေးကို လျှောလျှောထွက်နေခြင်းဖြစ်သည်။ သည်တော့ ရင်သိုင်း သားရေကြိုးပြားကို ဆွဲဆွဲတင်ရတာ အလုပ်တစ်ခု ဖြစ်နေရသည်။ ဆွဲတင်လိုက်တိုင်းလည်း သူ့ကျော အရေပြားကို ပွတ်ပွတ်ဆွဲသလို ခံစားရတာက တော်တော်ဆိုးသည်။

မိနစ်နှစ်ဆယ်လောက် ထပ်လျှောက်ခဲ့ပြီးမှ အဘိုးအိုက "ရပ်" လို့ အော်လိုက်သည်။ နှစ်ယောက်စလုံး လမ်းဘေးမှာပဲ နားကြသည်။ တင်ပျဉ်ခွေထိုင်ထားကြရင်း တစ်ယောက်ကို တစ်ယောက် မျက်နှာမူထားကြသည်။

ဂျက်ဖရီက သူ့ကျောပိုးအိတ်ထဲက ဆင်းဒဝစ်ချ်နှစ်လုံးနှင့် လက်ဖက်ရည်အေးကို ထုတ်သောက်သည်။ မာလီကတော့ သူ့ဘေးမှာ အဝတ်ဖြင့် ထုပ်ထားသည့် ထမင်းအိုးပါသော်လည်း ဘာမှ ထုတ်မစား။

"ကျွန်တော့် ဆင်းဒဝစ်ချ် တစ်လုံး ယူစားပါလား မာလီ"

ဂျက်ဖရီက သူက အားရပါးရစားနေသလောက် အဘိုးအိုက ဘာမှ စားတာ မတွေ့ရတော့ အပြစ်ရှိသလိုလို အားနာသလိုလို ဖြစ်နေပုံရသည်။ အဘိုးအိုက ခေါင်းခါပြသည်။

"ဒါဆို လက်ဖက်ရည်သောက်"

အမေက ဂျက်ဖရီကို သတိဖြင့် လေ့ကျင့်ပေးထားသည်။ အကျင့်တိုင်းလိုလိုမှာ စီဇာကြောင်တတ်ခြင်းကြောင့် ဖြစ်သည်။ သူ့မှာ အပိုခွက် ပါမလာ။ (သူ့မှာ အမေ တိုက်ချွတ်ပေးလိုက်သည့် ခွက်တစ်လုံးသာ ပါလာတာကို နောင်တရနေသေးသည်) အဘိုးအိုကို တိုက်ချင်လျှင် ပုလင်းလိုက် မော့ခိုင်းဖို့သာ ရှိသည်။ သည်လိုစိတ်ကူးကို ပြောပြီးခါမှ သူစိုးရိမ်သွားမိသည်။

အဘိုးအိုက လက်ကမ်းလိုက်ရင်းက "ကျေးဇူးတင်ပါတယ် ဂျက်ဖာဘာတား၊ ငါက လက်ဖက်ရည်များတော့ မငြင်းတတ်ဘူးကွဲ့" ဟု ဆိုနေပြီ။ ဂျက်ဖရီက လက်ဖက်ရည်ပုလင်းကို ကမ်းပေးရင်းက မျက်လုံးတွေ ပြာဝေသွားသလား အောက်မေ့နေရတော့သည်။ လက်ဖက်ရည်ပုလင်းကို အဘိုးအို နှုတ်ခမ်းတွေဆီ မ ယူလိုက်တာကို စောင့်ကြည့်ရင်းက ကြောက်ရွံ့ခြင်းနှင့် စိတ်ပျက်ရွံ့ရှာခြင်း ရောနေသည့် ထူးထူးဆန်းဆန်း စိတ်တစ်မျိုး ခံစားနေရသည်။

အဘိုးအိုကတော့ တစ်စက်ကလေးမှတောင် ချန်မထားချင်။ ဂျက်ဖရီအတွက် ကိစ္စမရှိလောက်ဘူးသာဆိုလျှင် သူရယ်တောင် ရယ်ချင်လိုက်သေးသည်။ သူ့ခေါင်းကို နောက်ဘက် ခပ်ငိုက်ငိုက် စောင်းသည်။ ပြီးတော့မှ သတိကြီးစွာထားရင်း ပုလင်းကို ပါးစပ်ဖြင့် မထိစေဘဲ ဖြည်းဖြည်းကလေး

လည်စလုတ်ထဲ လောင်းချသည်။ လက်ဖက်ရည်ပုလင်း တစ်ဝက်လောက် ကုန်သည်အထိ လည်စလုတ်ကို တဂွတ်ဂွတ်မြည်စေရင်း သောက်သည်။ ကလေးငယ်၏ ခံစားမှုကိုလည်း ဂရုမစိုက်နိုင်တော့။ လူမျိုးရေးအရ သင့်တင့် လျော်ကပ်သော အပြုအမူအဖြစ် ခေါက်ရိုးကျနေသော အမူအရာမျိုး မရှိတော့ဘဲ လက်ဖက်ရည်ကို အငမ်းမရ သောက်နေခြင်းဖြစ်သည်။ လက်ဖက်ရည်ပုလင်းကို နှိမ့်ထားရင်း နှုတ်ခမ်းတွေကို နှစ်ခါသုံးခါလောက် လျက်လိုက်သည်။ လက်ဖက်ရည်၏ ချိုမြိန်မွှေးပျံ့သော အနံ့အရသာကို ကျေကျေနပ်နပ်ကြီး ခံစားနေတာမျိုး။ အံ့သြခြင်းနှင့် အလွန့်အလွန် စိတ်သက်သာရာ ရသွားသလို ဖြစ်နေသည့် ဂျက်ဖရီ့ကို လက်ဖက်ရည်ပုလင်း လှမ်းပေးရင်း "ကောင်းလိုက်ပုံများကွယ်" ဟုပင် မြည်တမ်းနေရှာသေးသည်။

"ကိုင်း သည်လောက်ဆိုရင်တော့ ခရီးဆက်ဖို့ ကောင်းပြီပေါ့လေ။ သွားရမယ့် ခရီးက တော်တော် လိုသေးတယ်"

ဂျက်ဖရီက ခေါင်းညိတ်ပြသည်။ ပုလင်းဆို့ကို အသံမမြည်အောင် ပိတ်ရင်း သိမ်းထားလိုက်သည်။ သူ့စိတ်ထဲ ဘာတွေခံစားနေရသလဲဆိုတာကို ကြိုသိနေသည့် အဘိုးအို၏ အပြုအမူကြောင့် သူ့မှာ စိတ်ထဲ မအီမသာ ဖြစ်နေရသည်။ မာလီဘာဖြစ်လို့ အဲသလို သောက်နည်းမျိုးနဲ့ သောက်ရှာတာပါလိမ့်။ သူတို့နှစ်ယောက် နောက်ထပ်နှစ်နာရီလောက် လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ နေက ကောင်းကင်မှာ မြင့်တက်နေပြီ။ ကောင်းကင်ပြာထဲကို အပူငွေ့တွေ လွှတ်နေခဲ့ပြီ။ သည်လို ခရီးရှည်ကြီးမျိုး ဂျက်ဖရီ အရင်က တစ်ခါမှ မသွားခဲ့ဖူးပါ။ အဘိုးအိုက ဖျတ်ခနဲ ရပ်လိုက်ရင်းက သူတို့ ညာဘက်ဆီကို မြင့်တက်သွားသည့် သစ်တောစိမ်းစိမ်း၏ အပြင်တန်းကို လက်ညှိုးထိုးပြလိုက်သည်။

"အဲဟိုမှာ တို့ တော်တော်လေးတော့သွားရဦးမှာနော"

"ကျွန်တော်တို့ အဲသည်မှာ သမင်တွေ တွေ့နိုင်လို့လား"

ဂျက်ဖရီက စိတ်လှုပ်ရှားသံဖြင့် မေးသည်။

"ဟင့်အင်း မင်း မေ့သွားပြီထင်တယ်၊ ကနေ့ ငါတို့ လျှောက်နေရမယ့် ခရီးတစ်လျှောက်လုံး ငါ့ကို ဘာမှ မမေးနဲ့၊ မနက်ဖြန်မနက်အထိပေါ့ကွယ်"

"ဟုတ်ကဲ့ ကျွန်တော် မေ့သွားတာ မာလီရဲ့၊ ဒါထက် နေပါဦး၊ ကျွန်တော်တို့ အဲသည်ရောက်ရင် ဘယ်နကောင်လောက် တွေ့နိုင်မလဲ၊ ဆယ်ကောင်လား၊ အကောင်နှစ်ဆယ်လား"

"ဘယ်ကွာ မင်းကလည်း"

အဘိုးအိုက တခစ်ခစ်ရယ်ရင်း လမ်းစလျှောက်သည်။ တောကြီးမျက်မည်းထဲဝင်ဖို့ တာစူပြီ။ တောထူလာတာကော ခြေချော်တာပါ ကာကွယ်နိုင်ဖို့ ဖိနပ်တွေ ချွတ်လိုက်ကြသည်။ သည်ခြေလျင်လမ်းကလေးက လူအသုံးနည်းသည့် လမ်းကလေးဖြစ်သည်။

"ဘယ် အဲသလောက်ရှိမလဲ ဂျက်ဖာဘာဘား၊ ငါထင်တာတော့ ငါးကောင်ထက် ပိုမရှိနိုင်ဘူး"

"ဘာဖြစ်လို့ ငါးကောင်လောက်ပဲ ရှိရတာလဲ မာလီ"

ဂျက်ဖရီက စိတ်ထဲမှာ စိတ်ကူးကောင်းကောင်း တွေးမိထားတာတွေ ရှိနေသည်။ အုပ်လိုက်ရှိနေကြသော သားကောင်များ၊ အုပ်ဖွဲ့နေထိုင်ကြသော ခွေးသမင်များ။ မြားတစ်စင်းလောက် ပစ်လိုက်ရလျှင် အကောင်မရွေး ထိမှန်နိုင်လောက်သော ပြွတ်သိပ်နေမည့် တောကောင်တွေကို သူ့စိတ်ထဲ မြင်နေရလို့ မေးလိုက်ခြင်းဖြစ်သည်။

"ငါမှဆိုးဘဝ တစ်လျှောက်လုံးမှာတော့ ငါးကောင်ထက် ပိုများတာ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"

အဘိုးအိုက ပြန်ဖြေသည်။ အဘိုးအို၏စကားက ကျိုးကြောင်းဆီလျော်မှု မရှိသော တစ်ယူသန်အစွဲဖြင့် ပြောလိုက်ခြင်းမဟုတ်။ သားကောင်တို့၏ သဘာဝအားဖြင့် သည့်ထက်မက ပွားစီးနေလောက်တာ သူ သဘောပေါက်

ပြီးသားဖြစ်သည်။ တောကောင်တော်တော်များများကို သူတို့ ကျော့်ဖြတ်ရလိမ့်မည်ဟု သိထားပြီးသားဖြစ်သည်။ သို့သော် တစ်ဖက်က သူ့မှာ သံသယတွေ ရှိနေပြန်သည်။ တောထဲတောင်ထဲ ကိုးကျင်းကိုးကျောင်း လှည့်လည်ခဲ့ရသည့် ဘဝတွေတုန်းက ငါးကောင်ထက်ပိုသော သားကောင်ရယ်လို့ တစ်ကြိမ်မှ မတွေ့ဖူးခဲ့။

"ဟော ကြည့်စမ်း မာလီ"

ဂျက်ဖရီက ရုတ်တရက်ကျုံးအော်လိုက်သည်။ သူ့ရှေ့ခြေလှမ်း ငါးလှမ်းစာလောက်က ဖြတ်သွားသော ဟသ်ပဒါးရောင် လူးလူးလွန့်လွန့် သတ္တဝါတစ်ကောင် လျှောထွက်သွားတာကို ဖျတ်လတ် စူးရှသော မျက်လုံးတွေက မြင်လိုက်ရလို့ဖြစ်သည်။ ဂျက်ဖရီ့အော်သံကြောင့် အဘိုးအိုက စိုးရိမ်တကြီး ချက်ချင်း လှည့်ကြည့်လိုက်သည်။ ပခုံးပေါ်က ပုဆိန်ရိုးကို ချက်ချင်း ဆုပ်ပြီးသား။

"ဟိုမှာ ဟိုမှာ မာလီ"

ဂျက်ဖရီက လက်ညှိုးထိုးပြသည်။

"ခမြွေပါကွာ၊ သည်လိုကောင်မျိုးတော့ သူ့ပေါ် တံတွေးထွေးချလို့တောင် ရပါတယ်"

အဘိုးအို၏ မျက်နှာပေါ်မှာ စိတ်သက်သာရာရသွားသည့် ပေါ့ပါးမှုတွေ ဖြတ်သန်းသွားသည်။ အရိုးပြောင်ပြောင် ပုဆိန်ရိုးပေါ် တင်ထားသည့် ကြွပ်ဆတ်ဆတ် လက်ချောင်းများကလည်း သည်တော့မှ ပြေလျော့သွားသည်။ ပထမတော့ စိုးရိမ်တကြီးဖြစ်ခဲ့သလောက် အရေးတကြီးကိစ္စ မဟုတ်တော့တာကိုဘဲ ဂျက်ဖရီ ကျေးဇူးတင်မိသေးသည်။

"မှောပန်းတကြီး ဖြစ်သွားသေးသလား အဘိုးရယ်"

ဂျက်ဖရီ သူ့ကိုယ်သူ ပြောနေမိသည်။

ဂျက်ဖရီက တဖျပ်ဖျပ် တောက်ပနေသည့် ဆူးချွန်တွေ ချောင်းချောင်းထ

ရှားစောင်းပင်တွေကို ပြနေသေးသည်။ အပင်ထိပ်တွေမှာ အမောက်နီနီကြီးတွေ ရဲတွတ်နေသည်။ အဖြူရောင် အမြှုပ်ဖွေးဖွေးတွေက အမောက်တွေပေါ်မှာ အစက်ချထားသလို လှပနေသည်။ ဒါကို ရှားစောင်းပင်တွေမှန်း ဂျက်ဖရီနဂိုက မသိ။ သူသိထားတာက သည်အပင်တွေကလည်း မြွေနှင့်တူနေသည်။ မကောင်းဆိုးဝါးများနှင့် သန်းခေါင်ယံ မှော်မြွေများ ဝန်းပတ်ကာ ကခုန်နေကြတာလို့ သူ့စိတ်ထဲ ထင်မြင်နေမိသည်။ အမြှုပ်ဖွေးဖွေးကလေးတွေ ပုတီးစေ့သီသလိုဖြစ်နေတာကလည်း မှော်မြွေတွေ အန်ချထားသည့် အန်ဖတ်တွေများလား။

ဒါက တကယ်တော့ ဒဏ္ဍာရီတွေသာ ဖြစ်သည်။ တစ်ခါတစ်ခါတော့ ဒဏ္ဍာရီတွေကို သူယုံကြည်သည်။ တစ်ခါတစ်ခါတော့လည်း မယုံ။ လူတော်တော်များများသာမက ခရစ်ယာန် ဘုန်းတော်ကြီးကိုတောင် သူမေးကြည့်ခဲ့ဖူးသည်။ ဘယ်သူမှ ကောင်းကောင်းမဖြေနိုင်တော့ နောက်ဆုံး သည်မြွေဒဏ္ဍာရီကို လွယ်လွယ်ကူကူပဲ လက်ခံလိုက်သည်။ လူတွေက သူတို့စွဲမြဲထားသမျှ၊ သူတို့ ဆုပ်ဆုပ် ညှစ်ညှစ် ဆွဲကိုင်ထားသမျှ ယုံကြည်တတ်ကြသည်။ သည်ရှားစောင်းပင်က အဆိပ်ဆူးချွန်တွေကို ဘယ်သူမှ မကိုင်ဝံ့ မထိဝံ့၊ မခူးဝံ့၊ မဆွတ်ဝံ့။ သည်အပွင့်တွေကို တွေ့ရတာ ကံကောင်းတတ်သည်ဟု ယုံကြည်ကြသူတွေရှိသလို၊ ထိလျှင်ကိုင်လျှင် သေတတ်သည်ဟု ယုံကြည်ကြတာလည်းရှိသည်။

အံ့သြစရာကောင်းတာက ခုတော့ ဂျက်ဖရီ မြွေမကြောက်ပြန်တော့။ ထူထပ်သော ချုံနွယ်ပိတ်ပေါင်းတွေ အောက်တိုးဖြတ်ရသည့်တိုင် သူ မြွေမကြောက်တော့ပါ။ သည်တစ်ခါတော့ ပေါ့ပေါ့လျော့လျော့မဟုတ်ဘဲ မြွေတစ်ကောင်ကို သူဖမ်းနိုင်လိမ့်မည် ထင်သည်။ သူ့စားသွားအောက်မှာ မြွေတွေ လွတ်နိုင်ခဲ့ပြီ။ အဘိုးကလည်း သင်ထားပေးခဲ့ပြီ။ အဘိုးကိုယ်တိုင်ကလည်း သည်အကောင်တွေကို သတ်ဖို့ဖြတ်ဖို့ ကျွမ်းကျင်သူဖြစ်သည်။ ခေါင်း

ပေါ်မှာ သစ်ကိုင်းတစ်ကိုင်းရှိမည်။ လိမ်ခွေနေသည့်ခန္ဓာဖြင့် ထွန့်ထွန့်လူးလူး ကွင်းခတ်နေသည့် မြွေတစ်ကောင် ထိုသစ်ကိုင်းပေါ်မှာ ရှိနေသည်ဆိုပါတော့။ သစ်ကိုင်းရော မြွေပါ ခုတ်ချလိုက်ရုံ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ သိပ်ကရိကထ မများလှသော၊ ဒါမှမဟုတ် အန္တရာယ်နည်းသော တခြားသတ်ဖြတ်နည်း တော်တော်များများလည်း ရှိသေးသည်။ သို့သော် သည်နည်းကတော့ သူ့အကြိုက်ဆုံးနည်းဖြစ်သည်။ ဓားနှင့် သစ်ကိုင်း။ လက်လက်ထနေသည့် ဓားသွားအကျမှာ ပန်းထွက်လာမည့် သွေးများ။

"နောက်ထပ် ကျွန်တော်တို့ မြွေတွေ့နိုင်သေးသလား အဘိုး"

ဂျက်ဖရီအသံထဲမှာ စိုးရိမ်သောက မပါတော့။ အသံကလေးကတော့ တုန်နေသေးသည်။

"မြွေက နေရာတိုင်းမှာ ရှိသပေါ့ကွယ်၊ တွေ့ချင်ရင်လည်း တွေ့နိုင်တာပေါ့"

"မဟုတ်ဘူး ကျွန်တော်ပြောတာက သည်လို ဟသံပဒါးမြွေမျိုးကိုပြောတာ"

"ညဘက်မှာပဲ တွေ့ရတတ်တယ်၊ ကိုင်းဟော ကိုင်းဟော သွားရဦးမှာက ဝေးသေးသကွဲ့"

အဘိုးအိုက ပွပွပန်းပန်း လေသံမျိုးဖြင့် ပြန်ဖြေရင်း လောလိုက်သည်။

မွန်းတည့်ပြီး နောက်ထပ်တစ်နာရီလောက်မှာတော့ ရေစီးသန်သော ဂျိုရာချောင်းဘေးမှာ သူတို့ခဏနားကြသည်။ ရေခဲတမျှ အေးစက်နေသည့် တောင်ကျရေကို သောက်ကြသည်။ ကျဉ်းမြောင်းသော သောင်ခုံပြန့်ပေါ်မှာ ကျဲကျဲပြန့်ပြန့်ရှိနေသည့် ကျောက်စရစ်ခဲကြီးများ၊ လူးလူးလိမ့်လိမ့် ကျောက်ခဲကလေးများပေါ်က ကျော်ကာလွှားကာရှိနေသည့် အလူးကျောက်ကလေးများကို ဖြတ်သန်းကာ ဂျိုရာချောင်းရေက စီးဆင်းနေသည်။ အဘိုးအိုက သူ့အဝတ်ထုပ်ကြီးထဲက ချပါတီ နှစ်ချပ် ထုတ်စားသည်။ ပဲနှစ်

ဖြင့်ရောကာ မုန့်ကိုဝါးနေရှာသည်။ စားပြီးတော့ အဝတ်ထုပ်ကြီးကို ကျကျနန ပြန်ချည်သည်။ ပြီးမှ လက်နှင့်ပါးစပ်ကို ဆေးသည်။ အိတ်ထဲက သတ္တုဘူး ကလေးတစ်ဘူးကို ထုတ်ပြန်သည်။ အဖြူရည်ကလေးတွေပါသည့် ပုလင်း ကလေးကို တစ်ခါထုတ်ပြန်သည်။ ဘူးထဲက ကွမ်းသီးစိတ်ကလေးတွေကို ပါးစပ်ထဲ ပစ်ထည့်သည်။ ပြီးမှ ပုလင်းကလေးကိုဖွင့်ပြီး ပုလင်းကလေးထဲ လက်ညှိုးထည့်ကာ ထုံးတစ်ကော် ကော်ယူသည်။ ထုံးကို ပါးစပ်ထဲ ညင် ညင်သာသာကလေး ထည့်လိုက်ပြန်သည်။ ထုံးပေနေသည့် လက်ညှိုးကို နှုတ်ခမ်းဖြင့်စုပ်ကာ သန့်ရှင်းစေသည်။ ပြီးမှ ကွမ်းရွက်ကို ပါးစပ်ထဲ လုံးထွေး ထည့်လိုက်၏။ ကွမ်းစားရင်း ဂျက်ဖရီကို မော့ကြည့်လိုက်တော့ မျက်လုံးတွေ ထဲက အလွမ်းကို တွေ့နေရသည်။

"ကောင်းသကွဲ့၊ သေးသေးကလေးပါကွယ်"

"အဲသည် ဖြူဖြူလေးတွေ ကျွန်တော်နည်းနည်းလောက် စားကြည့်လို့ မရဘူးလား မာလီ"

"မလုပ်နဲ့ မလုပ်နဲ့၊ မင်းသိသားပဲ၊ သခင်မလေးက မင်းကွမ်းယာ ဝါး တာများ သိသွားရင် ပြဿနာတက်သွားမှာပေါ့၊ စိတ်ဆိုးနေပါ့မယ်ကွယ်"

သူ့အမေကို ညာခိုင်းဖို့ သူ့စိတ်ထဲမှာ မရှိတာလည်း အမှန်ဖြစ်သည်။ လူကြီးတစ်ယောက်အနေဖြင့် သည်လိုညာခိုင်းခြင်းက အဆိုးရွားဆုံးကိစ္စ ဖြစ်သည်။ ဒါကြောင့် သည့်ထက်ကောင်းသည့် ကိစ္စတစ်ခု လုပ်လိုက်သည်။ ဖွင့်မပြောဘဲ နားလည်နိုင်စေသည့် အမူအရာမျိုး လုပ်လိုက်ခြင်း ဖြစ်သည်။ ကလေးကလည်း ချက်ချင်း နားလည်သည်။ သည်တော့ ခေါင်းကို မော့လိုက် ပြီး ကွမ်းသီးကို လှမ်းယူကာ အပေါ်ပစ်လိုက်သည်။ လေထဲက ပြန်ကျလာ သော ကွမ်းသီးစိတ်ကလေးကို ပါးစပ်ဟကာ တိတိကျကျ ဝင်သွားအောင် ကျင်ကျင်လည်လည်ကြီး ဖမ်းယူလိုက်သည်။

"ကျွန်တော် အရင်က ဒါမျိုးသတိမထားမိခဲ့ဖူးဘူး မာလီ"

ဂျက်ဖရီ တကယ့်ကို လေးလေးနက်နက် ပြောနေခြင်းဖြစ်သည်။ အပြစ်ကင်းကင်း ပြောနေခြင်းဖြစ်သည်။ အရသာရှိသလိုလို ခံစားရသော ဖန်ခါးခါး ကွမ်းသီးဖတ်ကလေးတွေကို ဝါးရင်းက ဝန်ခံလိုက်ခြင်းဖြစ်သည်။ တကယ်တော့ သည်လိုဖြားယောင်းမှုကို သိပ်တော့ မကြိုက်လှပါ။ အမေက အဘိုးအိုကို ပြဿနာရှာနေမှာစိုးလို့သာ အကြောင်းရှာရင်း ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်မိခြင်းဖြစ်သည်။

နှစ်ယောက်စလုံးက ထိုင်ဝါးနေကြတာမျိုး ဖြစ်နေသည်။ သူတို့က တိတ်ဆိတ်နေသလို ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေလေသည်။ ပါးစပ်ပလုတ်ကျင်းသံတွေသာ ဆူညံသံအဖြစ် ရှိနေလေသည်။ သစ်ပင်ထိပ်ဖျားဆီကို ရောက်နေသည့် နေမင်းဆီက အလင်းတန်းတွေ ဖိတ်ကျနေသည်။ ရွှေရောင်မားသွားများဖြင့် ထိုးစိုက်ထားကြလေသလား အောက်မေ့ရလေသည်။

တစ်ခါ လှုပ်ရှားကြရပြန်ပြီ။ အဘိုးအိုက ပုဆိန်ကို ပခုံးပေါ်ထမ်းကာ လမ်းခရီးကို ဦးဆောင်လျက်။ ဂျက်ဖရီက နောက်က ထက်ကြပ်မကွာ။ လေးကို ကိုင်ထားသော်လည်း ခါးပတ်ချိတ်၊ ချိတ်တွယ်ထားသည့် မြားကျည်တောက်ဘူးက အစုတော့ သားရေကြိုးပြားနှင့်ဆိုင်းကာ ပခုံးပေါ်ရောက်နေခဲ့ပြီ။ အဘိုးအိုနောက်က အနီးကပ်လိုက်လာရုံမက သူ့အကြည့်တွေကို ဘေးဘီ မရောက်စေရဘဲ လိုက်နေခြင်းဖြစ်သည်။ သူနားမလည်နိုင်စွမ်းသည့် သစ်တောထဲမှာ ထူးထူးဆန်းဆန်း ထက်ကြပ်မကွာ ရင်ပေါင်တန်း လိုက်နေမိတာကလည်း အကြောင်းရှိသည်။ သူ့ကိုယ်သူလည်း အကူအညီမဲ့သလို ဖြစ်နေရသည်။ စိတ်ဓာတ်ချောက်ချားမှု အကျယ်အဝန်းကလည်း ကျယ်သည်ထက်ကျယ်လာနေသည်။ သည်တော့ အကောင်းဆုံးက မာလီနောက်က အပျောက်မခံဘဲ ဒယဉ်တိုက်လိုက်နေရတာ အသေချာဆုံးဖြစ်သည်။

နေမဝင်ခင် တစ်နာရီလောက် ကြိုတင်ကာ စခန်းချဖို့ ပြင်ရသည်။ သည်နေရာကလည်း ဂျိုရာချောင်း၏ တစ်နေရာမှာပဲ ဖြစ်သည်။ ဂျိုရာချောင်းက

သည်ကုန်းတန်းကို ကန့်လန့်ဖြတ် စီးဆင်းနေသည်။ အဘိုးအိုက မီးမွှေးသည်။ တောတွင်းအိပ်ရာကို ဘယ်ပုံဘယ်နည်း ပြင်ရသလဲဆိုတာ ရှေ့ဆောင်သင်ပြသည်။ ပထမ ထင်းရှူးလိုပျော့ပျောင်းသည့် အပင်တွေကို စုစည်းကာ နူးညံ့သည့်အပိုင်းကို မြေပေါ်ခင်းသည်။ ဘေးက ရှေ့သိုတက် ထင်းရှူးကိုင်းထိုးထိုးထောင်ထောင်တွေကို ကာလိုက်သည်။ သည်ထင်းရှူးကိုင်းရှည်ကြီးတွေက ကျောက်ဆောင်ကြီးနားက ပင်ပန်းတကြီး ခွာထုတ်လာခြင်းဖြစ်သည်။

အိပ်ရာတွေကို မီးဖို၏ တစ်ဖက်တစ်ချက်ဆီမှာ ခင်းထားခြင်းဖြစ်၏။ ထင်းရှူးပင်တွေလို အပင်တွေကို သူ့စိတ်ကြိုက်ခင်းပြီးသည့်အခါ ဂျက်ဖရီက သူ့အိပ်ရာပေါ် သူကျကျနန ထိုင်ကြည့်လိုက်သည်။ စပရိန်လိုမှ နူးညံ့ရဲ့လားလို့ စမ်းကြည့်လိုက်သေးသည်။ အိပ်ရာပေါ်လှဲနေရင်းက တစ်ကိုယ်လုံး ဆန့်ထုတ်လိုက်သည်။ အပေါ်အောက် ခုန်ကြည့်သည်။

"ဘယ်နှယ်လဲကွဲ့"

အဘိုးအိုက မေးသည်။

ဂျက်ဖရီက အိပ်ရာပေါ်က ချက်ချင်းထထိုင်လိုက်သည်။ ပြီးတော့ မယုံသင်္ကာသလို မေးသည်။

"အံ့မယ်၊ အိမ်က ကျွန်တော့်အိပ်ရာထက်တောင် နူးညံ့သေးဗျာ၊ သည်လိုမျိုး အိပ်ရာလုပ်လို့ရတယ်လို့ မာလီဘယ်မှာ သင်ခဲ့တာလဲ၊ တီရိုင်းတောကြီးထဲမှာလား၊ တီရိုင်းတောကြီးထဲမှာကော သည်လိုလုပ် အိပ်ခဲ့တာပဲလား၊ ဒါထက် နေပါဦး၊ မာလီတတ်ထားတဲ့ ပညာတွေကို ဘယ်သူက သင်ပေးခဲ့တာတုံး"

"အခု မင်းသင်ယူနေသလို ငါလည်း အဲသလို သင်ယူခဲ့တာပါပဲ၊ သူများ လုပ်တာကိုင်တာကို ကြည့်ရမြင်ရတာရှိသလို ကြားရနားရတာလည်း ရှိတာပေါ့ကွယ်၊ ငါ့ရဲ့သင်ကြားနာယူခြင်းမှာ သည်နည်းတစ်နည်းပဲ ရှိတယ်"

"ဒါဆို မာလီ့ဆီက ပညာတွေရအောင် ကျွန်တော့်ကို ကြည့်ခွင့်ပြုပါနော်၊ ဒါမှ မာလီတတ်ထားသမျှတွေ ကျွန်တော်သင်ယူနိုင်မှာလေ၊ ဟုတ်တယ် မဟုတ်လား မာလီ"

သည်စကားတွေက မာလီ့နှလုံးသားကို ထိခတ်သွားခဲ့သည်။ ကလေး၏ မျက်နှာပေါ်မှာ သူ့ကို လေးစားကြည်ညိုမှုတွေ၊ ကိုးကွယ် ဆည်းကပ်မှုတွေ မြင်နေရလို့ဖြစ်သည်။ ရင်ထဲမှာ ရုတ်တရက် ခံစားလိုက်ရသည့် ဂုဏ်မာနနှင့် သောကဝေဒနာကို သူမတွန်းလှန်ခဲ့။ သည်ခံစားမှုနှစ်မျိုးကို သူလိုလိုလားလား အညံ့ခံလိုက်သည်။ ခပ်ကြမ်းကြမ်းခံစားမှု၏ ချုပ်ကိုင်မှုအောက်မှာ ကျရောက်နေရသည်။ ချိုမြိန်သော နာကျင်မှု၏ အရသာကို သူမှီဝဲခဲ့သည်ကော။

အို သည်ကလေးကို ငါ့သားကလေးတစ်ယောက်လို ငါချစ်သင့်နေပြီကော။

■

"အလို သည်တစ်ညနေလုံးများ လဲ့နေတော့မှာလားကွဲ့၊ လူပျင်းကလေးရဲ့"

မာလီက ဂျက်ဖရီအခံရခက်အောင် စလိုက်သည်။

"ငါ့ကို ထင်းတွေပိုင်းစုပေးဦးလေ၊ တစ်ညလုံး မီးဆိုက်ထားရမှာ မှတ်လား"

ဂျက်ဖရီက သည်တော့မှ အိပ်ရာပေါ်က လူးလဲထသည်။

"နေ နေ မာလီ၊ မာလီထိုင်နေပါ ကျွန်တော်တစ်ယောက်တည်း ထင်းကောက်မှာပါ"

အဘိုးအိုက တစ်ခုခုလုပ်မည်ဆိုလိုက်တိုင်း သူရှက်နေတတ်သည်။ 'ကျွန်တော် တစ်ယောက်တည်း' လို့ စကားစရုံရှိသေး အဘိုးအို၏ မျက်နှာပေါ်က အရေးအကြောင်းတွေအားလုံး ဝိုင်းအုံထားသလိုဖြစ်သွားတာ မြင်လိုက်ရတော့ ပြောလက်စ စကားကို ရပ်လိုက်ရသည်။ တကယ်တော့ မာလီက သက်သက်စလိုက်ခြင်းဖြစ်ပါသည်။

"ကိုင်း လာပါကွယ်၊ တို့ အတူတူ ကောက်ကြရအောင်ပါ"

ကောက်လို့ရသမျှ ထင်းခြောက်တွေကို အဘိုးအို၏ အိပ်ရာနားက မီးဖိုဘေးမှာ ပုံကြသည်။ ဒါမှ အိပ်ရာက မခွာဘဲ တစ်ည

လုံး ထင်းထည့်နိုင်မည်ဖြစ်သည်။ သူတို့နှစ်ယောက်အိပ်ကြသည့် ထင်းရှူးကိုင်း အိပ်ရာဆီက ထသွားရတာမျိုးမရှိအောင် ကြိုတင်စီစဉ်ထားကြခြင်းဖြစ်သည်။ ညအချိန် မှောင်စပျိုးသည်နှင့် ကိုယ့်အိပ်ရာပေါ်မှာ ကိုယ်နေကြရန်နှင့် မနက် မိုးလင်းသည်အထိ တစ်ယောက်နှင့်တစ်ယောက် မြင်နိုင်အောင် အတူတကွရှိဖို့ လိုကြောင်း မာလီက အမိန့်ထုတ်ထားသည်။

မာလီနှင့် ဂျက်ဖရီ မီးမွေးပြီးလို့ ကိုယ့်နေရာကိုယ် ယူကြပြီးချိန်မှာ သစ်တောကြီးတစ်ခွင်လုံး အမှောင်ဖုံးလာခဲ့သည်။ အဘိုးအိုက ချပါတီနှင့် ပဲဟင်းကို စားသည်။ ဂျက်ဖရီကတော့ ပေါင်မုန့်လုံးကြီးတစ်ခြမ်းနှင့် အမဲသားဆားနယ် တစ်ဘူးကုန်အောင်စားလေ၏။ မာလီ့ကို တစ်ဝက်လောက် ပေးချင်စိတ် ရှိသော်လည်း ဆာလောင်မွတ်သိပ်မှုက ပေးချင်ကမ်းချင်စိတ်ကလေးကို ချေဖျက်ပစ်လိုက်သည်။ နောက်တော့လည်း ချပါတီကို သွားဖုံးဖြင့် ကြိတ်ဝါးနေသည့် မာလီ့ကိုကြည့်ရင်း ရှက်စိတ်ကလေး ဝင်လာပုံရသည်။ စားလက်စ အမဲသားဘူးကို ကမ်းပေးရင်းက စကားစလိုက်သည်။

"အသားနည်းနည်းတော့ ကျန်သေးတယ် မာလီ.. စားပါလား"

"မင်းကရော ဝရဲ့လားကွဲ့"

"ဝပါပြီ"

"မနက်ဖြန်အတွက်ကော"

"အမဲသားဘူးက သုံးဘူးတောင် ပိုပါပါတယ်၊ ပဲသီးဘူး သုံးဘူးလည်း ရှိသေးတယ်"

သည်တော့မှ မာလီက ကမ်းပေးသော အမဲသားဘူးကို လက်ခံသည်။ အသားဘူးကို လှမ်းယူလိုက်ပြီး လက်ကျန်အသားကလေးတွေကို ကော်မစားခင် အမဲသားဘူးကို အားရပါးရ နမ်းကြည့်လိုက်သေးသည်။ ဂျက်ဖရီကတော့ သူ့အိပ်ရာဘေးမှာ ချထားသည့် အထုပ်ကြီးထဲက တစ်စုံတစ်ရာကို လှန်လှောရှာနေလေသည်။ ပြီးမှ သွားတိုက်ဆေးဘူးနှင့် သွားပွတ်တံ

ထွက်လာလေ၏။ ဆပ်ပြာခဲကလေးကို ကိုင်ရင်း ဂျိုရာချောင်းဘေးက ရေတိမ် တိမ်ကလေးမှာ ကိုယ်လက်သန့်စင်သည်။ သွားတိုက်၊ မျက်နှာသစ်။ အကျီ ညာဘက်လက်မောင်းကို ဖြေကာ မျက်နှာသုတ်ပဝါအဖြစ် သုံးသည်။

ဂျက်ဖရီ မီးဖိုနားပြန်ရောက်တော့ မာလီက သူ့အိပ်ရာပေါ် သူ လှဲနေ သည်။ မာလီအိပ်ပျော်နေတာတွေ့တော့ တစ်ယောက်တည်း အထီးကျန်နေရ သလို ခံစားရကာ ကြောက်စိတ်ဖျန်းဖျန်း ဝင်လာခဲ့သည်။ ပတ်ဝန်းကျင်ကို စိုးရိမ်သောကဖြင့် လိုက်ကြည့်သည်။ မီးတောက်မီးလျှံတွေ ထနေသည့် မီးဖို ကြီးနောက်က အမှောင်ရိပ်တွေထဲကို သူ့မျက်လုံးများဖြင့် မြင်ရသလောက် ထွင်းဖောက်ကြည့်နေမိသည်။ ခါးမှာ ချိတ်ထားသည့် ဓားကောက်ကို တစ်ခါ တစ်ခါ ဖျတ်ခနဲ ကိုင်မိတာလည်း ခဏခဏ။ ချက်ချင်းလိုလို သူ့အထုပ်ထဲ က ဓောင်ကို ဆောင့်ဆွဲယူလိုက်ကာ ခြုံလိုက်သည်။

မီးဖိုနောက်ဘက် တောတွင်းအမှောင်က သိပ်သိပ်သည်းသည်း မည်း ချိတ်နေလေသည်။ ဟိုဝေးဝေးဆီက မသဲမကွဲ အသံတချို့ကို ကြားနေရ သည်။ ခွေးအတစ်ကောင်၏ လွမ်းလွမ်းဆွေးဆွေး အူနေသံ။ သည်အသံ ကြားရတော့ ဂျက်ဖရီ တင်းတောင့်သွားသည်။ ဦးခွံရေသောမက ဆံပင်တွေပါ ထောင်ထသွားသလား မှတ်ရလောက်အောင် အကြောက်ကြီး ကြောက်သွား ခြင်းဖြစ်၏။ တစ်ဖက်ကို ခပ်မြန်မြန်ကြီး လှည့်လိုက်သည်။ ပါးစပ်တစ်ခုလုံး အာတွေ ခြောက်လာသည်။ စိုးရိမ်စိတ် ပြေပျောက်သွားအောင် မာလိုကို လှမ်းကြည့်လိုက်သည်။ မာလီကတော့ ကောင်းကောင်း အိပ်ပျော်နေပုံရ သည်။ အသက်ရှူသံမှျင်းမှျင်းကလေးနှင့်အတူ ရင်ဘတ် ပိန်ပိန်ကလေးက မောက်လိုက် နိမ့်လိုက် စည်းချက်ညီနေလေ၏။

ဂျက်ဖရီက တစ်အားကျုံးအော်ကာ နိုးချင်စိတ်တွေ တရှူရှူ ထလာသည်။ မာလိုကိုနိုးကာ ကြောက်စိတ်ကို ဝေမျှချင်နေသည်။ ခွေးအူသံ ဆွေးဆွေး မြည့်မြည့်ကြီးက သည်တစ်ခါ ပိုလို့တောင် ကျယ်လောင်လာပြန်သည်။ ခနွာ

ကိုယ်တစ်ခုလုံး အပ်နှင့်ဆွသလို ကြက်သီးတွေ တဖျန်းဖျန်း ထသွားတော့ ငယ်သံပါအောင် အော်လိုက်ဖို့တောင် စိတ်ကူးမိသေးသည်။ ခွေးအပုံပြင်တွေ သူကြားဖူးထားတာရှိသည်။ ခွေးအ ရူးတွေက ဆင်လို သတ္တဝါကြီးတွေကို တောင် ထွက်ပြေးအောင် ကြမ်းကြမ်းရမ်းရမ်း ကိုက်ခဲတတ်သတဲ့။ အခုအော် နေတဲ့ ခွေးအကလည်း ညမှောင်မှောင်ထဲ ထွက်လာသည့် ခွေးအ ရူး တစ် ကောင် ဖြစ်လိမ့်မည်။

ဂျက်ဖရီက ပါးစပ်ကို ဟထားသည်။ အဆုတ်၏အတွင်းပိုင်းမှာ အော် သံက အစိုင်အခဲ ဖွဲ့နေသည်။ ဖောင်းအစ်အစ်မျက်လုံးတွေက မောမောပန်း ပန်း အိပ်ပျော်နေရာသည့် အဘိုးအို၏မျက်နှာကိုသာ မခွာတမ်း စူးစိုက်ကြည့် နေသည်။ တစ်ဖက်က မနိုးရက်တာလည်းပါသည်။ တစ်ကြောင်းက သူ့ အပေါ်မှာ စွဲစွဲမြဲမြဲ စောင့်ရှောက်ရှာသည့် လူအိုလူမင်းတစ်ယောက် နှစ်နှစ် ခြိုက်ခြိုက် အိပ်စက်အနားယူနေတာကို မနှောင့်ယှက်ချင်တာလည်းပါသည်။ နောက်တစ်ကြောင်းကတော့ သူ့ကြောက်စိတ်ကို အဘိုးအို သိသွားမှာ ရှက် တာလည်းပါသည်။ ဂျက်ဖရီကတွေးရင်း အံသွားတွေ တင်းနေအောင် ကြိတ် ထားလိုက်သည်။ သူ့အထုပ်ကြီးဘက် လှည့်စောင်းလိုက်သည်။ သူရဖူး သော ကဗျာဟောင်းတစ်ပုဒ်ထဲက စာကြောင်းတွေ ခေါင်းထဲ ပြေးဝင်လာ လေသည်။

"မောင်မင်း၏ ဒူးပေါ်သို့ လေးကိုင်းကိုတင်လော့
စူးရှသောအသံဖြင့် မြားတံကို ပစ်လွှတ်လော့..
ဘာမှမရှိသည့် ချုံပုတ်တွင်း၊ သင့်လုံဖြင့် ခွင်းလေရော့..
လက်တွင်းမှာ ဘာမှမရှိ၊ အင်အားသည်လည်း ခပ်ချည့်ချည့်
သွေးတွေက သင့်ပါးပေါ်မှာသာရှိ
အို မုဆိုးကလေး.. အဲသဟာ ကြောက်ရွံ့ခြင်းပကာတိ"

■

အရေးအကြောင်းတွေ ပွထနေသည့် အဘိုးအို၏ မျက်နှာပေါ်က မျက်လုံးတစ်လုံး ဖြည်းဖြည်းကလေး ပွင့်လာသည်။ စူးစမ်းသော၊ တောက်ပသော သည်မျက်လုံးက ဂျက်ဖရီ့ကျောဘက်ကို မျက်လုံးပြန်မပိတ်ခင် တစ်ချက် အကဲခတ်လိုက်သည်။ ရုတ်တရက် အဘိုးအို၏ အသက်ရှူသံပြင်းပြင်းကြီး အူးခနဲ ထွက်ပေါ်လာကာ ပင့်သက်ရှိုက်သံသည်ပင် ကျယ်လောင်သွားခဲ့သည်။ ဂျက်ဖရီက သူ့ခြေထောက်တွေကို ခုန်ပစ်လိုက်သည်။ သူ့ဝမ်းဗိုက်ထဲက အူဟောင်းလောင်းဖြစ်နေတာတွေ၊ မအီမသာ ဖြစ်နေတာတွေ လွင့်စဉ်သွားသည်။ ဓားအိမ်ထဲက ဓားသည်လည်း အရောင်လက်သွားအောင် ဖေ့ယမ်းပြီးသားဖြစ်သွားခဲ့သည်။ သူ့ရှေ့မှာ ခွေးအတစ်ကောင် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာသလို ထင်လိုက်သောကြောင့် လှုပ်ရှားလိုက်ခြင်း ဖြစ်သည်။

မာလိုကို သူ့ဘေးမှာ လှဲလျက်သားတွေ့လိုက်ရတော့မှ ဂျက်ဖရီ ဟင်းချနိုင်သည်။ မာလီက သမ်းဝေရင်း သူ့မျက်လုံးတွေကို ပွတ်သပ်နေသည်ကော ။

"ဟိုး ဟိုး အဲဒါက ဘာလဲကွဲ့"

"အို မာလီရယ် မာလီ နိုးပြီလား"

မာလိုကို ကျေးဇူးတင်သံကလေး စွက်ကာ တိုးတိုးကလေးပြောသည်။

"ငါမွေးခနဲ အိပ်ပျော်သွားတယ်"

အဘိုးအိုကလည်း ရိုးရိုးသားသား အပြစ်မရှိသလို ဖြေသည်။

"ဟုတ်တယ် မာလီအိပ်ပျော်နေတာ တွေ့တယ်"

"မင်းဓားက ဘာလုပ်တာလဲ"

"မာလီနိုးသွားတာကို ကျွန်တော် လန့်သွားတာဗျ"

"ကိုင်း ကိုင်း ဓားကိုသိမ်းလိုက်ဦး၊ တစ်မှေး အိပ်လိုက်ဦးကွဲ့"

အဘိုးအို၏ စကားကို နာခံသလို ဓားကို ဓားအိမ်ထဲ ထိုးထည့်လိုက်သည်။ ပြီးတော့ သူ့အိပ်ရာပေါ် သူလှဲလိုက်သည်။ ခန္ဓာကိုယ်ပေါ်ကို စောင်ဆွဲခြုံသည်။ အဘိုးအိုက သူ့ကို စောင့်ပေးနေသည်။ အဘိုးအိုက ပြုံးသည်။ သိုသိုသိပ်သိပ် ပြုံးဖြစ်သွားသည်။ သို့သော် သူ့မျက်လုံးညိုညိုတွေထဲမှာတော့ ကြင်နာသနားခြင်းနှင့် ဂုဏ်မာနသည် တောက်လက်သွားလေသည်။

■

ပုစဉ်းရင်ကွဲကောင်များ၏ စူးရှသောအော်သံကြောင့် ဂျက်ဖရီ လန့်နိုးသွားသည်။ မိုးမလင်းခင်ကလေးမှာ နိုးခြင်းဖြစ်၏။ နိုးနေသော်လည်း တစ်အောင့်လောက် မလှုပ်မရှက် လှဲနေလိုက်သည်။ နွေးထွေးသော စောင်နှင့် အောက်ခံအိပ်ရာကြားမှာ ဇိမ်ယူနေမိခြင်းဖြစ်၏။ စူးစူးရှရှ ကျယ်ကျယ်လောင်လောင် နိမ့်ချည်မြင့်ချည် အော်နေကြသည့် ပုစဉ်းရင်ကွဲသံကို နားထောင်နေမိသည်။ မနက်ခင်းလေပြည်၏ ဆေးထန်းထန်းရနံ့ကို သူရှူရှိုက်နေမိသည်။

ပုစဉ်းထိုးကြီးတစ်ကောင်ကို မျက်စိထဲ ပုံဖော်ကြည့်မိသည်။ ကြီးမားသော ခေါင်းနီနီ ပြူးပြူးကြီးနှင့် ခပ်ညိုညို ဆန်ခါကွက်ကျဲ အတောင်ပံကြီးတွေကို စိတ်ထဲမှာ မြင်နေရသည်။ ပုစဉ်းထိုးတွေကတော့ ရိုးရိုးပုစဉ်းရင်ကွဲကောင်ကလေးတွေထက် ပိုကြီးမား

တတ်သည်။ ပိုပြီး နှစ်သက်ချင်စရာကောင်းသည်။ သည်ပုစဉ်းထိုး ခေါင်းကလေးတွေကို သနပ်စင်ပြီး သိုးမွေးစကလေးများဖြင့် အလှဆင် လိုက်သည့်အခါ ကြောက်စရာကောင်းတာမျိုး မဟုတ်တော့ဘဲ မြင့်ဆိုင်လှပနေတတ်သည်။ ဒါကိုပဲ ရင်ထိုးလို့ ဆင်မြန်းတတ်ကြသည်။ ပုစဉ်းထိုးကောင်ကလေးတွေ ဖမ်းမိတိုင်း အမေ့ဖို့ ရင်ထိုးလုပ်ပေးလေ့ရှိတာကိုလည်း သတိရနေမိလေသည်။

ပုစဉ်းရင်ကွဲအော်သံ ကျယ်ကျယ်လောင်လောင်က ရုတ်ခနဲ ရပ်သွားလေသည်။ ဂျက်ဖရီက တောင်တောင်အီအီတွေးနေရင်းက မာလိ့ကို သတိရသွားတော့ ကိုယ့်ကို လှည့်လိုက်သည်။ မာလိကတော့ နိုးနေပြီ။ မီးဖိုရှေ့မှာ ဆောင့်ကြောင့်ကလေးထိုင်ကာ လက်ကလေးတွေ နွေးသွားအောင် မီးလှုံနေသည်။

"အိပ်ရတာ ဘယ့်နှယ့်လဲ"

ဂျက်ဖရီက စောင်ကို ဖယ်လိုက်ရင်း ထရပ်လိုက်သည်။

"သိပ်ကောင်း"

မနေ့ညနေက မာလိနှင့်အတူ လိုက်ကောက်ထားခဲ့သော ထင်းပုံကြီးကို ကြည့်ရင်း ဂျက်ဖရီ အံ့ဩနေရတော့သည်။ ထင်းတွေ ဘာမှ မကျန်တော့။ ဒါကို ကြည့်ခြင်းအားဖြင့် မာလိ့ခမျာ တစ်ညလုံးလိုလို မကြာမကြာ ထကာ ထင်းထည့်နေရှာတာ သေချာသွားပြီ။ သူ့မှာ အပြစ်မကင်းသော ကျေးဇူးတင်ခြင်းမျိုး ခံစားရသည်။ တစ်ညလုံး သိုးနေအောင် အိပ်ပျော်သွားခဲ့တာကိုလည်း သူ့ကိုယ်သူ သတိရနေမိသည်။ နွေးနွေးထွေးထွေး အိပ်ခဲ့ရရုံမက လက်ကလေးတစ်ချောင်းတောင် မလှုပ်ခဲ့တာ သူသိသည်။ မာလိကတော့ အိပ်လိုက်တိုင်း ပေါ့ပေါ့ပါးပါး အအိပ်ဆတ်ဆတ် အိပ်တတ်တာ သူနားမလည်နိုင်။ တောကြီးမျက်မည်းထဲမှာ နိုးလိုက် ငိုက်လိုက် သူမှိန်းနေတတ်သည်။ သည်လို တောကြီးမျက်မည်းထဲမှာ သေးသေးချွတ်ချွတ်အသံကလေး

ကလည်း သံသယရှိစရာတွေ ပြည့်နှက်နေတတ်သည်။ အပူချိန် အပြောင်းအလဲ ရှိတတ်သည်။ သည်လိုအခြေအနေမျိုးမှာ အအိပ်ဆတ်ဖို့ လိုသည်။

မနက်ခရီးစဖို့ ပြင်ကြချိန်မှာတော့ ရေငွေ့တွေပါသည့် နေခြည်က တောတောင်မှောင်မှောင်ထဲကို ပထမဆုံး စိုက်ဆင်းလာချိန်ဖြစ်သည်။ မနေ့က လျှောက်သလိုပါပဲ။ အဘိုးအိုက ရှေ့က ဦးဆောင်လျှောက်သည်။ ဂျက်ဖရီက နောက်က ကပ်လိုက်သည်။ တစ်ခုပဲ ခြားနားသည်။ ဂျက်ဖရီ့အထုပ်ကို မာလီက ထမ်းပြီး ဂျက်ဖရီက 'လေး' ကို အသင့်အနေအထားဖြင့် ကိုင်လိုက်လာခြင်းဖြစ်သည်။

"အသံမထွက်အောင် လျှောက်"

မာလီက နောက်ကို လှည့်မကြည့်ဘဲ သတိပေးသည်။

"ခုကစပြီး တို့စကားမပြောရတော့ဘူး"

"ဟုတ်ကဲ့ပါ မာလီ"

ဂျက်ဖရီက လေသံကလေးဖြင့် ဖြေ၏။

လေးကို ဗိုပြီး တင်းကျပ်သွားအောင် ဆုပ်ထားလိုက်သည်။ သူ့ခြေထောက်တွေကို သတိဖြင့် တစ်လှမ်းလှမ်းရတိုင်း တုန်နေသလား မှတ်ရအောင် စိတ်လှုပ်ရှားနေသည်။

"တစ်ခုတော့ ရှိတယ် မာလီ"

"ဆိုပါဦး"

"သည်ကောင်တွေက ဝေးနေရင်တော့ မာလီပစ်ပေါ့ဗျာ၊ အနီးကပ်ဆိုရင်တော့ ကျွန်တော် ကိုယ်တိုင် သတ်ရမှနော်"

မာလီက ခေါင်းကို လှုပ်ကာ လှုပ်ကာ သဘောတူတာမျိုး လုပ်ပြတော့မှ ဂျက်ဖရီ စိတ်သက်သာသွားသလို သက်ပြင်းချသည်။ သည်လေး သည်မြားဖြင့် အခါမလပ် လေ့ကျင့်ထားတာ အသားကျနေပြီ။ ကိုယ်လိုချင်သည့် ပစ်မှတ်ကို ထိအောင် သူပစ်ခတ်နိုင်ပြီဆိုတာ သူ့မှာ သံသယ စိုးစဉ်းမျှမရှိ။

သူ့အတွက် လေးကိုင်းကကြီးနေသော်လည်း ကိစ္စမရှိ။ သူ့ဘက်က မာလီ အပါအဝင် ဘယ်သူ့ကိုမဆို ချို့ယွင်းချက်တစ်စုံတစ်ရာဖြစ်အောင် လုပ်လေ့ မရှိသော်လည်း ဝန်ခံစရာရှိလျှင် ဝန်ခံရန် ဝန်မလေးသည့် စိတ်တော့ရှိသည်။

ဂျက်ဖရီနှင့် မာလီလျှောက်လာတာ သုံးနာရီလောက် ကြာသွားသည်။ သစ်တောကြီးထဲကို ကွေ့ပတ်လျှောင်တိမ်းရင်း လျှောက်လာခဲ့ကြသည်။ တောကတော့ ကျဲပါးသည်ထက် ကျဲပါးသွားသည်။ အဘိုးအိုက မကြာ မကြာရပ်ရင်း ဂျက်ဖရီကို ခပ်သွက်သွက်ကလေးလျှောက်ဖို့ လက်ဟန် ခြေ ဟန် ပြတတ်သည်။ အချိန်တော်တော်ကြာကြာ တစ်စုံတစ်ရာကို နားစိုက် ထောင်နေတတ်သည်။ ခေါင်းကိုလည်း အအားမထား။ သစ်တော တစ်ခွင် လုံးကို တစ်လက်မ မကျန်အောင် ငန်းတိုက်ကာ လိုက်ကြည့်နေတတ်သည်။ မာလီ့မျက်လုံးကလေးတွေက သည်အခါမျိုးမှာ ငှက်မျက်လုံးကလေးတွေနှင့် တူသည်။

ဂျက်ဖရီကတော့ အဘိုးအိုကိုပဲ လိုက်ကြည့်နေရသည်။ မာလီက အဲ သလို အနံ့ခံနေတာမျိုးလုပ်လေ ဂျက်ဖရီမှာတော့ စိတ်လှုပ်ရှားရလေ။ မာလီ ကတော့ တကယ့်ကို လေထဲက အနံ့တစ်ခုခုကို သဲကြီးမဲကြီး အနံ့ခံနေသည့် ခွေးအိုကြီးတစ်ကောင်နှင့် တူနေသည်။ ဒါကလည်း သူတို့အတွက် အနံ့ခံနေ တာမှန်း ဂျက်ဖရီသဘောပေါက်သည်။ သူတို့မှာကော ဘာနံ့တွေ ထောင်းထ နေပြီလဲ။ မိုးထဲလေထဲက ဖြတ်လာရလို့ ခွေးတစ်ကောင်ရဲ့ အနံ့ပြင်းပြင်းမျိုး ထွက်နေပြီလား။ သမင်သေတစ်ကောင်ကို မြင်ခဲ့ဖူးတာ ဂျက်ဖရီ သတိရသွား ပြန်သည်။ ကျည်ဆန်တွေ ဖောက်ဝင်ထားသည့် သွေးရဲရဲ ကျည်ဆံပေါက် တွေကို မြင်ယောင်မိသော်လည်း ဘာနံ့ရခဲ့မှန်း သူ မမှတ်မိတော့။

မာလီ့နောက်က အသက်ပင် မရှူမိဘဲ လိုက်နေရသည်။ ခြေကို ခြစ်ရာခံ နေတာကိုလည်း မလွတ်စေရ။ တောထဲတောင်ထဲ လှည့်ကာပတ်ကာ ခြေရာ ခွတ်ကြောင်းတွေရှိနေသည့် မာလီနောက်မှာ သူအမြဲကပ်လျက် ပါနေရသည်။

ထူထပ်စွာ ကျနေသည့် သစ်ရွက်ဟောင်းပုံများ၊ နေရာတကာမှာ ရှိနေသည့် ဆွေးမြည့်ပုပ်သိုးနေသည့် ထင်းရှူးကိုင်းများပေါ်က မသက်ာစရာ ခြေရာ စွတ်ကြောင်းတွေကို ဘယ်လိုလူကမှ ရှာဖွေတတ်လိမ့်မည်မဟုတ်။ ဘယ်သူမှ ဖတ်တတ်နိုင်မည်မထင်။ ဂျက်ဖရီက လေးကိုင်းကို တစ်အားဆုပ်ထား လိုက်ရင်းက မြားကျည်တောက်ထဲက မြားတံတစ်ချောင်းကို လက်ရောက် သွားသည်။ သူ့ကို ဦးဆောင်သွားနေသည့် မာလီနောက်က စက္ကန့်မလပ် ကပ်လိုက်ရင်း အုပ်လိုက်သင်းလိုက် ဝရုန်းသုန်းကား လှည့်လည်နေကြမည့် သားကောင်အုပ်ကို မျက်စိထဲမှာ မြင်ယောင်နေမိသေးသည်။

တကယ်တမ်းကျတော့ သူ့စိတ်ကူးထဲက သားကောင်အုပ်ကိုလည်း မတွေ့။ မာလီရှာနေသည့် တိရစ္ဆာန်ခြေရာဆိုတာတွေလည်း မမြင်ရ။ သည် လိုနှင့် နေမင်းက အထွတ်အဖျားမှာ မွန်းတည့်လေပြီ။ မာလီက လက်လျှော့ လိုက်သလို အမူအရာဖြင့် နားကြဖို့ပြောသည်။ မာလီက သည်စကားကို စကားလုံးရွေးချယ်ကာ ပြောလိုက်ရခြင်းဖြစ်သည်။ ဂျက်ဖရီ့မျက်နှာခရဲရဲ ကလေးပေါ်မှာ စိတ်အားထက်သန်မှုတွေ ရှိနေသေးတာကို အဘိုးအို မြင်နေရ လို့ ဖြစ်သည်။

"နောက်ရက်တွေများမှာတော့ ကံကောင်းအံ့ ထင်ပါရဲ့ကွယ်၊ ဟင် ဂျက်ဖာဘာဘား၊ သည်တစ်ခေါက်တော့ အမဲလိုက်တာ မေ့လိုက်ကြစို့ရဲ့ ပြန်ကြဖို့သာ စဉ်းစားကြရအောင်"

မယုံသင်္ကာစရာစကားကြောင့်ဖြစ်ရသော လန့်ဖျပ်မှုမျိုး ဂျက်ဖရီ့ မျက်နှာ ပေါ်မှာ ထင်ဟပ်သွားလေသည်။

"ဟာ မာလီကလည်း"

အဘိုးအိုက တိတ်တိတ်နေရန် လက်ဟန်ပြလိုက်သည်။

"ငါသိပါတယ် ငါသိပါတယ်၊ တို့များမှာ သွားစရာခရီးက ဝေးလွန်း လှပါသေးတယ်၊ ပြီးတော့ သခင်မလေးကို ငါကတိခံခဲ့တယ်၊ မင်းကို သုံးရက်

မြောက်တဲ့နေ့မှာ ပြန်ပို့ပါမယ်ဆိုတာလေ"

"ကျွန်တော်တို့ နောက်တစ်ရက် နေနိုင်သေးတာပဲဗျ၊ အမေက ကိစ္စ မရှိလောက်ပါဘူး"

ဂျက်ဖရီက စိတ်ပျက်လက်ပျက် ပြန်ပြောသည်။ အဘိုးအိုကလည်း သတိထားပြီး ပြန်ဖြေသည်။

"သခင်ပေါက်စလေး၊ သခင်မလေးက ကိစ္စရှိတာ မရှိတာ ငါက သိပ် ခေါင်းထဲ မထားပါဘူး၊ သခင်မလေးကို ထည့်စဉ်းစားပေမယ့် တကယ် တမ်း ငါနဲ့ပတ်သက်တဲ့ကိစ္စက တခြားကွဲ့၊ အဲဒါက ငါကတိပေးခဲ့မိတာပဲ"

"ဒါပေမဲ့ မာလီရာ ဒါက"

ဂျက်ဖရီက ဒေါသသံကလေး စွက်နေသည့် ဖျောင်းဖျောင်းဖျဖျ လေ မျိုးနှင့် စောဒကတက်သည်။ စိတ်ပျက်အားငယ်မှုက သူ့ကို မောင်းနှင်နေ သည်။

"ကျွန်တော်တို့ ဘာမှလည်း မတွေ့ရသေးဘဲနဲ့မာလီရာ၊ မာလီပဲ ပြော တာပဲ ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် ငါးကောင်လောက်တော့ တွေ့ရမယ်ဆို"

"ငါ့စကားနဲ့ ပြန်ချည်တာလားကွဲ့"

"ဒါပေမဲ့ဗျာ.."

"ကိုင်း တိတ်စမ်းကွယ် ငါပြောတာ နားထောင်စမ်း"

မာလီက ဝမ်းခေါင်းသံကြီးဖြင့် ဟိန်းလိုက်သည်။ သခင်မလေး အ ကြောင်း သူစဉ်းစားသည်။ တစ်ယောက်တည်းသော သည်သားကလေးကို သခင်မလေး အင်မတန် ချစ်ရှာတာ သူသိသည်။ဂျက်ဖရီဆီ လျှောက်သွား ကာ ဒေါသတကြီး ပြောလိုက်သည်။

"မင်းအမေကို ငါက သုံးရက်မြောက်တဲ့နေ့ ကျွန်တော် ဆက်ဆက် ကြီး ပြန်ပို့ပေးပါမယ်လို့ ကတိထားခဲ့ရတယ်၊ သုံးရက်မြောက်ရင် မင်းဟာ ပြန်ကိုပြန်ရလိမ့်မယ်၊ မင်းအမေမျာ ငါ့သားလေး ဘယ်ရောက် ဘယ်ပေါက်

လို့ ဘာတွေများ ဖြစ်နေမှာပါလိမ့်လို့ အောက်မေ့ရင်း စိတ်နှလုံး မသာမယာ ဖြစ်နေရှာရော့မယ်၊ မင်းကို ဝမ်းပန်းတနည်း မျှော်ရှာနေရော့မယ်၊ အဲဒါကို မင်းက ပျော်ချင်ရွှင်ချင်စိတ် ရှိနေချင်သလား"

မာလီက စိတ်ဓာတ်အကျကြီး ကျနေသည့် ကလေးငယ်၏ မျက်နှာကို စိုက်ကြည့်လိုက်သည်။ ကြက်သွေးရောင် ရှက်သွေးတွေ ပါးပေါ်မှာ ရဲရဲထနေသည်ကော။

"ဟုတ်ကဲ့လား"

မာလီက မျက်နှာတင်းတင်းဖြင့် ထပ်မေးသည်။

ဂျက်ဖရီက ပြင်းပြသော စိတ်ခံစားမှုတွေ ဝေနေသည့် မျက်လုံးများဖြင့် မာလီကို မော့ကြည့်လိုက်သည်။

"မဟုတ်ဘူး မာလီ"

"ကိုင်းကွယ်... ငါ့စကားကုန်ပြီပဲ"

မာလီက သူ့ကျောပေါ်ထမ်းလာသည့် ဂျက်ဖရီ့အိတ်ကြီးကို ချိတ်ဖြုတ်ကာ အောက်ချလိုက်သည်။

"ကိုင်း အိတ်ကို မင်းပြန်ထမ်းတော့၊ ပြီးရင် ငါ့နောက်က လိုက်ခဲ့"

တစ်နာရီခွဲလောက် လျှောက်လာမိကြတော့ ဂျက်ဖရီ မျောက်တွေကို တွေ့လိုက်ရသည်။ အားလုံးငါးကောင်။ ကြီးမားလှသော သစ်ပင်ကြီး တစ်ပင်၏ ပါးပျဉ်းသစ်မြစ်တွေက တစ်ခြမ်း ဆွေးမြည့်နေသည်။ ဒါကို မျောက်တွေက ပတ်ပတ်လည် တူးကာဆွကာ ထိုးလှန်ပစ်နေကြခြင်း ဖြစ်သည်။ မာလီကလည်း မျောက်တွေကို တွေ့သည်။ သို့သော် အာရုံရှိပုံမရ။ မာလီက အတွေးများဖြင့် အလုပ်များနေရချိန်။ သူသိထားဖူးသော တခြား ဖြတ်လမ်းတစ်လမ်းကို စဉ်းစားနေခြင်းဖြစ်သည်။

ဂျက်ဖရီ့ရင်တွေကတော့ တဒိန်းဒိန်းခုန်နေ၏။ လေးကိုင်းကို မလွဲသေးဘဲ မြားကျည်တောက်ထဲက မြားတံတစ်ချောင်းကို ရုတ်တရက် ဆွဲယူ

လိုက်သည်။ မျောက်အုပ်နှင့် ရင်ပေါင်တန်းလောက်သည့်နေရာရောက်မှ ဖျတ်ခနဲ လှည့်လိုက်ကာ မျက်နှာမူလိုက်သည်။ လေးကိုင်းကို ဆွဲမကာ တစ်ဆက်တည်း လေးကြိုးကို တင်းတင်းဆွဲလိုက်သည်။ မျောက်ထီးကြီး တစ်ကောင်ကို ချက်ချင်းလိုလို ရှာတွေ့သွားသည်။ ကျောပေးထားရာက နောက်ပြန်လှည့်ကြည့်နေသည့် မျောက်မျက်နှာက အာခံသလိုလို ရန်လို သလိုလို သူ့စိတ်ထဲ ခံစားလိုက်ရသဖြင့် ထိုမျောက်ထီးကြီးကိုပဲ ပစ်မှတ်ထား လိုက် ခြင်းဖြစ်သည်။

သည်အချိန်ကလေးမှာ ထူးထူးဆန်းဆန်း ဂျက်ဖရီ့ခေါင်းတစ်ခုလုံး နောက်ကျူနေသည်။ ကယောင်ကတမ်း ဖြစ်နေသည်။ လည်ချောင်း တစ်လျှောက် ထူအမ်းခြောက်သွေ့နေသည်။ အသက်ရှူနေရတာကလည်း အေးခဲဆို့ကျပ်နေသလို အဆုတ်ထဲမှာ ကျပ်ပိတ်နေသည်။ တုန်ခါနေသည့် လေးကိုင်းကို တည်ငြိမ်အောင်ထိန်းရင်းကွေးသည်ထက် ကွေးအောင်ဆွဲ တင်းသည်။ မြားတံကိုတင်ကာ ပစ်မှတ်ဆီ တည့်ပေးလိုက်သည်။ သူ့နားထဲ မှာ အော်ဟစ်သံကြီးကိုသာ ကြားလိုက်ရသည်။ ပေနှစ်ဆယ်အကွာက မျောက်ထီးကြီးကလွဲလျှင် သူမြင်နေရသမျှ သူ့စိတ်ထဲရှိသမျှ အရာအားလုံး ဘာမှမမြင်ရ မသိရတော့သလို လူနှင့်စိတ် အသိမကပ်သလို ဖြစ်သွားခဲ့သည်။ ကြမ်းတမ်းခက်ထန်သော စိတ်ရိုင်းက သည်သတ္တဝါပေါ်မှာသာ ကျရောက်နေ တော့သည်။ သည်လို သတ်ချင်ဖြတ်ချင်စိတ်က ကမ္ဘာလောကထဲကို သူ ထမဆုံး ခြေချမိကတည်းက ရှိနေသည့် မွေးရာပါ အခွင့်အရေးတစ်ရပ်လို ရှေးကျသော လူ့စိတ်အခြေအနေ ခံစားမှုတစ်ရပ်သာ ဖြစ်သည်။ မြားတံကို ခွင်းလိုက်ပြီ။

အဘိုးအိုက လေးကိုင်းက ထွက်လာသည့် လေးညို့သံပြင်းပြင်းကို ကြားလိုက်ရသည်။ သည့်နောက် ခဏကလေးအကြာမှာပဲ မြားတံ ခွင်းသွား သည့်အသံကို ထပ်ကြားရပြန်သည်။ လေးကြိုးမှ ထွက်ခွာသွားသော မြားတံ

ခွင်းသံမျိုးနှင့်တူသည့် အသံမျိုး ကမ္ဘာလောကတွင် အတူမရှိကြောင်း အဘိုးအိုက သိထားပြီးသားဖြစ်သည်။

"အို ... ဖခင် .. သည်မြားခွင်းသံဟာ မျောက်တစ်ကောင်ကောင်ဆီကို ဦးတည်တာကလွဲလျှင် အခြားဖြစ်နိုင်ရိုးလား"

အဘိုးအို၏ အတွေးဖြစ်သည်။ အဘိုးအိုက ချက်ချင်းပဲ ဝဲကတော့ထိုးသလို လှည့်ကြည့်လိုက်သည်။ သူ့ရင်ထဲကို အေးစက်သောခံစားမှုကြီး စူးဝင်သွားသည်။ မည်းချိတ်ချိတ် မိုးသားတိမ်လိပ်တွေ တလွှားလွှား တိုးဝင်လာသလို စိတ်အစဉ်မှာ ပိန်းပိတ်သွားလေသည်။ ချက်ချင်းပဲ ဂျက်ဖရီဆီ ပြေးသွားရင်း ပခုံးကို ခပ်ကြမ်းကြမ်း ဆောင့်တွန်းပစ်လိုက်သည်။

"ကျွန်တော် သတ်လိုက်တာ မာလီ"

ဂျက်ဖရီ၏ ဗလုံးဗထွေးလေသံက သတ်ဖြတ်ရခြင်းအတွက် ရှုးနှမ်းနှမ်းဖြစ်သွားရပုံမျိုး ဖြစ်သည်။

"ရပြီ မာလီ၊ ကျွန်တော် ရအောင် ပစ်နိုင်ပြီ"

အဘိုးအိုက ပခုံးကို ဆောင့်တွန်းရာက ဖြေလျှော့လိုက်သော်လည်း ဒေါသတွေ စီးဆင်းလာဆဲ ဖြစ်သည်။ ပြစ်တင်ကြိမ်းမောင်းတာထက်မက သော ခါးခါးသီးသီး ပူပူလောင်လောင် စကားမျိုးတွေ မကျန်တော့လောက်အောင် ပြောနေမိသည်။ ပြစ်တင်ကြိမ်းမောင်းနေမိသော်လည်း သည်ကလေးဘာမှ မသိရှာပါကလားဆိုတာကိုလည်း တစ်ချိန်တည်း သဘောပေါက်နေမိသည်။ အဘိုးအို၏ လေသံက အတိုင်းအဆမရှိ ကြေကွဲဝမ်းနည်းမှုများဖြင့် ပြည့်လျှံနေသည်။

"မျောက်ကိုသတ်တာ ကံဆိုးမိုးမှောင်ကျတာပဲ သခင်ပေါက်စကလေး"

"ဘာဖြစ်လို့လဲ မာလီ"

ဂျက်ဖရီက နားမချမ်းသာစရာကောင်းလောက်သည့် ပင့်သက်တွေ ရှိုက်ရင်းက ပြန်မေးနေသည်။

"ဘုရား ဘုရား မျောက်က ဘာလုပ်မှာမို့လို့လဲ မာလီ"

မျောက်ထီးကြီးက ပြင်းပြသော ဝေဒနာဖြင့် တစ်ကောင်တည်း မြေပေါ်မှာ လူးလိမ့်နေသည်။ အဆီဖြင့် ဖောင်းကားနေသည့် ဝမ်းဗိုက်မှာတော့ မြားတံ တစ်ချောင်း။ တဒင်္ဂကလေးအတွင်းမှာ မျောက်ထီးကြီးက ကလေး တစ်ယောက်၏ စူးစမ်းမှုမျိုးဖြင့် လိုက်လံအကဲခတ်နေရှာသည်။ အနားက လူသားနှစ်ယောက်ကို မော့ကြည့်နေသည်။ တွန့်ရှုံ့နေသည့် မျက်နှာပေါ်က လူ့မျက်လုံးညိုညိုတွေလို မျက်လုံးများဖြင့် လူသားနှစ်ဦးကို အပြစ်တင်သလို ဖဝေဖဝါ ကြည့်နေလေသည်။

"ဝေဒနာ ခံစားနေရရှာပြီ၊ ဘာမှ နားမလည်နိုင်သလို ဖြစ်နေရရှာပြီ"

အဘိုးအိုက နူးနူးညံ့ညံ့ကလေး ပြောနေသည်။ မျောက်ထီးကြီးကတော့ ရုတ်တရက် ကုန်းထကာ လက်နှစ်ဖက်ဖြင့် ဝမ်းဗိုက်ကို ဖိနှိပ်နေသည်။ ပြီးတော့ တစ်ဖက်တစ်ချက် ဖြည်းဖြည်းကလေး လူးလိမ့်နေပြန်သည်။ လက်ချောင်းတွေက ဝမ်းဗိုက်ကို ဆုပ်ညှစ်ထားရင်း ညည်းသံကလေး ပြုနေတာကပဲ သနားစရာ ကောင်းလှသည်။ ငိုကြွေးသံလို ကြေကွဲစရာ ကောင်းလှသည့် အသံက ကျယ်သည်ထက် ကျယ်လာသည်။ လူးတာလိမ့်တာတွေကလည်း နှေးရာမှ မြန်လာကာ ရုတ်တရက် ပြင်းပြသော ဝေဒနာဖိစီးသံကြီးဖြင့် အော်ဟစ်လိုက်သည်။ ဒဏ်ရာက ဝမ်းဗိုက်တည့်တည့်မှာ စုတ်ဖွာထွက်နေသည်။ အရေပြားနှင့် အသားစိုင်တွေ ပြကျနေကာ သွေးတွေ တပွက်ပွက် အန်ကျနေသည်။ မျောက်ထီးကြီး၏ လက်တစ်ဖက်က ဝမ်းဗိုက်ပေါ်က ဒဏ်ရာ အပေါက်ကြီးဆီရောက်သွားကာ ဝမ်းဗိုက်ထဲက အူတွေကို ဆွဲနုတ်ယူလိုက်တာ မြင်လိုက်ကြရသည်။

ဂျက်ဖရီ့မျက်နှာတစ်ခုလုံး ပေရေမည်းညစ်သွားသလို ဖြစ်သွားကာ မျောက်ထီးကြီး၏ ကြောက်စရာကောင်းလှသော ဝေဒနာကို မြင်လိုက်ရသည့် အခါ သူ့မျက်လုံးပြာတွေမှာလည်း ဝေဒနာတွေ ထင်ဟပ်သွားလေသည်။

"သူ့ကို ဝေဒနာခံစားရအောင် ဘယ်သူ ဘယ်အရာကများ မစာမနာ ပြုရက်ပါလိမ့်ဆိုတာ ရှာနေတာကွဲ့."

အဘိုးအိုက နူးနူးညံ့ညံ့လေသံဖြင့် ရှင်းပြသည်။

"သူ့ခမျာ သည်လို မသေမရှင် ဝေဒနာခံစားနေရတာကို သိပ်ကြာကြာ ခွင့်ပြုထားဖို့ မကောင်းတော့ဘူးကွဲ့၊ သည်ဝေဒနာဘေးက လွတ်မြောက်အောင် မင်းပဲ အဆုံးသတ်ပေးလိုက်တော့"

အဘိုးအိုက ပခုံးပေါ်က ပုဆိန်ကို ဆွဲယူလိုက်သည်။

ဂျက်ဖရီ၏ ဝေဝေဝါးဝါး မှိုင်းညို့နေသည့် အမြင်အာရုံထဲမှာ အဘိုးအိုက ရှေ့တည့်တည့် ခြေလှမ်းငါးလှမ်းလိုက်တာ မြင်လိုက်ရသည်။ သည်ခဏမှာပင် သံသတ္တုချင်း ပြင်းထန်စွာ ရိုက်ခတ်လိုက်သံကြီး ချွင်ခနဲ ကြားလိုက်ရပြီးနောက် မာလီ၏ ငယ်သံပါအောင် အော်သံကြီး ကြားလိုက်ရတော့သည်။ ဂျက်ဖရီက ဂနာမငြိမ် ယောက်ယက်ခတ်နေရှာသည့် မျောက်ထီးကြီးကို တစ်လှည့်၊ မြေပေါ်မှာ လဲကျရင်း ထွန့်ထွန့်လူးအော်ဟစ်နေသည့် အဘိုးအိုကို တစ်လှည့် လိုက်ကြည့်နေမိသည်။

ထူးဆန်းသော သံထောင်ချောက်သဏ္ဌာန် ဖန်တီးထားသည့် သံချေးတက် မောင်းလက်နှစ်ခွက မာလီ့ ညာခြေချင်းဝတ်ကို ထူးခတ်ထားသလို ညှပ်မိထားခဲ့ပြီ။ ကြောက်မက်ဖွယ်ကောင်းလှသော အဖြစ်အပျက်ဆိုးကြီး တစ်ခုတော့ ဖြစ်ခဲ့ပြီဆိုတာ ဂျက်ဖရီကိုယ်တိုင် နတ်နှိုးဆော်သလို သိလိုက်သည်။ လေးကိုပစ်ချရင်း ပြေးလာကာ အဘိုးအိုဘေးမှာ ခါးကုန်းရင်း ကြည့်လိုက်သည်။

"ဘာဖြစ်တာလဲ မာလီ.. ဒါဘာဖြစ်တာလဲ"

ဂျက်ဖရီက စိတ်ပျက်အားငယ်သံဖြင့်မေးသည်။ အဘိုးအိုဆီက ညည်းသံ သဲ့သဲ့ကလေး ထွက်နေသော်လည်း ငုံ့ထားသည့်ခေါင်းကို မထောင်နိုင်ဘဲ ရှိနေရှာ၏။ ဂျက်ဖရီက ခြေချင်းဝတ်မှာ မိနေသည့် သံထောင်ချောက်ကို

လိုက်ကြည့်သည်။ ခြေထောက်ကိုလိုက်ကြည့်သည်။ သွေးတွေ..။ သွေးတွေ မြင်တော့ ဂျက်ဖရီ ထိတ်လန့်သွားသည်။ ပြီးတော့ တကျူကျူ ငိုလေသည်။

"မာလီ မာလီရေ မာလီ"

အဘိုးအိုကတော့ မလှုပ်။ ဂျက်ဖရီ အဘိုးအိုကို လက်ကမ်းကာ လှုပ်နှိုး ချင်နေသည်။ အဘိုးအို၏ကိုယ်ကို ဆွဲလှည့်ကာ မျက်နှာပြရင်း နှစ်သိမ့်မှု ပေးချင်နေသည်။ သို့သော် ဒါတွေ လုပ်နိုင်ဖို့ကိုပဲ ထိတ်လန့် ချောက်ချားနေမိ ပြန်သည်။ သည်ကြားထဲ ကြောက်လန့်စရာအတွေးက ရုတ်တရက် ဝင်လာ လိုက်သေးသည်။ အဘိုးအိုသာမရှိလျှင် သူကကော..။ သူအမြဲတမ်း တစ္ဆေ လမ်းလမ်း ချစ်ခင်လှပါသည်ဆိုသည့် သစ်တောကြီးကို သူမော့ကြည့်နေမိ သည်။ သစ်တော၏ မှုန်တရီအလင်းထဲမှာ အမှောင်များ၊ နိမိတ်ဆိုးများ၊ ဖိစီးမှုများနှင့် သဘောဆိုး မနှောဆိုးများသာ ရှိနေခဲ့သည်ကော။ ညစ်ပတ် ပေကျံနေသည့် လက်ဖဝါးတွေထဲ မျက်နှာအပ်ရင်း ငိုလေသည်။

■

မျောက်ထီးကြီးက သူ့ဝမ်းဗိုက်ထဲက အူတွေကို သူကိုယ်တိုင် ကုန်စင်သွားအောင် ထုတ်ပစ်နိုင်ခဲ့ပြီ။ မျောက်ထီးကြီး သေခဲ့ပြီ။ အူတွေ အသည်းတွေကို မည်းညစ်ညစ် ပန်းခွေတစ်ခွေ ဖြစ်အောင် အောင်မြင်စွာ တွယ်ဆက်သွားခဲ့လေသည်။

အနီရောင်မြူစတွေ ဝေမှိုင်းနေသလား ထင်ရသည့် နာကျင်မှုက အဘိုးအို၏ စိတ်နှလုံးကို မည်းပုပ်သွားစေခဲ့သည်။ ဂျက်ဖရီ့ ငိုသံကို သူကြားနေရသည်။ လက်တစ်ဖက်ကို ဝမ်းဗိုက်အောက်ရောက်အောင် သတိနှင့် ထိုးသွင်းလိုက်သည်။ သူ့တစ်ကိုယ်လုံး မြေပေါ်က ကြွလာအောင် မ ယူကြည့်သည်။ လိမ့်ရင်း လှည့်ရင်း နောက်ဆုံးတော့ ထထိုင်နိုင်သွားခဲ့သည်။ အခုမှ သူ ဘာဖြစ်သွားခဲ့ရသလဲဆိုတာ ကောင်းကောင်းသိတော့သည်။

သူ့ခြေထောက် ခြေချင်းဝတ်မှာ မြဲမြဲစွာ လက်စုပ်လက်ဝါးညှပ်မိနေသည့် သံထောင်ချောက်ကို ကိုယ်တိုင်စစ်ဆေးကြည့်လိုက်သည်။ တစ်ခါက ဝက်ဝံနှင့် သတ်ပုတ်ရင်း ဒဏ်ရာကြီးရခဲ့ဖူးသည့် ညာခြေထောက်ပါပဲကလား။ သူ့စိတ်တွေ ဟိုရောက်သည်ရောက်ဆိုတော့ ဝက်ဝံနှင့် သတ်ခဲ့ပုတ်ခဲ့ရတာတွေကို သတိရမိသွားပြန်သည်။

သံထောင်ချောက်မိနေသည့် ဝက်ဝံကို သူသတ်ဖြတ်ဖို့ ကြိုးစားခဲ့ဖူးသည်ကော။ သည်တစ်ခါတော့ သူ့ခြေထောက်မှာ သံထောင်ချောက် တစ်လှည့်တစ်ဖန် မိသွားခဲ့ပြန်ပြီ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သေလွန်ခဲ့ပြီဖြစ်သည့် ဝက်ဝံတစ်ကောင်၏ ကျိန်စာများလေလား။

မာလီ့မျက်လုံးတွေက ထောင်ချောက်၏သဘောကို လိုက်ကြည့်နေသည်။ သံချေးတက်နေသည့် သံကြိုးကွင်းဆက်က ပြင်းထန်သော ကိုက်အားဖြင့် ညှပ်နိုင်သော သံပါးစပ်ကြီးနှင့် တွဲထားတာ တွေ့ရသည်။ သံကြိုးကွင်း၏ အခြားတစ်ဖက် သံကွင်းမှာ သံအူတိုင်တစ်တိုင်ရှိနေကာ သစ်တုံးကြီးနှင့် ကျွမ်းကျင်သပ်ရပ်စွာ တွယ်ဆက်ထားပြန်သည်။ ပို၍ သေချာအောင် တစ်မတ်လုံးသံချောင်းဖြင့် နှစ်ပတ် ရစ်တင်းထားလိုက်သေးသည်။ သည်တွယ်ဆက်ထားမှုက နှစ်ကာလကြာညောင်းနေပုံရသည်။

အဘယ်ကြောင့်ဆိုသော် တစ်မတ်လုံးသံချောင်းသည်ပင် မူလသစ်ပင်အသားထဲ နစ်မြုပ်ဝင်နေခြင်းကြောင့် ဖြစ်၏။ သည်သံချောင်းကို တွေ့ရတော့ မာလီ စိတ်သက်သာရာ ရသွားသည်။ သံပုဆိန်ဖြင့် ခပ်ပြင်းပြင်း ထုနက်လိုက်လျှင် နှစ်ပိုင်းပြတ်သွားနိုင်သည့် အခြေအနေမှာ ရှိနေလို့ဖြစ်သည်။ စိတ်ထဲပျော်သွားသလိုလို ခံစားလိုက်သည့်ကြားက ဂျက်ဖရီ့ကို သတိရမိပြန်သည်။

"သခင်ပေါက်စကလေး"

မာလီက တိုးတိုးကလေး ခေါ်ကြည့်သည်။ ဂျက်ဖရီကတော့ ဗို့အားမြင့်မြင့် ဓာတ်ကြိုးကို ကိုင်လိုက်မိသလို တုန်လှုပ်သွားရင်း ထခုန်လိုက်သည်။

ဂျက်ဖရီက မယုံနိုင်သည့် မျက်လုံးများဖြင့် အဘိုးအိုကို အချိန်တော်တော် ကြာကြာကြီး ငေးနေမိချိန်မှာ ခေါ်လိုက်ခြင်းကြောင့်ဖြစ်သည်။ သူ့မျက်လုံးတွေထဲမှာ ကြေကွဲရိပ်တွေ ကျန်နေသေးသည်။

"မာလီ အဆင်ပြေသွားပြီလားဟင်"

"အဆင်မပြေပါဘူး ဂျက်ဖာဘာဘား.. ငါ့မယ် ဘာမှ.."

အဘိုးအိုက ချက်ချင်းလိုလို စကားရပ်သွားသည်။ ခြေထောက်မှာ မိနေသည့် သံထောင်ချောက်က ဆွဲညှစ်လိုက်သလို ဖြစ်သွားတော့ အသက်ရှူများလောက်အောင် နာကျင်သွားသောကြောင့် ဖြစ်သည်။

"မင်းမြင်နေရသလိုပါပဲကွယ်၊ ငါတော့ မသက်သာလှဘူး"

ဝမ်းဗိုက်ဆီက လှိုင်းမည်းကြီးတစ်လုံး ဆောင့်ထိုးလိုက်သလို ဝေဒနာကြောင့် ရှုံ့မဲ့သွားသော်လည်း ဝေဒနာကို အံကြိတ်ခံရင်း ခဏကလေး စကားရပ်ထားပြန်သည်။ ဝေဒနာကိုခံနိုင်သွားသော်လည်း အသက်ရှူသံကမှုန်းမှုန်းကလေးသာ ထွက်နေရှာသည်။ သည်မှုန်းမှုန်းကလေးကိုပင် ပင်ပန်းကြီးစွာ အားထုတ်နေရတာမျိုးဖြစ်နေသည်။

"မင်း အိမ်ပြန်ရမယ်၊ တတ်နိုင်သမျှ မြန်မြန်ပြန်ရမယ် သခင်ပေါက်စကလေး၊ ပြီးတော့ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ပြောပြ ကြားလား။ ဒါဆိုရင် သူတို့ ဘာလုပ်ရမလဲဆိုတာ သိမှာပဲ၊ ငါ့ခြေထောက်မှာမိနေတဲ့ သံညှပ်ထောင်ချောက်ကြီးကို ဖြုတ်ရမယ့်ကိရိယာ မရှိဘဲနဲ့ မရဘူး၊ ဒါကလွဲရင် တခြားလမ်း မရှိဘူး"

မာလီအိုကြီးက ခြေထောက်တစ်ချောင်းလုံး တဖျင်းဖျင်းတက်လာသည့် နာကျင်မှုကို ခံနိုင်ရည်ရှိအောင် သူ့စိတ်ထောင့်ကျဉ်းကလေးထဲမှာ သန့်စင်ပြီး လွတ်လပ်သည့် တင်းခံစိတ်ကလေး ကြိုးစားပြီး မွေးနေရသည်။ သည်စိတ်ကလေး မွေးနိုင်လို့သာ ဘာလုပ်သင့်သလဲ စဉ်းစားနိုင်ခြင်းဖြစ်သည်။ သို့သော် အတွေးတစ်ချက်ဝင်လာတော့ စိတ်ဝေဒနာတစ်ရပ် ခေါင်းထဲရောက်လာ

ပြန်သည်။ ကတိစကား တစ်ခွန်း။ သခင်မလေးကို သူကတိစကား တစ်ခွန်း ပေးခဲ့သည် မဟုတ်လား။

"မြန်မြန်သာသွားပါ သခင်ပေါက်စကလေးရယ်၊ မနက်ဖြန် နေမကုန်ခင် မင်းအိမ်ရောက်မှာကို ဖြစ်မယ်"

ဂျက်ဖရီ့ မျက်နှာပေါ်က ကြောက်ရွံ့ထိတ်လန့်မှုကို သူမသိကျိုးကျွန် ပြုနေရ၏။ မိမိကိုယ် မိမိသည်ပင် သည်အချက်ကို နားလည်သဘောပေါက်ထားဖို့လိုသည်ဟု ယုံကြည်စိတ်ကလေး ထားနေရသည်။

"ငါ့အတွက်တော့ဖြင့် မပူနဲ့၊ စားစရာ လုံလောက်တယ်၊ မင်းပြန်လာတဲ့ အထိဆိုရင် ရေပုလင်းတစ်လုံးလောက်တောင် ကျန်နေလိမ့်ဦးမယ်"

အဘိုးအိုက ဂျက်ဖရီအိမ်ပြန်နေစဉ် သူ့မှာ တစ်ခုခု တစ်စုံတစ်ရာ ဖြစ်နေဦးတော့ သူ့အတွက် ကိစ္စမရှိ၊ ဖြစ်ချင်ရာဖြစ်စေလို့ တွေးနေမိသည်။ အရေးကြီးတာက သူကလေးအတွက် လုံခြုံမှုရှိဖို့နှင့် သူ ကတိစကား တည်ရေးသာ ဖြစ်သည်။

"ကိုင်း လေးကိုထားခဲ့၊ မြားတွေထားခဲ့၊ မင်းအထုပ်ကြီးထဲမယ် လိုတာပဲ ထည့်၊ အိတ်ကို ပေါ့ပစေ၊ ခရီးတွင်အောင် မြန်မြန်လျှောက်နိုင်ဖို့ပဲ လိုတယ်"

အဘိုးအိုက နေရထိုင်ရတာ သက်သာအောင် လက်တွေနောက်ပစ်ထားကာ မျက်စိကို မှိတ်ထားလိုက်သည်။ ဝေဒနာဆီက တဝုန်းဝုန်း ထုနှက်နေသည့် နာကျင်မှုလှိုင်းတွေကို မသိကျိုးကျွန်ပြုနိုင်အောင်၊ သူ့ကို စုပ်မျိုနေသည့် ခြောက်လှန့်မှုတွေ လျော့ပါးသွားအောင် သူ့စိတ်ကိုသူ ကန်းအောင် ထိန်းချုပ်ထားသည်။ သူ့ဘဝမှာ နာကျင်မှုဝေဒနာတွေဆိုတာ တင်းကျမ်း ပြည့်နှက်နေခဲ့ဖူးသည်။ ဒါကိုလည်း ကြံ့ကြံ့ခိုင်နိုင်ခဲ့သည်ချည်း။ သို့သော် သည်တစ်ခါလောက် ပြင်းထန်သည့် ဝေဒနာဆိုးမျိုးကိုတော့ သူတစ်ခါမှ မခံစားဖူးတာ သေချာသည်။

သူ့စိတ်အတွေးတွေ နောက်ကြောင်းပြန်တွေးနေမိသည်။ ရှေးကဖြစ်ခဲ့ဖူး

သော ဝေဒနာအနာတရတွေအကြောင်းတွေးရင်း အရင်ဖြစ်ခဲ့တာတွေက တောင် ပိုဆိုးသေးသည်ဆိုတာမျိုး ဖြေတွေးတွေးနေလိုက်သည်။

ဂျက်ဖရီက တစ်ခါပြန်ငိုသည်။ အဘိုးအိုက မျက်လုံးတွေ ဖွင့်လိုက်ရင်း ဂျက်ဖရီ့ကို နားမလည်နိုင်သလို ကြည့်နေသည်။

"ဘာဖြစ်လို့လဲ ဂျက်ဖာဘာဘား"

"ကျွန်တော် မသွားနိုင်ဘူး မာလီ၊ ကျွန်တော် ထွက်လမ်းမသိဘူး"

ဂျက်ဖရီက တောကြီးတစ်ခွင်လုံးကို စွတ်စွတ်စူးစူး လိုက်ကြည့်ရင်းက ဖြေသည်။

"အို ဖခင်"

အဘိုးအိုက တုန်တုန်လှုပ်လှုပ်အသံဖြင့် တမ်းတလိုက်သည်။

ဂျက်ဖရီကို ငေးနေသည်။ ငေးနေမိသော်လည်း သူ့မျက်စိထဲမှာ ဘာမှ မမြင်ရသည့် ကြောင်တောင်ကန်းကန်း ငေးနေခြင်းမျိုးဖြစ်သည်။ ခြေထောက် ဆီက ဝေဒနာကလေး သက်သာသလိုလို ရှိနေတုန်းမှာပဲ အတိုင်းအတာ ပမာဏကြီးမားသော မသိနိုးနားထင်ယောင်ပိုးဝါးမှု အကျပ်အတည်းကို ပရိတ်မန်း မန်းနေရပြန်သည်ကော။

ဘယ်လိုဖြစ်ရတာလဲ။ သည်အချက်ကို သူဘာဖြစ်လို့ သူ့ခေါင်းထဲ ထည့်မစဉ်းစားမိခဲ့တာလဲ။

"မျောက်ပဲ၊ ဒါဟာ မျောက်ထီးကြီးရဲ့ ကျိန်စာသင့်တာပဲ"

အဘိုးအိုက သူ့ကိုယ်သူ ခပ်ကျယ်ကျယ် ပြောနေခြင်းဖြစ်သည်။

အဘိုးအိုခြေထောက် ညှပ်မိနေသည့် ထောင်ချောက်ကို ကြည့်ပြန်သည်။ သံမေးရိုးညှပ်ကြီးက ခပ်ပြဲးပြဲး၊ တံတောင်ဆစ်ကွေး သံရွက်နှစ်ချပ်၏ အပေါက်ကျဉ်းကလေးများနှင့် ခပ်တင်းတင်း ချိတ်တွယ်ထားတာ တွေ့လိုက်ရသည်။ ထောင်ချောက်ကြီးတစ်ခုလုံးကို သေချာသည်ထက် သေချာစေရန် တွဲထားသည့် သစ်လုံးကြီးကိုလည်း စိတ်ပျက်လက်ပျက်မြင်နေရသည်။

သူ့ညာခြေထောက် တစ်ချောင်းကတော့ သုံးမရတော့တာ သူသိနေပြီ။ ခြေချင်းဝတ်အရိုးသည်ပင် နှစ်ခြမ်းကွဲသွားပြီလား ထင်၏။ သံထောင်ချောက်ကြီးကို ဖယ်ရှားနိုင်ဦးတော့ သူ့နောက်က တတန်းတန်းပါလာမည့် သံမဏိကိရိယာတွေကို တရွတ်ဆွဲနိုင်ဖို့မလွယ်။ သူကိုယ်တိုင်သည်ပင် လှုပ်နိုင်လိမ့်မည် မထင်။ ဒါဆိုလျှင် ဂျက်ဖရီ၏ အကူအညီ ရယူဖို့ကလွဲလျှင် အခြားလမ်းမရှိ။

"သည်ထောက်ချောက်ဟာ ဟောင်းမြင်းလှပြီ။ မိုးဒဏ်လေဒဏ်ကြောင့် သံချေးအလိမ်းလိမ်း တက်နေတာသာ ကြည့်တော့"

"ဟာ အခု ငါ့ကိုမိနေတဲ့ ထောင်ချောက်လောက်ကတော့လား၊ ငါ့မှာ သံညှပ်တစ်ချောင်းသာရှိရင် လွယ်လွယ်ကလေး ဖြုတ်နိုင်လောက်ပါရဲ့။ သံရွက်နှစ်ချပ်ကို အားနဲ့ဖိပြီး လှည့်လိုက်ရင် ပြုတ်ထွက်သွားနိုင်တယ်။ ဒါဆိုရင် ရက်ရက်စက်စက်ကြီး ကိုက်ခဲထားတဲ့ သံမေးရိုးကြီးကို ဖြုတ် ငါ့ခြေထောက်ကို ထုတ်နိုင်ဖို့ သည်နှစ်ချပ် ပွင့်သွားဖို့ပဲ လိုတာပေါ့"

မာလီ၏ အတွေးတွေဖြစ်သည်။ အတွေးတွေကပဲ အချိန်တွေ ဖင့်နွဲ့သွားရသည်။ ခြေထောက်တွေ လွတ်လပ်သွားလျှင် တခြား ဘာပြဿနာမှ မရှိ။ ဂျက်ဖရီ့ကို ချိုင်းထောက်တစ်ချောင်း လုပ်ခိုင်းပြီး တောကြီးမျက်မည်းထဲက တရွေ့ရွေ့ ထွက်လာကြဖို့သာ ရှိသည်။ ဂျက်ဖရီကို ရှေ့ကထားပြီး သူ့အားကို အသုံးချရုံသာ။ သူနှင့် ဂျက်ဖရီ ဒါလောက်တော့ လုပ်နိုင်ကြလိမ့်မည် ထင်၏။ မနက်ဖြန်ညနေ နေမကျခင် လုပ်နိုင်လျှင် နောက်တစ်နေ့မှာ သေသေချာချာ အိမ်ရောက်နိုင်သည်။

အဘိုးအိုက သူ့ခန္ဓာကိုယ်ကို ဖြေလျှော့လိုက်သည်။ ခြေထောက်တွေ လုံးဝ မလှုပ်အောင်တော့ သတိထားရသေးသည်။ မြေပေါ်က စိုစွတ်စွတ်ခံစားမှုကို ရနေတော့ တင်ပါးကတစ်ဆင့် ရေဓာတ်ကို စုပ်ယူနေတာမျိုးဖြစ်နေသည်။ သည်ပြဿနာတွေအားလုံးက သူရင်ဆိုင်နေရသည့် ပြဿနာတွေ။

သည်တော့ သူ့ကိုယ်သူ အားတင်းစကားဆိုမိသည်။

"သည်ထောင်ချောက်ထဲက ငါ့ခြေထောက် လွတ်မြောက်အောင် မလုပ်နိုင်ရင် ငါဟာ သည်နေရာမှာ သေရမှာ မုချပဲ။ ဒါဟာ ငါ့အတွက် ပြဿနာဆိုး မဟုတ်ဘူး။ ဒါပေမဲ့ သည်ကလေးလေးပါ သည်နေရာမှာ သေရမယ်ဆိုတာတော့ ပြဿနာဆိုးဖြစ်သွားပြီ။ ပြီးတော့ ငါကိုယ်တိုင် ကတိစကားတစ်ခွန်း ပေးခဲ့မိတယ်။ ငါ ကိုယ်တိုင် သည်ကတိစကားကို ပြောခဲ့တယ်။ ယောကျ်ားတစ်ယောက်ဟာ ကိုယ်ထားမိတဲ့ ကတိစကား တစ်ခွန်းကိုမှ မတည်ဘူးဆိုမှတော့ အသက်ရှင်လို့ကော ဘာထူးဦးမှာလဲ"

အဘိုးအိုက ထောင်ချောက်သံမေးရိုးကြီးညပ်နေသည့် သူ့ခြေထောက်ကို ဖျတ်ခနဲကြည့်သည်။ "ဒါတွေဟာ ငါ့ဒုက္ခသုက္ခ အကြောင်းရင်းကြောင့်ဖြစ်ရတာပဲ" လို့ တွေးမိရင်း သူ့ကိုယ်သူ အထင်သေးသလို ခံစားနေရသည်။ "သည်ခြေထောက်ဟာ တော်တော်မိုက်မဲတဲ့ ခြေထောက်။ ဘာမှ ထောင်ချောက် မိစရာ အကြောင်းမရှိတဲ့ ခြေထောက်။ ပြီးတော့ ဘာမှ အသုံးမဝင်တော့တဲ့ခြေထောက်။ သည်ခြေထောက်ဟာ ငါ့ဘဝတစ်လျှောက်လုံးမှာ ဒုက္ခပေးနေတော့မယ်။ ငါ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်နဲ့ မထိုက်မတန် ရှိနေရတော့မယ်"

သည်ခြေထောက်ကို သူမှတ်မိသလောက် မကောင်းသည့် အမိပ္ပာယ်များပါသည့် အမည်နာမတွေ ပေးနေမိသည်။ သူစဉ်းစားရသလောက် ကျက်သရေမဲ့သည့် အသုံးအနှုန်းတွေ ပုံအောနေမိသည်။ သို့သော် သူ့စိတ် တစ်နေရာမှာတော့ ဘဝမှာ ဘာတွေပဲဖြစ်လာဖြစ်လာ ရှိသမျှ သတ္တိတွေ စုစည်းကာ ရင်ဆိုင်ရမည့်လမ်းကလွဲလျှင် တခြားဘာမှမရှိနိုင်တာကို တွေးမိလိုက်သေးသည်။

"သခင် ပေါက်စကလေး"

အဘိုးအိုက ရုတ်တရက် ခေါ်လိုက်သည်။

"မင်း ငါပြောတာကို တိတိကျကျ လုပ်ရမယ်၊ တခြား ဘာအကြောင်းမှ မရှိဘူး၊ မေးခွန်းတွေမမေးနဲ့ ငါလုပ်နိုင်းတာပဲလုပ် လုပ်မယ်မဟုတ်လား"

"ကောင်းပြီမာလီ .. ကျွန်တော်ဘာမဆို လုပ်နိုင်ပါတယ်။ ဘာခိုင်းချင် ခိုင်းချင် ခိုင်းတော့ ကျွန်တော်လုပ်မယ်"

အဘိုးအိုက ဖြည်းဖြည်းကလေး နေရာရွှေ့သည်။ လက်မောင်းတွေ မနာအောင် သတိနှင့် ရွှေ့ခြင်းဖြစ်၏။ မျက်လုံးတွေကို မှိတ်ရင်း နာကျင်မှုကို မေ့အောင် ကြိုးစားနေပြန်သည်။ "ခြေထောက်ဆိုတာ လက်ချောင်းကလေးလို မဟုတ်ဘူး။ သွေးတွေအများကြီး ထွက်နိုင်တယ်။ ငါသည်ကိစ္စကို ဖြတ်ရမယ်၊ ဒါမှမဟုတ် ငါမသေခင် ငါ့ခြေထောက်ကို ငါလွတ်မြောက်အောင် လုပ်ဖို့ အချိန်ရသေးတယ်" အဘိုးအိုက တွေးရင်းက မျက်လုံးတွေကို ဖြည်းဖြည်းကလေး ဖွင့်သည်။ သည်လို လှဲနေရင်းက အိပ်ပျော်အောင် ကြိုးစားတာ အကောင်းဆုံးကိစ္စပဲလို့ တွေးသည်။ သူ့စိတ်ထဲမှာ သူပင်ပန်းတကြီး ရှိနေတာ သူသိနေသည်။ ပြီးတော့ အိမ်ရောက်ချင်စိတ်တွေ ရှိနေသည်။ ကတ်ကြမ်းပေါ်မှာ နွေးနွေးထွေးထွေး ကျောချလိုက်ရ ချလိုက်ရ။

"ကိုင်း မီးမွှေးတော့ သခင်ပေါက်စကလေး၊ သိပ်ပြီး မီးများစရာ မလိုဘူး၊ ပူတော့ ပူရမယ်၊ မီးထဲကို မင်းရဲ့ဓားကောက်ကို ထည့်ဖုတ်ရင် သံမဏိဓားတစ်ချောင်းလုံး ရဲသွားအောင်ကို ပူရမယ် ဖြစ်မလား"

"ဘာလုပ်မလို့လဲ မာလီ"

ဂျက်ဖရီက အသံတုန်တုန်ယင်ယင်ဖြင့် ထိတ်လန့်တကြား မေးသည်။

"ငါပြောထားတာ မင်းသတိမရဘူးထင်တယ်"

အဘိုးအိုက ပင်ပန်းတကြီး ပြန်ပြောလိုက်သည်။ ဂျက်ဖရီက ပင့်သက်ကို မှုတ်ထုတ်ရင်း ခပ်ရုက်ရုက်မျက်နှာဖြင့် ခပ်ဝေးဝေးကို ငေးနေလိုက်သည်။ နောက်ထပ် ဘာစကားမှ မပြောတော့ဘဲ ပေါ့ပေါ့ပါးပါး ပြေးထွက်သွားသည်။ သူ၏ ကြောက်ရွံ့နေသည့် စိတ်နှလုံးထဲမှာ မိမိကိုယ်မိမိ အပြစ်တင်

နေမိခြင်းတွေသာ ရှိနေတော့သည်။ သစ်ရွက်ခြောက်၊ ထင်းရှူးကိုင်းခြောက်များဖြင့် မီး စမွေးသည်။ အဘိုးအိုနှင့် မနီးမဝေးမှာ မီးဖိုခြင်းဖြစ်သည်။ သစ်ကိုင်းခြောက်တွေ ပစ်ပစ်ထည့်ရင်း မီးအားများအောင် လုပ်နေလိုက်သည်။ ထင်းခြောက်တွေ မီးစွဲပြီ။ မီးကျီးခဲ တော်တော်များများကျလာတော့ ဓားကောက်ကို ဆွဲထုတ်ကာ မီးဖိုထဲ လျှောသွင်းလိုက်သည်။ ရဲရဲတောက်နေသည့် မီးကျီးခဲတွေကြားမှာ ဓားကောက်တစ်ချောင်း ရှိနေခဲ့ပြီ။ ဂျက်ဖရီ၏ မျက်နှာ၊ လက်နှင့် ဒူးခေါင်းတစ်ခုလုံး မီးပူတွေ ဟပ်နေသည်။ ပါးစပ်က မီးအားကောင်းအောင် မှုတ်မှုတ်ပေးသည်။ ပြာစတွေက နှာခေါင်းထဲ ပါးစပ်ထဲဝင်တော့ အသက်ရှူ ကျပ်နေရသည်။ မီးခိုးတွေက မျက်လုံးထဲဝင်တော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျသည်။ အဘိုးအိုခေါ်သံ ကြားလိုက်ရသဖြင့် ထင်းစတစ်ချောင်း နှစ်ချောင်း မီးထဲပစ်ထည့်ကာ အဘိုးအိုဆီသွားရပ်သည်။

"ဟုတ်ကဲ့ မာလီ"

အဘိုးအိုက သူ့ဓားကို သူ ငုံ့ကြည့်သည်။

"ငါ့ဓားကို ယူပြီး မင်းပေါင်လုံးလောက် အသားတစ်ချောင်း ခုတ်ခဲ့ကွာ၊ ပြီးရင် အဲသည်ကိုင်းကို သုံးပေလောက် ထပ်ဖြတ်ပြီး သည်ကို ယူခဲ့"

"ပုဆိန်က ပိုမမြန်ဘူးလား မာလီ"

"မလုပ်နဲ့ ငါ့ဓားကိုပဲ ယူသွား"

အဘိုးအိုက ပြတ်တောင်းတောင်း အော်လိုက်သည်။ ပုဆိန်ဖြင့် မဆင်မခြင် ခုတ်လိုက်လို့ အသွားတွေ ပျက်စီးမသွားစေချင်တာလည်း ပါသည်။ ဂျက်ဖရီက ရိုရိုသေသေ ခါးကုန်းကာ အဘိုးအို၏ ခါးက ဓားကို ဂရုတစိုက် ချွတ်ယူသည်။ ဓားက အနုပညာလက်ရာ မြောက်လွန်းလှသည်။ မျှော ကြောင်းတွေကို အသားတကျ တူချက်ကောင်းကောင်း ထုထားသဖြင့် သံမဏိသား ထနေသည်။ ဓားတစ်ချောင်းလုံးကို လက်ဖြင့် စိမ်ပြေနပြေ ထုဆစ်

ထားမှန်း သိသာလှသည်။ အဘိုးအိုၡ၏ ဓားကောက်က သူ့ဓားကောက်ထက် တော်တော့်ကို ပိုကြီးသည်။ ဂျက်ဖရီက ဓားကို ဆကြည့်ရင်း ကြီးလည်းကြီး၊ သန်လည်း သန်မာနေတာကို သတိထားမိသည်။ တစ်နေ့တော့ အလုပ်လုပ်မည်။ အလုပ်လုပ်လို့ ငွေကောင်းကောင်းရလျှင် သည်လိုဓားမျိုး ဘယ်က ဝယ်သလဲ မာလီ့ကိုမေးပြီး ရအောင်ဝယ်မည်လို့ တွေးထားမိသေးသည်။

"မီးကို ကြည့်ဦးကွဲ့၊ မြန်မြန်လုပ်စမ်းပါ"

အဘိုးအိုက စိတ်မရှည်သလို လှမ်းသတိပေးသည်။

ဂျက်ဖရီက ခပ်ဝေးဝေး လှည့်ထွက်သွားသည်။ ခဏကြာတော့ သစ်ကိုင်းခုတ်သံ တရှမ်းရှမ်းကို ကြားနေရသည်။ မာလီက သူ့အင်္ကျီအိတ်ထဲက ကြိုးတစ်ချောင်းကို ထုတ်ယူလိုက်ကာ တပွက်ပွက်ထွက်နေသည့် သွေးတွေကို သွေးထွက်ရပ်အောင် ဒူးခေါင်းအထက်နားဆီမှာ တင်းတင်းပတ်လိုက်သည်။ သည်ကြိုးကလေးက ကြိုးဟောင်းဖြစ်သည်။ အမဲဆီကြောင့် ချောမွတ်နေကာ ခပ်ညိုညိုအစွန်းတွေ ပေနေသည့်ကြိုးကလေး။ ဂျက်ဖရီ့ကို တောင် သည်ကြိုးကလေးဖြင့် ချည်ပုံချည်နည်း သင်ပြခဲ့သေးသည်။ သည်ကြိုးကလေးကို ခပ်တင်းတင်းချည်နေရင်းက သူ့ငယ်ဘဝတွေကို စိတ်ရောက်သွားရပြန်သည်။ ဝက်ဝံကြီးကို သူသတိရသည်။ တခြား အချိန်ကာလတွေကို သတိရသည်။ လွန်လေပြီးသော ရှေးကာလက အကြောင်းတွေ သတိရသည်။ အမှတ်တရ ရုပ်ပုံလွှာတွေက သူ့စိတ်ရေစီးမြောင်းအတိုင်း စီးဝင်လာခဲ့သည်သာဖြစ်၏။ နောက်တော့လည်း လူငယ်ဘဝ အမှတ်ရချက်တွေ တဖြည်းဖြည်း မှိန်သွားပြန်သည်။

"မင်းဟာ အခုတော့ အိမ်ငမ်းမစွမ်းဖြစ်နေပါပြီ"

သူ့ဟာသူ တွေးနေရင်းက ခြေထောက်ကို သွေးတိတ်အောင် ကြိုးစားနေသည်။ ဂျက်ဖရီက သစ်ကိုင်းလုံးကြီးကို ပခုံးပေါ် ထမ်းယူလာခဲ့သည်။ သည်လောက်သစ်တုံးကြီးကို အားသိပ်မစိုက်ရသလို ပေါ့ပေါ့ပါးပါး မ လာ

နိုင်သည့် ဂျက်ဖရီကို အဘိုးအို မြင်နေရသည်။ ခြေထောက်တွေ၊ လက်မောင်းတွေမှာ အကြောတွေထအောင် ထမ်းယူလာရတာတော့ရှိသည်။ ဖျော့တော့တော့ နေလောင်အသားအရေအောက်က ကြွက်သားတွေ အရှုတ်အကြောတွေက လမ်းလျှောက်တိုင်း တဆတ်ဆတ် ခုန်နေတာတော့လည်းရှိသည်။

သည်ကလေးရဲ့ခန္ဓာကိုယ်ထဲမှာ ခွန်အားတွေရှိနေသည်ကော။ သူ့စိတ်နှလုံးထဲမှာလည်း သည်လိုခွန်အားတွေရှိပါစေကြောင်း အဘိုးအိုက အတွေးအားဖြင့် ဆုတောင်းနေသည်။

"တားကို အောက်ချ၊ သစ်တုံးကို ငါ့ခြေထောက်အတိုင်း အလျားလိုက်ချ သခင်ပေါက်စကလေး"

အဘိုးအို ခိုင်းသည့်အတိုင်း တားကောက်ကို မြေပေါ်ချသည်။ ပခုံးပေါ်က သစ်တုံးကြီးကိုအောက်ချလိုက်သည်။ အဘိုးအိုခြေထောက်နားရောက်အောင် လိမ့်ယူလိုက်သည်။ အဘိုးအို၏ ခြေထောက်နား ကပ်နိုင်သမျှ ကပ်အောင် လိမ့်ရင်းက သတိကြီးကြီးထားနေရသည်။ တစ်ချိန်လုံး သူ့ကိုယ်သူ တိတိကျကျကြီး ထိန်းချုပ်နိုင်အောင် ဂျက်ဖရီ အားထုတ်နေရလေသည်။

"ကိုင်း ဟောသည် သံထောင်ချောက်ကြီးကို မင်း မ ရမယ်၊ ပြီးရင်း နည်းနည်းလေးလှည့်လိုက်၊ ပြီးရင် သည်သစ်တုံးကြီးကို ငါ့ခြေထောက်အောက် ရောက်အောင် ဖြည်းဖြည်းလိမ့်သွင်း"

အဘိုးအိုက ဂျက်ဖရီကို ခိုင်းနေရင်းက "ဒါကို ခံတုံးလုပ်ရမယ်" ဟု စဉ်းစားသည်။

ဂျက်ဖရီက သစ်တုံးဘေးမှာ ငုံ့ဝပ်လိုက်သည်။ အံ့အားသင့်နေသည့် မျက်လုံးတွေက ခုန်နေသလား မှတ်ရသည်။ ပြီးမှ အဘိုးအို၏မျက်နှာပေါ်ကို မျက်လုံးတွေ ကျောက်ချထားလိုက်သည်။ သူကိုယ်တိုင် ပြင်ဆင်ပေးခဲ့ပြီး ဖြစ်သော်လည်း အဘိုးအို၏ ခြေထောက်နှင့် ပတ်သက်၍ အမှန်တကယ် ထိစပ်မှု တစ်စုံတစ်ရာ မရှိခဲ့။ သူသဘောပေါက်ထားတာ တစ်ချက်ပဲရှိသည်။

ဒဏ်ရာက ရွှေ့လိုက်တိုင်း နာတတ်သည်ဆိုတာပဲဖြစ်၏။ မာလီ့ကို နာကျင်စေမည့် မည်သည့်ဝေဒနာမျိုးမဆို သူမကြည့်ချင်။ ပြီးတော့ သည်လို အခြေအနေမျိုး ဖြစ်လာတာမျိုး နောက်ထပ်မကြုံချင်။ အဘိုးအိုကို စကားပြောဖို့ ပါးစပ် ဟလိုက်သည်။ 'ကျွန်တော့်ကြောင့် ဒါမျိုးနောက်ထပ် မဖြစ်စေရပါဘူး' ဆိုတာမျိုး 'နောက်ထပ် ဒါမျိုး မလုပ်တော့ပါဘူး' ဆိုတာမျိုး ပြောချင်လို့ ဖြစ်သည်။ သို့သော် သည်တခဏ်မှာပဲ အဘိုးအို၏ မျက်လုံးတွေထဲမှာ ဒေါသငွေ့တွေ ရုတ်တရက် ပေါ်လာခဲ့သည်။ ခက်ထန်သော အဝါရောင် မီးလျှံတွေအောက်မှာရှိနေသည့် အမိပ္ပာယ်တွေကို ဂျက်ဖရီမြင်လိုက်ရသည်။ ကြောက်စရာကောင်းလှသည့် စက်ဆုပ်ရွံရှာမှုနှင့် မထီမဲ့မြင်ပြုခြင်း။ ဂျက်ဖရီက စကားတစ်လုံးမှမပြောဘဲ သံထောင်ချောက်ဆီကိုလက်လှမ်းလိုက်သည်။

သံထောင်ချောက်၏ အေးစက်သောအထိအတွေ့ကြောင့် သူ့တစ်ကိုယ်လုံး တုန်ခါသွားရသည်။ အရာအားလုံးကို ပစ်ချခဲ့ကာ လွတ်ရာကျွတ်ရာ ပြေးထွက်ချင်စိတ်တွေ ဝင်လာခဲ့သည်။ ပြေး ပြေးပြီးရင်း ပြေး။ သူ့ကိုယ်သူ တည်ငြိမ်သွားအောင် ထိန်းလိုက်ပြီးမှ သံထောင်ချောက်ကြီးကို မြဲမြဲမြံမြံ ကိုင်ကာ အားစိုက် မ သည်။ သူ့ခြေထောက်တွေကို ခပ်ကျဲကျဲ ခွရပ်ထားသည်။ သူ့ကြွက်သားတွေ တင်းမာလာသည်အထိ အားစိုက်ကာ ရုန်းမ မသည်။ သံခြေထောက်ကြီးတစ်ခုလုံးကို ကြမ်းကြမ်းတမ်းတမ်း မဖြစ်စေရဘဲ အားရှိသမျှ ဂရုတစိုက် မ နေခြင်းဖြစ်သည်။ သူလုပ်လိုက်လို့ တစ်ခုခု ထပ်ဖြစ်မှာ စိုးရိမ်နေမိသဖြင့် အလျင်စလို မဖြစ်စေရဘဲ အေးအေးသက်သာ လုပ်နေခြင်းဖြစ်သည်။ ခြေထောက်ကို တဖြည်းဖြည်း မ ကြည့်သည်။ သူ့ကျောနှင့် လက်မောင်းတွေ တောင့်အောင့်လာသည်။ ထောင်ချောက်၏ အလေးချိန်က တဖြည်းဖြည်းချင်း သူ့ကို စီးပိုးလာခဲ့သည်။ တစ်ချိန်တည်းမှာ အဘိုးအို၏မျက်နှာကို ကြည့်ချင်နေသဖြင့် နောက်ကို လှည့်ချင်နေသေးသည်။ မာလီ ဘယ်လောက်တောင် နာကျင်နေရှာမှာပါလိမ့်။ ဒါပေမဲ့ သူလည်း စဉ်းစားဖို့

တောင် အချိန်မရ။ သံထောင်ချောက်ကြီးတစ်ခုလုံး၏ အလေးချိန်က သူ့လက်ထဲ ထိန်းမနိုင်သိမ်းမရ ဖြစ်လာသောကြောင့် ဖြစ်၏။ အားစိုက်ရခြင်းက ကြီးမားလွန်းလှသည်။ မာလို့ခြေထောက်က မြေပေါ်မှာ လွတ်လွတ်ကျွတ်ကျွတ် ရှင်းရှင်းလင်းလင်း မြင်ရပြီ။ ဂျက်ဖရီက အခြေအနေကို အကဲခတ်ရန် နောက်လှည့်ကြည့်ချင်နေမိပြန်သည်။ သို့သော် တစ်ဖက်က လက်မောင်းတစ်ချောင်းလုံး ပြုတ်ထွက်သွားအောင် အလေးချိန်က ဖိစီးနေသည်။ သည်ခဏကလေးမှာပဲ အဘိုးအိုက နာကျင်စွာ ကျူးအော်လိုက်တော့ ဂျက်ဖရီက သံထောင်ချောက်ကြီးတစ်ခုလုံး ကြောက်လန့်တကြား လွှတ်ချမိတော့မတတ် ဖြစ်သွားရသည်။

သူ့လက်မောင်းက သံထောင်ချောက်ကြီး၏ အလေးကို မခံနိုင်တော့။ သူကိုယ်တိုင်လည်း သိပ်ကြာကြာကြီး ကိုင်မထားနိုင်တော့တာကို နားလည်လိုက်ပြီ။ နောက်ထပ် ဘာလုပ်ရမလဲဆိုတာကိုသာ တွေးနေမိလေ၏။ အဘိုးအိုကကော နောက်ထပ် ဘာမှမပြောတော့တာ ဘာသဘောပါလိမ့်။ နောက်ကျောအောင့်တာ နည်းနည်းကလေးလျော့သွားအောင် ညာခြေကို နည်းနည်းကလေး ရွှေ့ကြည့်လိုက်သည်။ သူ့ရှူးဖိနပ်ကလည်း သစ်တုံးကြီးနှင့် ဆန့်ကျင်ဘက်ကို ကန်ထွက်ချင်နေသေးသည်။ ချက်ချင်းလိုလို စိုးရိမ်တကြီး ငုံ့ကြည့်လိုက်သည်။ သံထောင်ချောက်၏သဘောကို မြင်လိုက်ရတော့မှ သူသတိရသွားသည်။ သံထောင်ချောက်ကြီးကို တဖြည်းဖြည်းချင်း လှည့်လိုက်သည်။ နောက်ထပ် ဖြည်းဖြည်းကလေး လှည့်ပြန်သည်။ ပြီးတော့ သူ့ခြေထောက်ဖြင့် တွန်းထားလိုက်သည်။ အားစိုက်ကာ တွန်းရင်း တွန်းရင်း သစ်တုံးကြီး မာလို့ခြေထောက်အောက်ရောက်အောင် ကြိုးစားပြီး သွင်းနေသည်။ အဘိုးအို၏အော်သံကြီး ထွက်ပေါ်လာတော့ သစ်တုံးကြီးက ခြေထောက်အောက် ရောက်သွားခဲ့ပြီ။ သံထောင်ချောက်ကြီးကို သူချမိသွားပြီ။ အဘိုးအို၏ ငိုညည်းသံက တခြား ဘယ်သူနဲ့မှမတူသည့် အသံမျိုးဖြစ်

သည်။ ခွေးတစ်ကောင် တအိုင်အိုင် ညည်းသံမျိုးနှင့် ပိုတူသည်ဟု ဂျက်ဖရီ တွေးမိသေးသည်။ ပြင်းပြသော ဝေဒနာကြောင့် ခပ်တိုးတိုး ငိုညည်းသံ ထွက်နေတာကိုပဲ ဂျက်ဖရီ ချောက်ချားနေမိလေသည်။

အဘိုးအိုခများတော့ ခြေထောက်ဒဏ်ရာဆီက တစ်ခဲနက် အော်ဟာစ်ရင်း တက်လာသည့် ဝေဒနာကြောင့် နာကျင်မှုလှိုင်းမည်းကြီး စီးနေရသလို ဖျပ်ဖျပ်လူးနေရတော့သည်။

လဲကျနေသည့် မြေပေါ်မှာပဲ သတိမေ့မျောလုမတတ် ဖြစ်နေရသည်။ သစ်တုံးကတော့ သွင်သွင်ကျိုးနေသလို လည်နေသည့် ခြေထောက်အောက်မှာ ရှိနေသည်။ စကားပြောသံကလည်း လေမမီတော့။ တကယ့် လေသံသဲ့သဲ့ကလေးပဲ ထွက်တော့သည်။ ဂျက်ဖရီပင် ခါးကုန်းကာ မနည်း နားထောင်နေရသည်။

■

"မီး မီးကို ကြည့်လိုက်ဦး ဂျက်ဖာဘာဘာဘား၊ မားကကော ပူသေးရဲ့လား"

ဂျက်ဖရီက မီးဖိုဆီကို လှည့်ရပြန်သည်။ သစ်ကိုင်းခြောက်တစ်ကိုင်းကို ကောက်ယူကာ မီးကျီးခဲရဲရဲတွေကို မားသွားမြုပ်အောင် ဖုံးဖုံးပေးနေလိုက်သည်။ သံမဏိမားသွားက ညို့မှိုင်းမှိုင်းရဲ့စွေးစွေး အရောင်လုနေပြီ။ တိုးလျှိုပေါက် မြင်ရလုနီးပါး အရည်လုံနေပြီ။ မီးကျီးခဲရဲရဲမှာ မားက ဝင်းဝင်းတောက်လျက်။ မီးကျီးခဲတွေကို မားသွားပေါ် ထပ်ဖုံးရင်း မီးတောက်တွေ ဖြန်းခနဲ ဖြန်းခနဲ ထအောင် မှုတ်ပေးနေပြန်သည်။ မီးကို စိတ်ချသွားတော့ အဘိုးအိုဆီ ပြန်ထလာခဲ့သည်။ သည်မားရဲရဲကြီးက သည်ကိစ္စမှာ ဘယ်ပုံဘယ်နည်းများ အသုံးတော်ခံမှာပါလိမ့်လို့ တွေးနေမိပြန်သည်။ မဟုတ်မှလွဲရော၊ သံထောင်ချောက်ကြီးပွင့်သွားအောင် သည်မား

ကောက်ရဲရဲဖြင့် တစ်ခုခုများ လုပ်နေမှာလား။ မီးပြင်းတိုက်ထားသည့် မားကောက်ကြီးက သံမေးရိုးညှပ်ကြီးကို ဆွဲဖွင့်ပစ်လိုက်မှာများလား။

"မားကောက်ကြီး ရဲတက်လာနေပြီ မာလီ"

အဘိုးအိုက ခေါင်းညိတ်သည်။ ဒါဆို စရတော့မှာပေါ့လို့လည်း တွေးထားသည်။ သူ့အင်္ကျီအိတ်ထဲကို လက်နှိုက်ကာ ကရားသေးသေးကလေးတစ်လုံးကို ထုတ်ယူလိုက်သည်။ ကရားလေးကို ဖွင့်ပြီး ထုံးတွေကို လက်ညှိုးနှင့် ကော်ယူလိုက်သည်။ ထုံးတွေကို ပါးစပ်ထဲ ကော်ထည့်သည်။ ပြီးတော့မှ ကရားအဖုံးကို နောက်ပြန်လှည့် ရစ်ပိတ်သည်။ အိတ်ထဲရောက်အောင် ပြန်ထည့်သည်။ လျှာတစ်ချောင်းလုံး ဖွေးသွားအောင် ထုံးတွေ ပါးစပ်ထဲမှာပဲ လိမ့်လူးလိုက်သည်။ ပါးစပ်တစ်ခုလုံး ထုံးပေါက်အောင် စောင့်နေပြန်သည်။

အဘိုးအိုက သူ့ကိုယ်သူ နာနာကျင်ကျင်ကြားကပင် ထလိုက်သည်။ မျက်နှာမှာ ချွေးသီးချွေးပေါက်တွေ သီးထနေကာ အရေးအကြောင်းတွေကြားမှာလည်း ချွေးတွေ ရွှဲနစ်စီးကျနေသည်။ ဂျက်ဖရီ့ကို တည့်တည့်ကြည့်ရင်း အမိန့်ပေးလိုက်သည်။

"ပုဆိန်ကို ကိုင်တော့ သခင်ပေါက်စကလေး"

ဂျက်ဖရီက ပုဆိန်ကျနေသည့်နေရာဆီ ထသွားသည်။ စိတ်ထဲကလည်း သည်ပုဆိန်က ဘယ်လိုပုံသဏ္ဍာန်မျိုးဖြင့် ပါရဦးမှာလဲ တွေးနေသည်။ ပုဆိန်ကို ငုံ့ကောက်သည်။ မျက်လုံးထောင့်တွေကတစ်ဆင့် မြင်နေရသည့် မျောက်ထီးကြီး၏ အသားစ ဖွာလန်ကြဲတွေက သူ့ကို ထိတ်လန့်သွားစေသည်။ အဝေးကို ချက်ချင်းမျက်နှာလွှဲလိုက်ရသည်။ ကျောတစ်လျှောက် စိမ့်အေးသွားကာ ကြက်သီးမွေးညင်းတွေ ဖျဉ်းဖျဉ်းထသွားသလား မှတ်ရသည်။ အဘိုးအိုဆီ ပြန်လာခဲ့ကာ ပုဆိန်ကို လှမ်းပေးလိုက်သည်။

"ဘာလုပ်မလို့လဲ မာလီ"

အဘိုးအိုက လျှာကို ထုံးတွေ ပေပွသွားအောင်လိမ့်ရင်း ပါးစပ်တွင်းက

အမြွေးပါးတွေ လောင်မြိုက်သွားအောင် လုပ်နေသည်။ ခဏတော့ ပါးကြီးက ရောင်အန်း စုထွက်လာသည်။ ပြီးတော့လည်း နဂိုက ချိုင့်ဝင်နေသည့် ပါး ချွက်ချွက်ကြီးထဲမှာ အသားတွေ ပြန်လည် ပျော့တွဲ အိကျသွားပြန်သည်။

"ကိုင်းဟေ့ ပုဆိန်ကို မြဲမြဲသာကိုင်ထားတော့၊ အခုကစပြီး မင်းဟာ ရှေ့လုပ်ရမယ့် အလုပ်တွေအားလုံးကို တိတိကျကျ လုပ်ရတော့မယ် ဟုတ်ပြီ လား"

အဘိုးအိုက သူကိုယ်တိုင် ဘာမှ ထမလုပ်နိုင်သည့်အချိန်ကစပြီး ဂျက် ဖရီကိုသာ လုပ်ခိုင်းဖို့ စဉ်းစားထားပြီးဖြစ်သည်။ သို့သော် ပထမဆုံး ပြဿနာ က ဂျက်ဖရီကိုယ်တိုင်က ကြောက်လန့်နေခြင်းဖြစ်၏။

"သခင်ပေါက်စကလေး၊ ငါဟာ သည်မှာပဲ သေရတော့မယ်"

အဘိုးအိုက ခံစားမှုမဲ့သည့်အသံဖြင့် ပြောနေသည်။

ဂျက်ဖရီက သည်တော့မှ လှုပ်သွားသည်။ မျက်လုံးတွေ ပြူးကျယ် သွားသည်။ သည်လိုသာဆိုလျှင် သူတစ်ယောက်တည်း တောကြီးမျက်မည်း ထဲ ရှိနေရတော့မှာပေါ့။ ဂျက်ဖရီ ငိုလေသည်။

"အေး ဒါဆိုရင် မင်းလည်း တောထဲ တောင်တဲ သေရမှာပဲ"

အဘိုးအိုက ခါးခါးသီးသီး ပြောနေသည်။ ဂျက်ဖရီက ဒါကိုကြားတော့ ချက်ချင်း အငိုတိတ်သွားသည်။ မျက်လုံးတွေ ပိုကျယ်သွားကာ ငြိမ်သက် သွားလေသည်။ အဘိုးအိုကိုသာ စူးစူးစိုက်စိုက် မရွေ့တမ်းကြည့်နေသော် လည်း မြင်ရပုံမပေါ်။ စိတ်အားဖြင့်သာ ထူးထူးဆန်းဆန်း အိပ်မွေ့ချခံထားရ သူလို ခံစားနေရသည်။

"အေး မင်းကလည်း လမ်းမသိဘူး ဆိုသကိုးကွဲ့၊ ငါကလည်း သည်မှာ သံကြိုးထူးခတ်ခံနေရသူဆိုတော့ ငါကလည်း လမ်းပြဖို့ ခက်သွားပြီလေ၊ ငါတို့နှစ်ယောက် ဘယ်လိုသေကြမလဲဆိုတာတောင် ငါမသိတော့ဘူး၊ သို့ သော်လည်း နည်းလမ်းတွေတော့ ရှိသပေါ့လေ၊ အစာရေစာ ငတ်ပြတ်ပြီး

သေကြမလား၊ ဒါပေမဲ့ ငါကတော့ ဒါတွေလည်း သိပ်တော့ စဉ်းစားနေတာ မဟုတ်ပါဘူး"

အဘိုးအိုက ခဏနားသည်။ ဂျက်ဖရီ့ကိုကြည့်ရင်း အကဲခတ်သည်။ လက်စသတ်တော့ ငါဟာ မျက်လုံးထဲမှာ ထိတ်လန့်တကြား ကြောက်ရိပ်ရှိနေတဲ့ ငှက်တစ်ကောင်ကို ဖမ်းမိတဲ့ မြွေတစ်ကောင်နဲ့ တူနေပါရောလားလို့ တွေးမိလိုက်သည်။

"ငါတို့ သေနိုင်တဲ့ နောက်ထပ်တစ်မျိုး ရှိသေးတယ်၊ ဒါကတော့ သေပုံသေနည်းတွေထဲမှာ အဆိုးဆုံးသေနည်းဖြစ်အံ့ ထင်ပါရဲ့။ ငါ့ခြေထောက်က ထွက်နေတဲ့ သွေးတွေကြောင့်ပဲ၊ သည်သွေးနံ့ကို ညဘက်ကျရင် ခွေးအတွေ ရသွားကြလိမ့်မယ်၊ သစ်ကျုတ်တွေ ရသွားကြလိမ့်မယ်၊ ဒင်းတို့ရဲ့ သွားတွေ လက်သည်းတွေကြားမှာလည်း တို့သေသွားနိုင်တာပဲ၊ သည်သေနည်းကတော့ မကောင်းလှဘူးပေါ့ကွယ်၊ ငါတို့ဘက်က မတိုက်ရ မခိုက်ရ ရင်မဆိုင်လိုက်ရဘဲ ဖျော်လင့်ချက်ဆုံးရတာမျိုး၊ တစ်ဖက်သတ် ခံရတာမျိုးတော့ ဖြစ်ရတာပေါ့လေ"

သည်စကားကြားလိုက်ရတော့ ဂျက်ဖရီ့မျက်လုံးထဲမှာ ပမာမခန့် ခံစားမှု မီးတောက်ကလေး လက်ခနဲ တောက်သွားလေသည်။

"ကျွန်တော့်မှာ ဓားနဲ့လေးမြားရှိနေတာပဲဗျ ကျွန်တော်…"

ဂျက်ဖရီက ဝမ်းခေါင်းသံသြသြကြီးဖြင့် ချက်ချင်း တုံ့ပြန်သည်။

"သစ်ကျုတ်တစ်ကောင်ရဲ့ တစ်ချက်ခုန်လိုက်တဲ့ လျှင်မြန်မှုထဲမှာ မင်းလေးနဲ့မြားဟာ သုံးတောင် သုံးလိုက်ရမှာ မဟုတ်ဘူး"

ဂျက်ဖရီက ဒါကိုကြားတော့ စိတ်ဓာတ်တွေ ကျကျသွားရပြန်သည်။ တင်းထားသည့် စိတ်ကလေး တစ်စစီ ကြေကွဲသွားရပြန်သည်။ ကြောက်ရွံ့စိတ်တွေ တစ်ကျော့ပြန် ဝင်လာတာ အဘိုးအိုက မြင်နေရသည်။

"အေး တစ်ချက်တော့ ရှိသပေါ့ကွယ်"

အဘိုးအိုက ဝေဒနာကြောင့် မူးနောက်ရီဝေခြင်း ဓာတ်ပဝါ ဖုံးထားသလို ဘာမှ သဲသဲကွဲကွဲ မမြင်ရတော့။ ခြေထောက်ဒဏ်ရာဆီက တလွှားလွှား တွားတက်လာသော ဝေဒနာကို ကြိတ်မှိတ်ခံစားနေရသည့်ကြားက ဂျက်ဖရီ၏ မျက်နှာကို ရနိုင်သလောက် အကဲခတ်နေရှာသည်။

"ဘာ ဘာလဲမာလီ ဘာတစ်ချက်လဲ"

ဂျက်ဖရီပါးစပ်က စိုးရိမ်ထိတ်လန့်စရာကောင်းလှသည့် အသံ ထွက်လာခဲ့သည်။

"တို့နှစ်ယောက်စလုံး အသက်ရှင်လျက်နဲ့ တောကြီးမျက်မည်းထဲက ထွက်နိုင်ဖို့ဆိုရင်တော့ လုပ်ရမှာ တစ်ချက်ပဲရှိတယ်၊ အဲဒါကတော့ ငါ့ ခြေထောက်အောက်ပိုင်းကို သည်ထောင်ချောက်ထဲ ထားခဲ့ရမှာပဲ"

ဂျက်ဖရီက အဘိုးအို၏ စကားအဓိပ္ပာယ်ကို ကောင်းကောင်း မကောက်နိုင်သလို ဖြစ်သွားရသည်။ ခေါင်းကို ဝေဝေဝါးဝါး ခပ်လေးလေးကြီး ယမ်းလိုက်သည်။

"ငါကိုယ်တိုင် လုပ်နိုင်တာမျိုးဆိုရင် ငါကိုယ်တိုင် လုပ်ဖို့ပဲပေါ့ကွယ် သို့သော်လည်း ငါကိုယ်တိုင်လုပ်နိုင်ဖို့ မစွမ်းသာတော့ဘူး၊ လုပ်နိုင်တာက တော့ မင်းကိုယ်တိုင်ပဲ"

"ကျွန်တော် ဘာလုပ်ရမှာလဲ"

အဘိုးအိုက ထောင်ချောက်ထဲညပ်နေသည့် သူ့ခြေချင်းဝတ် အထက် နားလောက်ဆီကို လက်နှင့်ရစ်ပြလိုက်သည်။ သွေးတွေကတော့ တစီစီ စီးကျနေဆဲ။

"မင်းလက်ထဲမှာ ကိုင်ထားတဲ့ ပုဆိန်နဲ့ အားရှိပါးရှိ တစ်ချက် ကောင်းကောင်း မိမိရရကြီး ခုတ်ဖြတ်ပစ်ဖို့ပဲ၊ မင်းမှာရှိသမျှ အားတွေတော့ သုံးရလိမ့်မယ်၊ ခုတ်ဖြတ်ရမယ့်နေရာကတော့ အခု ငါပြထားတဲ့ နေရာပဲ"

အဘိုးအို၏ အသံက အသေကောင်တစ်ကောင်၏ နှုတ်က ထွက်လာ

သည့် အသံစင်းစင်း ညည်းသံမျိုးဖြစ်၏။ အသံက တိုးလွန်းရုံမက နေးကွေး လွန်းနေသည်။ စကားသံတွေက တုန်ခါနေသေးသည်။

သည်စကားကြားတော့ ဂျက်ဖရီကိုယ်တိုင် ရုပ်သေးရုပ်တစ်ရုပ်လို တုံ့ခနဲ ဖြစ်သွားခဲ့သည်။ မျက်နှာတစ်ခုလုံး သွေးတွေ စီးပျံ့သွားခဲ့ရုံမက လက်ချောင်းများဖြင့် ဆုပ်ကိုင်ထားသည့် ပုဆိန်သည်ပင်လျှင် လက်ထဲက လွတ်ကျသွားသည်။ အဘိုးအိုက သူ့အမူအရာအားလုံးကို စောင့်ကြည့်နေဆဲဖြစ်၏။ အဘိုးအို၏နှလုံးထဲက သွေးတွေ တပွက်ပွက် ထလောက်အောင် ခံစားနေရသော်လည်း သည်စကားစုကို ရုပ်ထားလို့မရမှန်း အဘိုးအိုကိုယ်တိုင် သိထားပြီးဖြစ်သည်။ "ငါ့စကားကို ရုပ်ထားလို့မဖြစ်ဘူး၊ သည်အလုပ်ဟာ မလုပ်မဖြစ် လုပ်ရမယ့် အလုပ်ပဲ၊ ဒါဟာ ကလေးအတွက် ပြောနေတာ၊ ငါ ပေးခဲ့တဲ့ ကတိစကားအတွက် ပြောနေတာ"

"ပုဆိန်ကို ပြန်ကောက်လိုက်တော့"

အဘိုးအိုက လေပျော့ကလေးဖြင့် ပြောသည်။ ဂျက်ဖရီက ကြောက်လန့်တကြား နောက်ကို ဆုတ်လိုက်သည်။ သရဲဘောကြောင်သွားသလို တွန့်ဆုတ် ဆုတ်လိုက်ခြင်းဖြစ်သည်။

"ကောက်လိုက်လေ"

အဘိုးအိုက ကျာပွတ်သုတ်လိုက်သလို အသံဖြင့်အော်လိုက်သည်။

ဂျက်ဖရီက အဘိုးအိုကို ကြည့်လိုက်သည်။ အဘိုးအို၏ အဝါရောင်မီးတောက်တွေ လျှံထွက်နေသလား မှတ်ရသည့် သနားကြင်နာမှုကင်းကင်း တောက်တောက်ခါးခါး မျက်လုံးတွေကို ကြည့်နေခြင်းဖြစ်သည်။ သည်လို ထူးဆန်းသူမျိုးကို သူတစ်ခါမျှ မမြင်ဖူးခဲ့။ ကြမ်းတမ်းခက်ထန်သလောက် ကြောက်မက်ဖွယ်ကောင်းလှသည့် မျက်လုံးများ။ ဂျက်ဖရီက ပုဆိန်ကို ငုံ့ကောက်လိုက်သည်။ သူ့စိတ်ထဲမှာ အဝါရောင်တောက်ပနေသည့် အဘိုးအို၏ မျက်လုံးတွေက အစိမ်းရောင်ပြောင်းသွားသည်ဟု ထင်သည်။ သစ်ကျွတ်

တစ်ကောင်၏ မျက်လုံးစိမ်း။

"သည်ဘက်ကိုလာ"

ဂျက်ဖရီက ဖြည်းဖြည်းကလေး သွားသည်။ အိပ်မက်ထဲမှာ လျှောက်နေရသူလို ဖြစ်နေသည်။

"ထင်းရှူးပင်ခြောက်ကြီးကို မင်းသတိရတယ်နော်၊ အဲသည် အခေါက်မပါတော့တဲ့ သစ်ခြောက်တုံးများဟာ အင်မတန် မာကျောတယ်၊ အဲသည်အသားထဲကို ဓားဝင်နိုင်လောက်အောင် လုပ်နိုင်ပါ့မလား"

ဂျက်ဖရီက ဆွံ့ဆွံ့အအ ခေါင်းညိတ်သည်။ သစ်တောကြီး ကိုယ်တိုင်ဆီက တဒိတ်ဒိတ် တလှပ်လှပ် အသံမျိုး ထွက်နေတာကို နားထောင်နေရသလို ဖြစ်နေသည်။

"ငါပြောတာကော မှတ်မိရဲ့လားကွဲ့၊ မင်း ခါတိုင်း ခုတ်နေကျ ထစ်နေကျ အသားပွမျိုးမဟုတ်ဘူးဆိုတာတော့ ကြပ်ကြပ်မှတ်ထားကွဲ့နော်၊ သို့သော်လည်း တစ်ချက်တည်းနဲ့ မိမိရရကြီး ဒေါမာန်ပါပါ ခုတ်နိုင်ဖို့တော့ လိုမယ်၊ မင်းရှိတဲ့ ခွန်အားကလေးလောက်နဲ့တင် မဟုတ်ဘဲ ခန္ဓာကိုယ်တစ်ခုလုံးက ထွက်လာတဲ့ အတွင်းအားကြီး ပါဖို့လိုတယ်"

ဂျက်ဖရီက ခေါင်းထပ်ညိတ်ပြသည်။ အေးခဲနေသည့် စိတ်တွေက ခုမှ ပြန်လည် သတိလည်လာခဲ့သည်။ တစ်ခါက သစ်ခြောက်ပင်တစ်ပင်ကို အဘိုးအိုကိုယ်တိုင် သူ့လက်ထဲက ဓားကောက်ဖြင့် တစ်အား ခုတ်ချခဲ့ဖူးသည်။ သစ်ခြောက်ပင်ကြီးက ကောင်းကင်ကို လှတက်နေသည့် ဖြောင့်ဖြောင့်မတ်မတ် သစ်ပင်ကြီးဖြစ်သည်။ သစ်ပင်၏ ငွေရောင်ပင်စည်ထဲကို ဓားသွားမြုပ်အောင် ဝင်သွားတာကိုတွေ့တော့ အဘိုးအိုသည်ပင်လျှင် သူ့ကိုယ်သူ အံ့သြနေမိသည်။

"ကိုင်း အဲသလိုကို မိမိရရကြီး ခုတ်ချရမယ်ဟေ့၊ ပြီးရင် ခုတ်ဖြတ်လိုက်လို့ ခြေထောက်ပြတ်သွားတာနဲ့ တစ်ပြိုင်နက်တည်း မီးထဲက ရဲနေတဲ့ ဓားကို

ဆွဲထုတ်၊ ဓားသွားနဲ့ ပြတ်သွားတဲ့ဒဏ်ရာပေါ်ကို အပြားလိုက် ရှဲခနဲနေအောင် ဖိကပ်ပစ်ရမယ်၊ ခုချက်ချင်း သွက်သွက်ကြီး လုပ်ရမယ်၊ သွေးတိတ်အောင် လုပ်ရမယ်"

ဂျက်ဖရီက မာလီကို ထုံထုံအအကြီး ငေးကြည့်နေဆဲ။ သူ့မျက်လုံးတွေက မျက်ဖြူဆိုက်နေသလို ငေးကြောင်ကြောင်ကြီးဖြစ်နေသည်။

"ငါပြောတာ နားကောလည်ရဲ့လားကွယ်၊ မင်းလုပ်ရမယ့် အလုပ်တွေကိုကော စီကာစဉ်ကာ နားလည်လိုက်ရဲ့လား"

ဂျက်ဖရီက မပြတ်မသားဟန်ဖြင့် ခေါင်းညိတ်သည်။

"ကိုင်း ဒါဆိုရင် ပုဆိန်ကောက်ကိုင်တော့"

ဂျက်ဖရီက မလှုပ်။

အဘိုးအိုက သက်ပြင်းချသည်။ သူ့အနားက ကလေးငယ်ကို သူလေ့လာသည်။ သူပြောခဲ့ဆိုခဲ့သမျှ ဘယ်လောက်များ အရာရောက်ခဲ့သလဲ အကဲခတ်သည်။ သည်တစ်ခါ စကားပြောတော့ ညင်ညင်သာသာပဲ ပြောသည်။

"မင်းကို ငါက ပုဆိန်ကိုင်ပုံကိုင်နည်း သင်ပေးနေတာပါကွယ်"

သည်လိုပြောရင်းက ချက်ချင်းအသံမြင့်လာကာ အလောတကြီး အမိန့်ပေးနေပြန်သည်။

"ကိုင်လိုက်တော့၊ ငါ့ကို လွတ်မြောက်အောင် လုပ်ပါတော့"

စိမ်းဝါရောင်တောက်နေသည့် မျက်လုံးတွေထဲမှာ အသနားအညှာတာကင်းမဲ့စွာ မီးတောက်မီးလျှံတွေ တောက်လောင်နေလေသည်။ ဂျက်ဖရီက မိန်းမောတွေဝေနေသည့်ကြားက ပုဆိန်ကိုကိုင်ကာ နေသားကျအောင် နေရာယူလိုက်သည်။

"ဟောသည်နားနော်"

အဘိုးအိုက ပုဆိန်ချက်ထိရမည့်နေရာကို လက်ညှိုးနှင့် ရစ်ပြသည်။ ဂျက်ဖရီက ငုံ့ကြည့်လိုက်သည်။ မျက်လုံးထဲမှာ မျက်ရည်တွေ အိုင်ကျ

လာသည်။ သို့သော် သည်မျက်ရည်တွေက ဘယ်လို စိတ်သောက အနှောင့် အယှက်ဆီကမှ စီးဆင်းလာခြင်းမဟုတ်။ အေးခဲနေသည့် သူ့စိတ်အတွင်းထဲ မှာတော့ အမြဲတမ်းတည်ငြိမ်မှုဖြင့် ခံနိုင်ရည်ရှိနေသည်။ အဘိုးအို၏ ခြေ ထောက်ဆိုတာကိုတော့ သူတကယ်မမြင်ရသလိုဖြစ်နေသည်။ ထောင် ချောက်ကိုပင်လျှင် မသဲကွဲ။ သူမြင်နေရတာက အဘိုးအို၏ လက်ချောင်း ကလေးကိုသာဖြစ်၏။ ခြေထောက်ပေါ်က ခုတ်ဖြတ်ရမည့်နေရာကို ပြနေ သည့် လက်ချောင်းကလေးကိုသာ ဖြစ်သည်။ ငွေရောင်တောက်နေသည့် ထင်းရှူးတုံးကြီးပေါ်က ခုတ်ရာပြလက်ချောင်းကလေး။

ပုဆိန်ကို ခေါင်းပေါ်ကျော်အောင် မြှောက်တင်လိုက်သည်။

"ခုတ်"

အဘိုးအိုက စူးစူးဝါးဝါး အော်လိုက်ပြီး မျက်စိမှိတ်လိုက်သည်။ ဂျက်ဖ ရီက နောက်ထပ် ပုဆိန်ကို တုံ့ခနဲမြှောက်တင်လိုက်ပြီး ဝုန်းခနဲ ခုတ်ချလိုက် သည်။ အသက်အောင့်ထားရသော ဝန်ထုပ်ဝန်ပိုးကြီး ပြေလျော့သွားသလို အလုံးကြီးကျသွားသံ အုံးခနဲကိုပင်လျှင် ကြားလိုက်ရသည်ထင်၏။ ငွေရောင် သစ်တုံးကြီးပေါ်က ခပ်ဝါးဝါးအရောင်နှင့် ပုံသဏ္ဌာန်များ။ အဘိုးအို၏ ချောက်ချားဖွယ် ခြေထောက်ထဲကို ချက်ချင်းကြီးပြောင်းလဲ ဝင်ရောက်သွား လေသလား အောက်မေ့လိုက်သဖြင့် မျက်လုံးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်နေသည့် တောကြီးမျက်မည်းထဲမှာ သံသံချင်း ပြင်းထန်စွာ ထိခတ်သံကြီးက လက်ခနဲပွင့်သွားသော မီးပွင့်နှင့်အတူ ထွက် ပေါ်လာခဲ့သည်။ ပြင်းထန်ကျယ်လောင်သော နားမခံသာမှုကြီးက သူ့လက် မောင်းတွေကတစ်ဆင့် သူ့လည်ပင်းထဲ ဆို့ဝင်လာသလား အောက်မေ့လိုက် ရသည်။ ပုဆိန်သည်ပင် သူ့လက်ထဲက ပြုတ်ထွက်လုနီးပါး တုန်ခါသွားခဲ့ သည်။ တကယ်တော့ သူအမှန်တကယ် ခုတ်ဖြတ်ပစ်ရမည့် အဘိုးအို ခြေ ထောက်ကို မခုတ်မိဘဲ ကြီးမားလှသော သံမေးရိုးညှပ်ကြီးကို တည့်တည့်

ကြီး ခုတ်မိလျက်သား ဖြစ်သွားခြင်းဖြစ်၏။ ဂျက်ဖရီက ပါးစပ်က ကျိုးအော်ရင်း မျက်လုံးတွေကို ဖွင့်လိုက်သည်။ မျက်လုံးတွေထဲမှာ ဘာကိုများ မြင်ရမှာပါလိမ့်ဟုတွေးရင်း ကြည့်လိုက်မိသည့်အခါမှာတော့…။ ပုဆိန် ရိုက်ခုတ်ချက်ကြောင့် ဖြစ်ပျက်ခဲ့သမျှအားလုံးကို မျက်ဝါးထင်ထင် မြင်လိုက်ရလေသည်။

ဂျက်ဖရီပင် ဖြန်းခနဲ ကြက်သေသေသွားလေသည်။ မျက်လုံးတွေကိုပင် မယုံနိုင်တော့။ သည့်နောက်မှာတော့ ဂျက်ဖရီ စူးစူးရှရှကြီး အော်ဟစ်လိုက်သည်။ ဆို့ကျပ်နေသည့် စကားလုံးတွေ ဖြေလျော့ပွင့်ထွက်သွားသည်။ လည်ချောင်းထဲမှာ အကြောထုံးနေသလို ဖြစ်နေခဲ့သည့် အဖုအထစ်တွေကလည်း ချက်ချင်းလိုလို အထုံးပြေသွားခဲ့သည်။ သံထောင်ချောက်မေးညှပ် ဆုံလည်ကြီး၏ သံချေးတက်နေသည့် ဗဟိုချက်မတည့်တည့်ကို ပုဆိန်အား ကျသွားသည့်အခါ နှစ်ပိုင်းပြတ်ထွက်သွားခဲ့သည်။ ထိုအခါ သံသားအရိုးရှည် သပ်ချောင်းကလည်း ကလန့်ထားသည့် သံကွင်းထဲက ပြုတ်ထွက်သွားသည်။ ဒါတွေအားလုံးကို ဂျက်ဖရီ ဖျတ်ခနဲ တွေ့တွေ့ချင်း အော်လိုက်သည်။

"မာလီ ကျွန်တော်ထောင်ချောက်ကြီးကို ရိုက်ချိုးလိုက်မိပြီ၊ ထောင်ချောက်ကြီး ကျိုးသွားပြီဗျ၊ မာလီ့ခြေထောက် မဖြတ်ရတော့ဘူး"

သို့သော် အဘိုးအိုကတော့ သတိလက်လွတ် ဖြစ်နေရပြီ။ ဘာသံကိုမှ မကြားနိုင်တော့။

"မာလီ"

ဂျက်ဖရီက အော်ခေါ်သည်။ မာလီ့ဆီက တုံ့ပြန်ထူးသံ မကြား ရတော့ ခါးကုန်းပြီး လှုပ်နိုးသည်။ အဘိုးအိုသေပြီဆိုသည့် အသိ ခေါင်းထဲဝင်လာတော့ သူ့ပါးစပ်တစ်ခုလုံး ကြောက်ရွံ့မှုများဖြင့် ပြည့်သိပ်သွားလေသည်။

■

အော်ဟစ်ညည်းတွားနေသည့် ဝေဒနာပြည့် ကမ္ဘာလောကသို့ နောက်တစ်ကြိမ်ရင်ဆိုင်ရန် အဘိုးအိုး၏ မျက်လုံးတွေ ပွင့်လာခဲ့ပြန်သည်။ ဘယ်နေရာ ဘယ်ဌာနရောက်နေမှန်း မသိလောက်အောင် သူ တဒင်္ဂ မေ့မျောသွားခဲ့သည်။ သူ့စိတ်ခန္ဓာ၏ အနားစွန်းများပေါ်က အေးမြသလောက် သန့်ရှိသုခဖြင့် ပြည့်ဝနေသည့် မေ့မျောခြင်း လှိုင်းတံပိုးများကြားမှာ ပြန်လည် နစ်မြုပ်သွားချင်စိတ်တွေပဲ ရှိနေသည်။ သူ့ခန္ဓာကိုယ်ပေါ်က မိုးကြည့်နေသည့် ကလေးငယ်၏ မျက်နှာကလေးကို ပထမမြင်လိုက်ရသည်။ နောက်တော့ စိမ်းမြသစ်တော။ အရာအားလုံးကို သတိပြန်ရလာခဲ့သည်။

"ပြီးသွားပြီလား"

လေသံယဲ့ယဲ့ကလေးဖြင့် မေးသည်။

"မီးရဲရဲ ဓားသံပူနဲ့ ကပ်လိုက်သေးသလား"

"အို မာလီ ကျွန်တော် မာလီ့ခြေထောက်ကို မဖြတ်ဘူး။ ကျွန်တော် အဲဒါကို မလုပ်ဘူး၊ ထောင်ချောက်ကိုပဲ ချိုးလိုက်တာဗျ။ မာလီ့ခြေထောက် လွတ်သွားပြီ၊ မာလီ ထောင်ချောက်က လွတ်ပြီ"

ဂျက်ဖရီက ဝမ်းသာအားရကြီး ရှင်းပြနေသည်။

အဘိုးအိုက ဂျက်ဖရီပြောတာ ကြားသော်လည်း မယုံဝံ့သေး။ နာကျင်မှုက အခေါင်အဖျားမှာ ရှိနေသည်။ နှလုံးသားကို လက်ကြီးတစ်ခုက ဆွဲဆွဲညှစ်နေသလို ထွန့်ထွန့်လူးလူး ခံစားနေရဆဲဖြစ်သည်။ သူ့အတွေးထဲမှာ ဂျက်ဖရီ တလွဲလုပ်မိလေခြင်းဆိုသည့် စိတ်သာ ခေါင်းထဲမှာ ရှိနေသည်။ ဂျက်ဖရီပြောနေသည့်စကားတွေက သူ့ကိုခွင့်လွှတ်ဖို့ ကာကွယ်နေခြင်းသာ ဖြစ်လိမ့်မည်။ သူ့ဘဝတစ်လျှောက်လုံးမှာ အဲသလို ထောင်ချောက်ကျိုးသွားခဲ့သည်ဆိုသည့် စကားမျိုး တစ်ခါမှ မကြားဖူးခဲ့။ သူ့ခေါင်းထဲမှာ ဝဲလှည့်နေသည့် အမိုက်တိုက်လှိုင်းတွေကြားမှာ လှင့်ချင်သလို လွင့်နေရာက အသိတရားက လက်ယပ်ခေါ်သလို ပြန်ရောက်လာရပြန်သည်။ သူထားခဲ့သည့် ကတိစကားကို သတိရသွားပြန်သည့်အခါ အရာအားလုံးက လက်လှမ်းမမီသည့်နေရာကို ပြန်ရောက်ချင်နေသည်။ ကတိစကားဆိုသည့် ကိစ္စကို သူ မတွေးချင်။ သူ့အတွေးထဲက ဒါတွေအားလုံး မောင်းထုတ်ပစ်ချင်စိတ်သာ လောလောဆယ်ရှိနေသည်။

"အို ဖခင် "

သူ့စိတ်ထဲက ရေရွတ်တမ်းတမှုဖြစ်သည်။ နောက်တစ်ကြိမ် အရာ အားလုံးကို ရင်ဆိုင်ဖို့ ခွန်အားတွေ ဘယ်ကများ ရနိုင်ပါ့မလဲ။ နောက်တစ်ကြိမ် သတိရမိသွားပြန်တော့ သခင်မကလေးမျက်နှာကို မြင်ယောင်လာခဲ့သည်။ သူ့သားငယ်ကိုချစ်သည့် ချစ်ခြင်းမေတ္တာကိုပါ တစ်ဆက်တည်း သတိရနေမိသည်။

"ဘေးကောက်ကောသခင်ပေါက်စကလေး၊ မီးထဲ ထပ်ဖုတ်ထားလိုက်ဦး"

လေသံလောက်သာ အသံထွက်တော့သည်။ အဘိုးအိုက လှုပ်ရှားလိုက်ဖို့ ကြိုးစားသည်။ ဂျက်ဖရီကပြေးလာကာ မာလီနောက်မှာရပ်ရင်း မာလီချိုင်းကို ဖြည်းဖြည်းကလေး လက်လျှို မ ပေးသည်။ မာလီထနိုင်အောင် ကူပေးသည်။

"သည်မှာ ကြည့်ပါလား မာလီရဲ့၊ ကြည့်လေ ထောင်ချောက်ကြီး ပြုတ်ထွက်သွားပြီ"

ဂျက်ဖရီက သံထောင်ချောက်ကို ပြသည်။ အဘိုးအိုက ဒါကို တွေ့တော့ မျက်လုံးတွေ ခဏကလေး မှိတ်ထားလိုက်ပြန်သည်။ ချက်ချင်းလိုလို ပြန်ဖွင့်သည်။ သူမြင်ရတွေ့ရတာတွေအားလုံး မယုံကြည်နိုင်စရာတွေချည်း ဖြစ်နေရပါပကော။

"အား..."

သည်အော်သံက မည်သည့် အဓိပ္ပာယ်ထွက်မှန်း ပြောဖို့ခက်သည်။ အံ့သြခြင်းမှဖြစ်ရသော အာမေဍိတ်သံမျိုးဖြစ်လိမ့်မည်။ မာလီက ရှေ့ကို ကိုင်းရင်း ဝေဒနာကို စိတ်မရောက်အောင် ကြိုးစားနေရှာသည်။ သံထောင်ချောက်ကြီး၏ ပြုတ်ထွက်နေသော သံမေးရိုးအဟာကြီးထဲက ခြေထောက်ကို လွတ်အောင် ခွာယူလိုက်သည်။ ခြေလွတ်သွားတော့ မ ထုတ်လိုက်သည်။ သံရှက်များထဲက အပေါက်ကျဉ်းကျဉ်း သံထူးကွင်းကို ဖယ်ရှားလိုက်သည်။ သွေးစွန်းနေသည့် သံမေးရိုးညှပ်ကြီးကို ဘေးဘက်ချထားလိုက်ကာ စုတ်ပြတ်ဖွာလန်နေသည့် သူ့ခြေထောက်အခြေအနေကို အကဲခတ်လေသည်။

"မ ပါဦး လူကလေးရဲ့၊ ငါ့ခြေထောက်ကို ဖြည်းဖြည်းကလေး မ ပြီးဖယ်ပေး၊ ပြီးရင် ထောင်ချောက်ကို ခပ်ဝေးဝေးမှာ ရွှေ့ထားချေ"

ဂျက်ဖရီကတော့ မာလီခြေထောက်က ဒဏ်ရာတွေ ပွထနေတာကို ကြည့်ရင်း အော်ဂလီဆန်လာသည်။ ဂျက်ဖရီမျက်လုံးတွေထဲမှာ အစက်

အစက် ထ နေသည့် မြူတွေလို ပေါလောမျောနေသည်။ အံသွားတွေကို တင်းတင်းစေ့လိုက်ရင်း စက်ဆုပ်ရွံရှာစိတ်တွေကို မျိုချလိုက်သည်။ ပြီးတော့ ခါးကိုင်းကာ လုပ်စရာရှိတာ ဆက်လုပ်သည်။ မာလီ့ခြေထောက်ကို လက်လျှိုပြီး မ သည်။ သံညှပ်ရိုးကြီး၏ အခြားတစ်ဖက်ပေါ်မှာရှိနေသည့် ခြေထောက်ကို လုံးဝ လွတ်သွားအောင် တဖြည်းဖြည်းချင်း ဖယ်ရှားပေးသည်။ မ နေရင်းက သွားဖုံးထဲ မြဲနေသည့် သွားတွေ အချောင်းလိုက် ပြုတ်ထွက်သွားသလို တွန့်ဆုတ်ဆုတ် ခံစားမှုတော့ ရှိနေသည်။ အဘိုးအို၏ လွတ်မြောက်သွားသည့် ခြေထောက်ကို သံထောင်ချောက်ကြီးဘေးမှာပဲ ရွရွကလေး ချသည်။ ပြီးမှ ကြောက်မက်ဖွယ်ကောင်းလှသည့် သေမင်းတမန် သံထောင်ချောက်ကြီးကို အမုန်းတရားကြီးစွာ ဆွဲယူသွားခဲ့သည်။ အားလုံးပြီးတော့မှ ဂျက်ဖရီ ထိုးအန်ချလိုက်သည်။

"ငါ့ခြေထောက်ကို ငါပတ်တီးစည်းရဦးမယ်၊ ဒါထက် မင်းအိတ်ကြီးထဲမယ် တစ်ခုခုများ ပါလာသေးသလားကွဲ့"

အဘိုးအိုက မေးသည်။ ဂျက်ဖရီက အန်ထားသော သူ့ပါးစပ်တွေကို သုတ်ရင်း ပြန်ရောက်လာပြန်သည်။

"ကျွန်တော့် စောင်ကော မာလီ"

"နေ နေ ငါ့အင်္ကျီကို ဆုတ်လိုက်ရင် ရတာပဲ"

"ဟာ မဟုတ်တာ၊ ကျွန်တော့်အင်္ကျီကို ဖြဲလိုက်မယ်"

ဂျက်ဖရီက ချက်ချင်း သူ့အင်္ကျီနောက်ကျောစကို ဖြဲဆုတ်လိုက်သည်။ ဖြဲပြီးသား အစတွေကို လှမ်းပေးတော့ အဘိုးအိုက လှမ်းယူသည်။ တကယ်တော့ ဂျက်ဖရီ့အင်္ကျီစကို မဖြဲဆုတ်ချင်ကြောင်း ပြန်လှန်ချေပချင်နေမိသော်လည်း သူ့မှာ စကားတစ်ခွန်းဟဖို့တောင် ခက်ခဲနေရတော့ မလွဲသာ မရှောင်သာ ယူလိုက်ရခြင်းဖြစ်သည်။

"ကိုင်းကွဲ့၊ တုတ်ချောင်းနှစ်ချောင်းလောက် ခုတ်ပေးပါဦး၊ တုတ်ချောင်း

တောင့်တောင့်ကြီးတွေ ထိပ်မှာ ခွတွေပါပစေ၊ ကောင့်ပေမယ့် သိပ်လည်း မလေးလောက်တဲ့ အသားကိုရှာခဲ့၊ ငါ ချိုင်းထောက်လုပ်လျှောက်လို့ရရင် တော်ပြီ"

အဘိုးအိုက ဂျက်ဖရီ့အကျီပြဲစကို ပတ်တီးစဖြစ်အောင် ထပ်ဖြဲသည်။ သူ့ရှေ့မှာ ကလေးရှိနေတာကိုတောင် သူမေ့နေသည်။ ပတ်တီးစတွေရတော့ ခြေထောက်ဒဏ်ရာကို စ ပတ်သည်။ အစတွေကို စည်းစနစ်တကျ သပ်သပ်ရပ်ရပ် စည်းနှောင်နေခြင်းဖြစ်သည်။ သည်အချိန်မှာတော့ အဘိုးအို၏ ခေါင်းထဲမှာ အတွေးတစ်ချက်သာရှိနေသည်။ ဘာပဲဖြစ်ဖြစ် သူထားခဲ့သည့် ကတိစကား တည်စေရမည် ဆိုတာပဲဖြစ်လေသည်။

■

ဂျက်ဖရီက ပြသွားသည့် ရုပ်အင်္ကျီနေရာမှာ လက်မောင်းမပါတော့သည့် အင်္ကျီတစ်ထည် ကောက်စွပ်ပြီးသားဖြစ်နေပြီ။ အဘိုးအိုဘေးမှာ ဖြည်းဖြည်းကလေး လျှောက်ရင်း သတိဖြင့် အကဲခတ်နေသည်။ တစ်ခါတစ်ခါ တည်ငြိမ်အောင် လုပ်ပေးသည်။ အဘိုးအိုကို သူ့ရှေ့က သွားခိုင်းလျှင် မဖြစ်နိုင်တော့။ တောလမ်းတွေက မတ်စောက်တာရှိသည်။ ခက်ခက်ခဲခဲ သွားရတာရှိသည်။ နောက်ပြန်လှည့်ကာ အဘိုးအိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ မာလိုကိုသိုင်းဖက်ရင်း တွဲသည်။ မကြာခဏ လေးကိုင်းကိုချကာ အဘိုးအိုကို ဖက်ပေးသည်။ တစ်ဖက်က ပုဆိန်ကိုလည်း ထမ်းထားရသေးသည်။ တစ်ခါတစ်ခါတော့ လေးနှင့် ပုဆိန်ကို ပခုံးတစ်ဖက်ဆီ ထမ်းရင်းလျှောက်ရသည်။ ကျောမှာလည်း သူ့အိတ်ကြီး ပိုးထားရပါသေးသည်။ ခါးမှာတော့ သူ့ဓားကောက်က တန်းလန်း။ မြားတံတွေပြည့်နေသည့် မြားကျည်တောက်ကလည်း တန်းလန်း။ မြားတံအပြည့်တော့ မဟုတ်တော့ပါ။ တစ်ချောင်းလျော့ခဲ့ပြီ။

တကယ်တော့ ထိုမြားတံတစ်ချောင်းကိုလည်း မထားချင်ခဲ့။ သို့သော် မျောက်ထီးကြီးက သူ့အတွက် ကြီးမားလွန်းနေတော့ ထားခဲ့ရတော့သည်။ သူ့ဓားအိမ်ထဲက ဓားကောက်ကြီးကတော့ ငွေ့ငွေ့ပူလောင်နေဆဲ။ သူ့လက်မောင်းက သားရေဖုံး သစ်သားဓားအိမ်ကို ထိလိုက်တိုင်း ပူနွေးနွေးအထိအတွေ့ကို ရနေတတ်သည်။ ဓားကြီးကို မီးဖိုထဲက ဆွဲနုတ်ယူပြီးပြီးချင်း ဓားသွားပေါ် သေးပေါက်ချခဲ့လို့သာ တော်တော့သည်။

အဘိုးအိုကတော့ ဂျက်ဖရီ့ဘေးက ထော့နဲ့ထော့နဲ့ လျှောက်နေရသည်။ သူ့တစ်ကိုယ်လုံး မီးကျီးခဲရဲရဲဖြင့် ကင်ထားသလို လောင်မြိုက်နေသည်။ အထူးသဖြင့် ခြေထောက်တစ်ချောင်းလုံး ရှားမီးထဲ ထိုးနှစ်ထားသလို ပူလောင်နေသဖြင့် အာရုံက ခြေထောက်မှာပဲ ရှိနေတော့သည်။ တတ်နိုင်သမျှ ဒဏ်ရာဆီ စိတ်မရောက်အောင် အားတင်းထားသည်။ စိတ်ထဲဝင်လာသမျှ အခြားအကြောင်းအရာတွေကို အာရုံနှစ်ပြီး ဖြေဖျောက်နေရသည်။ သူ့စိတ်တွေက သူ့ငယ်ဘဝ ဝက်ဝံကြီးနှင့်ရင်ဆိုင်စဉ်က အဖြစ်အပျက်တွေဆီ ရောက်သွားပြန်သည်။ သည်တုံးကလည်း နောက်ဆုံးတော့ သူပဲ ချိုင်းထောက်သုံးခဲ့ရသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဆိုတော့လည်း သူဘယ်လိုလျှောက်ခဲ့သလဲ ကောင်းကောင်းမမှတ်မိတော့။ အခုလောလောဆယ် လျှောက်နေတာကကော။ အရင်ချိုင်းထောက်နဲ့တုန်းကထက် အခုလျှောက်တာက ပိုပြီး မြန်နေလေသလား။ အဲသလိုတော့လည်း မထင်။

အဘိုးအိုက တစ်အောင့်နားသည်။ ချိုင်းထောက်ကို ဆုပ်ကိုင်ထားသည့် လက်တွေကို နေရာရွှေ့ရင်း အားပြန်ယူသည်။ မာတောင့်တောင့် သစ်သား ချိုင်းထောက်ကို အားပြုရင်း လျှောက်ရသည်ဆိုတော့ သူ့တစ်ကိုယ်လုံး နာစပြုလာသည်။ အထူးသဖြင့် ချိုင်းနှစ်ဖက်စလုံးမှာ ပိုသိသာသည်။ ဒါကိုလည်း အဘိုးအို သတိရစရာဖြစ်ရပြန်၏။ သည်ချိုင်းထောက်နှစ်ချောင်းစလုံး ကောင်းသည်။ သူ့အတွေ့အကြုံအရ ချက်ချင်းလိုလိုလုပ်နိုင်းလိုက်သော

သစ်သားခွထောက်များဆိုသော်လည်း အဆင်ပြေသည်။ သည့်အတွက် ဂျက်ဖရီကို ကျေးဇူးတင်နေမိသည်။ ဂျက်ဖရီက သူ့စောင်ကိုဆွဲဆုတ်ကာ ချိုင်းအောက် သစ်သားခွနေရာမှာ ခပ်ထူထူကလေး ပတ်ပေးထားသဖြင့် နာသင့်သလောက် မနာတော့။ ကြည့်စမ်း သူတောင် ဒါမျိုးလုပ်ဖို့ မတွေးမိခဲ့။

အဘိုးအိုက လမ်းကို ဂရုတစိုက်ကြည့်ကာ ဆက်လျှောက်သည်။ လျှောက်ရင်းက ဂျက်ဖရီကို ဖျတ်ခနဲ လှမ်းကြည့်သည်။ မျက်နှာပေါ်က မှုန်ကြောင့်ကြမှုနှင့် အာရုံကျက်စားမှု အရိပ်တွေကို မြင်နေရသည်။ သူ့သွားမှာ သည်ကလေး ပါနေတာကိုပဲ သူဝမ်းသာနေသည်။ တစ်ခါ သူ့လက်ချောင်းကလေးတွေကို စဉ်းစားမိပြန်သည်။ သည်လက်ချောင်းကလေးတွေက လောလောဆယ်မှာပဲ ထုံပြင်းပြင်းခံစားမှုမျိုး တဆစ်ဆစ် ခံစားနေရသည်။ ဒါကို သူသဘောကျသည်။ သူ့လက်တွေက ကြမ်းထော်နေသည်။ အသားမာတက်နေသည့် လက်ဖဝါးတွေက သူ့ဘဝကြမ်းကြမ်းနှင့်အတူ ရှိနေခဲ့တာကြာပြီ။ အခုတော့ ချိုင်းထောက်သစ်သားဆီက ကြမ်းထော်ထော်သစ်ခေါက်ကို ဆုပ်ကိုင်နိုင်ဖို့ အံကျဖြစ်နေရပြီ။ နှစ်ကာလ ဖြတ်သန်းမှုကြီးထဲမှာ သူ ကြမ်းကြမ်းတမ်းတမ်း လုပ်ခဲ့ကိုင်ခဲ့ရတာတွေကို ကျေးဇူးတရားအဖြစ် သူခံယူသည်။ သည်အလုပ်ကြမ်းတွေကပဲ သူ့လက်တွေကို ကြမ်းထော် သန်မာစေခဲ့သည် မဟုတ်လား။

"မင်းရဲ့ သည်လက်တွေဟာ ထာဝရအားဖြင့် နောက်ဆုံးဖြစ်ရတော့မယ်"

အဘိုးအိုက သူ့ကိုယ်သူ တွေးခြင်းဖြစ်သည်။ "သည်လို လက်တွေကြမ်းတမ်း ခက်တရော်ခဲ့တာ ကောင်းတာပေါ့။ လက်တွေသာ နုနယ်နေရင် လက်တွေ ပေါက်ပြဲကုန်တာက နောက်ထပ်ဝေဒနာတစ်မျိုး ဖြစ်နေရဦးမယ်"

ဂျက်ဖရီက မာလီ့ခြေထောက်ကို လှမ်းကြည့်သည်။ သည် ညာခြေထောက်က ပတ်တီးစည်းထားတော့ ကွေးကွေးကလေးဖြစ်နေကာ မြေပေါ်မှာ

ထင်းထင်းကြီးဖြစ်နေသည်။ သည်တစ်ခါတော့ ခံစားမှုမပါဘဲ သူကြည့်နိုင်ခဲ့ပြီ။ သည့်မတိုင်ခင်ကတော့ မာလီခြေထောက်ကိုကြည့်ရတာ မသက်သာလှ။ ခြေချင်းဝတ်နားမှာ ခပ်နက်နက် အပေါက်ကြီးတစ်ပေါက် ဖြစ်နေကာ အတွင်းထဲက အရိုးဖြူဖြူကိုပင် မြင်နေရသည်။ သည်အပေါက်ကြီးထဲမှာ သွေးတွေက ရေတွင်းထဲက ရေတွေ အမြဲပြည့်နေသလို ပျစ်ပျစ်စေးစေး အန်ထွက်နေသည်။

ဒါကို တွေးမိတော့ တစ်ခါ ခံစားလာရပြန်၏။ ဂျက်ဖရီက အဘိုးအိုး၏ ခြေထောက်ကို လှမ်းကြည့်သည်။ ပတ်တီးစည်းထားသည့် ပိတ်စပေါ်မှာ ခပ်မည်းမည်းအရည်တွေ စိမ့်ပေါက်စွန်းထင်းနေလေသည်။ ဒါသွေးတွေမှန်း ဂျက်ဖရီ သိပါသည်။

ဂျက်ဖရီက ပခုံးပေါ်မှာ တရွတ်တိုက်နေသည့် ကျောပိုးအိတ်သိုင်းကြိုးကို ဆောင့်ဆွဲလိုက်သည်။ သိုးမွေးသိုင်းကြိုး၏ ယားယံမှုကို သူမုန်းသည်။ သည်သိုးမွေးစကြောင့် တစ်ကိုယ်လုံး ယားယံလာသလို ခံစားနေရသည်။ သူ့ဗိုက်ကို သူကုတ်သည်။ ပြီးတော့ သူ့အင်္ကျီစကို ပတ်တီးလုပ် စည်းထားသော မာလီခြေထောက်က ဒဏ်ရာကို ခိုးကြောင်ခိုးဝှက် ကြည့်ပြန်လေ၏။ တကယ်တော့ သည်အင်္ကျီစကို သူမပေးချင်။ သည်အင်္ကျီကလေးကို မပေးမိရင် ကောင်းသားလို့ တွေးမိနေသည်။ သည်အင်္ကျီကလေးက သူ့အသားအရေပြားပေါ်မှာ သက်သောင့်သက်သာ ရှိလွန်းလို့ဖြစ်၏။ တစ်ဆက်တည်း သည်အင်္ကျီကလေးအကြောင်း စိတ်ရောက်သွားပြန်သည်။ ဒါမျိုးလေး တစ်ထည် နောက်ထပ်မှ ရပါဦးမလား။

သည်အင်္ကျီက ပိုးစကလေးလို နူးညံ့အေးမြသည်။ လောလောဆယ် ဝတ်ထားမိသော ကြမ်းထော်ထော် သိုးမွေးထည်လို အသားပေါ်မှာ ခိုးလိုခုလု မဖြစ်တာ သေချာသည်။

အဘိုးအို၏ ချောက်ချားစရာကောင်းလှသည့် အော်သံကို နောက်ကျော

ဘက်က ကြားလိုက်ရတော့ ဂျက်ဖရီ ဖျန်းခနဲ တုန်သွားသည်။ ချက်ချင်း နောက်လှည့်လိုက်သည်။ သူ့နှလုံးသားတစ်ခုလုံး ပါးစပ်ထဲ ထိုးရောက်လာ သလို ခံစားရမှုနှင့်အတူ နောက်ကျလေပြီကောဆိုသည့်အသိက ကပ်ပါလာ သည်။ အဘိုးအိုက သူ့ခြေထောက်နှင့် လျှောက်နေရာက နောက်ကို ပက် လက်လန် ကျသွားသည်။ ချိုင်းထောက်တွေက သူ့အောက်မှာ။ ဒဏ်ရာရ သတ္တဝါတစ်ကောင်၏ တအီအီ ဝေဒနာ ညည်းသံမျိုးဖြင့် အုံးခနဲ လဲသွား သော မာလီ့လဲပြိုသံကို ကြားလိုက်ရသည်နှင့် မတ်တတ်ကြီး ရပ်လျက်သား ချောက်ချားဖွယ် တုန်လှုပ်သွားခဲ့ရသည်။ ချက်ချင်းလိုလို ပုဆိန်ကို ဆွဲယူ လိုက်သည်။ ပခုံးပေါ်က လေးကိုပါ ဆွဲယူကာ မာလီ့ဘေးမှာ ဒူးထောက် လိုက်သည်။ မာလီ့ခေါင်းကို မွေ့မလိုက်ပြီး လက်မောင်းထဲမှာ ပွေ့ဖက်သိပ် သိပ်လိုက်သည်။

"စိတ်မကောင်းလိုက်တာ မာလီရာ စိတ်မကောင်းလိုက်တာဗျာ"

ဂျက်ဖရီ မျက်ရည်တွေ စီးကျလာသည်။ မျက်နှာပေါ်မှာ မျက်ရည်တွေ အိုင်ထွန်းနေပြီ။

"ကျွန်တော် မကြည့်မိတာပါ စိတ်မကောင်းလိုက်တာ မာလီရယ်"

ဝေဒနာ၏ ကုတ်ခြစ်မှုကို ခံနေရရှာသည့် မာလီမျက်နှာကို ငုံ့ကြည့် လိုက်သည်။ မျက်လုံးတွေက ပိတ်လျက်။ ဝေဒနာကြောင့် နှုတ်ခမ်းမှဲ့မှဲ့က တွန့်လိမ်နေပြီ။

"မာလီ ကျွန်တော့်ကို ကြိုက်သလောက် ရိုက်ပါဗျာ"

ဂျက်ဖရီ တအီအီငိုကြွေးနေသည်။ သူ့ရုပ်အကျိုးအကြောင်း တွေးနေမိလို့ သာ သည်လိုဖြစ်ရလေခြင်းဟု တွေးသည်။ တကယ်လည်း ကြောက်မက် ဖွယ် ဖြစ်မှုကြီး ကျူးလွန်မိသလို ခံစားနေရသည်။ သည်လိုခံစားမိရာက ဖျတ်ခနဲ အလင်းရောင်တစ်ချက် ပြိုးပြက်သွားခဲ့သည်။ လက်စသတ်တော့ အဘိုးအိုမှာ ဖြစ်ခဲ့ပျက်ခဲ့သမျှ ဝေဒနာတွေအားလုံး ငါ့အပြစ်တွေချည်းပါလား

ဆိုသည့် အတွေးဖြစ်သည်။ သည်အတွေးက သူ့ခေါင်းထဲကို လျှပ်စီးလို ဝင်လာခဲ့သည်။ တော်တော်ကြာကြာကြီး ထင်ဟပ်နေခဲ့သည်။ လေးနှင့်မြား က စခဲ့သည့်ဇာတ်လမ်း။ တောကြီးမျက်မည်းထဲ သားကောင်ရှာထွက်လာ ခဲ့ရသည့်အထိ စိတ်အနှောင့်အယှက်ဖြစ်အောင် သူလုပ်ခဲ့သည်။

သည့်ထက်ဆိုးသည့်ပြဿနာ ရှိသေးသည်။ သည်အတွေးက ပိုလို့ တောင် သူ့ကို ထိတ်လန့်တကြား ရိုက်မောင်းပုတ်မောင်း လုပ်နေခဲ့သေး သည်။ သူ့အကျီ စုတ်ပြဲရခြင်းနှင့် သွေးစွန်းရခြင်းတွေကို အမေပြောတော့ မည်။ သူကိုယ်တိုင် အကျီကို ဆုတ်ဖြဲလိုက်တုန်းက ဒါတွေ မစဉ်းစားမိခဲ့။ ရှပ်အကျီနှင့် ပတ်သက်လို့ အမေ ဒေါသတကြီး ရှိနေမှာကို သူကောင်းကောင်း သိထားသည်။ အဘိုးအို ခြေပြန်ထောက်နိုင်သည်အထိ ကူညီနေရင်းက ဂျက် ဖရီ ငိုနေဆဲ။

သည်လိုနှင့် ခရီးဆက်ကြရပြန်သည်။ မနက်ကတည်းက ထွက်ခွာလာခဲ့ သော စခန်းချနေရာက တွက်လျှင် နာရီဝက်စာလောက် ခရီးပေါက်လာခဲ့ပြီ။ နောက်ထပ်တစ်နာခွဲသာသာလောက် ရောက်လာတော့မှ မနေ့ညက စခန်းချ ခဲ့သော သူတို့အိပ်ရာဟောင်းကို ရောက်သည်။ အဘိုးအိုက သူ့အိပ်ရာပေါ် လှဲရင်း မျက်လုံးတွေ ပိတ်ထားသည်။ သည်ခရီးအထိ လျှောက်လာနိုင်သော ခံနိုင်စွမ်းရည်ကို ပြန်လည်ဖြည့်တင်းရန် စိတ်ခွန်အားတွေ ခန္ဓာကိုယ်တွင်း သွတ်သွင်းနေမိသည်။ ဂျက်ဖရီကတော့ ပုလင်းတစ်လုံးဖြင့် စမ်းချောင်းက ရေအေးအေးကလေး ခပ်ယူလာခဲ့သည်။ မာလီက ပုလင်းဝက်လောက် ကုန် သွားအောင် ဖြည်းဖြည်းကလေး သောက်သည်။ ကျန်တစ်ဝက်ကိုတော့ မျက်နှာပေါ် လောင်းချလိုက်သည်။

"ငါ့ကို ချပါတီတစ်ချပ်လောက်ပေးကွာ၊ ပဲဟင်းနည်းနည်းလည်း ယူခဲ့"

တကယ်တော့ သူ့မှာ စားချင်စိတ်တွေ ကုန်ခန်းနေသည်။ ဒါပေမဲ့ ခွန် အားကလေးရဖို့ တတ်နိုင်သလောက် မျိုချနေရသည်။ အဘိုးအိုက ခပ်နှေး

နေး ထုံပေပေ ဝါးနေသလို ဖြစ်နေသည်။ နောက်ဆုံး ပါးစပ်နှင့်အပြည့် ဝါးရင်း သူ့ခန္ဓာကိုယ်အတွက် ခွန်အားအနည်းအကျဉ်းတော့ ရလာခဲ့ပြီဟု တွေးသည်။

"ရေနည်းနည်း ပေးပါဦး ဂျက်ဖာဘာဘား"

ပုလင်းထဲက ရေကို အဘိုးအိုသောက်ပြီးသွားသည့်အခါ ဂျက်ဖရီက ပုလင်းနှုတ်ခမ်းနှင့် ပုလင်းလည်ပင်းတွေကို ဆေးကြောသည်။ ပြီးမှ ရေပြန်ဖြည့်လေ၏။ သူကိုယ်တိုင်ကတော့ စမ်းချောင်းက ရေကို လက်ခုပ်ဖြင့် ခပ်သောက်ခဲ့သည်။ အစာအကြောင်းတွေးတော့ အော့နလုံးနာသလို ဖြစ်နေသည်။ အဘိုးအိုကို စောင့်စားကြည့်ရှုနေရတာကပဲ သူ့ဝမ်းဗိုက်ကို တင်းတိမ်ပြည့်စေကာ သတိပေးတာမျိုးဖြစ်နေသော်လည်း သူစားချင်စိတ် ကုန်နေသည်။

ခရီးဆက်ခဲ့ကြပြန်ပြီ။ သိပ်ဝေးဝေးမရောက်ခင်မှာပဲ ဂျက်ဖရီက ခဏရပ်လိုက်ရင်း ပခုံးပေါ်က ပုဆိန်ကို ဆွဲယူလိုက်သည်။

"မာလီ ကျွန်တော် သည်ပုဆိန်ကြီး ထားခဲ့ချင်တယ် ဖြစ်မလား"

အဘိုးအိုကတော့ ဂျက်ဖရီ့ကို ကြည့်သည်။ ပုဆိန်ကြီးကို ကြည့်သည်။ ပြီးမှ ခေါင်းညိတ်ပြလေသည်။ တကယ်တော့ ပုဆိန်ကြီးတစ်လက်လုံး စွန့်ချင်သည့်စိတ်ကူးကို အဘိုးအို မကြိုက်လှပါ။ သို့သော်လည်း တစ်ဖက်က သူ့ကို ကူညီစောင့်ရှောက်နေသည့်ကလေးက စွန့်ချင်စိတ်ရှိနေသည်ဆိုတော့လည်း သူတစ်သက်လုံး ပိုင်ဆိုင်ထားခဲ့ရသည့် သည်ပုဆိန်ကို မေ့ပစ်လိုက်ရတော့သည်။

ဂျက်ဖရီက ခြေသွားလမ်းကလေးဆီမှ ခွာကာ အနီးဆုံး သစ်ပင်ကြီးတစ်ပင်ဆီကို လျှောက်သွားသည်။ ပုဆိန်ကို တစ်အားလွှဲမြှောက်လိုက်ကာ သစ်ပွသားအပင်ထဲကို ခပ်နက်နက်ကြီး နစ်ဝင်သွားအောင် ခုတ်စိုက်လိုက်သည်။ ပုဆိန်ကို မြေပေါ်ပစ်ထားခဲ့ပြီး အဆွေးခံတာထက် သစ်ပင်မှာစိုက်ထား

ခဲ့တာက ပိုကောင်းသည်ဟု သူတွေးထားပြီးသား ဖြစ်သည်။

နှစ်ဦးသား ရှန်းရင်းကန်ရင်း လျှောက်ခဲ့ကြပြန်သည်။ သည်တစ်ခါ တော့ အဘိုးအိုက တစ်အောင့်တစ်ခါ နားလာရသည်။ နားတိုင်းလည်း ရောက်ခဲ့သမျှ ခရီးတာကို စိတ်ဖြင့် မှန်းကြည့်နေတတ်သည်။ သည်လို တွေးမိခြင်းကပဲ ဘယ်လောက်ခရီးပေါက်ခဲ့ပြီ၊ ခရီးဘယ်လောက် လှမ်းသေးတယ် ဆိုတာမျိုး တွက်နေရသလိုဖြစ်နေသည်။ သည်စိတ်ကလေး ဝင်လာတိုင်း သူ့လက်ချောင်းကလေးတွေကို ပိုမိုကွေးဆုပ်ရင်း ချိုင်းထောက်ကို ခပ်မြဲမြဲ ကိုင်မိတတ်ပြန်သည်။

အချိန်တွေက ပြေးလွှားနေသည်။ ခဏနားမိတိုင်း စိတ်တွေက နောက်ကြောင်းပြန်နေတတ်သည်။ အထူးသဖြင့် မှတ်ဉာဏ်တွေ အားနည်းနေချိန်မှာပင် မနက်ဖြန်သည် တတိယနေ့ဆိုတာ ခေါင်းထဲရောက်ရောက်လာသည်။

နေမချို အမှောင်ကျမလာခင် စခန်းချဖို့ ပြင်ရသည်။ ဂျက်ဖရီက လုပ်စရာရှိတာကို ယောက်ယက်ခတ်အောင် လုပ်ကိုင်နေရသည်။ စိတ်တွေကလည်း အလောတကြီး။ ရုတ်တရက်ကြီး ကျရောက်လာမည့် အမှောင်ထုက ထုထုထဲထဲ စောင်မည်းကြီးလို လွှမ်းခြုံလိုက်မှာကို သူကြောက်နေတာလည်း ပါသည်။ သစ်ကိုင်းထင်းခြောက်တွေကောက်ပြီး မီးမွှေးထားလိုက်သည်။ သည်တစ်ခါတော့ မာလီပြထားဖူးသည့်နည်းအတိုင်း အိပ်ရာပြင်တတ်သွားပြီ။ အိပ်ရာပေါ်မှာ စောင်တစ်ထည်ခင်းကာ မာလီ့ကို နေရာချပေးသည်။ ချိုင်းထောက်ကို ဖြုတ်လိုက်ပြီး အိပ်ရာပေါ် သက်သောင့်သက်သာ ကျောခင်းနိုင်ဖို့ ဂရုတစိုက် ဖေးမပေးသည်။ ပြီးမှ အိတ်ကြီးထဲက ပုလင်းကို ထုတ်ရေတစ်ဝသောက်လေ၏။ ရေကို လောဘတကြီး သောက်မိနေသည်။ သည်တစ်ခါ စခန်းချရတာ ဂျိုရာမြစ်ကမ်းမဟုတ်တာကို သတိမရမိခင်ကလေးမှာ ပုလင်းထဲက ရေကို သုံးချိုးတစ်ချိုးလောက် ကုန်အောင် သောက်မိသွားခဲ့သည်။ စဉ်းစားမိလိုက်တော့မှ အပူလောင်သလို ဆတ်ခနဲ တွန့်သွားလေ

သည်။ ပုလင်းကို မာလီထံ လှမ်းပေးလိုက်တော့ ပုလင်းထဲမှာ ရေလက်ကျန် သိပ်မရှိ။ နည်းနည်းကလေးတော့ ရှက်စိတ်ဖြင့် မအီမသာ ဖြစ်မိနေသေး သည်။

အဘိုးအိုက ပုလင်းကို လှမ်းယူရင်း ရေလက်ကျန်ကိုကြည့်သည်။ ဂျက် ဖရီ့ကို သူ့စိတ်ထဲရှိသမျှပြောဖို့ စိတ်မကူးတော့ဘဲ ရေကို ချွေချွေတာတာ သောက်သည်။

"တို့ မနက်သောက်ဖို့တော့ ထားဦးမှကွဲ့"

သူ့စိတ်ထဲ ဖိစီးနေသည့်စိတ်ဖြင့် သူ့ကိုယ်သူပဲ စကားတွေ များများ ပြောပြီး ဂျက်ဖရီ့ကို သိပ်မပြောချင်တော့သလို ခံစားမှုဖြင့် လေသံကိုပါ ပြောင်းလိုက်သည်။

"မနက်ဖြန်ဆိုရင် သုံးရက်မြောက်တဲ့နေ့ပဲ"

အဘိုးအိုက သူ့မျက်လုံးတွေ မှိတ်သွားအောင် ခဲသားလိုလေးလေး ပိပိကြီး ခံစားနေရသည့် ဝေဒနာကို တွန်းလှန်ရင်း ဂျက်ဖရီ မီးထည့်နေတာ ကို အာရုံထားနေလိုက်သည်။ ပါးစပ်တစ်ခုလုံး စားထားခဲ့သော ပဲဟင်း အရသာတွေသာ စွဲကျန်ရစ်နေသည်။ သူ့စိတ်ထဲမှာ ရေနည်းနည်းပါးပါး လောက် လမ်းအတွက် ဆောင်သွားချင်စိတ်ရှိနေသည်။ ရေပုလင်းကို စိတ် ရောက်သွားတော့ ဖြစ်ချင်ရာဖြစ်သဘောထားရင်း အတွေးကို ဖျောက်ဖျက် လိုက်သည်။ မီးတောက်ထဲကို ထင်းတချို့ပစ်ထည့်ရင်း ရေ၏ မြင့်မြတ်သော တန်ဖိုးကို စိတ်ရောက်သွားပြန်လေ၏။

သည့်နောက်မှာတော့ အဘိုးအိုက ဂနာမငြိမ်သလို ဖြစ်လာသည်။ အော် ဘစ်သည်။ အော်သံကြောင့် ဂျက်ဖရီ ကြောက်လန့်တကြား ထခုန်လိုက် သည်။ မာလိုကိုကြည့်လိုက်တော့ မီးဖိုက မီးတောက်အရောင်အောက်မှာ ချွေးတွေ မျက်နှာတစ်ခုလုံး ရွှဲနစ်နေတာ တွေ့နေရသည်။ မာလီက အိပ်ပျော် နေသော်လည်း ပါးစပ်က ညည်းသံကြီးထွက်နေသည်။ ဘာတွေ ညည်းညူ

နေတာလဲ ဆိုတာတော့ သဲသဲကွဲကွဲ မကြားရ။ 'သုံးရက်' 'သုံးရက်' ဆိုသည့် ညည်းသံကတော့ ပီပီသသ ထွက်ထွက်လာတတ်သည်။ အိပ်မက်ထဲမှာ လွင့်မျောရင်း ပါးစပ်က ညည်းသံတွေ ထွက်နေခြင်းဖြစ်သည်။ သည်တစ်ခါ တော့ ညည်းသံက နည်းနည်းလေး ရှင်းသည်။ မီးတောက်မီးလျှံတွေဘက်ကို ကိုင်းထားတော့ စကားသံတွေကို ကြားနေရသည်။

"မနက်ဖြန် သုံးရက်မြောက်တဲ့နေ့ပဲ၊ သုံးရက်မြောက်တဲ့နေ့မှာ ကျွန်တော် သူ့ကို ပြန်ပို့ပေးမှာပါ"

ဂျက်ဖရီက လှဲရင်း မာလီ ညည်းနေတာကို တွေးနေလိုက်သည်။ သည်ပဟေဠိကိုဖြေဖို့ အဖြေတစ်ချက်သာရှိကြောင်း သူသိနေသည်။ သည်ကိစ္စက သူနှင့် ပတ်သက်သလိုလို ဖြစ်နေသည်။ သူလုံးဝ အိပ်ပျော်မသွားခင် သူလုပ်မှဖြစ်မည်။

■

•

အဘိုးအိုက လဲကျနေသည်။ ဂျက်ဖရီက နောက်တစ်ကြိမ် ခါးကုန်းပြီး မ ယူရပြန်သည်။ လုပ်နေတာကို တွေးနေဖို့ အချိန် သိပ်မရှိ။ လုပ်ခဲ့ကိုင်ခဲ့သမျှ အဓိပ္ပာယ်ရှာနေဖို့ မလိုတော့။ သူ့ ဘဝတစ်လျှောက်လုံးမှာ လမ်းတွေပဲ လျှောက်နေရသည် ထင်၏။ ဘဝနောက်ကြောင်းကို မှတ်မိသမျှ သမင်လည်ပြန် ကြည့်တော့ လည်း တကယ်ပဲ ဘဝခရီးကြမ်းလျှောက်ခဲ့ရသူသာ ဖြစ်သည်။ အထူးသဖြင့် ထစ်ထစ်ငေါ့ငေါ့ ဒယီးဒယိုင် နိုင်လှသည့် သူ့ဘေး က မာလီနှင့် သွားနေရတာ များသည်ထင်၏။

အခုတော့ လေးကိုင်းကိုလည်း ဝေးဝေးမှာ ပစ်ထားခဲ့ပြီ။ သူ၏ တန်ဖိုးကြီးလှသော လေးနှင့် မြားတံများ၊ ပြီးတော့ မြား ကျည်တောက်။ သစ်ပင်ကြီးတစ်ပင်ကို ထစ်သည်။ ခပ်ညိုညို သစ်ခေါက်တွေကို အမြှောင်းမြှောင်းထအောင် ထစ်ရင်း အတွင်းက အသားဝါ အနှစ်သားပေါ်အောင် ထွင်းသည်။ သူ့လေးနှင့်မြား

ကျည်တောက်ကို သစ်ပင်ကြီးအောက်က မြေပေါ်မှာ ထားခဲ့ခြင်းဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန် အချိန်ရလျှင် လာရှာနိုင်ဖို့ အပင်ကို ထစ်ထားခဲ့ခြင်း ဖြစ်သည်။ အခုထိတော့ အခြေအနေက မဆိုးလှသေးဟု ဆိုရမည်။ အဘိုးအို က သူ့ခြေထောက်ပေါ်မှာ သူနေသားတကျ ရှိနေသေးသည်။ သည်းမခံနိုင် လောက်သည့် နာကျင်မှုကို ဖက်ခွဲ့ထားနိုင်နေသေးသည်။ ဘာပဲဖြစ်ဖြစ် ခရု ကောင်တွေလို ခပ်နှေးနှေးတော့ လျှောက်နိုင်နေသေးသည်။ အချိန်တွေကို တွေးရင်း စဉ်းစားရင်း ကျော်ဖြတ်နေနိုင်သေးသည်။

ဂျက်ဖရီက 'မွန်ဂေးလ်' ကို သတိရသွားမိပြန်သည်။ မွန်ဂေးလ် ရွံ့ ရေကန်ကို သူပထမဆုံးအကြိမ် ရောက်ခဲ့တုန်းက ရွံ့ရေတိမ်တိမ်က သူ့လည် ပင်းလောက်အထိ ရှိနေသည်။ အဘိုးအိုက ရွံ့အိုင်ထဲက ရွံ့ငါးကလေးတွေ ဘယ်လိုဘယ်ပုံ ဖမ်းရသည်ဆိုတာမျိုး သင်ပေးခဲ့ဖူးသည်။ သစ်ကိုင်းရှည် နှစ်ချောင်းမှာ သူ့လက်ကိုင်ပဝါကို အပ်ချည်နှင့် အနားလုံးသည်။ သစ်ကိုင်း နှစ်ချောင်းကို တင်းနေအောင် ဆန့်ထားကာ ကန်အောက်ခြေကို ဖြည်းဖြည်း ကလေး တွန်းလိုက်ရသည်။ တော်တော်လေးကြာလျှင်တော့ မိုးခနဲ ဖပ်ခနဲ နိုင်လှသော ထွန့်ထွန့်လူးလူး သတ္တဝါကလေးတွေ ဆီပူအိုးထဲမှာ ကော့လန် နေတာ မြင်ရပြီ။ ခပ်ညိုညိုအရောင် သမ်းလာလျှင်တော့ အရသာ ရှိလှသည့် ငါးအိုးကပ်ကို စားရုံ။

တစ်ခါတစ်ခါတော့ သူတစ်ယောက်တည်း လျှောက်သွားနေတတ် သည်။ ပတ်ဝန်းကျင်က ရှည်လျားလှသော နွေဥတု၏ နေ့လယ်ခင်း။ နေ ပြောက်တွေ ထိုးနေသည့် သစ်တောကြီးထဲမှာ တိတ်တိတ်ဆိတ်ဆိတ်ကြီး လျှောက်နေတတ်သည်။ မိန်းကလေးကျောင်း၏ အောက်ဘက် နှစ်မိုင် လောက်မှာတော့ သူချစ်သည့် ဂျိုရာချောင်းမြစ်ကလေးရှိသည်။ သည်မြစ်နား က ရေကန်တွေထဲက တစ်ကန်မှာတော့ ဆည်ခံထားတာရှိသည်။ ချောင်းထဲ က ကျောက်ချောတုံးကြီးများဖြင့် ဆည်ခံထားတာမျိုးဖြစ်သည်။ ရေက ခါး

လောက် နက်၏။ ရေပေါ်မှာတော့ မုန့်ပျားသလက် ပင်ကိုင်းဖျားတွေ ကျွေး ညွတ်ကျနေသည်။ အမြဲတမ်း သတိရနေသည့် အမှတ်ရချက်က ရေထဲကို ခုန်ချခဲ့တာတွေကိုဖြစ်သည်။ ကိုယ်လုံးတီးချွတ်ကာ သစ်ကိုင်းဖျားတွေ ယိုး လေးခိုရင်း ရေနှင့် ရုပ်တိုက်ထိရတာတွေကို ဖြစ်သည်။

ဂျက်ဖရီ ရေတော့ မကူးဖြစ်ပါ။ ဂျိုရာမြစ်ကလေးဘေးမှာထိုင်ရင်း ရေ ထဲကို ခြေချ၊ ဒယဉ်ဆွဲကာ ရေဂယက်ကလေးတွေထအောင် ကစားနေကြ သည့် အနီး ကျောင်းကလေးက ကျောင်းသူနှစ်ယောက် လွှတ်လွှတ်လပ်လပ် ကြီး နေကြထိုင်ကြတာကို သစ်ပင်ကြီးတစ်ပင်ပေါ်မှာ ပုန်းနေသည့် ဂျက်ဖရီ မြင်ခဲ့ဖူးသည်။ သူသိပ်နားမလည်သော ထူးဆန်းဆန်း ခံစားမှုဖြင့် ပြည့်ဝ နေသည့် သူ့ရင်ထဲမှာတော့ အထီးကျန်သလိုလို လွမ်းသလိုလို။

သစ်ပင်ပေါ်က မဆင်းဘဲ အကြာကြီးကြည့်နေခဲ့သည်။ သူ့လည်ချောင်း တွေက ခဲရည်လောင်းထားသလို ဆို့ကျပ်နေသည်။ ကျောင်းသူနှစ်ယောက် ကို ငေးရင်း ခိုးကြောင်ခိုးဝှက်နိုင်မှုအတွက် အပြစ်ရှိသလိုလို ဖိန်းဖိန်းရှိန်းရှိန်း ခံစားမှုကလေးတော့ ရှိနေသည်။ သည်နှစ်ယောက်က ကျောင်းသူကြီးတွေ ဖြစ်သည်။ သူ့ထက် တော်တော်လေးကြီးကြသူတွေ။ မိန်းကလေးနှစ်ယောက် က ခေါင်းကို ဖြီးသင်ကြ၏။ မျက်နှာကို မှန်ဝိုင်းကလေးဖြင့် တစ်ယောက် တစ်လှည့် ကမ်းရင်း အသေးစိတ် စစ်ဆေးကြ၏။ ပတ်ဝန်းကျင်မှာ ဘာမှ မရှိတာ သေချာပုံမျိုးဖြင့် ဘာကိုမှ ဂရုမထားနိုင်ဘဲ ခြေဆန့်လက်ဆန့် ရှိနေ ကြသည်။ ဂျက်ဖရီကတော့ စကတ်တိုကလေးအောက်က ထိုးထွက်နေ သည့် လှပသည့် ပေါင်တံရှည်ကြီးတွေကို မြင်နေရသည်။

နောက်တော့ သူမောလာခဲ့သည်။ သူ့ကို လောင်မြိုက်နေအောင် နှိပ်စက် ကြသည့် 'တဒင်္ဂ အရေးတကြီး' ဒုက္ခကို ခံစားနေရသည်။ သစ်ပင်ပေါ်မှ တိတ်တိတ်ကလေးဆင်းကာ တော်တော်နောက်ကျပြီးမှ ရေကူးခဲ့ရသော် လည်း သူ့စိတ်ထဲမှာ နေမထိထိုင်မသာဖြစ်နေရတာက တစ်ချိန်လုံးဖြစ်သည်။

အိမ်ပြန်လမ်းတစ်လျှောက်မှာလည်း ဒါကိုပဲ တွေးလာခဲ့သည်။ သည်မိန်းကလေးတွေ အဲသည်မှာ ဘာလုပ်ကြတာလဲလို့ တွေးနေမိသည်။ ကျောင်းကပွဲညက ထိုကျောင်းသူကြီးနှစ်ယောက်ကို နောက်တစ်ကြိမ် ထပ်တွေ့ရသည့်အထိ ထိုကိစ္စကို သူသတိရနေခဲ့သည်။ သည်တော့မှ ဂျိုရာကမ်းခြေကို လာရောက်ရခြင်း အကျိုးအကြောင်းကို ရှင်းရှင်းလင်းလင်း သိရတော့သည်။ သစ်တောကြီးနှင့် ချိုမြသော မြစ်ရေတို့၏ သဘာဝရနံ့က မိန်းကလေး နှစ်ယောက်၏ ဆံပင်နှင့် ခန္ဓာကိုယ်မှာ စိမ့်ပျံ့နေလိမ့်မည်။ ကျောင်းကပွဲမှာ တင်ဆက်ဖျော်ဖြေကြသည့် မိန်းကလေးတွေထဲမှာ သည် ကျောင်းသူကြီး နှစ်ယောက်က အာရုံခံစားမှု များသူတွေ ဖြစ်ကောင်းဖြစ်နိုင်သည်။

သည့်နောက်တော့ မြွေတွေအကြောင်း တွေးမိပြန်သည်။ ပထမဦးဆုံး သူနှင့်မာလီ မြွေဖမ်းခဲ့တာတွေကို သတိရမိသည်။ ပထမ မြွေကျောကုန်းကို တုံ့သွားအောင် ဖိပြီးမှ မြွေအမြီးကိုကိုင်..။ မြွေခေါင်းက ကိုက်တော့မလို ကိုယ်ကို စလွဲသည်နှင့် ချက်ချင်း ကြိမ်ရိုက်သလို ရိုက်ချနိုင်ဖို့လိုသည်။ သဘောကတော့ ဂျင်တစ်လုံးကို လိုချင်သည့်နေရာ တည့်တည့် ပေါက်ချနိုင်ဖို့ ကြိုးကို လွှဲလိုက်ရသလိုဖြစ်သည်။ ဒါတွေအားလုံး ခေါင်းထဲ စီကာစဉ်ကာ ရောက်လာတော့ မာလီ့ကို သတိရသွားရပြန်သည်။ ချက်ချင်းပဲ မာလီ့ကို ကြည့်လိုက်သည်။

ဂျက်ဖရီက ချိုင်းထောက်သစ်သားနှစ်ချောင်းကြားက ခွင်ကျနေသည့် ဒဏ်ရာရခြေထောက်ကို တွေ့ရသည်။ အဘိုးအို၏ မျက်နှာက ပူခြစ်ခြစ် တောက်လောင်နေတာမျိုး ဖြစ်နေသည်။ ပြီးတော့ ချက်ချင်းကြီး အိုစာသွားသလို ချုံးချုံးကျနေသည်။ သည်မှာတင် သူ့နှလုံးသားက သူ့ကို တစ်စုံတစ်ရာ ပြောလိုက်သလို နင့်ခနဲ ခံစားလိုက်ရသည့် အချက်တစ်ချက်ကို သူသတိထားလိုက်မိသည်။ သူနှင့် မာလီ.. နှစ်ဦးသား အတူတကွ နောင်ဘယ်တော့မှ သည်လိုခရီး၊ သည်လိုကိစ္စတွေမှာ အတူတူ လုပ်နိုင်ဖို့ မရှိတော့

ပါလားဆိုသည့်အသိဖြစ်သည်။ သည်လိုခံစားမိတော့ ဂျက်ဖရီ ငိုသည်။ သူ့အတွက်လည်း သူငိုသည်။ အဘိုးအိုအတွက်လည်း သူငိုသည်။ အထူးသဖြင့်တော့ သူ့အတွက်ဖြစ်သည်။ တောကြီးမျက်မည်းထဲမှာ တစ်ယောက်တည်း နေရတော့မည်ဆိုသည့် ကြောက်စိတ်က နှလုံးသား၏ အောက်ဆုံးနေရာအထိ တွယ်ကပ်နေသည်။ တကယ်တော့ သူတွေးခဲ့တာတွေက လွန်ခဲ့သည့် အတိတ်က ဖြစ်ရပ်တွေဖြစ်သည်။ ဒါတွေကို တွေးမည်ဆိုလျှင် အချိန်မရွေး တွေးနိုင် အောက်မေ့နိုင်သည့်ကိစ္စတွေဖြစ်သည်။ အခုကိစ္စကတော့ ခြားနားသည်။ မတွေးတတ်နိုင်အောင် ဖြစ်နေရသည်။ မတွေးချင်တာမျိုး ဖြစ်နေရသည်။ သူလုပ်နိုင်ခဲ့တာ တစ်ခုပဲရှိသည်။ အသံယှဲ့ယှဲ့ကလေးဖြင့် ကယောင်ကတမ်း ညည်းညူနေသည့် အဘိုးအိုအတွက် လောလောဆယ် သူလုပ်နေရသည့် ကိစ္စတွေဖြစ်သည်။ မနက်ဖြန်ဟာ သုံးရက်မြောက်တဲ့နေ့ပဲဆိုတာကို အဆက်မပြတ် ညည်းညူနေသည့် မာလီ..။ သူလည်း တစ်ခုခုကို ပိုင်းဖြတ်ရတော့မည်။ အတွေးတွေ ရပ်ဆိုင်းမပစ်မီကလေးမှာပင် မနေ့ညက မီးပုံကြီးရှေ့မှာ အဘိုးအိုပြောခဲ့သည့် စကားတွေကို သူကြားယောင်နေမိသေးသည်။

■

အဘိုးအိုကလည်း သူ့အတွေးတွေကို ရပ်ဆိုင်းပစ်ခဲ့ပြီ။ သူ့လောကသည် ခပ်စိမ်းစိမ်း အေးစက်သောမြူဖြင့် မှုန်မှိုင်းနေခဲ့ပြီ။ သည်ဝေဝေဝါးဝါး မသဲမကွဲကြားမှာ ချိုင်းထောက်ကို ထောက်ရင်း လျှောက်နေရသည်။ အကြိုစုတ် ပတ်ရစ်ထားသော သွေးစွန်းပတ်တီးစအောက်က ခြေထောက်ဒဏ်ရာ ဝန်ထုပ်ဝန်ပိုးကို သယ်ရင်း လျှောက်နေရသည်။ သည်ခံစားမှုတွေအလွန်က သုံးရက်မြောက်နေ့ ဆိုတာကိုပဲ စိတ်ရောက်နေသည်။ လမ်းမကြီးပေါ်ကို ရောက်ဖို့ပဲ စိတ်စောနေသည်။ အစတုန်းကတော့ သူလည်း တွေးနေခဲ့တာပါပဲ။ အကြောင်းအရာမျိုးစုံကို တွေးမိနေခဲ့သည်။ နောက်ကြောင်းပြန် တွေးမိသမျှ သူ့မှာ ယူကျုံးမရ ဖြစ်စရာရယ်လို့ မရှိ။ တစ်ခုတော့ရှိသည်။ အဖျားရောဂါသည်းသဖြင့် ဆုံးပါးသွားရသော မိန်းမတစ်ယောက်အကြောင်းက လွဲလျှင်၊ သူ စိတ်ရောကိုယ်ပါ ကြေကွဲလွမ်းဆွတ်ခဲ့ရတာကလွဲလျှင်၊ ထိုမိန်းမကို စိတ်

...ရုံထဲမှာ ပြန်လည်အောက်မေ့ ပုံဖော်နေမိတာကလွဲလျှင်..၊ သူ့ဘေးမှာ ...ည်တွဲပါလာတာမျိုးက လွဲလျှင်.. သူ့နောက်ကြောင်းဘဝမှာ ယူကျုံးမရ ဖြစ်လောက်စရာ မရှိခဲ့တာကို ဆိုလိုသည်။ သည်မိန်းမက အခု သူ့လက်ရှိ အရှုံးမျိုးမဟုတ်။ သူမနှင့် သိကျွမ်းခဲ့စဉ်က ငယ်သေးသည်။

တစ်ခါတစ်ခါ သည်မိန်းမနှင့် ပတ်သက်လို့ ဤသို့ဤနယ်ဖြစ်တန် ကောင်းရဲ့လို့ တွေးမိနေတတ်သည်။ သည်လို သွေးထွက်သံယိုမှုများနှင့် ဆိုလျှင် သူမ၏နှလုံးသားတွေထဲမှာ ကြင်နာမှုတွေ ပြည့်သိပ်နေလိမ့်မည်။ ဝေဒနာကို သူမနှင့် သူ့ကြားမှာ ဝေမျှခံယူတာတွေ ရှိနေလိမ့်မည်။ ဘာမှ မလုပ်တတ်မကိုင်တတ်သော်လည်း ဝေဒနာခံစားမှုအပေါ်မှာ သူမ၏ နာကျင် မှုက ပိုမိုစူးနစ်နေလိမ့်မည်။ အဘိုးအို သည်အတွေးတွေကိုလည်း ဖျောက်ဖျက် ပစ်လိုက်ရသည်သာ။ သူ့ရင်ထဲမှာ ခံစားရသလောက် သူမကိုယ်တိုင်လည်း ပမာဏညီတူ ကြေကြေကွဲကွဲ ခံစားနေမည်ကို သူသိထားလို့ ဖြစ်သည်။ သည်သတိရ အောက်မေ့မှုက အရာအားလုံးအတွက် အဆိုးဆုံးအခြေအနေ ဖြစ်သွားနိုင်သည်ကော။ သည်လိုဝေဒနာ သည်လိုအတိဒုက္ခကြီး စွဲကပ်နေပုံ မျိုးဖြင့် မှုန်ဝါးဝါး လမ်းရှာသွားနေရသော အခြေအနေ ဖြစ်နေရသည့်တိုင် သည်မိန်းမကို သူစွဲလမ်း ချစ်မက်နေခဲ့သည်ကော။

ညနေပိုင်းရောက်တော့ မိုးကလေး တဖွဲဖွဲကျလာခဲ့သည်။ မိုးရေစက် မှုန်မှုန်ကလေးတွေက သူတို့နှစ်ဦးမျက်နှာပေါ်မှာ ပထမဆုံးအကြိမ်အဖြစ် ထိစဉ်နေကြသည်။ သစ်တောထီးစိမ်းကြီးနှင့် လွတ်သော မိုးကောင်းကင်ကို မော့ကြည့်လိုက်တော့ ခပ်မွဲမွဲ မိုးသား အကွက်အကွက်တွေကို မြင်နေကြရ သည်။ အဘိုးအို၏ ချိုင်းထောက်ထောက်သံက စည်းချက်မှန်မှန် ထွက်ပေါ် နေရာက ရုတ်တရက် စည်းချက် ပျက်သွားခဲ့သည်။ ဝုန်းခနဲ လဲပြိုကျသံကြီး ထွက်လာခဲ့သည်။ ချိုင်းထောက်လက်ကိုင်ကို အမြဲတမ်း သတိနှင့် ဆုပ်ကိုင် ရင်း ထိန်းလျှောက်နေရာက လက်ချော်သွားခဲ့ခြင်းဖြစ်သည်။ ထိုနေရာမှာပဲ

မာလီလဲကျနေသည်။ မျက်လုံးတွေ မှိတ်နေကာ လှုပ်ရှားဖို့တောင် ပင်ပန်းတကြီး ဖြစ်နေသည်။ လမ်းမကြီးသို့ရောက်ဖို့ တစ်မိုင်လောက်သာ လိုတော့သည့်နေရာ။ အဘိုးအိုက ဒါကိုသိထားသည့်ကြားက ဘာဖြစ်လို့ သည်နေရာမှာ နားဖို့ ဖြစ်လာရတာပါလိမ့်လို့ တွေးမိသည်။ အားအင်ချည့်နဲ့မှု တဒင်္ဂကလေးမှာ သူ့ကိုယ်သူ သည်နေရာမှာ လဲကျဖို့ ခွင့်ပြုချက် ယူလိုက်ရတာမျိုး ဖြစ်နေခဲ့ရတာကို ယူကျုံးမရဖြစ်နေရသည်။

ဂျက်ဖရီက ဒါကိုမသိ။ အဘိုးအိုတော့ သွားရာပါပြီလို့သာ စဉ်းစားနေမိသည်။ ပြီးမှ ကြက်သေသေသွားသလို မှင်တက်နေလေသည်။ ဆုံးရှုံးမှုနှင့် ထင်ယောင်ဝိုးဝါးဖြစ်မှု။ ဟိုဝေးဝေးက ဥသြတွန်သံ ကြားနေရသည်။ ဥသြသံက အထီးကျန်ဆန်လှသည်။ သူလည်း သည်လိုပါပဲလေ..။ နောက်ဆုံးတော့ ဘာကိုမျှ မညွှန်ပြနိုင်ဘဲ နောက်ဆုံးသံစဉ်ကို ချသွားခဲ့သည်ပဲ။ အဖော်အပေါင်းကင်းမဲ့ခြင်းဒုက္ခက သူ့ခန္ဓာပေါ်ကို ရိပ်ခနဲ ဖြတ်သွားခဲ့သည်။ သည့်နောက်တော့ သောကပရိဒေဝသည် ရောက်ရှိလာခဲ့ပြီ။

ဂျက်ဖရီ အသံနက်ကြီးဖြင့် အော်သည်။ မာလီကိုလည်း အော်သည်။ တောကြီးတစ်တောလုံးကိုလည်း အော်သည်။ ပါးစပ်တွင်းက စကားလုံးတော်တော်များများ ရိုင်းရိုင်းကြမ်းကြမ်း စီးထွက်လာခဲ့သည်။ သူကြားဖူးနားဝ ရှိခဲ့ဖူးသမျှ အညစ်ညမ်းဆုံး၊ အရိုင်းစိုင်းဆုံးနှင့် အဓိပ္ပာယ် မရှိသော ရှုပ်ရှုပ်ထွေးထွေး စကားလုံးများကို နားမလည်ပါးမလည် အော်နေခြင်းမျိုးဖြစ်သည်။ ချက်ချင်းလိုလို အဘိုးအိုဘေးမှာ လှဲလိုက်ပြီး ခပ်ကြမ်းကြမ်းကလေး လှုပ်ခါနေမိသည်။ ပါးစပ်ကလည်း သူ့ကိုယ်သူ အသနားခံလိုက်၊ သူ့ကိုယ်သူ ဆဲရေးတိုင်းထွာလိုက် လုပ်နေလေသည်။

အဘိုးအိုက အင်အားချည့်နဲ့မှုကို အာခံသည့်ကိုယ်ဟန်ဖြင့် လူးလာခဲ့သည်။ ဂျက်ဖရီ့မျက်နှာကို အဘိုးအို၏ လက်မောင်းက ရှိသမျှ အားဖြင့် ဖြတ်ရိုက်ချလိုက်သလို ဖြစ်သွားရသည်။

"မာလီ"

ဂျက်ဖရီ စိတ်သက်သာရာ ရသွားသလို အလန့်တကြားခေါ်သည်။ အဘိုးအိုကတော့ နောက်လှန် လှဲချလိုက်ပြန်၏။

"ထ ထ မာလီ ထစမ်းပါဗျာ– ထလေ"

ဂျက်ဖရီက ချိုင်းထောက်နှစ်ချောင်းကို ယူကာ အဘိုးအိုလက်ထဲ ဖွတ်ထိုးထည့်သည်။ မာလီ နောက်ကျောဘက်ကို သွားပြီး ခြေထောက်ကို ဆွဲတင်သည်။ မ တင်သည်။ သူ့ဒေါသဆီက စီးဆင်းလာသော မကောင်းဆိုးဝါးကောင်တစ်ကောင် သရဲမရဲစီးနေသလို ခွန်အားမျိုးဖြင့် ဆွဲထူနေခြင်း ဖြစ်သည်။

အဘိုးအိုကတော့ သူ့ခြေထောက်တွေ သူ့အောက်ရောက်နေတာကို ခံစားသိ သိနေသည်။ သူနှင့် ထိတွေ့ဖူးထားသည့် ချိုင်းထောက်၏ ဖိအားက သူ့လက်မောင်းတွေအောက်မှာ ရှိနေတာကိုလည်း သိနေသည်။ ဂျက်ဖရီ အော်ကြီးဟစ်ကျယ် ပေါက်ကွဲနေတာလည်း ကြားသည်။ သို့သော် ဘာစကားလုံးကိုမှ သူဖမ်းဆုပ်လို့ မရနိုင်တော့။ သူ့ကို တစ်ခါ ပက်လက်လှန်လိုက်တာကိုသာ သူသိနေသည်။ သဘောကတော့ လျှောက်လှမ်းရမည့် အချိန် ရောက်ပြီဆိုသည့် အဓိပ္ပာယ်။ ရှေ့ကို နည်းနည်းကိုင်းပြီး ချိုင်းထောက်များတွေကို မြေပေါ် ခပ်ဖိဖိထောက်သည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး၏ အလေးချိန်ကို ချိုင်းထောက်ပေါ် အားပြုထားတာမျိုး ဖြစ်သည်။ သို့သော် သူ့လက်ချောင်းကလေးတွေမှာတော့ ဆုပ်အား မရှိတော့။ ကြွက်တက်ချင်သလိုလို ဖြစ်နေသည့် လက်ချောင်းကလေးတွေက သူ့ခန္ဓာကိုယ်ကို မနိုင်မနင်း ထိန်းထားရတာမျိုး ဖြစ်နေသည်။ လက်ဆစ်ကလေးတွေ ကုတ်အားမဲ့နေကြပြီ။ သည်တော့ ချိုင်းထောက်သည့်နေရာက ချိုင်းအရေပြားတစ်ခုလုံး မြေပေါ်လဲကျရသလို နာကျင်လာခဲ့ပြန်သည်။

သည်အကြောင်းအရာက သည်အဖြစ်ကို ဖြစ်စေခဲ့သည်ဆိုတာကို သူ

မယုံကြည်။ သူမယုံဝံ့။ သည်ကိစ္စကို ခေါင်းထဲက ထုတ်လိုက်ရသည်။ ဂျက်ဖရီ စအော်သည့် နဂိုနေရာဆီကို နောက်ကြောင်းပြန် လျှောက်လာခဲ့သည်။ ဘယ်နေရာဆိုတာတော့ အတိအကျ မမှတ်မိ။ အဖြေတစ်ခုခု ရသည့်အထိ စိတ်ရှည်ရှည်ထား စောင့်ရသည်။ စမ်းတဝါးဝါး လက်ချောင်းကလေးတွေက သူ့ပေါင်အထက်နားဆီ လျှောက်ရှာကြည့်နေမိသည်။ သွေးကြောကို သွေးတိတ်ရန် ဖိညှစ်ထားသည့်အထုံးကို ရှာနေခြင်းဖြစ်သည်။

ရုတ်တရက် တင်းတောင့်သွားရသည်။ ဘာမှမရှိတော့။ သူ ကိုယ်တိုင် အော်ချင်ဟစ်ချင်စိတ်တွေ ပေါက်လာခဲ့သည်။ ဂျက်ဖရီကို ပြောချင်နေသည်။ သူ့အားထုတ်မှုက မှားသွားသည်။ ခပ်စိမ်းစိမ်း ရီဝေဝေ ကမ္ဘာလောကထဲမှာ အထီးကျန် တစ်ယောက်တည်း။ ကျောမှီရင်း လှဲလိုက်သည်။ သည်တော့မှ ဂျက်ဖရီ စအော်ဟစ်သည့် နေရာကို သူအမှတ်ရသွားသည်။

"အော်– ငါနားနေမိပါလား၊ သုံးရက်မြောက်တဲ့နေ့မှာ ငါက သည်မှာ လာနားနေမိပါပကောလား၊ ခရီးတစ်ထောက် မဆက်ခင် ခဏလောက်ပဲ နားတာပဲလေ.. ဖြစ်ကောင်းပါရဲ့"

အဘိုးအိုက တွေးနေခြင်းဖြစ်သည်။ ပြီးတော့မှ လေသံယဲ့ယဲ့ကလေးဖြင့် စကား စလိုက်သည်။

"ကိုင်းကွယ် ငါ့ကိုထူစမ်း သခင်ပေါက်စကလေး"

ဂျက်ဖရီက သုံးကြိမ်သုံးခါလောက် ဆွဲထူနေရသည်။ သို့သော်လည်း ထူလိုက်တိုင်း အထ မမြောက်။

"ကိုင်းဟေ့ ထပ်ထူကြည့်လိုက်ပါဦး"

ရပ်မိသွားပြီ။ ရှေ့ကို လှမ်းသည်။ သူ့မျက်လုံးထဲက ခပ်စိမ်းစိမ်းအရောင်တွေ အနီရောင်ပြောင်းသွားသလို ခံစားလိုက်ရသည်။ ပြီးတော့မှ တောတစ်ခွင်ဆီ လွင့်ပါးပျောက်ကွယ်သွားသည်။ အဘိုးအိုက သူ့မျက်လုံးတွေ ဖွင့်လိုက်တော့ စိုစိုစွတ်စွတ် သစ်တောကြမ်းခင်းပေါ်မှာ လဲကျနေပြန်သည်။

"အဘိုးကြီး မင်းဘဝဟာ ဆုံးတော့မယ် ထင်ပါရဲ့"

အဘိုးအိုက သူ့ကိုယ်သူ တွေးသည်။

"ကျွန်တော်က ထုတယ်၊ မာလီက လဲတယ်၊ ကျွန်တော်က ဆွဲထူတယ် မာလီက ပြန်လဲတယ်"

ဂျက်ဖရီက ငိုရင်း ညည်းသည်။

"ကျွန်တော် မာလီ့ကို ထပ်မထူနိုင်တော့ဘူးဗျ၊ မာလီက တစ်ချိန်လုံး ဖလေးနေတာပဲ"

"တွားသွားလို့ ရနိုင်သားပဲ"

အဘိုးအို စိတ်ထဲက အတွေးဖြစ်သည်။ ပင်ပန်းနွမ်းနယ်နေသည့် ဂျက်ဖရီက အဘိုးအို၏ လှုပ်ရှားမှုကိုကြည့်ကာ အံ့သြတကြီး ဖြစ်နေရသည်။ မာလီက သူ့ဝမ်းဗိုက်ပြားကြီးဖြင့် လျှောထိုး သွားနေသည် မဟုတ်လား။ ဘယ်ခြေက တွန်းကန်ပေးသည်။ လက်မောင်းနှစ်ဖက်ကို လက်ထောက်ရင်း အားဖြင့် ရှေ့ကို တွန်းတွန်းတက်သည်။ ဒဏ်ရာရထားသည့် ညာခြေကဂါတာ နှံ့တွေ ကျိုချုံနေသည်။ သွေးတွေ စေးထန်းနေသည်။ သုံးမရတော့သည့် သည်ခြေထောက်ကတော့ တရွတ်ဆွဲ ပါလာရုံသာဖြစ်သည်။

"ရေကူးသလိုပေါ့ကွဲ့"

အဘိုးအိုက မသဲမကွဲ ပြောနေရှာသည်။ တံတောင်အားနှင့် ခြေတစ်ဖက် ကန်အားကိုသုံးကာ တရွေ့ရွေ့ ရှေ့ကိုတိုးထွက်ရင်း တွားသွားနေသော်လည်း အဘိုးအို ရှေ့ကို ကောင်းကောင်းမမြင်ရတော့။ သူ့မျက်လုံးထဲက မြူတွေက ခဲပုပ်ရောင် မှိုင်းမှိုင်းလူလူ ရှိနေခဲ့ပြီ။ ရှေ့ကိုသွားရမည့် လားရာကို ပင်လျှင် မဆင်ခြင် မစဉ်းစားနိုင်တော့သည့် အခြေအနေ ရောက်နေခဲ့ပြီ။ သူ ဘာမှ မလုပ်နိုင်တော့ပါလား။ တကယ်တော့ သည်တောကြီးမျက်မည်း ဆိုတာ သူ့နယ်မြေ၊ သူ့ပိုင်နက်ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံး သည် တောကြီးမျက်မည်းသာလျှင် ခံစားစရာဖြစ်ခဲ့သည်။ ဘာမှ စဉ်းစား တွေးခေါ်နေ

စရာမလိုဘဲ အလိုလို အသိစိတ်က အလွတ်ရနေသည့်နေရာ ဖြစ်သော်ငြား ခုတော့ သူဘာမှ မသိတော့သလို ဖြစ်နေရပြီ။

"လမ်းမကြီးဘက်ကို ကူးလိုက်စမ်းကွယ်"

အဘိုးအိုက ပါးစပ်က ရေရွတ်နေသည်။

တံတောင်အားကို သုံးရင်း ရှေ့ကို တိုးတိုးလာခဲ့သည်။ ရွေ့လိုက်၊ တွားလိုက်၊ တစ်အောင့်နားလိုက်။ သူ့ခေါင်းက ရှေ့လက်တွေပေါ်ကို ညွှတ် ညွှတ် ကျနေသည်။ ခေါင်းပြန်ထောင်၊ တွား...၊ ညွှတ်ကျ။ အဘိုးအို၏ ဝမ်းဗိုက် တစ်လျှောက်လုံး ရွှံနစ်နေသည်။ ခြေထောက်ဆီက နာကျင်မှုက ဆိုးရွားလာခဲ့ပြန်သည်။ သူ့စိတ်ထဲက မှိုင်းနေသည့် မြူတွေ ခဏကလေး လင်းအသွားမှာ ဂျက်ဖရီ့ကို လှမ်းပြောလိုက်သည်။

"မင်းကို အိမ်ရောက်အောင် ပြန်ပို့မယ်လို့ ပြောနေတာကွဲ့၊ သည်ကနေ့က သုံးရက်မြောက်တဲ့နေ့လေ၊ လမ်းမကြီးက သည်ကနေ သိပ်မဝေးတော့ဘူး"

အဘိုးအိုက တွားသွားနေပြန်သည်။ တွန်းလိုက် ရွေ့လိုက်...။ သူ့မျက်စိရှေ့မှာ အမှောင်အမိုက်တိုက်က တစ်ချိန်လုံး အုထလာပြန်သည်။ ခဏကလေး နားသည်။ ဦးခေါင်းက ထူမထားလို့ မရတော့သလို ရှေ့လက်တွေပေါ် ကျသွားပြန်သည်။ ပြီးတော့ ဆက်တွားပြန်သည်။

"လမ်းက ရှေ့မှာဖြောင့်လို့၊ လမ်းမကြီးရောက်ရင် ငါ့ကိုထားခဲ့၊ အိမ်ကို တန်းသာ ပြေးတော့၊ တစ်လမ်းလုံး မင်းပြေးနိုင်စွမ်းရှိသလောက်သာ ပြေးတော့ ကြားလား"

ဂျက်ဖရီက အဘိုးအိုဘေးမှာ ကပ်လျှောက်လာခဲ့သည်။ အဘိုးအို၏ စူးရှရှအသံကို နားထောင်နေရသည်။ အသံကစူးသော်လည်း မပီမသ ဗလုံးဗထွေး။ အဘိုးအို၏မျက်နှာပေါ်က ဇရာ အရေးအကြောင်းတွေက ပြင်းပြသော ဝေဒနာကြောင့် တွန့်လိမ်တက်နေတာ မြင်နေရသည်။ ခြေထောက်

ဒဏ်ရာဆီက ခပ်ချွဲချွဲသွေးစေးတွေ စိုစွတ်စွတ်မြေပေါ်ကို စီးကျနေသည်။ ခြေထောက်ဒဏ်ရာကို မြင်ရတိုင်း သူ့မှာ ကြောက်မက်ဖွယ် ထိုးစစ်ဆင်နေရသလို ဖြစ်နေရသည်။ ပထမဆုံး သူမြင်လိုက်ရစဉ်က ဒဏ်ရာအတိုင်း အနာပေါက်ကြီးက အရိုးထိ နက်နက်ကြီးဝင်နေဆဲဖြစ်သည်။ သွေးတွေက ဒဏ်ရာပေါက်ထဲမှာ ပြည့်လျှံနေသည်။

ဒါတွေအားလုံး.. ဒါတွေအားလုံး သူ့အပြစ်တွေချည်း မဟုတ်လား။

ဂျက်ဖရီက တွေးမိရင်းက ငိုပြန်သည်။ ပခုံးတွေ တသိမ့်သိမ့် ထအောင် ရှိုက်ကြီးတငင် ငိုကြွေးနေမိသည်။ သည်တသိမ့်သိမ့်ထမှုက နှလုံးသားကိုပင် ဆောင့်ဆောင့်သွားသလို ခံစားနေရသည်။ သည်တစ်ခါတော့ ခါတိုင်းလို မျက်ရည်ကျရတာကို သူမရှက်တော့။ သူ့ရင်ထဲမှာ သည်လိုခံစားမှုမျိုး အရင်က မခံစားခဲ့ဖူးတာကိုပဲ သူသတိနေသည်။ အဘိုးအိုက ဘာတွေ ပြောခဲ့ပါလိမ့်..။

"ယောကျ်ားဆိုတာ နှလုံးသားကြေကွဲမှုကြောင့်တော့ ငိုမယ်ဆိုရင် ငိုနိုင်ကြတယ်"

တိုးတိုးကလေး ကျိတ်ငိုနေစဉ်မှာ ပခုံးဆီက သိုင်းကြိုးလျှောကျသွားသည်။ သူ့ကျောပေါ်က အထုပ်ကြီးသည်ပင် လွင့်ကျသွားသည်။ ချက်ချင်း အဘိုးအိုရှေ့ရောက်အောင် တက်လိုက်ပြီး ရပ်လိုက်သည်။ အထုပ်ကြီးကို ကျောပေါ် ပြန်တင်သည်။ ပြီးမှ သတိကြီးစွာထားရင်း သစ်ပင်တစ်ပင်ဆီ သွားကာ ထိုင်နိုင်အောင်ကြိုးစားသည်။ ကျောက သစ်ပင် ပင်စည်ကို ကပ်မှီထားလိုက်သည်။

"မာလီထတော့ ကျွန်တော်လုပ်ပေးမယ်"

အဘိုးအိုက ဂျက်ဖရီ့ကို မော့ကြည့်ရှာသည်။ ဂျက်ဖရီ့ကို ပီပီသသ မမြင်ရ။ လင်းသွားလိုက် မှောင်သွားလိုက်။ မြူတွေထဲမှာ အရိပ်တစ်ခိုင် လှုပ်ရှားနေတာမျိုးလောက်သာ မြင်နေရသည်။

"သုံးရက်မြောက်ပြီကွဲ့"

အဘိုးအိုက မိုက်မဲမဲ ရှုံ့နှမ်းနှမ်း အသံမှဲ့မှဲ့လေသံမျိုး ဖြစ်နေသည်။

"မတ်တတ်ရပ်ပါဆိုဗျာ"

ဂျက်ဖရီက အော်သည်။ ဂျက်ဖရီ၏ အမိန့်နှင့်ဒေါသက သူ့ခေါင်းထဲက နောက်ကျိကျိ မြူတွေကို ဖြတ်တောက်ပစ်လိုက်သည်။ မတ်တတ်ရပ်ဖို့ ကြိုးစားသည်။ မလွဲသာ မရှောင်သာ ထလုပ်လိုက်ရတာမျိုးဖြစ်နေသည်။ ဂျက်ဖရီက မာလို့ ချိုင်းအောက်က သိုင်းမပေးသည်။ အဘိုးအို၏ တစ်ချောင်းတည်းသော ခြေထောက်ပေါ် ကျကျနနကြီး ရပ်နိုင်အောင် အားစိုက်မ ပေးနေခြင်း ဖြစ်သည်။ ဂျက်ဖရီက သူ့ကျောကို သစ်ပင်ပင်စည်မှာ ကပ်ထားရင်း ရှိသမျှ အားဖြင့် အဘိုးအိုကို ထိန်းထားသည်။

"မာလီကို ကျွန်တော် သယ်တော့မယ်"

ဂျက်ဖရီက ခါးကုန်းလိုက်သည်။ အဘိုးအို၏ ဝမ်းဗိုက်အောက်ကို သူ့ ပခုံး ဝင်လျှိုသည်။ အရင်က သူ့မှာ သည်အတွေ့အကြုံရှိဖူးသည်။ မှတ်မှတ် ရရ ကာယသင်တန်းတွေမှာဖြစ်၏။ အခြားကလေးတစ်ယောက်ကို ပခုံး ပေါ်ထမ်းကာ လှေကားတက် လှေကျင့်ခန်း ဆင်းခဲ့ဖူးသည်။ အခုလည်း အဘိုးအိုကို ထမ်းရတာ လွယ်လွန်းနေသည်။ ရှေးမီးသတ်သမားများ သုံးနေကျ နည်းဖြစ်၏။ ခဏလေး နားပြီး သစ်ပင် ပင်စည်ကို လက်ဖဝါးဖြင့် အားပြုကာ ထသည်။ ကျောပေါ်က ဝန်ကို အလေးချိန်မျှအောင် ညှိသည်။ ပခုံးပေါ်မှာ ဝန်၏ဗဟိုချက်ရှိရမည်။ သေချာပြီဆိုမှ သစ်ပင်ဆီက ခွာထွက် လာခဲ့သည်။

အထူးသဖြင့် မတ်စောက်သောနေရာတွေမှာ မာလို့ကိုယ်အလေးချိန် စီးပိုးမှုကို သူ ကောင်းကောင်းခံနေရသည်။ တချို့နေရာတွေမှာ ထိုင်ချလိုက်ရ သည်။ ခြေချော်သည့်နေရာကို ဖနောင့်နှာအောင် ဖိနင်းရင်း ခြေကုတ်ယူရတာ ရှိသည်။ အောက်ခံမြေမာပေါ် ခြေကုတ်မိအောင် အပေါ်ယံမြေပွပေါ် ကုတ်

နင်းရတာတွေရှိသည်။ တစ်ခါတစ်ခါ သည်လိုလုပ်ဖို့ မစဉ်းစားမိတာလည်းရှိသည်။ အဘိုးအိုကတော့ တစ်ချိန်လုံး စကားတွေ တတွတ်တွတ် ပြောနေသည်။ သုံးရက်စေ့ပြီ.. သုံးရက်စေ့ပြီ.. ဆိုတာကို အဆက်မပြတ် ညည်းနေသည်။ သည့်နောက်တော့ ရုတ်တရက် ငြိမ်သက် တိတ်ဆိတ်သွားလေသည်။ ဂျက်ဖရီက အဘိုးအို၏ ခပ်မှျဉ်းမှျဉ်း အသက်ရှူသံကိုသာ ကြားနေရလေသည်။

ဂျက်ဖရီ သုံးကြိမ် လဲကျပြီးပြီ။ သူ့ကိုယ်သူသာ အနာခံသည်။ အဘိုးအိုကို မထိမခိုက်အောင် တတ်နိုင်သမျှ ကာထားမိသည်ချည်း။ လဲပြီး ပြန်ထတော့ အဘိုးအိုကို ကျောပေါ်ကျအောင် ပြန်ပြန် ကုန်းတင်နေရသည်။ ဝိုရင်း၊ ချွေးတွေသံတွေ ထွက်ရင်း၊ မာန်သွင်းရင်း သူ့ခန္ဓာကိုယ်က ခံနိုင်ရည်ရှိသမျှထက် ကျော်လွန်အောင် အားသွန်နေရသည်။

နောက်တစ်ကြိမ် လဲကျသွားသည်။ ကျောက်ခဲလှုပ်လှုပ်ကလေးတစ်လုံးကို တက်နင်းမိခြင်းဖြစ်သည်။ သည်တစ်ခါတော့ အဘိုးအိုပေါ်ကို ဖြတ်လဲသွားသည်။ စုတ်ဖွာထွက်နေသည့် ခြေထောက်ဒဏ်ရာပေါ်ကို သူ့ဒူးခေါင်းက တည့်တည့်ကြီး ကြိတ်မိသွားခဲ့သည်။ အဘိုးအို၏ ငယ်သံပါအောင် အော်လိုက်သံက ကြောက်မက်ဖွယ် ထွက်ပေါ်လာခဲ့သည်။ တစ်အောင့်လောက်အကြာမှာတော့ အဘိုးအိုက နာကျင်မှု ဝေဒနာကို သူ့မျက်လုံးတွေရှေ့က ဖယ်ရှားပစ်လိုက်သလို ခပ်မှျဉ်းမှျဉ်း ခပ်သဲ့သဲ့အသံဖြင့် ခေါ်သည်။

"သခင်ပေါက်စကလေး"

အဘိုးအို၏ အသံထဲမှာ တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိနေသည်။ 'အောင်မြင်ခြင်း' များလား။ မျက်လုံးတစ်ဝိုက်က ချွေးတွေကို လက်မောင်းဖြင့် သုတ်ရင်း မော့ကြည့်လိုက်သည်။

"လမ်းမ၊ သခင်ပေါက်စကလေး အဲဟိုမှာ လမ်းမကြီး"

အဘိုးအိုက လက်ကိုမြှောက်၍ ညွှန်ပြသည်။ သည်လို ညွှန်ပြလိုက်ရ

တာတောင် အားတော်တော် စိုက်လိုက်ရပုံပေါ်သည်။ ဂျက်ဖရီက ချွေးတွေကို လက်မောင်းဖြင့် သုတ်လိုက်ပြန်သည်။ သူ့မျက်လုံးများ၏နောက်မှာ သွေးတွေ တဒိတ်ဒိတ်ခုန်နေသလားအောက်မေ့ရတော့သည်။ အဘိုးအိုညွှန်ပြသည့် လက်တည့်တည့် လားရာအရပ်ကို လိုက်မျှော်ကြည့်သည်။ အဘိုးအို၏လက်က မနည်းထိန်းပြီး ညွှန်ပြရတာမျိုး ဖြစ်နေပြီ။ ပင်ပန်းတကြီးနိုင်လှသည်။ ရှည်လျားသွေးသွယ်သော အစည်းကြိုးလေးတစ်စလို သစ်ပင်တွေကြားမှာ အဖြူရောင်လမ်းဖွေးဖွေးကို မြင်ရပြီကော။ လမ်းကလေးနောက်မှာတော့ မဆုံးနိုင်အောင် ရှည်လျားလှသည့် သစ်တောစိမ်းစိမ်း။

"သွားတော့ အိမ်ပြန်တော့ တစ်လမ်းလုံးပြေးကွာ၊ ကနေ့ သုံးရက်မြောက်ပြီကွ"

ပိန်းပိတ်အောင် မှောင်နေသည့် ဇာပဝါနက်က သူ့မျက်လုံးတွေရှေ့ကို ကန့်လန့်ကာတစ်ချပ်လို ကျလာခဲ့ပြန်ပြီ။ ဂျက်ဖရီက အားလုံးကို အနီးကပ်မြင်နေရသည်။ ခပ်သဲ့သဲ့ အပြုံးကလေးတစ်ချက် အဘိုးအို၏ မျက်နှာပေါ်မှာ ဖြတ်သွားတာကိုပင် မြင်လိုက်ရသည်။ သူ့ကိုယ်သူ မြေပေါ်က ကျုံးထရင်း အဘိုးအိုကို အနီးဆုံး သစ်ပင်တစ်ပင်ဆီ တရွတ်တိုက်လာခဲ့သည်။

"အေး ကနေ့ဟာ သုံးရက်မြောက်တဲ့နေ့ပဲ"

အဘိုးအိုက သူ့ကိုယ်သူပြောသလို ခပ်ကျယ်ကျယ်ပြောနေသည်။ ဂျက်ဖရီကိုယ်တိုင်ကလည်း ကနေ့ တတိယနေ့မှန်း သိပါသည်။ အဘိုးအိုက ဒါကိုပဲ အမြဲတမ်း သတိတရပြောနေတာတဲ့သည် မဟုတ်လား။ သုံးရက်မြောက်တဲ့နေ့ကျရင် အိမ်အရောက်ပြန်ပို့ပါမယ်ဆိုသည့် အဘိုးအို၏ ကတိစကားသည်လည်း တမှတ်ရရပြောနေကျစကားဆိုတော့ ဒါကိုလည်း သူ မမေ့။

သို့သော် အဘိုးအိုကိုတော့ အိမ်အရောက် သူဆောင်ကျဉ်းသွားနိုင်ပါတော့မလား။ တစ်နည်းနည်းဖြင့် သူ ဆောင်ကျဉ်းသွားဖို့ စီမံနိုင်လိမ့်မည်

ထင်၏။ လမ်းမဘက်ကို ဆင်းလာခဲ့သည်။ အဘိုးအိုကို လမ်းမဘေးကို ရောက်မှ ကျောပေါ်က ချလိုက်ရပြန်သည်။ အဘိုးအို၏ ကျောကို မြေကမ်းပါးမှာ မှီပေးထားလိုက်သည်။ သူက ဘေးမှာ ကပ်ထိုင်သည်။ ဂျက်ဖရီက သူ့နှလုံးစည်းချက် မိုးကြိုးထစ်ချုန်းသံကို သူပြန်ကြားနေရသည်။ ချည့်နဲ့နဲ့ လက်ချောင်းကလေးများဖြင့် သူ့ပေါင်ကိုသူတရှူရှူ ပွတ်သပ်နေသည့် မာလီ့ကို သူသနားနေမိသည်။

"ငါ့ကို ထားခဲ့တော့ သခင်ပေါက်စလေး၊ အိမ်ကို ပြန်ပါတော့"

အဘိုးအိုက တိုးတိုးကလေးပြောနေသည်။ ဒါက သူ့ကို အားပေးသည့်သဘောဖြင့် စကားပြောလိုက်ခြင်းဖြစ်သည်။ အပြင်မှာက အမှောင်ထုကြီး တစ်ခုလုံး သူ့ခေါင်းထဲကို တဖြည်းဖြည်း ရွေ့လျားဝင်ရောက်လာစပြုပြီမဟုတ်လား။ ဂျက်ဖရီက မြေပေါ်က ကျိုးထလိုက်သည်။ အဘိုးအိုကို ထမ်းဖို့ လက်လှမ်းလိုက်သည်။

"ကျွန်တော် မာလီ့ကိုပါ ခေါ်သွားမှာ၊ ကျွန်တော် မာလီ့ကိုပါ အိမ်အပါ ခေါ်မှာပါ"

ဂျက်ဖရီက အသက်မပါသလို အသံဖြင့် ပြောသည်။ အဘိုးအိုက သည်စကားကို လက်ခံသည်ဆိုသည့်သဘောဖြင့် ဂျက်ဖရီ လက်ကမ်းတာကို ခေါင်းညိတ်ရင်း သဘောတူလိုက်သည်။ အဘိုးအိုက သူ့ကိုယ်သူ တောင့်သွားအောင် ပြင်လိုက်ရင်း ဗွေစောင်းစောင်း မျက်လုံးကျဉ်းကလေးများသည် ပင် ပြူးကျယ်သွားသည် ထင်ရ၏။ ပြီးတော့ သူ့ရှေ့က ခပ်ဝါးဝါး ရုပ်ပုံလွှာကို ငေးကြည့်နေသေးသည်။ ပြတ်သားကြည်လင်မှုရှိအောင် အားစိုက်ကြည့်နေတာမျိုး။ သည်အချိန်မှာ သခင်ပေါက်စကလေးမှာ ဘယ်လို ရှုံးသွပ်မှုတွေ ရှိနေပါလိမ့်။

"သည်လမ်းကနေ သူ့ချည်းလွှတ်လိုက်ဖို့ ငါနားချရမယ်၊ သူ့ကို ငါ ခေါ်ရမယ်"

အဘိုးအိုက စဉ်းစားသည်။ စဉ်းစားကြည့်တော့လည်း ဘယ်ပုံ ဘယ်နည်း သည်ကိစ္စကြီး ပြီးမြောက်နိုင်မှာလဲ။ တကယ်တော့ ဒါလည်းပဲ ခက်တော့ခက်သည်။ မှောင်မည်းမည်း ခပ်စိုစို လှိုင်းတွေ ခေါင်းတစ်ခုလုံး မည်းညစ်နေခဲ့ပြီ။

"သွားတော့ သခင်လေး၊ ညဆိုရင် သစ်ကျုတ်တွေ ကျားသစ်တွေ.."

မာတောင့်မှုက သူ့ခန္ဓာကိုယ်ထဲက ရုတ်တရက် ပြေးထွက်သွားလေသည်။ သူ့ခေါင်းတစ်ခုလုံး မြေကမ်းပါးယံဘေးကို ငိုက်စိုက်ကျသွားခဲ့သည်။ ပါးတစ်ဖက်က မြေကမ်းပါး၏ စိုစွတ်စွတ်မြေပြင်ပေါ်မှာ ထိအပ်သွားခဲ့ပြီ။ ဂျက်ဖရီက အဘိုးအိုကို ငုံ့ငေး ငေးနေသည်။ မျက်နှာပေါ်က ဇရာ အရေးအကြောင်းတွေက ထုတ်ချင်းပေါက်မြင်ရမတတ် ပါးလှပ်နေခဲ့ပြီ။ သူ့အတွက်တော့ ကျားသစ်တွေ သစ်ကျုတ်တွေ ဆိုတာ အဓိပ္ပာယ်မရှိတော့။

"မာလီ အိပ်ပျော်သွားတာ ထင်ပါရဲ့"

သူ့ကိုယ်သူ တွေးနေရင်းက မျက်ရည်တွေ ကျလာခဲ့ပြန်သည်။ မာလီကို ကျုံးမသည်။ ချိုင်းအောက်က လက်လျှိုကာ ဆွဲထူသည်။ ရှိသမျှအားတွေညစ်ထုတ်ရင်း တောင်ကမ်းပါးယံက ခွာနိုင်အောင် ထိန်းမ ထားရသည်။ ဂျက်ဖရီခြေထောက်တွေကတော့ ပင်ပန်းနွမ်းနယ်မှုဖြင့် တဆတ်ဆတ်တုန်ရီနေလေ၏။ ခါးကိုကိုင်းပြီး မာလီ့ဝမ်းဗိုက်အောက်ကို ပခုံး ထိုးသွင်းလိုက်ရပြန်၏။ သူဒါမျိုးလုပ်ခဲ့ဖူးပြီဆိုတော့ သည်တစ်ခါသက်သောင့်သက်သာ လုပ်နိုင်သွားသည်။ အဲသလောက် လေးလံမှုမျိုးကို သူတစ်ခါမှ မခံစားဖူးခဲ့သော်လည်း သည်တစ်ခါ လွယ်ကူနေသလို ဖြစ်နေရသည်။

လမ်းမဘက်ကို လှည့်ဆင်းလာခဲ့၏။ တောက်လောင်နေသည့် သူ့မျက်နှာကလေးပေါ်ကို ညနေခင်း မိုးစက်ကလေးတွေက အေးအေးမြမြ ထိစဉ်နေသည်။ အဘိုးအို၏ ဒဏ်ရာဆီကိုသာ သူ့စိတ်ရောက်နေသည်။ ကျောပေါ်က မာလီ့ကို လှုပ်လှုပ်ရှားရှား မရှိစေရဘဲ သတိကြီးစွာထားရင်း

လျှောက်လာခဲ့သည်။

အဘိုးအို၏ မျက်နှာပေါ်က ပြုံးမြမြ ဇရာအရေးအကြောင်းတွေက ဝေဒနာကြောင့်များတော့ ဘယ်တော့မှ တွန့်လိမ်ရှုံ့တွ မဖြစ်နိုင်တော့တာ သူမသိရှာ။ ။

■

နေဝင်းမြင့်

၂၈၊ မေ၊ ၂၀၀၁

မန္တလေး။